စာပေလောက ...

www.burmeseclassic.com



# ပေါရှင့်
# မဟာကရုဏာရှင်များ



ဂျော့ချ် ဝါရှင်တန်ကားဗား
ဘွတ်ကားတီ၊ ဝါရှင်တန်
ဂျင်မီယင်း
ဖလော်ရင့်စ် နိုက်တင်ဂေးလ်
ဟင်နရီဒူးနန့်
အယ်လဘတ် ရှိုက်ဇာ
မာသာ ထရီဆာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာပေလောကစာအုပ် အမှတ် ၂၃၄

# ဖေမြင့်

# မဟာကရုဏာရှင်များ

စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ ဖုန်း-၂၈၅၁၆၆ ]

တန်ဖိုး ၂၄၀ ကျပ်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာတမ်း စာနယ်ဇင်း
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၂၄၇/၉၄ (၅) ]
စာအုပ်စာတမ်း မျက်နှာဖုံး
ကြိုတင်ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်
[ ၂၉၂/၉၆ (၆) ]

●

မျက်နှာဖုံးဒီဇိုင်း
စည်သူ
---
ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
(၁၀၀၀)
---
ထုတ်ဝေခြင်း
ပထမအကြိမ် - ဇန်နဝါရီ၊ ၁၉၉၃
ဒုတိယအကြိမ် - ဇူလိုင်၊ ၁၉၉၆
---
စာအုပ်ချုပ်
ကိုမြင့်

●

ဦးဆေမြင့် (ဝ၂၂၅၉)၊ ဖေမြင့်စာပေ
အမှတ် ၉၅၊ အောက်မင်္ဂလာဒုံလမ်း၊ ရွာမအရှေ့ရပ်ကွက်
အင်းစိန်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍
ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ပုံနှိပ်သည်။

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| -။ | စာရေးသူ၏အမှာ | ၁ |
| ၁။ | ကျော့ချိုဝါရှင်တန်ကာဗာ | ၅ |
| ၂။ | ဘွတ်ကာ၊ တီ၊ ဝါရှင်တန် | ၉၃ |
| ၃။ | ဂျင်မီယင်း | ၁၁၇ |
| ၄။ | ဖလော်ရင့်စ်နိုက်တင်ဂေးလ် | ၁၇၇ |
| ၅။ | ဟင်နရီဒူးနန့် | ၁၉၇ |
| ၆။ | အဲလဘတ်ရှိုက်ဇာ | ၂၁၁ |
| ၇။ | မာသာထရီဆာ | ၂၂၅ |


www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာ

လူသည် အစုအဝေးနှင့်နေသော သတ္တဝါဖြစ်သည်။ ယင်းသို့ နေထိုင်နိုင်ခြင်းသည် လူ၌ အတ္တစိတ်သာမက ပရစိတ်ပါ ရှိသောကြောင့် ဖြစ်သည်ဟု ပညာရှင်တို့က ဆိုကြသည်။

သို့သော် လူ့အသိုက်အဝန်းထဲတွင် လေ့လာ စူးစမ်းကြည့်လျှင် အတ္တဟိတကဲသော လုပ်ရပ်များကိုသာ ထင်ထင်ရှားရှား တွေ့ရလေ့ ရှိသည်။ ပရဟိတစိတ် ပရဟိတလုပ်ရပ်များကား မြင်ရခဲသည်။ မြင်ရလျှင်လည်း မထင်မရှား မှေးမှေးမှိန်မှိန်မျှသာ။

ထိုအခါ 'လူတွေကား တစ်ကိုယ်ကောင်းသမားများသာတည်း'ဟု ကျွန်တော်တို့ စိတ်ပျက်အားလျော့ မိတတ်ကြပါသည်။

သို့သော် ကျွန်တော်တို့သည် လူသားနှင့် ပတ်သက်၍ အကောင်းမြင်စိတ်များ ကုန်ခမ်း မသွားသေးသည့် အားလျော်စွာ ပစ္စုပ္ပန်ကာလ အတိတ်ကာလထဲတွင် ကျွန်တော်တို့ လေးစားကြည်ညိုနိုင်မည့်သူ၊ လိုလားအားကျနိုင်မည့်သူများကို လိုက်လံ ရှာဖွေကြည့်မိကြသည်။ ကျွန်တော်တို့ ရှာဖွေရာ နယ်ပယ်ကား အတ္ထုပ္ပတ္တိကျမ်းများ ဖြစ်သည်။

သမိုင်းတစ်လျှောက် ထူးချွန် ထင်ရှားခဲ့သော 'လူ'တို့၏ အတ္ထုပ္ပတ္တိများကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြသည်။ သိပ္ပံပညာကျော်များ၊ အနုပညာကျော်များ၊ စစ်သူရဲကောင်းများ၊ မင်းကေရာဇ်များ....။

www.burmeseclassic.com



သူတို့၏ ပညာဂုဏ် သတ္တိဂုဏ် ဘုန်းတန်ခိုး အရှိန်အဟုန်တို့ကို ကျွန်တော်တို့ အံ့သြရ၊ ထိတ်လန့်ရ၊ လေးစားရသည်။ သက်ဆိုင်ရာ နယ်ပယ် အသီးသီးတွင် စံချိန်တင် တံခွန်စိုက်ခဲ့သူများအဖြစ် ကျွန်တော်တို့ အံ့ချီးရိုကျိုးစွာမှတ်တမ်းတင်ရသည်။ ကြီးကျယ်မြင့်မားလှသော နမူနာပြ ပုဂ္ဂိုလ်များအဖြစ် အတုယူမိ၊ အားကျမိရသည်။ သို့သော် ၎င်းပုဂ္ဂိုလ်တို့၏ 'ဝိညာဉ်'နှင့် ပတ်သက်၍ကား ပြည့်ပြည့်ဝဝ ဘဝင်မကျနိုင်သေး။

သို့သော် ကံအားလျော်စွာပင် သမိုင်းဝင်ထင်ရှား ပုဂ္ဂိုလ်ကျော် အတ္ထုပ္ပတ္တိများထဲတွင် ထူးခြားအံ့သြဖွယ် အတ္ထုပ္ပတ္တိတစ်မျိုးကို ကျွန်တော်တို့ တွေ့ရှိကြရသည်။ သည်အတ္ထုပ္ပတ္တိများကို ဖတ်ရှုသည့်အခါ၌ အခြား အတ္ထုပ္ပတ္တိ အများစုတို့ကို ဖတ်ရစဉ်ကကဲ့သို့ ကြီးကျယ်ကျော်ကြားလိုစိတ်၊ ဩဇာအာဏာ အရှိန်အဝါ ကြီးမားလိုစိတ်၊ ငါလည်း သူ့လို ကြီးကျယ်ရမည်ဟူသော မာန်မာနစိတ်တို့ တက်ကြွမလာဘဲ ကြည်နူးခြင်း၊ လှိုက်လှဲပီတိ ဖြစ်ရခြင်း၊ စိတ်နှလုံး ညွတ်နူးခြင်း၊ ၎င်းပုဂ္ဂိုလ်တို့၏ စိတ်စေတနာကို လေးစား ကြည်ညိုမိခြင်းတို့သာ ကျေနပ်အားရစွာ ခံစားမိရသည်။

ယင်း အတ္ထုပ္ပတ္တိများကား လူ့အသိုက်အဝန်း ထဲတွင် အလွန်ပါးရှားလှသည့် ပရဟိတသမားစစ်စစ်များ၏ အတ္ထုပ္ပတ္တိများ ဖြစ်သည်။

ဥပမာ- ရျော့ချ်ဝါရှင်တန်ကာဗာ ဆိုပါစို့။

ရျော့ချ်ဝါရှင်တန်ကာဗာကား အံ့သြဖွယ်ကောင်းလောက်အောင် ထူးခြားသည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်၏။ သူသည် နီဂရိုးတစ်ယောက် ဖြစ်၏။ ငွေဝယ်ကျွန်အဖြစ် မွေးဖွားလာခဲ့၏။ သူသည် အလွန်ထူးချွန်သည့် ဝါရမိရှင် သိပ္ပံပညာရှင်ကြီးတစ်ယောက် ဖြစ်ခဲ့၏။ သူသည် ပန်းချီကျော်တစ်ဦးဖြစ်၍ သူ၏လက်ရာများကို ကမ္ဘာကျော်ပြတိုက်ကြီးများက တန်ဖိုးကြီး ပေးကာ ဝယ်ယူ ချိတ်ဆွဲခဲ့ကြ၏။ သူသည် ငွေကို မမက်မောတတ်။ ကျော်ကြား မှု၌ မသာယာတတ်။ နိုင်ငံအကြီးအကဲများ၊ မင်းညီမင်းသားများ သူ့ထံသို့ လာရောက်တွေ့ဆုံကြ ဂါရဝပြုကြ၏။ စီးပွားရေးလုပ်ငန်းရှင်ကြီးများ သူ့ထံသို့ လာရောက် အကြံဉာဏ်တောင်းခံကြ၏။ သူသည် သူ၏ ရှာဖွေတွေ့ရှိချက်များကို ရောင်းချကာ ကြီးမားသော ဓနဥစ္စာများ ပိုင်ဆိုင်နိုင်ခွင့်ရှိခဲ့၏။ သို့သော် သူ၏ တီထွင်မှုများ၊ သူ့အသိဉာဏ်၏ အသီးအပွင့်များကို သုံးစွဲ ခံစားလိုသူတို့အား ရက်ရောစွာ ပေးအပ်ခဲ့၏။ သူ့ဘဝ တစ်လျှောက် လူလူချင်း ခွဲခြားခြင်း၏ ဒဏ်ကို အပြင်းအထန် ခံစားခဲ့ရ၏။ သို့သော် သူ့ရင်၌ အမုန်းစိတ်၊ အမျက်စိတ်၊ အာဃာတစိတ်ကို မမွေးမြူခဲ့။

ဤကမ္ဘာလောကသည် လူသားအားလုံး တန်းတူညီမျှ ပိုင်ဆိုင်ကြသည့် နေရာဖြစ်သည်ဟူသော သူ၏ အခြေခံယုံကြည်ချက်ကို ဖြန့်ချိနိုင်ရန်၊ အကောင်အထည်ဖော်နိုင်ရန် အတွက် ငြိမ်းချမ်းသောနည်း၊ ရင့်ကျက်ပြည့်ဝသော နည်းကိုသာ သူ အစဉ် ကိုင်စွဲ ကျင့်သုံးခဲ့သည်။

သူ့အကြောင်းကို ဖတ်ရှုရင်း ဤပုဂ္ဂိုလ်ကြီးကား တကယ့်သူတော်စင် တစ်ယောက်ပေတကား ဟူ၍ ခံစားမိရပါသည်။

*　*　*

ဤစာအုပ်ငယ်၌ ကျွန်တော်သည် ရျော့ချ်ဝါရှင်တန်ကာဗာ အပါအဝင် ပရဟိတသူတော်စင် ပုဂ္ဂိုလ်ထူး ၇ ဦးတို့၏ အတ္ထုပ္ပတ္တိများကို စုဆောင်းတင်ပြထားပါသည်။ ၎င်းပုဂ္ဂိုလ်များအကြောင်းကို လေ့လာဖတ်ရှုသည့်အခါ ၎င်းတို့၌ အထူးခြား



www.burmeseclassic.com

www.burmeseclassic.com

အထင်ရှားဆုံး ရှိနေသည့် အရာကား လူ့အဖွဲ့အစည်းအတွင်းရှိ အခြားသော လူသားတို့အပေါ် ထားရှိသည့် ၎င်းတို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာစိတ်များ ဖြစ်သည်ဟု ကျွန်တော်မြင်ပါသည်။

ထို့ကြောင့် ၎င်းတို့၏ စေတနာစိတ်ဓာတ်ကို ကြည်ညိုလေးစားသောအားဖြင့် ဤစာအုပ်ငယ်အား **'မဟာကရုဏာရှင်များ'**ဟူ၍ အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

မဟာကရုဏာရှင် ၇ ဦးတို့၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူတို့၏စိတ်၌ လူဟူသည် စိတ်ကောင်း စေတနာကောင်းရှိသည့် မြင့်မြတ်သော သတ္တဝါမျိုးဖြစ်ကြောင်း ယုံကြည်စိတ်များ တိုးပွားရှင်သန်ကာ ဝမ်းမြောက်အားတက်ခြင်း ဖြစ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ယုံကြည်မိပါသည်။

ဟေမြင့်

# ဂျော့ချ်ဝါရှင်တန်ကာဗာ

## (GEORGE WASHINGTON CARVER)

## (၁၈၆၂ ခန့် – ၁၉၄၃)

လေတွေ ဟူးဟူးရားရား တိုက်ခတ်နေသည့် ညတစ်ညမှာ သူတို့ရောက်လာကြပြန်သည်။ အဝေးဆီမှ ကစုန်စိုင်းလာနေသည့် မြင်းခွာသံများကို ကြားကတည်းက ညဘက် လှုပ်ရှားသည့် မျက်နှာဖုံးတပ် လူဆိုးဂိုဏ်းသားတွေ ဖြစ်ကြောင်း မိုးဇက်ကာဗာ သိလိုက်သည်။ အမေရိကန်ပြည်တွင်းစစ် ဖြစ်ပွားနေစဉ်ကာလ အအေးလွန်ကဲလှသော ဆောင်းဥတု တစ်ခုလုံးပင် မစ်ဇူရီနယ်တစ်ခွင်၌ မျက်နှာဖုံးတပ်လူဆိုးဂိုဏ်းတစ်ဂိုဏ်း အကြီးအကျယ် သောင်းကျန်းလျက် ရှိခဲ့သည်။ နွားအုပ်တွေခိုးသည်၊ လုသည်။ ကွန်တွေကိုဖမ်းပြီး ကျွန်ဈေးအကြီးအကျယ် ကောင်းနေသည့် တောင်ပိုင်းဒေသသို့ ခိုးရောင်းသည်။

ပြီးခဲ့သည့် ရက်သတ္တပတ် အနည်းငယ်ကပင် သည်လူဆိုးဂိုဏ်းသည် သူ့ခြံကို တစ်ကြိမ် မွှေနှောက်သွားခဲ့ကြပြီး ဖြစ်သည်။ ဘာလုပ်ရမှန်း မသိအောင် ကုန်တုန်ယင်ယင် ချောက်ချောက်

www.burmeseclassic.com



ချားချားဖြစ်နေသည့် သူ့ဇနီးသည်ရှေ့မှာပင် သူ့အား လက်နှစ်ဘက်ကို ပူးချည်ကာ သစ်ကိုင်းတစ်ခုမှာ ချိတ်ဆွဲသည်။

'မင်း နီဂရိုးတွေ ဘယ်မှာ ဝှက်ထားသလဲကွ'ဟု မေးမြန်းသည်။ ကြိမ်းမောင်း ဆဲဆိုသည်။ ကျာပွတ်နှင့် ရိုက်သည်။ ထို့နောက် ခြေဖဝါးကို မီးကျီးရဲရဲနှင့် ကပ်သည်။

သည်မျှနှိပ်စက်သော်လည်း သူ ဖွင့်မပြောပါ။ စင်စစ် သူ့မှာ ကျွန်မလေးတစ်ယောက်ပဲ ရှိသည်။ မေရီဟုခေါ်သည့် မုဆိုးမကလေး။ သည်မုဆိုးမကလေးနှင့် သူမကမွေးသည့် ကျွန်ပေါက်ကလေးများကို လိုဏ်ဂူတစ်ခုထဲမှာ ပုန်းအောင်း ခိုင်းထားခဲ့သည်။

အမျိုးမျိုး နှိပ်စက်သော်လည်း မိုးဇက် နှုတ်မှ မဖွင့်ဟသဖြင့် လူဆိုးများ မေရီကို ရမသွားခဲ့။

သို့သော် ယခုတော့ လူဆိုးများ တစ်ခေါက် ပြန်ရောက်လာကြပြန်လေပြီ။

၁၈၆၂ ခုနှစ် အေးမြလှသော ဆောင်းကာလ ညတစ်ည။

'ဂူဆီကို အမြန်ပြေး' မိုးဇက်က သူ့ဇနီးကို လှမ်းအော်ပြောသည်။ သူ့ခြေဖဝါးက မီးလောင်ထားသည့် ဒဏ်ရာတွေ မကျက်သေးသဖြင့် သူ ကောင်းကောင်း လမ်းမလျှောက်နိုင်။ ခြေနာလျက်ပင် အမှောင်ထဲမှာ ဒရောသောပါး သူ ပြေးသွားသည်။

မြင်းစီးသမားတွေက သူ့ခြံဝင်းထဲ ရောက်မလာကြသေး။ မေရီအတွက် ပြေးရန်၊ ပုန်းရန် အချိန်ရနိုင်သည်ဟု သူယူဆသည်။

မေရီတို့နေသည့် တဲငယ်တံခါးကို သူ ဆွဲဖွင့်လိုက်သောအခါ၌မူ မလှုပ်မယှက် ငြိမ်လျက်သား ရပ်နေသည့် မေရီကို တွေ့ရသည်။ သူမမျက်နှာ၌ အကြီးအကျယ် ကြောက်ရွံ့နေသည့် အမူအရာကို



မြင်ရသည်။ သမီးလေး မယ်လစ်ဆာက မအေ့အင်္ကျီစကို ဆွဲ၍ ရပ်နေသည်။ သားငယ် ဂျင်(မ်)က အိပ်ရာထဲတွင် အိပ်ပျော်နေဆဲ။ သူမ၏ ရင်ခွင်၌မူ အငယ်ဆုံးသားလေးကို ပွေ့ချီထားသည်။

'ဟေ့ ပြေးလေကွာ၊ ဟိုကောင်တွေ ချက်ချင်း ရောက်လာကြမှာ'

မိုးဇက်က စိတ်မရှည်စွာ လှမ်းအော်သည်။ ထို့နောက် အိပ်ပျော်နေသော ဂျင်(မ်)ကလေးကို ဆွဲချီကာ တံခါးဝဆီသို့ ထွက်သည်။

'ကလေး နှစ်ယောက်ကို ခေါ်ပြီး ငါ့နောက်က လိုက်ခဲ့'

သို့သော် မေရီက ချက်ချင်း လိုက်မလာနိုင်။ သူ့အငယ်ဆုံးကလေးက မွေးကတည်းက ရောဂါပါလာသည်။ ချောင်းတဟွတ်ဟွတ် ဆိုးနေသူကလေး။ သူ့ကို အပြင်ဘက် ထုတ်သွားလျှင် အအေးမိပြီး သေဆုံးသွားနိုင်သည်။ မေရီက ကလေးကို ခြုံစရာ ထုပ်ပိုးစရာ စောင်တွေ အနွေးထည်တွေသာ အပြေးအလွှား ရှာယူနေသည်။

သည်အခိုက်မှာပဲ တဲကလေးထဲသို့ မျက်နှာဖုံးတပ် လူဆိုးများ ရောက်ရှိလာသည်။ မေရီ့ရင်ခွင်က နို့စို့ကလေးငယ်ကို ဆွဲယူပြီး မေရီ့လက်နှစ်ဘက်ကို ကြိုးနှင့်ပူးချည်ကာ အပြင်သို့ ဆွဲခေါ်သွားကြသည်။ ထို့နောက် မြင်းတစ်စီးပေါ်သို့ တင်ကြသည်။

'ကျွန်မ ကလေးတွေ စောင့်ခြုံပေးကြပါ'ဟူသော မေရီ၏ အော်ပြောသံမှာ အလျင်အမြန် ထွက်သွားကြသော လူဆိုးများ၏ မြင်းခွာသံများ အကြားတွင် နစ်မြုပ် ပျောက်ကွယ်သွားသည်။

မိုးဇက်ကာဗာခမျာ ဘုရားကိုသာ တရင်း ငေးမှော်ကျန်ရစ်သည်။ သူ့ဇနီးဆူစန်က တစ်ဦးတည်း လွတ်ကျန်ရစ်သည့် ဂျင်(မ်) ကလေးကို ပွေ့ဖက်ရင်း မျက်ရည်များ စီးကျလာသည်။ 'သွားရှာပြီ'ဟု သူ့နှုတ်မှလည်း မြည်တမ်းနေမိသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိုးဇက်ကာဗာသည် ငွေဝယ်ကျွန် စနစ်ကို အစဉ်တစိုက် ဆန့်ကျင်ခဲ့သူ ဖြစ်သည်။ သူတို့ မစ်ဇူရီနယ်ရှိ အခြားလယ်သမားများမှာ လယ်ကွင်းပြင်တွင် ခိုင်းစေရန်အတွက် နီဂရိုးကျေးကျွန်များကို ဝယ်ယူ သုံးစွဲခဲ့သော်လည်း မိုးဇက်ကမူ တစ်ယောက်မျှပင် ဝယ်ယူခြင်းမရှိခဲ့။ နှစ်ပေါင်းများစွာကြာအောင် လင်မယားနှစ်ယောက်တည်း မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်ကိုင် နေထိုင်ခဲ့ရာမှ တစ်နေ့တွင်တော့ ဇနီးသူစန်က မိုးဇက် လယ်ကွင်းထဲတွင် တစ်နေကုန်ထွက်၍ အလုပ် လုပ်နေစဉ် သူတစ်ဦးတည်း အိမ်မှာနေရတာ ငြီးငွေ့ကြောင်း၊ စကားစမြည်ပြောစရာ အဖော်အလှော် လိုချင်ကြောင်း ပြောသဖြင့် မိုးဇက်က မူလ သတ်မှတ်ချက်ကို နည်းနည်းလျှော့ကာ ခြံနီးချင်း တစ်ဦးထံမှ မေရီအား ဒေါ်လာ ၇၀၀ ပေးပြီး ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

သို့သော် မေရီအား အိမ်ဖော်ဟု သဘောထားကာ ညှာညှာတာတာသာ ဆက်ဆံခိုင်းစေခဲ့သည်။ မေရီ့ အဖို့လည်း သူတို့နှင့် နေရသော ခြောက်နှစ်တာ ကာလသည် ချမ်းသာ ပျော်ရွှင်မှု ရှိသော ကာလတစ်ခု ဖြစ်ခဲ့သည်။ သို့သော် ကျွန်စနစ်ကို သွေးသားထဲက လက်မခံနိုင်ခဲ့သည့် မိုးဇက်အဖို့မူ မေရီကို ဝယ်ယူထားမိသည့် ကာလတစ်လျှောက်လုံး မိမိ လုပ်ရပ်အတွက် အပြစ် ရှိနေသလိုသာ အမြဲ ခံစားနေခဲ့ရသည်။

ယခု မေရီ တစ်ယောက် သူ့လက်ထဲမှ နေ၍ လူဆိုးများထံ ပါသွားပြီ ဆိုသည့်အခါ မိမိ အပြစ်ပဲ၊ မိမိ ထိန်းသိမ်းကာကွယ်နိုင်ခြင်း မရှိသည့်အတွက် သည်လိုဖြစ်ရသည်ပဲဟု တွေးကာ အကြီးအကျယ် စိတ်မကောင်း ဖြစ်နေမိတော့သည်။

မေရီ့ကိုသာ ပြန်ရအောင် မယူနိုင်လျှင် သူတစ်သက်လုံး စိတ်ဖြောင့်ဖြောင့် နေနိုင်မည် မဟုတ်တော့ဟုလည်း တွေးမိသည်။



သို့နှင့် နောက်တစ်နေ့ နံနက်မှာပင် သူတို့ခြံနှင့် အနီးဆုံးရှိ မြို့သစ်ကလေးဆီသို့ မြင်းစီး၍ လာခဲ့သည်။ သူနှင့်အတူ ပြိုင်မြင်းတစ်စီးကိုလည်း တစ်ပါတည်း ယူဆောင်လာခဲ့၏။ ဒိုင်းမွန်းဂရို့ဖ်မြို့သစ်ကလေးသို့ ရောက်သည့်အခါ ဂျွန်ဘင့်တလေဆိုသော လူတစ်ယောက်ကို ရှာဖွေတွေ့ဆုံသည်။ ဘင့်တလေသည် မျက်နှာဖုံးတပ်လူဆိုးဂိုဏ်းနှင့် ဆက်ဆံဖူးသူတစ်ယောက်ဖြစ်ကြောင်း သိရှိထားရာ သူ့ကို အကူအညီတောင်းလျှင် အောင်မြင်နိုင်စရာ အခွင့်အလမ်းရှိသည်ဟု မိုးဇက် မျှော်လင့်ထားသည်။

'ကျွန်တော့်ခြံက မေရီဆိုတဲ့ နီဂရိုးမလေးနဲ့ သူ့ကလေးနှစ်ယောက်ကို သူတို့ဖမ်းသွားကြတယ်ဗျာ၊ ခင်ဗျား လိုက်သွားပြီးပြန်ရွေးပေးနိုင်ရင် ရွေးပေးပါ၊ ဟောဒီမှာ ကျွန်တော့်မှာရှိတဲ့ မြင်းတွေထဲက အကောင်းဆုံးမြင်း၊ ဟိုသားအမိကို ဒီကောင်နဲ့ လဲပြီးပြန်ခေါ်လာပေးပါ၊ ဆောင်ရွက်ခအနေနဲ့ ခင်ဗျားကို သစ်တောမြေဧကလေးဆယ် ပေးပါ့မယ်'

မိုးဇက်၏ အစီအစဉ်ကို လက်ခံပြီး ဘင့်တလေက ထိုနေ့နေ့လယ်မှာပင် တောင်ပိုင်းသို့ ထွက်သွားသည်။ မိုးဇက်က အိမ်သို့ပြန်ကာ ဇနီးသူစန်၊ မေရီ၏သားကလေး ဂျင်(မ်)တို့နှင့်အတူ အိမ်မှ စောင့်မျှော်သည်။

ခြောက်ရက်မြောက်နေ့တွင် မိုးတွေ သဲသဲမဲမဲ ရွာနေသည့်ကြားမှ ဘင့်တလေ ပြန်ရောက်ရှိလာသည်။ မိုးဇက်၏ပြိုင်မြင်းက သူ့နောက်မှ ကြိုးတန်းလန်းနှင့်ပင် ပြန်ပါလာသည်။ အစီအစဉ် အောင်မြင် ခဲ့ပုံမပေါ်။

သူက အိမ်ထဲသို့ဝင်လာပြီး မိုးမစိုအောင် သူ့ကုတ်အင်္ကျီကြီးအောက်တွင် ကွယ်၍ယူလာသည့် အထုပ်တစ်ထုပ်ကို ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတစ်ခုပဲ ကျွန်တော် ရခဲ့တယ်၊ သေပလား ရှင်နေသေးသလား မပြောတတ်ဘူး'

'ဟယ် ပေါက်စလေး'

ဆူစန်က အော်လိုက်သည်။ သူက အထပ်ထပ်ထုပ်ထားသည့် စောင်စုတ်၊ အဝတ်အထည်စုတ်များ ကြားမှ မေရီ့သားငယ်လေးကို ထုတ်၍ကြည့်သည်။ ညိုညိုမည်းမည်း နီဂရိုးပေါက်စလေးက အသိုက်ထဲတွင် သေဆုံးနေသည့် မွေးကင်းစ စာကလေးတစ်ကောင်လို ငြိမ်သက်နေသည်။

သို့သော် အသက်ကား မျှဉ်းမျှဉ်းရှုနေဆဲ။

ကလေးကို နွေးနွေးထွေးထွေးရှိအောင် အဝတ်အထည်များနှင့် ပြန်ထုပ်ကြသည်။ ဆူစန်က မီးဖိုပေါ်မှာ နွားနို့အိုးတင်ကာ ကလေးကို ပွေ့ချီလျက် မီးဖိုနားမှာ ထိုင်သည်။ ထို့နောက် နွားနို့နည်းနည်းကို သကြားအနည်းငယ်နှင့် ရောမွှေပြီး ဖွန်းကလေးနှင့် တိုက်ပေးသည်။ နွားနို့က ပါးစပ်ထဲမဝင်။ နှုတ်ခမ်းထောင့်မှ ဘေးသို့ စီးကျသွားသည်။ သည်နောက် ခပ်ယဲ့ယဲ့အသံလေးနှင့် ကလေးငိုသည်။ သည်နောက်မှာတော့ နွားနို့ကို မွတ်သိပ်စွာ မျိုချသည်။

'တော်သေးတယ်၊ အသက်ကလေး ပြန်ပါလာပေလို့'

ဆူစန်က ဆိုသည်။

'အင်း၊ ဒါကလေးအတွက်နဲ့တော့ ကျွန်တော် သစ်တောတစ်တော မရလောက်ဘူး ထင်တာပဲ'

ဘင့်တလေက ပြောလိုက်သည်။

'ခင်ဗျား အတတ်နိုင်ဆုံး ကြိုးစားခဲ့တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်၊ ပြိုင်မြင်းကို ခင်ဗျားယူလိုက်ပါ'

ဘင့်တလေက ကျေနပ်သွားသည်။ ထို့နောက် သူက လူဆိုးဂိုဏ်းနောက်သို့ လိုက်ရသည့် သူ၏ခရီးစဉ်ကို ပြောပြသည်။ သူတို့နောက်သို့ သတင်းစုံစမ်းရင်း၊ ခြေရာခံရင်း လိုက်သွားရာ အာကင်ဆောပြည်နယ် တောင်ပေါ်ပိုင်းဒေသအထိ သူရောက်သည်၊ သည့်နောက်မှာ လုံးဝ လမ်းစပျောက်သွားသည်။ မစ္စစ္စပီမြစ်ဘက်သို့ သည်လူတွေ သွားကြလိမ့်မည်။ မြစ်ရိုးအတိုင်း စုန်ဆင်းပြီး တောင်ပိုင်းတစ်နေရာတွင် မေရီနှင့် သူ့သမီးကို ရောင်းကြလိမ့်မည်ဟု ယူဆကြောင်း ဘင့်တလေက ပြောပြသည်။

'ဒီပေါက်စလေးကျတော့ ခင်ဗျား ဘယ်လို ရခဲ့တာလဲ'

မိုးဇက်က မေးသည်။

'ဒါလေးက လမ်းက ရွာတစ်ရွာမှာ ပေးထားခဲ့တာ၊ သူ့ကျတော့ ရောင်းလို့လဲ မရဘူးလေ၊ ကျွန်တော် ပြန်တောင်းယူလာခဲ့တာပါ'

ဘင့်တလေက ပြောပြသည်။

## တောထဲက ကစားစရာများ

မသေ၍ ရှင်လာသော လူမည်းပေါက်စလေးကို ဂျော့ချ်ဟု ခေါ်ကြသည်။ ဂျော့ချ်ကလေး၏ သူငယ်ဘဝနှစ်များကား အသက်မသေအောင် ကြိုးစားမွေးနေရသည့်နှစ်များ ဖြစ်သည်။ ကလေးများဖြစ်တတ်သည့် ရောဂါမှန်သမျှ တစ်ခုမကျန် သူ ခံရသည်။ ဖြစ်လိုက်လျှင် သေကောင်ပေါင်းလဲ၊ သူများတကာထက် ဆိုးဆိုးရွားရွားချည်း ကြုံရသည်။ အမြဲ ချောင်းဆိုးနေသဖြင့် လည်ချောင်း ထိခိုက်ကာ အသံကောင်းကောင်းမထွက်ချင်။ ပြီး စကားကလည်း အလွန်ထစ်သည်။

သို့သော် ဆူစန်၏ ပြုစု စောင့်ရှောက်မှုနှင့် သူကလေး၏ ကိုယ်ခန္ဓာအတွင်း ပါလာသည့် ခံနိုင်ရည် သတ္တိကလေးကြောင့် သူ အသက်ရှင်ခဲ့သည်။

www.burmeseclassic.com



ပြည်တွင်းစစ်ကြီး ပြီးဆုံးသွားသည်။ မီးလောင်ထားသော စပါးကျီတွေ ပြန်ဆောက်ကြသည်။ လယ်ကွင်းပြင်များမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ ပြန်လည်စတင်ကြသည်။

မိုးဇက်က ဂျင်(မ်)နှင့် ဂျော့ချ် ညီအစ်ကို နှစ်ယောက်ကို ခေါ်ကာ အမေရိကန် တစ်ပြည်လုံးရှိ ကျွန်များ အားလုံး ကျွန်ဘဝမှ လွတ်မြောက်ကြပြီဖြစ်ကြောင်း ပြောကြားသည်။

'မင်းတို့ညီအစ်ကိုလဲ လွတ်လပ်တဲ့သူတွေ ဖြစ်သွားပြီ၊ မင်းတို့ သွားလိုရာ သွားနိုင်ကြပြီ'

ဂျော့ချ်က ငယ်သေးသဖြင့် သည်စကား၏ အဓိပ္ပာယ်ကို နားမလည်။ ဂျင်(မ်)ကတော့ ပြုံးကြည့်နေသည်။ ညဘက်ရောက်တော့ ညီအစ်ကို နှစ်ယောက် သူတို့ တဲကလေးထဲက ခါတိုင်း အိပ်နေကျ အိပ်ရာများမှာပဲ ခါတိုင်းလို ဆက်၍အိပ်ကြသည်။

ဂျင်(မ်)က ခပ်မြန်မြန်ပင် လူကောင်ထွားလာပြီး မိုးဇက်အား သိုးမွေးရိတ်ခြင်း၊ နွားနို့ညှစ်ခြင်း၊ ဟိရှ္ဘာန်အစာ ကောက်ရိုးများ ထုပ်စည်းခြင်း စသည့် အလုပ်များတွင် ကူညီနိုင်လာသည်။ ဂျော့ချ်ကလေးကတော့ နည်းနည်းကြီးလာသည့်တိုင် မမာမချာကလေးသာ ဖြစ်နေသဖြင့် နေအိမ်ထဲ၊ မီးဖိုချောင်ထဲက လွဲ၍ အပြင်ဘက်သို့ သိပ်မရောက်။ အမေတစ်ယောက်လို ဖြစ်နေသည့် အန်တီဆူစန်အနီးမှာပင် နေကာ ပန်းကန်ဆေး၊ တံမြက်လှည်း စသည့် ကိစ္စကလေးများကိုသာ ကူညီလုပ်ကိုင်ပေးနေရ၏။

သို့သော် သူသည် ဉာဏ်ပညာထက်မြက်သူ၊ တတ်လွယ်သူ ဖြစ်သည်။ များမကြာမီပင် သားရေနယ်ခြင်း၊ ဝါဖတ်ခြင်း၊ ဇိုင်းငင်ခြင်း၊ ဝက်ပေါင်ခြောက် ပြုလုပ်ခြင်း စသည့် အလုပ်များကို လုပ်တတ်လာသည်။



သည့်ထက်နည်းနည်းကြီးပြီး ကျန်းမာရေးလည်း အတန်အသင့် ကောင်းလာသည့်အခါ ဂျော့ချ်သည် သူတို့ခြံအနီးရှိ သစ်တောကလေး ထဲသို့ မကြာခဏ သွားရောက် လည်ပတ်တတ်လာ၏။ တောထဲရှိ သဘာဝ၏ ထူးခြားအံ့သြဖွယ် အခြင်းအရာများကို သူ ရှာဖွေတွေ့ရှိလာသည်။

သစ်ပင်အခေါက်ကို ခွာကာ ၎င်းအောက်မှာ ကျက်စားသွားလာနေကြသည့် ပိုးကောင်ကလေးများကို စူးစမ်း လေ့လာသည်။ တောပန်းတွေ၏ သဘာဝကို သူ ခွဲခြားမှတ်သားသည်။ နေရောင်ခြည်ရှိရာသို့ ထိုးထွက်လာသည့် ပန်း၊ အရိပ်အောက်မှာပင် ပွင့်လန်းသည့်ပန်း၊ တောထဲတွင် တွေ့ရသမျှ ပိုးကောင်များ၊ အမျိုးမျိုး အပြားပြားသော ကျောက်တုံးကျောက်ခဲများ၊ ဖွတ်၊ ပုတတ်၊ ပုတ်သင်များ စသည့် သဘာဝ၏ ထူးခြားသော အခြင်းအရာမှန်သမျှကို သူ စိတ်ဝင်စားသည်။ သူတို့အကြောင်းတွေ ခရေစေ့တွင်းကျ သူ သိချင်သည်။

မိုး ဘာကြောင့်ရွာသလဲ ဆိုတာမျိုး သူ မေးသည်။ နှင်းဆီပန်းတွေက ဘာကြောင့် တချို့နီ၊ တချို့ဝါ ဖြစ်နေရသလဲ သူ စုံစမ်းသည်။

သူက မြေကို ဆုပ်ကိုင်ကြည့်ရသည့် အထိအတွေ့ကို နှစ်သက်သည်။ 'ကလေးတစ်ယောက်ကို မြေကြီးတွေကိုင်ပြီး မဆော့ရဘူးလို့ တားမြစ်တာဟာ သူ့ကို သတ်လိုက်တာနဲ့ မခြားဘူး၊ မြေကြီးဆိုတာ အသက်ဓါတ်ဖြစ်ပေါ်ရာ နေရာပဲ'ဟူ၍ သူက နောင် ကြီးရင့်လာသည့်အခါ၌ မကြာခဏ ပြောဆိုတတ်သည်။

သစ်ပင်သစ်ရွက်များ၊ သစ်မြစ်များသည် သူ့အတွက် ဆော့ကစားစရာ ပစ္စည်းများ၊ မိတ်ဆွေသူငယ်ချင်းများ ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပင် သူ၏ ကြင်နာယုယသော လက်များအောက်၌ သစ်ပင်ပန်းပင်ကလေးများ ပွင့်လန်းဝေဆာလာကြတော့သည်။

တစ်နေ့ညနေ၌ အိမ်နီးချင်းတစ်ဦးဖြစ်သူ မစ္စစ်ဗိန်ဟမ်က သူမ၏ နှင်းဆီပင်ကလေး ညှိုးနွမ်းနေသည့်အကြောင်း ညည်းညူပြောဆိုသည်။ ဂျော့ချ်က သူမခြံထဲလိုက်သွားပြီး ကြည့်သည့်အခါ ပြဿနာအရင်းခံကို ချက်ချင်းမြင်သည်။ နှင်းဆီပင်များ နေရောင်ခြည် ကောင်းစွာ မရကြ။ သူက ပန်းပင်များကို နေရာရွှေ့ပြောင်းပြီး ရေလောင်းပေးသည်။ ထို့နောက် သူ ဘာလုပ်ပေးခဲ့ကြောင်း ပြောရန်အတွက် အိမ်ပေါ်သို့ တက်လာသည်။

ဧည့်ခန်းထဲက ထူးခြားလှသည့် မြင်ကွင်းကြောင့် သူ အသက်ရှူများကာ တံခါးဝမှာပင် ရပ်၍ကြည့်နေမိသည်။ ဧည့်ခန်းပတ်ပတ်လည်၌ အလွန်လှပသော ပန်းချီကားကြီးများ ချိတ်ဆွဲထားသည်။ တောကား တောင်ကားများ၊ ပန်းပွင့်များ၊ မုတ်ဆိတ်ဖားဖားနှင့် လူကြီးများ၏ ပုံတူကားများ။

မစ္စစ်ဗိန်ဟမ်က သူ့ကို ကျေးဇူးတင်စကား ဆိုပြီး ပိုက်ဆံတစ်ပြား ပေးသည်။ သို့သော် ပိုက်ဆံပြားကို သူ စိတ်မဝင်စားနိုင်။ အိမ်အပြန် လမ်းတစ်လျှောက် ဧည့်ခန်းထဲက ပန်းချီကားများသာ သူ့ခေါင်းထဲမှာ ကြီးစိုး၍နေခဲ့သည်။

သူ့ခေါင်းထဲသို့ ပန်းချီပိုး ဝင်သွားပြီ။ သူက သပြေသီးမှည့်လို အရောင်ပါသော အရည်များ ထွက်သည့် ဗယ်ရီသီးတချို့ ရှူးကာ အရည်ညှစ်သည်။ ထို့နောက် ၎င်းအရည်များနှင့် ပန်းချီဆွဲကြည့်သည်။ ကျောက်တုံးချောချော တွေ့လျှင် မျက်နှာပြင်မှာ သံစူးနှင့်ခြစ်ကာ လူပုံတွေဆွဲသည်။ မြေကြီးမှာလည်း ပန်းပွင့်ပုံ၊ သစ်ပင်ပုံတွေဆွဲသည်။ နေရာအနှံ့အပြားမှာ ပန်းချီကားတွေ သူ ရေးဆွဲနေတော့သည်။



သည်အတောအတွင်း မစ္စစ်ဗိန်ဟမ်၏ နှစ်းဆီပန်းများ ပွင့်လန်းဝေဆာလာကြသည်။ အမျိုးသမီးကြီးက ကာဗာတို့အိမ်က ဂျော့ချ်ကလေး တော်လှသည့်အကြောင်း တွေ့သူတိုင်းကို ပြောပြသည်။ သူ့သတင်း ပြန့်သွားကာ အခြားအိမ်နီးချင်းများကလည်း သူတို့ဥယျာဉ်ထဲက ပြဿနာတွေ ဂျော့ချ်ထံ သယ်ဆောင်လာကြသည်။ ဂျော့ချ်က အပင်ကို ဖျက်ဆီးနေသည့် ပိုးကောင်၊ မွှားကောင်တွေ ဖယ်ရှင်းပေးသည်။ ရေလောင်းပေးသည်။ မြေကို ပြုပြင်ပေးသည်။

တဖြည်းဖြည်း သူ့ကိုအနီးတစ်ဝိုက်ရှိ လူများက သစ်ပင်ဆရာဝန်ဟု ခေါ်လာကြသည်။ များမကြာမီပင် မိုးဇက်ကာဗာမွေးထားသည့် ဂျော့ချ်ဆိုသော ကောင်ကလေးသည် အပင်မှန်သမျှရှင်သန်အောင် ကုစားပြုပြင်ပေးနိုင်သူအဖြစ် တစ်နယ်လုံးမှာ ကျော်ကြားလာလေသည်။

ဂျော့ချ်တို့ခြံနှင့် များစွာ မဝေးလှသည့် လိုကပ်စ်ဂရို့ဖ်ရွာကလေးတွင် ဘုရားရှိခိုးကျောင်းလေးတစ်ခု ရှိသည်။ ဘုရားကျောင်းမှာ ခန်းမငယ် တစ်ခုသာ ရှိသည်။ တနင်္ဂနွေနေ့တွင် သည်အခန်း၌ ဘုရားဝတ်ပြုကြပြီး ကျန်နေ့များ၌ ၎င်းကို စာသင်ကျောင်း အဖြစ် အသုံးပြုကြသည်။

ဂျော့ချ် စာသင်ချင်စိတ် ပေါက်လာသည်။ တစ်နေ့တွင် သူက လယ်ကွင်းထဲတွင် အလုပ် လုပ်နေသည့် မိုးဇက်ကာဗာအား မေးသည်။

'ကျွန် ကျွန်တော် ဘယ်တော့ ကျောင်းတက်ရမလဲ ခင်ဗျ'

မိုးဇက်က နဖူးပြင်က ချွေးစက်တွေကို လက်ဖြင့်သပ်လိုက်ပြီး ကောင်းကင်ပြင်ဆီသို့ မျှော်၍ ငေးနေသည်။

'မနက်ဖြန် သွားလို့ရမလား အန်ကယ်မိုးဇက်'

ဂျော့ချ်က ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ မိုးဇက်က ဂျော့ချ် ပခုံးလေးနှစ်ဘက်ကို ကိုင်ကာ စိတ်မကောင်းစွာဖြင့် ပြောပြလိုက်ရသည်။

'အသားမည်းတဲ့ ကလေးတွေကို ကျောင်းတက်ခွင့် မပြုကြဘူးကွာ' တဲ့။

ဂျော့ချ် အကြီးအကျယ် အံ့အားသင့်သွားသည်။

သူတွယ်တာလှသော အန်တီဆူစန်နောက် တကောက်ကောက် လိုက်နေခဲ့သည့် တစ်လျှောက်လုံး မကြာခဏဆိုသလိုပင် အန်တီဆူစန်၏ ဖြူဖွေးလှသော အသားနှင့် သူ၏ မည်းတူးသောအသားကို သူ နှိုင်းယှဉ်ကြည့်မိတတ်သည်။ သို့သော် အသားဖြူတာနှင့် အသားမည်းတာအပြင် ဘာတွေ ကွာခြားရဦးမည်နည်း။

စာနာတတ်သော လူဖြူလင်မယား၏အိမ်တွင် ကြီးပြင်းခဲ့ရသည့် လူမည်းကလေး။ ကျောင်းနေချင်သည် ဆိုသည့်အခါမှ သူ့ပတ်ဝန်းကျင်မှာ လူဖြူနှင့်လူမည်း အဆင့်အတန်းချင်း မည်မျှကွဲနေသည်ကို ပြောင်ပြောင်ရှင်းရှင်းကြီး သိလိုက်ရတော့သည်။ တောထဲက သူ သွားထိုင်နေကျ ကွက်လပ်ကလေးမှာ ထိုင်ကာ ကြေကွဲခြင်းနှင့် ထိတ်လန့်ခြင်းကို သူ ပြိုင်တူခံစားနေရသည်။ သည်နောက်တော့ သူ စိတ်မထိန်းနိုင်တော့ဘဲ မြေပြင်ကို ပါးနှင့်ကပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်။

စာတတ်ချင်လှသည့် အသားမည်းကောင်လေးသည် အလွယ်တကူ လက်လျှော့တတ်သူ မဟုတ်။ သူ့စိတ်ဓာတ် ပြင်းပြလွန်းသဖြင့် နောက်ဆုံးတော့ အန်တီဆူစန်ကိုယ်တိုင်ပင် သူ့ကို စာသင်ပေးရန် တာဝန်ကျလာသည်။ ပစ္စည်းဟောင်းတွေ ထည့်သည့် သေတ္တာကြီးထဲက သင်ပုန်းကြီးစာအုပ်ဟောင်း တစ်အုပ်ကို ထုတ်ကာ အေဘီစီဒီ သင်ပေးသည်။ များမကြာမီပင် စာအုပ်တစ်အုပ်လုံး သူ အလွတ်ရသွားသည်။



တစ်နေ့တွင် သူတို့ခြံနှင့် ရှစ်မိုင်ခန့်အကွာရှိ နီယိုရှိုမြို့ကလေးသို့ ဂျော့ချ် ခဏရောက်သွားသည်။ နီယိုရှိုတွင် သူ့အတွက် အကြီးအကျယ် အံ့အားသင့်စရာတစ်ခု သွားတွေ့ရသည်။ ခြံသို့ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် သူ့အစ်ကို ဂျင်(မ်)ကို လိုက်ရှာပြီး သူတွေ့လာသည့်ကိစ္စကို ဝမ်းသာအားရ ပြန်ပြောပြသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် သူ့စကားက ခါတိုင်းထက်ပင် ပို၍ထစ်နေသည်။

'နီ နီ နီယိုရှိုမှာ လူမည်းကလေးတွေအတွက် ကျ ကျ ကျောင်းတစ်ကျောင်းရှိတယ်၊ ငေ ငေ ငါသွားမယ်'

ဂျင်(မ်)က သူ့ညီကို တစ်လျှောက်လုံးပင် နားမလည်နိုင်ဘဲ ရှိခဲ့သည်။ သစ်ပင်ပန်းပင်တွေနှင့် ရှုပ်နေတာ၊ အင်္ဂလိပ်စာလုံးပေါင်းတွေ တတွတ်တွတ်ရွတ်ပြီး ကျက်မှတ်နေတာ ဘာသဘောလဲ သူ စဉ်းစား၍မရ။ သို့သော် သူ့ညီနှင့် ပတ်သက်၍ သူ အသေအချာသိတာ တစ်ခုတော့ ရှိသည်။ သူလုပ်မည်ဟု ပြောသည့် ကိစ္စတစ်ခုကို လုံးဝတားဆီး၍ ရနိုင်မှာ မဟုတ် ဟူသော အချက် ဖြစ်သည်။ သူ သွားမည်ဆိုလျှင် သွားမည်ပဲ။

မိုးဇက်ကာဗာလည်း ဒါကို သိသည်။ သူက

'ငါလဲ မင်းကို တားလို့ရမှာမဟုတ်ပါဘူး၊ ဒါပေမယ့် မင်း ဟိုမှာ ဘာစားနေမလဲ၊ ဘယ်မှာ အိပ်မလဲ၊ အဲဒါတော့ စဉ်းစားဦး' ဟုသာ ဆိုသည်။

'ကျွန်တော် ထမင်းချက်တတ်ပါတယ်၊ သန့်ရှင်းရေးတို့ဘာတို့ တိုလီမိုလီတွေလဲ လုပ်နိုင်ပါတယ်'

မိုးဇက်က ခေါင်းညိတ်သည်။ သည်ကိစ္စ ပြီးပြီ။

သည်လိုဖြင့် နွေဦးပေါက်စ နေ့တစ်နေ့မှာ ဂျော့ချ်တစ်ယောက် ခြံဝင်းလေးထဲက ထွက်ကာ အပြောကျယ်သော ကမ္ဘာလောကထဲ စတင် ခြေချဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခိုးထော်ရယ်၊ သူ့အစ်ကို ဂျင်မ်ရယ်၊ သူ့ကို လမ်းခရီးမှာစားဖို့ အသားညှပ်ပေါင်မုန့်တွေ ပြုလုပ်၍ ထည့်ပေးလိုက်သည့် အန်တီဆူစန်ရယ်တို့ သုံးယောက် ဝမ်းနည်းစွာ ရပ်ကြည့်နေသည်ကို ကျောခိုင်းတာ နီယိုရှိုရှိ စာသင်ကျောင်းဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

ထိုနှစ်မှာ ၁၈၇၅ ခုနှစ်၊ ကာဗာ့အိမ်က ဂျော့ချ်ဟုခေါ်ကြသည့် ပိန်ပိန်မည်းမည်းကောင်လေး၏ အသက်မှာ ဆယ့်လေးနှစ်။

## သိချင်တာတွေ များလွန်းသူကလေး

နီယိုရှိုတွင် ဂျော့ချ်သည် မာရီယာဝပ်ကင်းအမည်ရှိ နီဂရိုးမကြီးတစ်ယောက်ထံ၌ နေခွင့်ရသည်။ မာရီယာက အဝတ်လျှော် အလုပ်၊ အရပ်လက်သည် အလုပ်ဖြင့် အသက်မွေးသည်။ သူမ၏ခင်ပွန်း အင်ဒရူးက ကျပန်းအလုပ်သမားတစ်ယောက် ဖြစ်သည်။ သူတို့လင်မယားမှာ သားသမီး မရှိသည့်အတွက် ဂျော့ချ် ကံကောင်းသွားခြင်းဖြစ်သည်။

ခြံစည်းရိုးတန်း ပေါ်တွင် ထိုင်ကာ ကျောင်းတံခါး အဖွင့်ကို စောင့်နေသော ဂျော့ချ်ကိုမြင်သည်နှင့် မာရီယာ ချစ်ခင်ကြင်နာသွားမိသည်။ သူ့အကြောင်း သိရသည့်အခါမှာတော့ သည်ကလေးဟာ တို့လင်မယားအတွက် ဘုရားသခင် ပေးလိုက်တဲ့ ကလေးပဲဟု သူ မှတ်ယူလိုက်မိသည်။

'ကလေးက သူ နီယိုရှိုကို လာတာဟာ မိုးသီး ဘာကြောင့် ကြွေတယ်၊ ဆီးနှင်းဖတ်တွေ ဘာကြောင့် ကျတယ်ဆိုတာတွေ၊ ပန်းမျိုးစေ့ကို ပြုပြင်ပေးတဲ့နည်းနဲ့ ပန်းပွင့်ရဲ့ အရောင်အသွေးတွေ ပြောင်းလဲ သွားအောင် လုပ်နိုင် မလုပ်နိုင် ဆိုတာတွေအတွက် အဖြေ သိချင်လို့ ဆိုတဲ့အကြောင်း ပြောပြတယ်၊ ကျွန်မလဲ သူ့ကို



သူသိချင်တဲ့ ဟာတွေကို နီယိုရှိုမှာတော့ ဘယ်နည်းနဲ့မှ သိနိုင်မှာ မဟုတ်ဘူး၊ နီယိုရှိုထက် ကြီးတဲ့ ဂျော့ပလင်မှာလဲ သိနိုင်မှာ မဟုတ်ဘူး၊ ကင်းဆတ်စီတီး မြို့ကြီးက လူတွေတောင် သိချင်မှ သိကြမယ် ဆိုတဲ့အကြောင်း ပြောမိတယ်၊ ဒါပေမယ့် အဲဒီတုန်းကတည်းကပဲ ကျွန်မစိတ်ထဲမှာ ဒီကလေးဟာ သူ သိချင်တဲ့ဟာတွေ အားလုံးကို တစ်နေ့နေ့၊ တစ်နေရာရာမှာ ရှာဖွေဖော်ထုတ်နိုင်မှာ သေချာတယ်ဆိုတဲ့အကြောင်း ကျွန်မ သိနေခဲ့တယ်'ဟူ၍ နောင်တွင် နီဂရိုးမကြီး မာရီယာက ပြန်ပြောင်း ပြောဆိုခဲ့သည်။

ဂျော့ချ်၏နာမည်ကို ပြည့်ပြည့်စုံစုံဖြစ်အောင် ပြောင်းလဲပေးလိုက်သူမှာလည်း မာရီယာပင် ဖြစ်သည်။

သူ ပထမဆုံး ကျောင်းတက်ရမည့်နေ့ နံနက်စောစော အိမ်မှ ထွက်ခါနီးတွင် မာရီယာက သူ့အား 'မင်းနာမည်ကို ကာဗာ့အိမ်က ဂျော့ချ်လို့ချည်း တစ်သက်လုံး ခေါ်နေလို့ မဖြစ်ဘူး၊ မင်းလဲ လူတစ်ယောက်ပဲ၊ တူတူတန်တန် နာမည်ရှိရမယ်၊ ဒီနေ့ကစပြီး မင်းနာမည်မေးရင် ဂျော့ချ်ကာဗာ (George Carver) လို့ပဲပြော'ဟူ၍ မှာကြားသည်။

ရုတ်တရက်တော့ နာမည်က သူ့နှုတ်ဖျားမှာ အသားမကျနိုင်သလိုလို။ သို့သော် ကျောင်းရောက်၍ အမည်စာရင်း ပေးသွင်းသည့်အခါ၌မူ သူက ၎င်းအတိုင်းပင် ပေးသွင်းလိုက်သည်။

ဆရာက နီဂရိုး လူငယ်တစ်ယောက်။ ကျောင်း အမည်က အေဗရာဟမ်လင်ကွန်း အထိမ်းအမှတ် အသားမည်းကလေးများကျောင်း၊ သို့မဟုတ် လင်ကွန်းကျောင်း။

ကျောင်းခန်းကလေး သေးသေးထဲတွင် ကျောင်းသားသုံးဆယ်ခန့် ကျပ်ညပ်၍ ထိုင်ကြရသည်။ အခန်းက လှောင်ပိတ်နေသဖြင့် အနံ့အသက်တွေ မကောင်း။ သို့သော် သည် လှောင်ပိတ်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



အခန်းက ဆောင်းတွင်းကျတော့ အအေးမလုံပြန်။ နံရံအပေါက်များကြားက လေအေးတွေ တဟူးဟူးဝင်နေသည်။

သို့သော် ဒါတွေသည် ဂျော့ချ်အတွက်ကတော့ အရေးစိုက်စရာ ကိစ္စတွေမဟုတ်။ စာမြန်မြန်တတ်ဖို့၊ စာများများတတ်ဖို့သာ သူ့အတွက် အရေးကြီးနေသည်။ ကျောင်းမှာသာ စာကို သဲသဲမဲမဲ လုပ်နေသည်မဟုတ်။ အိမ်တွင်လည်း စာအုပ်နှင့်မျက်နှာ ခွာသည်မရှိ။ အန်တီမာရီယာကို ပန်းကန်ဆေးရာ၊ အဝတ်လျှော်ရာ၊ မီးပူတိုက်ရာများတွင် ကူညီနေသည့် အချိန်များမှာလည်း နီးရာတစ်နေရာ မှာ စာအုပ်ကို လှန်ပြီး ထောင်ထားသည်။

ထိုနှစ်ဆောင်းတွင်းမှာ သူ သုံးကြိမ်ဖျားသည်။ နေမကောင်း၍ ကျောင်းမသွားနိုင်သည့်အခါ သူ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်ရသည်။

အိမ်မှာ စိတ်ဆင်းရဲစွာ နေနေရသည့် ကာလများအတွင်း အန်တီမာရီယာက သူ့အား သူတို့ နီဂရိုးကျေးကျွန်တွေ ခံစားခဲ့ရသည့် ဒုက္ခ အထွေထွေကို မကြာခဏ ပြောပြသည်။ ကျွန် ဘဝဖြင့် သူမ အလုပ်လုပ်ခဲ့ရသည့် စိုက်ခင်းကြီးတစ်ခုတွင် ငွေဝယ်ကျွန် အများအပြားရှိကြောင်း၊ ယင်းအနက် စာတတ်သူ တစ်ဦးသာ ရှိကြောင်း၊ ၎င်းက အခြားသူများကို စာသင်ပေးကြောင်း၊ သို့သော် စာတတ်သော နီဂရိုးများကို စိတ်မချသည့် ကျွန်ပိုင်ရှင်တို့က ခပ်မြန်မြန်ရောင်း ထုတ်ပစ်တတ်သဖြင့် သခင်များ မသိအောင် စာကို ခိုးသင်ကြရကြောင်း စသည်များလည်း သူမ ပြောပြသည့်အထဲတွင် ပါဝင်သည်။

'အဲဒါကြောင့် လူလေး တတ်နိုင်သမျှ စာတွေ အများကြီး တတ်အောင်သင်ကွယ်၊ ပြီးရင် တို့လူမျိုးတွေကို မင်း တတ်သမျှတွေ ပြန်သင်ပေးပါ၊ အဲဒါ လူလေး တာဝန်လို့ သဘောထား'ဟူ၍ မာရီယာက ပြောခဲ့သည်။



နောက်နှစ် ဆောင်းတွင်းတွင် ဂျော့ချ် ဖျားပြန်သည်။ ချောင်းတွေ တအားဆိုးပြီး ဖျားနေသဖြင့် ရက်ပေါင်း အတော်ကြာအောင် ကျောင်းမသွားဘဲနေရသည်။ သို့သော် သည်အချိန်တွင်တော့ မနှစ်ကကဲ့သို့ သူ ဂနာမငြိမ် မဖြစ်တော့။ သည်ကျောင်းကလေးက ဆရာ သင်ပေးနိုင်သမျှ ပညာကို သူ တတ်ခဲ့ပြီ ဖြစ်သည်။

ထို့ပြင် သည်အချိန်၌ အန်တီမာရီယာမှတစ်ဆင့် ထာဝရဘုရားသခင်ကို သူ သိရှိကာ ယုံကြည်ကိုးကွယ်နေခဲ့ပြီလည်း ဖြစ်သည်။ သို့သော် လောက၌ အရာရာသည် ထာဝရဘုရားသခင်၏ အလိုတော် အရသာ ဖြစ်ရသည်ဟူသော အချက်ကို လက်ခံသော်လည်း ဘုရားသခင်၏ အလိုတော်၌ မိမိအား နာမကျန်းသူတစ်ဦးအဖြစ် တစ်သက်လုံးထားရန် အစီအစဉ်ပါဝင်လိမ့်မည်ဟူ၍ကား သူ မယုံကြည်ခဲ့။

သူသည် ရာသီဥတုကောင်းမွန်သည့် တစ်နေရာသို့ ပြောင်းရွှေ့သွားနိုင်လျှင် ကျန်းမာသန်စွမ်းလာမည်၊ လူကောင်လည်း ကြီးထွားလာမည်၊ ထို့ပြင် သူ သိချင် တတ်ချင်သည်များကိုလည်း ဆက်လက်တိုးချဲ့ လေ့လာဆည်းပူးခွင့် ရနိုင်မည်ဟု သိမြင်ယုံကြည်ထားခဲ့သည်။

သို့နှင့် များမကြာမီ သူတို့နေသည့်လမ်းထဲမှ မိသားစုတစ်စု ကင်းဆတ်ပြည်နယ် ဖို့တ်စကော့မြို့သို့ ပြောင်းရွှေ့မည်ဆိုသည့်အခါ မိမိအား ၎င်းတို့နှင့်အတူ ခေါ်ဆောင်ကြပါရန် သူ သွား၍ မေတ္တာ ရပ်ခံသည်။ မိသားစုက သဘောတူသဖြင့် နီယိုရှိုမှ ၇၅ မိုင်ဝေးသည့် ဖို့တ်စကော့သို့ သူ လိုက်ပါဖြစ်ခဲ့သည်။ သူပြောင်းရွှေ့ခါနီး လင်ကွန်းကျောင်းမှပေးသည့် သူ၏ ကျောင်းထွက်လက်မှတ် စာရွက်ကလေးတွင် ရေးထားသည့် နေ့စွဲက ၁၈၇၆ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်။

အေးမြသော ဇန်နဝါရီ နံနက်ခင်းတွင် မာရီယာနှင့် အင်ဒရူး ဇနီးမောင်နှံအား သူ နှုတ်ဆက်ခွဲခွာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ဝေးသွားသည့် ဂျော့ချ်လေးကို လှမ်းမျှော်ကြည့်ရင်း မာရီယာက ဘုရားသခင်ထံ ဆုတွေ တစ်ခုပြီး တစ်ခု တောင်းနေသည်။

'လူလေးအတွက် ကျောင်း ကောင်းကောင်း တက်ရအောင် စောင်မတော်မူပါ ဘုရား၊ သူက သိပ်သိချင် တတ်ချင်လွန်းတဲ့ ကလေးမို့ တကယ်တော်တဲ့ ဆရာကောင်းသမားကောင်းနဲ့ တွေ့အောင် စောင့်ရှောက်တော်မူပါ ဘုရား'

## ခြေသလုံးအိမ်တိုင် ဘဝ

ထို့နောက် ဆယ်နှစ်မျှသော ကာလတစ်လျှောက် ဂျော့ချ်သည် အမေရိကန်ပြည် အနောက်ပိုင်းဒေသ တစ်ခွင်တွင် လှည့်လည်သွားလာနေထိုင်ခဲ့သည်။ ရောက်လေရာအရပ်တွင် ရရာအလုပ်ကို လုပ်ကာ တက်၍ရသည့်ကျောင်းကို တက်သည်။ သည့်တစ်ကျောင်းမှာ သင်စရာစာကုန်ပြီဆိုလျှင် နောက်တစ်မြို့တစ်ရွာ တစ်နေရာသို့ ပြောင်းပြန်သည်။ သူ ရောက်လေရာအရပ်တွင် ရပ်တည်မှုပြဿနာကြီးသုံးရပ်ကို သူ ရင်ဆိုင်ရသည်။ ဘယ်မှာ အိပ်မလဲ၊ ဘာတွေ စားနေမလဲ၊ ကျောင်းစာအုပ်ဖိုး ဘယ်လို ရှာမလဲ။

ရရာအလုပ်ကို သူ လုပ်သည်။ ထမင်းချက်သည်၊ ထင်းပေါက်သည်၊ ဥယျာဉ်မှူးလုပ်သည်၊ အဝတ် လျှော်သည်၊ ရေမြောင်းဖောက်သည်၊ ခြံစည်းရိုး ဆေးသုတ်သည်။ ဘယ်သူ ဘာခိုင်းမလဲ၊ ခိုင်းတာ သူ လုပ်ပေးသည်။

ဖို့တ်စကော့မြို့ကလေးတွင် အဝေးပြေး မြင်းရထားစခန်းရုံးအနီး၌ နေစရာတစ်ခု ရသည်။ တဲအိမ်အိုကလေး တစ်ခု။ နေထိုင်ခအဖြစ် တစ်ပတ်လျှင်တစ်ဒေါ်လာ ပေးရသည်။ သူ့စားစရိတ်ကလည်း



သည့်မျှလောက်ပဲ ကုန်ကျသည်။ အခြားကိစ္စများအတွက်တော့ တစ်ပြားတစ်ချပ်မျှပင် သူ အကုန်အကျ မခံ။ ကုန်ကျခံစရာလည်း သူ့မှာပိုက်ဆံမရှိတော့။ မနက်ပိုင်း နေ့လယ်ပိုင်းမှာ ကျောင်းတက်သည်၊ အလုပ်လုပ်သည်။ တစ်ညနေလုံး စာဖတ်သည်၊ ညဘက်တွင် တစ်တိုင်တည်းသော ဖယောင်းတိုင်၏ အလင်းရောင်မှိန်မှိန်အောက်မှာ စာဆက်ဖတ်သည်။ ကျောင်းက သင်သည့် စာ့ရော အပြင်မှာတွေ့ရသမျှ စာအုပ်စာတမ်း၊ သတင်းစာ၊ လက်ကမ်း စာစောင်၊ ကြော်ငြာစာရွက်၊ တစ်ခုမကျန် အကုန်ဖတ်သည်။

တစ်နေ့မှာတော့ ဖို့တ်စကော့မြို့တွင် အကြီးအကျယ်တုန်လှုပ်ချောက်ချားစရာတစ်ခု သူ မျက်မြင်ကိုယ်တွေ့ ကြုံလာရသည်။

သွေးရူးသွေးတန်း ဖြစ်နေသည့် လူတစ်စုက မြို့လယ်ကွက်လပ်တွင် မီးပုံကြီးတစ်ပုံ ရှို့သည်။ ထို့နောက် အကျဉ်းစခန်းထဲမှ နီဂရိုး တစ်ယောက်ကို တရွတ်တိုက် ဆွဲခေါ်လာပြီး တစ်ကိုယ်လုံးရေနံဆီလောင်းကာ မီးပုံထဲ ပစ်ထည့်လိုက်ကြသည်။

ဂျော့ချ် အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားသည်။ နီဂရိုးများအတွက် အန္တရာယ်ကြီးမားလှသည့် ဖို့တ့်စကော့မြို့တွင် သူ လုံးဝ ဆက်မနေရဲတော့။ ညတွင်းချင်းပင် သူ့မှာ ရှိသည့် ပစ္စည်းပစ္စယကို တုပ်ပိုးကာ မြို့မှ ထွက်ခွာ လာခဲ့သည်။

ကင်းဆတ်ပြည်နယ် အနောက်ပိုင်း မြို့ရွာ တစ်ခုမှ တစ်ခု သူ ရွှေ့ပြောင်း နေထိုင်ခဲ့သည်။ သူ့ခေါင်းထဲတွင်ကား နောက်ထပ်အတန်းတစ်တန်း တက်ရေးမှအပ ဘာအတွေးမျှ မရှိခဲ့။ ဘယ်အရပ်မှာနေသည်ဖြစ်စေ မနက်လင်းအားကြီး အချိန်မှာပင် သူ အိပ်ရာမှထပြီး မြို့ပတ်ဝန်းကျင် လယ်ကွင်းပြင်များ၊ တောတောင်များသို့ လှည့်လည်သွားလာသည်။ မြေမှာပေါက်သည့် အရာမှန်သမျှသည် သူ့အတွက် စိတ်ဝင်စားစရာချည်း ဖြစ်သည်။ သစ်တောထဲက သစ်ရွက်ခြောက်ဆွေး

www.burmeseclassic.com

www.burmeseclassic.com



မည်းမည်းကို သူ စိတ်ဝင်စားသည်။ စိုက်ခင်းထဲက ရွှံ့မြေနီနီများကို သူ ရှူးစမ်းသည်။ တောတန်းတောင်စောင်းများမှ ဆေးရောင်စုံတွေကို သူ သဘောကျသည်။ သည်သဘာဝအသွေး အရောင်တွေနှင့် ရေးခြယ်ရလျှင် ရှေးလူတွေ ဆွဲခဲ့သမျှ ပန်းချီကား များထက် လှပ ဆန်းကြယ်သော လက်ရာကောင်းတွေ ဖန်တီးနိုင်လိမ့် မည်ဟု သူ တွေးနေမိသည်။

ကောက်ရိတ်ချိန်များမှာ သူက ယာယီလယ်ယာလုပ်သားအဖြစ် ဂျုံခင်းများထဲ ရောက်နေပြန်သည်။ လယ်ယာစိုက်ခင်း ဆိုသည် ကလည်း သူ အလွန်ပျော်မွေ့သော နေရာများပင်ဖြစ်သည်။ သည်လို လှည့်လည် သွားလာလုပ်ကိုင်နေသည့် ကာလအတွင်းမှာပင် သူ မနှစ်သက်သည့် စကားထစ်သော အကျင့်က လုံးဝ ပျောက်ကွယ်သွား ခဲ့သည်။

ကင်းဆတ်ပြည်နယ် အိုလတ်သဲ မြို့ကလေးတွင် သူ့အား ခရစ္စတိုဖာဆေမောနှင့် လူစီဆေမော အမည်ရှိ နီဂရိုးဇနီးမောင်နှံက လက်ခံ နေထိုင်ခွင့်ပြုခဲ့သည်။ ခရစ္စတိုဖာသည် ဘာသာတရား ကိုင်းရှိုင်းသူ ခရစ်ယာန် လူကြီးတစ်ယောက်ဖြစ်၍ ပရက်စ်ဗိုင်တေး ရီးယန်း ဘုရားရှိခိုးကျောင်းသို့ မှန်မှန်သွားရောက် ဝတ်ပြုလေ့ရှိသည်။ ဂျော့ချ် သည် ခရစ်တိုဖာနှင့်အတူ လိုက်ပါရင်း ပရက်စ်ဗိုင်တေးရီးယန်း အသင်းဝင် ဖြစ်ခဲ့သည်။

သို့သော် ကြုံကြိုက်၍သာ အသင်းဝင် ဖြစ်ခဲ့သည်။ သူ့မှာ ဘာသာရေးဆိုင်ရာ ဂိုဏ်းဂဏစိတ် လုံးဝ မရှိခဲ့။ သူ့တစ်သက်တာ တစ်လျှောက် သူ့အား မငြင်းဆန်သည့် ဘုရားရှိခိုးကျောင်း မှန်လျှင် အမည်နာမ ဂိုဏ်းဂဏ မေးမနေဘဲ သူ ဝင်ရောက်ခဲ့သည်ချည်း ဖြစ်လေသည်။

၁၈၈၀ ပြည့်နှစ်တွင် ဆေမော ဇနီးမောင်နှံတို့သည် ကင်းဆတ် ပြည်နယ်ထဲမှာပင် ရှိသည့် မီနီအာပိုလစ်မြို့သို့ ခရီးထွက်ကြသည်။



မီနီအာပိုလစ်ကား အလျင်အမြန် ကြီးထွားဖွံ့ဖြိုးနေသော မြို့တစ်မြို့ ဖြစ်၍ ထိုမြို့တွင် ဂျော့ချ်အတွက် ပထမဆုံး အကြိမ်အဖြစ် အထက်တန်းကျောင်း တက်ခွင့်ရလေသည်။

မီနီအာပိုလစ်တွင် ဂျော့ချ်ကာဗာဟူသော အမည်နှင့် အခြား လူတစ်ယောက်ရှိနေရာ ကာဗာထံသို့ ပို့လိုက်သည့် အချို့ သောစာများ မှာ ထိုနာမည်တူပုဂ္ဂိုလ်ထံသို့ ရောက်သွားတတ်သည်။ သို့နှင့် ထိုသူ နှင့် ကွဲပြားစေရန်အတွက် သူ့နာမည်တွင် အလယ်က တစ်လုံး ထပ်ဟိုးရန် စိစဉ်သည်။ အလယ်နာမည်ကို ယတိပြတ် မရွေးချယ် မဆုံးဖြတ်ရသေးမီ ဒဗလျူဟူသော အက္ခရာ တစ်လုံးကိုသာ ယာယီရွေးကာ ဂျော့ချ်ဒဗလျူကာဗာ ဟူ၍ လုပ်ထားလိုက်သည်။ တစ်နေ့တွင် တစ်စုံတစ်ယောက်က 'ခင်ဗျားနာမည်မှာပါတဲ့ ဒဗလျူ ဆိုတာက ဝါရှင်တန်ရဲ့ အတိုကောက်လား'ဟု နောက်သလို ပြောင် သလို မေးသည့်အခါ သူက နောက်နောက်ပြောင်ပြောင်ပင် 'ဟုတ်တာ ပေါ့ဗျာ'ဟုပင် ဖြေလိုက်မိသည်။ ဤသို့ဖြင့် သူ၏ နာမည်အပြည့်အစုံမှာ ဂျော့ချ်ဝါရှင်တန်ကာဗာ (George Washington Carver) ဟူ၍ ဖြစ်လာ ခဲ့သည်။

သို့သော် ဂျော့ချ်ဝါရှင်တန် ဆိုသည်မှာ အမေရိကန်ပြည်၏ ပထမဆုံး သမ္မတကြီးဖြစ်ရာ သိပ်ဝင့်ဝါလွန်းနေသည် ထင်သဖြင့် သူ့လက်မှတ် ထိုးသည့်အခါတိုင်း ဂျော့ချ်ဒဗလျူကာဗာ သို့မဟုတ် ဂျော့ချ်ကာဗာဟူ၍သာ ခပ်ရိုးရိုး ရေးထိုးလေ့ ရှိပေသည်။

အထက်တန်းကျောင်းပညာ ပြီးဆုံးခါနီးအချိန်လောက်တွင် သူတို့ထံသို့ အန်တီမာရီယာထံမှ စာတစ်စောင် ရောက်ရှိလာသည်။ စာ၌ သူ့အစ်ကို ဂျင်မ်တစ်ယောက် လွန်ခဲ့သည့် နှစ်ရက်က ကျောက်ရောဂါဖြင့် ကွယ်လွန်ခဲ့သည့်အကြောင်း၊ အန်တီမာရီယာတို့ပင်

www.burmeseclassic.com



အသိနောက်ကျခဲ့သဖြင့် ယခုမှ စာရေး အကြောင်းကြားရသည့်အကြောင်း၊ ဂျော့ချ်အား အမြဲသတိရကာ မေတ္တာပို့သလျက် ရှိကြောင်းများ ပါရှိလေသည်။

ပညာ သင်ချင်လွန်းသဖြင့်သာ လမ်းခွဲ ထွက်ခဲ့ရသော်လည်း လောကကြီး တစ်ခုလုံး၌ သူ့အတွက် တစ်ဦးတည်းသော သွေးသားရင်းချာဖြစ်သည့် ဂျင်မ်အား တကယ်ပင် ချစ်ခင်တွယ်တာခဲ့သည် ဖြစ်ရာ ဂျော့ချ်ခမျာ ဖြေမဆည်နိုင်လောက်အောင်ပင် ရှိုက်ကြီးတငင် ငိုကြွေးနေမိတော့သည်။

ဝမ်းနည်းကြေကွဲဖွယ်ရာ စာတစ်စောင်ရရှိပြီး များမကြာမီပင် ဝမ်းသာစရာ စာတစ်စောင် သူ ထပ်မံ ရရှိခဲ့သည်။

ခပ်စောစောက သူသည် ကင်းဆက်ပြည်နယ် အရှေ့မြောက်ပိုင်းတွင် ခရစ်ယာန် ပရက်စ်ဗိုင်တေးရီးယန်းဂိုဏ်းမှ ဖွင့်လှစ်ထားသော ဟိုက်လင်းကောလိပ် အမည်ရှိ ကောလိပ်ကျောင်းငယ်တစ်ခုသို့ ဝင်ခွင့်ရရန် လျှောက်လွှာတင်ထားခဲ့သည်။ ရက်သတ္တပေါင်း အတန်ကြာအောင် ကျောင်းမှ ပြန်စာကို တမျှော်မျှော်နှင့် စောင့်နေခဲ့ရာမှ ဖွန်လ နံနက်ခင်းတစ်ခုတွင် စာရောက်လာခြင်း ဖြစ်လေသည်။ စာ၌ သူ့အမှတ်များမှာ စိတ်ကျေနပ်ဖွယ်ရှိသဖြင့် သူ့အား ကျောင်းမှ လက်ခံလိုက်သည့်အကြောင်း၊ ၁၈၈၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် စတင် ဖွင့်လှစ်မည့် စာသင်တန်း၌ စာရင်းသွင်း တက်ရောက်ရန် ဖြစ်ကြောင်း ပြန်ကြားထားပြီး စာ၏ အောက်၌ ကျောင်းအုပ် ဘုန်းတော်ကြီး ဆရာ ဒန်ကင်ဘရောင်းက လက်မှတ်ရေးထိုးထားသည်။

ကျန်သည့် လများအတွင်း ဂျော့ချ်သည် ကောလိပ်ကျောင်း တက်ရတော့မည့်အရေးကို တွေးကာ ကြည်နူးအားတက်နေခဲ့မိသည်။ ဩဂုတ်လအကုန်ပိုင်းလောက်တွင် စတင်၍ ဂျော့ချ် ခရီးထွက်လာခဲ့သည်။ ရှေးဦးစွာ ဆိမ်နီကာမြို့သို့ဝင်၍ ဂျင်မ်၏သင်္ချိုင်းကို သွားရောက်



ကြည့်ရှုသည်။ ထို့နောက် ၎င်းမှ ၁၃ မိုင်ဝေးသော နီယိုရှိုသို့သွားကာ ဝပ်ကင်းဇနီးမောင်နှံကို နှုတ်ဆက်သည်။ ထို့နောက် မိမိ စတင် ကြီးပြင်းရာ ဒိုင်းမွန်းဂရိုဖ်သို့ ဝင်သည်။ သည်အချိန်၌ အန်ကယ်မိုးဇက်မှာ အသက် ၇၀ ကျော်ပြီ ဖြစ်ပြီး အန်တီဆူစန်မှာလည်း အတော်ပင် ပိန်လှီအားလျော့နေခဲ့လေပြီ။ အန်ကယ်မိုးဇက်က လယ်ယာလုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်ဆဲ ဖြစ်၏။ ဂျော့ချ်က သူ ရောက်ခဲ့သည့် နေရာများ၊ အတွေ့အကြုံများနှင့် ကြုံပမ်းအားထုတ်မှုများကို ပြောပြသည့် အခါ ကာဗာမောင်နှံတို့ ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ငေးစိုက်နားထောင် နေမိကြလေသည်။

သူ ငယ်ငယ်တုန်းက နေခဲ့ဖူးသည့် တဲကလေးတွင် လေးညတိတိအိပ်ပြီး ပဋ္ဌမမြောက်ည၌ ကာဗာမောင်နှံကို နှုတ်ဆက်ထွက်ခွာလာခဲ့သည်။

စက်တင်ဘာ ၂၀ ရက်နေ့ ရောက်ပြီ။ ဟိုက်လင်သို့ သွားသည့် မီးရထားတစ်စီးပေါ်၌ သူ လိုက်ပါလာခဲ့သည်။

ကောလိပ်ကျောင်းဝင်းထဲ ရောက်လာသည်။ ကျောင်းအုပ်ကြီးရုံးခန်းသို့ ရောက်ရှိသည်။ စာအုပ်စင်ကြီးများ၊ ပေါလစ်ရောင် ပြောင်လက်သည့် ပရိဘောဂများနှင့် ထည်ဝါလှသည့် ရုံးခန်းထဲတွင် ကျောင်းအုပ်ကြီး ဒန်ကင်ဘရောင်း ငြိမ်သက်စွာ ထိုင်နေသည်။

'ကျွန်တော် ဂျော့ချ်ဒဗလျူကာဗာပါ ဆရာကြီး'

'ဩော် ဟုတ်လား'

ဆရာဘရောင်းက မျက်နှာခပ်ပျက်ပျက်နှင့် ဆိုသည်။

'ကျွန်တော် ကျောင်းစာရင်းသွင်းဖို့ လာတာပါ'

'အမှားမှားအယွင်းယွင်းတွေတော့ ဖြစ်ကုန်ပြန်ပြီ'

ဂျော့ချ်ကာဗာ ရင်ထဲ အေးစိမ့်တုန်လှုပ်သွားသည်။ ကျောင်းအုပ်ကြီး၏မျက်နှာကို ကြည့်ပြီး မရဲတရဲ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး ရေးလိုက်တဲ့ စာထဲမှာ'

'အဲဒီစာ အကြောင်း ပြောမနေ ပါနဲ့တော့ကွာ၊ မင်းက နီဂရိုးဖြစ်တဲ့အကြောင်း လျှောက်လွှာထဲမှာမှ ထည့်မရေးလိုက်ဘဲ၊ ဟိုက်လင်းကောလိပ်မှာ နီဂရိုးတွေ လက်မခံဘူးကွ'

## အသစ်တစ်ဖန် စတင်ခြင်း

သူ လပေါင်းများစွာ မက်မောတွယ်တာစွာ တည်ဆောက်ခဲ့ရသည့် စိတ်ကူးယဉ် အိပ်မက်ကလေး တစ်ခဏချင်းမှာ နင်းခြေ ဖျက်ဆီးခြင်း ခံလိုက်ရသလို သူ ခံစားခဲ့ရသည်။

အပယ်ခံ အကြည်ခံဘဝဖြင့် လမ်းပေါ်သို့ ကာဗာ ပြန်ရောက်ခဲ့သည်။ ပြီး သူ့မှာ ကျောင်းသို့ အလာခရီးအတွက်သာ ခရီးစရိတ်ပါသည်။ အပြန်အတွက် မကျန်တော့။

ထိုညက စပါးကျီတစ်ခုမှာ သူ အိပ်ရသည်။ အိပ်ရာကနိုးသည်နှင့် အလုပ်ထွက်ရှာသည်။ ဗီလာအမည်ရှိ မိသားတစ်စု၏ သစ်သီးခြံတွင် အလုပ်ရသည်။ လပေါင်းအတန်ကြာအောင် သစ်သီးခြံတွင် သစ်ပင်အကိုင်းအခက်တွေ တိပေးခြင်း၊ ခြံစည်းရိုးပြုပြင်ခြင်းစသည့် အလုပ်များကို လုပ်ကိုင်ရင်း မိမိဘာသာ အလုပ် လုပ်ကိုင်နိုင်ဖို့ ငွေကြေးအနည်းငယ် စုဆောင်းရရှိမည့် အချိန်ကို စောင့်မျှော်နေခဲ့သည်။

ထိုအတွင်း ဗီလာ မိသားစုထံသို့ သားတစ်ယောက် ဖြစ်သူ ဖရန့်ဗီလာ ပေးပို့လိုက်သော စာများကို အိမ်တွင် အသံကျယ်ကျယ်နှင့် ဖတ်ကြသည့်အခါတိုင်း ကာဗာ စိတ်ဝင်စားစွာ နားစွင့်နေခဲ့မိသည်။ ဖရန့်သည် အနောက်ဘက်ပိုင်း ကင်းဆတ်လွင်ပြင် ဒေသသို့ သွားရောက်အခြေချနေသူ ဖြစ်သည်။ ဖရန့်၏စာများအရ အနောက်ပိုင်း



နယ်စွန်ဒေသတွင် အလုပ် လုပ်လိုသူတိုင်းအတွက် ကြီးပွားနိုင်သည့် အခွင့်အရေး ရှိနေကြောင်း သူ သိရသည်။

သို့နှင့် ၁၈၈၆ ခုနှစ်တွင် ကင်းဆတ်လွင်ပြင်သို့ ကာဗာ ရောက်ရှိသွားခဲ့သည်။

အစိုးရထံမှ မြေဧက ၆၀ ဂရန်ခံပြီး စိုက်ပျိုးရေး လုပ်ရန် စတင်သည်။ ရှေးဦးစွာ ပရေရီဒေသ ထုံးစံအတိုင်း မြက်မြေလွှာ အိမ်ကလေးတစ်လုံး ဆောက်သည်။ မြက်ရိုင်းများ ပေါက်နေသည့် အပေါ်ယံမြေလွှာကို အလွှာလိုက်၊ အမြှောင်းလိုက် လှီးဖြတ်ယူကာ အုတ်စီသလို ဆင့်စီပြီး အိမ်နံရံပြုလုပ်ခြင်း ဖြစ်သည်။ မြက်ပင်အမြစ်များက ထိန်းထားသဖြင့် မြေသားများ တော်တော်နှင့် ပြိုပဲ့ကျခြင်း မရှိ။

စိုက်ပျိုးရေးလုပ်ငန်းမှာ ဆောင်းအကုန် နွေအကူးကျမှ စတင်နိုင်မည်ဖြစ်ရာ ပရေရီ၏ ပြင်းထန်လှသော ဆောင်းတွင်း အအေးဒဏ်ကို မြေသားအိမ်ကလေးထဲမှာပင် တစ်ကိုယ်တည်း ခံနေရလေသည်။ သို့သော် အခြောက်တိုက် ဆောင်းအောင်း နေသည်ကား မဟုတ်။ မလှမ်းမကမ်းရှိ မွေးမြူရေးခြံတစ်ခုတွင် လုပ်သားအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။

သူ ပထမဆုံး ကြုံရသည့် လွင်ပြင်ဒေသ ဆောင်းဥတုက ပြင်းထန်လွန်းလှသည်။ မြောက်ဘက်ပိုင်းမှ ရှူးရှူးရားရားတိုက်ခတ်လာသည့် နှင်းမုန်တိုင်းက ကြောက်မက်ဖွယ်ပင်။ ဆီးနှင်းတွေ ရတ်တရက် ပိန်းပိတ်အောင်ကျသည့် အခါမျိုးတွင် အလွန်နီးသည့် ခရီးလေးမှာပင် လမ်းစပျောက်ပြီး အသက်ဘေး ကြုံရနိုင်သဖြင့် နေအိမ်နှင့် စပါးကျီကို ကူးသန်းသည့်အခါမျိုးမှာပင် ကြိုးတန်းကိုကိုင်၍ သွားကြရသည်။

www.burmeseclassic.com



နွေပေါက်သည့်အခါကျတော့လည်း ရာသီဥတုက တစ်မျိုး ဆိုးပြန်ပါလေသည်။ ရာသီ ကူးပြောင်းစ သာတောင့်သာယာ အချိန် က စိုက်ပျိုးခဲ့သည့် ဂျူပင်၊ ပြောင်းပင်များမှာ နွေကာလ နေပူ လေပူတို့၏ နှိပ်စက်ခြင်းဒဏ်ကြောင့် ညှိုးရော်ခြောက်သယောင်း ကုန်ကြရသည်။

နှင်းမှန်တိုင်းဒဏ်နှင့် နွေနေပူဒဏ်ကို တစ်လှည့်စီ ခံရင်း ပရေရီမှာ နှစ်နှစ်တာမျှ သူ နေထိုင်ခဲ့သည်။ သို့သော် အချည်းနှီး စိတ်ပျက် လက်မှိုင်ချနေခဲ့သည်တော့ မဟုတ်။ ဘယ်အရပ်ဒေသမှာ ဖြစ်ဖြစ် သူ လုပ်နိုင်သလောက် အစွမ်းကုန် လုပ်ကိုင်ကြည့်ခဲ့သည်ပဲ ဖြစ်သည်။ အိမ်နံဘေးတွင် တစ်ဖက်ရပ်ကလေး တစ်ခု ထိုးကာ ပန်းပင်ကလေးများ စိုက်ပျိုးကြည့်သည်။ ဆောင်းလယ်ကာလ ဆီးနှင်းရေခဲပြေကြားမှာ အကြောင်းကိစ္စနှင့်ဖြစ်စေ၊ လမ်းသွားရင်း ခဏ ခိုနားချင်၍ဖြစ်စေ သူ့အိမ်ကလေးထဲ ဝင်ရောက် လာသူသည် သည်အချိန်ကာလ သည်တစ်နယ်လုံးမှာ လုံးဝ မတွေ့ရနိုင်သည့် ပန်းပင်ကလေးတွေ ဝေဆာစွာ ပွင့်နေကာမြင်လျှင် အံ့ဩမဆုံးနိုင် ဖြစ်ကြရစမြဲ ဖြစ်သည်။ ရှည်လျားလှသော ဆောင်းတွင်း ညချမ်းများမှာ အိမ်ကလေးထဲတွင် သူတစ်ယောက်တည်း ထိုင်ကာ ချည်ထိုးရင်း ဖြစ်စေ၊ လမ်းသွားရင်းလာရင်းက သူ တွေ့ရှိသလောက် ကောက်ယူ သိမ်းဆည်းခဲ့သည့် အင်ဒီယန်းလက်ရာပစ္စည်း အကိုအစကလေးများကို အမျိုးအစား ခွဲခြား မှတ်သားရင်းဖြစ်စေ အချိန် ကုန်လွန်စေခဲ့လေ့ ရှိသည်။

သည်လိုဖြင့် ရက်ကွေ လတွေ ကြာညောင်း လာသည့်အခါ ဟိုက်လင်းကောလိပ်မှာ သူတကယ်အထိနာစွာ ခံခဲ့ရစဉ်က ရရှိခဲ့သည့် စိတ်အားငယ်မှု ဝေဒနာက တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်



လာခဲ့သည်။ သူ စာတွေ ပြန်ဖတ်လာသည်၊ ပန်းချီကားများ ရေးဆွဲ လာသည်။

နောက်တော့ ပရေရီသည် သူ့အတွက် ခိုအောင်း ပုန်းရှောင်ရာ အရပ်ပဲဟု သူ မြင်လာသည်။ သူဆက်လက်ပုန်းအောင်း မနေချင်တော့။

သို့နှင့် ၁၈၈၈ ခု နွေဦးရာသီတွင် သူ့ခြံမြေကို ဒေါ်လာ ၃၀၀ နှင့် ပေါင်နှံကာ အရှေ့ပိုင်းသို့ ပြန်လည်ထွက်ခွာလာခဲ့သည်။

အိုင်အိုဝါ ပြည်နယ်ထဲ ရောက်သည်။ ဝင်းတားဆက် ရွာက ဟိုဟယ် တစ်ခုတွင် ထမင်းချက်အလုပ် ရသည်။

တစ်ခုသော တနင်္ဂနွေနံနက်တွင် ဘုရားရှိခိုးကျောင်း၌ ဓမ္မတေး သီဆိုစဉ် သူ့အသံကို မစ္စစ်မီလ်ဟိုလန် အမည်ရှိ အမျိုးသမီးကြီးက သဘောကျသွားသည်။ အမျိုးသမီးကြီးက ကျောင်းတွင် ဓမ္မတေးသီဆို သူ အုပ်စုကိုကွပ်ကဲရသူ ဖြစ်သည်။ အမျိုးသမီးကြီးရော ခင်ပွန်းသည် ဒေါက်တာမီလ်ဟိုလန်ပါ ဖော်ဖော်ရွေရွေရှိလှသဖြင့် ဂျော့ချ်က ၎င်းတို့ အိမ်သို့ မကြာခဏ အလည်သွားဖြစ်သည်။ မစ္စစ်မီလ်ဟိုလန်က သူ့အား အဆိုပညာ သင်ပေးသည်။

သည်လိုနွေးထွေးသော မိတ်ဆွေများနှင့် ဆက်ဆံရသည့်အခါ ဂျော့ချ်ကာဗာအဖို့ ဖို့တ်စကော့နှင့် ဟိုက်လင်းမှာ ရရှိခဲ့သည့် လူဖြူ ကြောက်စိတ်များ သိသိသာသာ လျော့ပါးသွားသည်။ သို့တိုင်အောင် ပင် မစ္စစ် မီလ်ဟိုလန်က သူ့အား ဆင်ပဆင် ကောလိပ်သို့ တက် ရောက်ရန်အတွက် လျှောက်လွှာတင်ရန် တိုက်တွန်းသည့်အခါ သူ မဝံ့မရဲ ဖြစ်နေခဲ့သေးသည်။

အင်ဒီယာနိုလာမြို့ရှိ ဆင်ပဆင်ကောလိပ်မှာ လူဖြူ ကျောင်း တစ်ကျောင်းဖြစ်၍ လူဖြူဆရာ၊ လူဖြူကျောင်းသားတွေချည်း ရှိသည်။ သို့သော် ၎င်းကျောင်းသည် ခရစ်ယာန် မက်သဒစ် ဂိုဏ်းအုပ် ဘုန်းတော်ကြီး မက်သယူးဆင်ပဆင်ကို အကြောင်းပြု တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ကောလိပ်ကျောင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီး ဆင်ပဆင်သည် အေဗရာဟမ်လင်ကွန်း၏ မိတ်ဆွေတစ်ဦးဖြစ်၍ လင်ကွန်းနည်းတူ လူသားအားလုံး၏ တန်းတူညီမျှခွင့်ကို ယုံကြည်သူဖြစ်ကြောင်းများဖြင့် ပြောဆိုကာ မစ္စစ် မီလ်ဟိုလန်က သူ့အား တိုက်တွန်းအားပေးခဲ့သည်။

ဤသို့ဖြင့် ၁၈၉၀ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဂျော့ချ်ဒဗလျူကာဗာ တစ်ယောက် ဆင်ပဆင် ကောလိပ်သို့ ရောက်ဖြစ်ခဲ့လေသည်။

ဆင်ပဆင်တွင် သူသည် စကားရင်းမြစ်ဗေဒ၊ သင်္ချာနှင့် သူနှစ်သက်လှသည့် ပန်းချီပညာတို့ကို သင်ယူသည်။ ကျောင်းနေစဉ်စရိတ်စကအတွက် သူက ကျောင်းဝင်းပြင်ဘက်တွင် ပင်မင်းဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်သည်။

သူ့ထံသို့ လျှော်စရာအဝတ်တွေ လာပေးကြသည့် ကျောင်းသားများမှာ တဖြည်းဖြည်း သူနှင့် အဖွဲ့ကျလာသည်။ ဘယ်ကျောင်းသားနှင့်မျှ မတူသည့် သူ၏ထူးခြားသော ဘဝဖြစ်စဉ်ကို မေးကြမြန်းကြသည်။ တစ်ခါတစ်ရံ သူက သူအလုပ်လုပ်သည့် နံဘေးတွင် အသင့်ဖွင့်လျက်သားရှိသည့် စာအုပ်တစ်အုပ်ထဲက ထူးထူးခြားခြား မှတ်သားစရာများကို ညည့်သည်များအား ဖတ်ပြနေတတ်သည်။

သူ့အား သူ့မိတ်ဆွေသစ်များ အမြဲမေးလေ့ရှိသည့် မေးခွန်းနှစ်ခုက 'ခင်ဗျား တစ်သက်လုံး ဘယ်လို ရှာဖွေ စားသောက်ပြီး ပညာ သင်လာခဲ့သလဲ'ဟူသည်နှင့် 'ဒီကျောင်းက ထွက်ရင် ခင်ဗျား ဘာဆက်လုပ်မလဲ' ဟူသော မေးခွန်းများပင် ဖြစ်သည်။

ဒုတိယမေးခွန်းအတွက် သူ့မှာ အဖြေ မရှိသေး။

တစ်နေ့မှာတော့ သူ့အား ထိုမေးခွန်းကို သူ၏ ပန်းချီဆရာမ မစ္စစ်အက်တာဘဒ် ကိုယ်တိုင်က မေးလာလေသည်။ သူသည်



တစောင်းပင်အား ကိုင်းဆက်ပွားယူမှု စမ်းသပ်ချက်တစ်ခုကို ပန်းချီလေ့ကျင့်သည့်အနေဖြင့် ပုံတူကူးယူ မှတ်တမ်းတင်ခဲ့သည်။ ၎င်းပန်းချီကားကို မြင်သောအခါ မစ္စစ်ဘဒ် အတော်ပင် အံ့ဩသွားသည်။ ၎င်းပန်းချီကားကို သူ့ထံမှ ယူသွားပြီး ရက်အတော်ကြာမှ ပြန်ပေးသည်။

ပြန်ပေးသည့် အချိန်မှာ ပြောလိုက်သော စကားများက ကာဗာ၏ ဘဝလမ်းကြောင်းကို ပြောင်းလဲသွားစေသည့် စကားမျိုးဖြစ်သည်။

'ရှင် ရှေ့ဆက်ပြီး ဘာတွေလုပ်မယ် စီစဉ်ထားသလဲ'

'ဆရာမကသာ ဖြစ်နိုင်တယ်လို့ ထောက်ခံမယ်ဆိုရင် ကျွန်တော် ပန်းချီဆရာ လုပ်မှာပေါ့'ဟု သူ ဖြေလိုက်သည်။

'အို ရှင် တော်ပါတယ်၊ ပန်းချီဆရာလုပ်လို့ ရပါတယ်၊ ရှင့်မှာ ပါရမီ အများကြီးရှိတယ်၊ ဒါပေမယ့် ဂျော့ချ်၊ ကျွန်မ ရှင့်ပန်းချီကားကို ဖေဖေ့ကို ပြကြည့်တယ်၊ ဖေဖေက အိမ်းစ်မြို့မှာ ဖွင့်ထားတဲ့ အိုင်အိုဝါပြည်နယ် စိုက်ပျိုးရေးကောလိပ်မှာ ဥယျာဉ်စိုက်ပျိုးရေးပညာ ပါမောက္ခလုပ်နေတယ်၊ ဖေဖေ့ကို ရှင် အပင်တွေနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့အကြောင်းလဲ ကျွန်မ ပြောလိုက်တယ်၊ ဖေဖေကတော့ ရှင်ဟာ အိမ်းစ်မှာ စိုက်ပျိုးရေးပညာ သင်ယူဖို့ကောင်းတယ်လို့ ယူဆတယ်'

အကယ်၍ မစ္စစ်ဘဒ်ကသာ ထိုသို့မပြောခဲ့လျှင် ကာဗာသည် ဆင်ပဆင်ကျောင်းမှာ ခင်မင်သော မိတ်ဆွေအပေါင်းအသင်းများနှင့် ဆက်ဆံရသည့်ဘဝကို ကျေနပ်ကာ ပန်းချီလေးဆွဲရင်း ဆက်လက်နေထိုင်ဖြစ်နေဦးမည်။ ယခုတော့ သူ့ကို စောစောက သူ မသိကျိုးကျွန်ပြုထားခဲ့သည့် အနာဂတ်တစ္ဆေက ခြောက်လှန့် လာပြန်ချေသည်၊ အချိန်က ၁၈၉၁ ခုနှစ်၊ သူ့အသက်က ၃၀ ပြည့်နေပြီ။ သူ့ တစ်သက်

www.burmeseclassic.com

www.burmeseclassic.com



လုံး ကျောင်းသားဘဝနှင့် စခန်းသွားနေ၍ မဖြစ်။ သူ ဘာလုပ်ရမည်နည်း။

နွေဦးပေါက်စ ညတစ်ညမှာ သူက လှေကားထစ်မှာ ထိုင်ကာ ကြယ်ကလေးများကို ငေးမောကြည့်နေရင်းက အန်တီမာရီယာ့မျက်နှာကို သူ မြင်ယောင်လာသည်။ အန်တီမာရီယာပြောခဲ့သည့် စကားတွေ သူ ကြားယောင်လာသည်။

'လူလေး တတ်နိုင်သမျှ စာတွေ အများကြီး တတ်အောင်သင်၊ ပြီးရင် တို့လူမျိုးတွေကို မင်းတတ်ထားသမျှ ပညာတွေ ပြန်သင်ပေးပါ၊ အဲဒါ လူလေး တာဝန်လို့ သဘောထား' ဟူသော စကား။

အိမ်းစ်ကို သူ သွားရလိမ့်မည်ဟု ဂျော့ချ် သဘောပေါက်သည်။

## တကယ် မျှော်ခဲ့ရသည့် ခရစ္စမတ်ပွဲတော်

ယခုအခါ၌ အိုင်အိုဝါပြည်နယ် သိပ္ပံနှင့်နည်းပညာတက္ကသိုလ်ဟူသော အမည်ဖြင့် ကျော်ကြားလျက်ရှိသည့် အိမ်းစ်ရှိ တက္ကသိုလ်ကျောင်းသို့ ကာဗာ ရောက်သွားသည့် အချိန်သည် ကောလိပ်ရှိ ပညာရှင်များ၊ အုပ်ချုပ်ရေးသမားများလောကအတွင်း များစွာတက်ကြွလှုပ်ရှားလျက်ရှိသည့်အချိန် ဖြစ်သည်။ စိုက်ပျိုးရေးအတတ်ကို သိပ္ပံအဆင့်သို့ တိုးမြှင့်နိုင်အောင် အားထုတ်နေကြချိန်၊ ပညာရှင်တွေ စုပေါင်းကာ စိုက်ပျိုးရေးနည်းစနစ်သစ်များ တီထွင်ကြံဆ လက်တွေ့ သုတေသနပြုရန် အင်တိုက်အားတိုက် ကြိုးပမ်းစပြုချိန် ဖြစ်သည်။ နောက်ပိုင်းတွင် သည်ကျောင်းမှ ဆရာနှစ်ဦးသည် လယ်ယာစိုက်ပျိုးရေးဝန်ကြီးများ ဖြစ်လာကြဦးမည်လည်း ဖြစ်သည်။

ဝန်ကြီးလောင်း နှစ်ဦးအနက် ပထမတစ်ဦး ဖြစ်သူ ဆရာဂျိမ်းစ်ဂျီဝီလဆင်က ကာဗာအား ထူးခြားလှိုက်လှဲစွာ ကြိုဆိုခဲ့သည်။



ကောလိပ်ကျောင်းသို့ ဂျော့ချ်ရောက်သွားသည့် အချိန်မှာ မေလဖြစ်သည်။ အချိန် အတော် နောက်ကျပြီးမှ ရောက်လာခြင်းဖြစ်ရာ သူ့အတွက် နေစရာ အခန်း မရှိတော့သလို ဖြစ်နေသည်။

'ကျုပ်ဆီ ပို့လိုက်ပါ၊ ကျုပ် စီစဉ်ပေးပါ့မယ်'

ပါမောက္ခ ဝီလဆင်က ဆိုသည်။

ထို့နောက် သူ သီးသန့်ခန်းအဖြစ် သုံးစွဲနေသည့် အဆောင်အောက်ထပ် အခန်းတစ်ခုကို ကာဗာ့အတွက် ပေးလိုက်သည်။ သူ့ပစ္စည်းများကိုမူ သူ့ရုံးခန်းဟောင်း ရှိရာ အပေါ်ထပ်သို့ ရွှေ့ပြောင်းယူသွားလိုက်သည်။

ပါမောက္ခတစ်ဦးက ရက်ရောကြင်နာစွာ ဆက်ဆံလိုက်သော်လည်း အဆောင်စည်းကမ်းတစ်ခုကတော့ သူ့အတွက် စိတ်ထိခိုက်စရာ ဖြစ်စေခဲ့ပြန်သည်။

သူ့အား တမင်းစား ခန်းမတွင် လူဖြူ ကျောင်းသားများနှင့် အတူစားသောက်ခွင့်မပြုဘဲ စားဖိုချောင်ရှိ အကူလုပ်သားများ၊ ကျောင်းစိုက်ခင်း အလုပ်သမားများနှင့်အတူ စားသောက်စေခြင်း ဖြစ်သည်။

သို့သော် ကာဗာက သူများ မတွေးမိသည့်ဘက်က လှည့်တွေးကာ မကျေနပ်စိတ်၊ ဝမ်းနည်းစိတ်ကို ဖြေဖျောက်ခဲ့သည်။ မိမိသည် လူဖြူကျောင်းသားများထက် နိမ့်ကျသည်ဟု မယူဆလျှင် အလုပ်ကြမ်းသမားများသည် မိမိထက် နိမ့်ကျသည်ဟု ယူဆစရာ အကြောင်း မရှိဟု သူ ဆင်ခြင်ကာ အဆောင် ကြီးကြပ်သူတို့၏ အစီအစဉ်ကို မငြင်းမဆန် လက်ခံခဲ့သည်။

သို့သော် သည်ကိစ္စက ၎င်းအတိုင်း ပြီးမသွားခဲ့ပေ။ ပါမောက္ခဘဒ်က အင်ဒီယာနိုလာရှိ သမီးထံသို့ စာရေးရာတွင် ကာဗာ့ပြဿနာကို ထည့်သွင်း ရေးသားခဲ့သည်။ ကာဗာကို အဆင့်အတန်း ခွဲခြား၍ ဆက်ဆံနေကြောင်း ကြားသိရသည့်အခါ မစ္စစ်ဘဒ် အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သထွက်သည်။ သို့သော် သူ့စာသင်ခန်းကိုထားပြီး လိုက်မသွားနိုင်သဖြင့် ကြိတ်မနိုင် ခဲမရဖြစ်ကာ သူမ၏မိတ်ဆွေတစ်ဦးဖြစ်သူ မစ္စစ် အာသာလစ္စတန်အား ပြောပြသည်။ မစ္စစ် လစ္စတန်မှာလည်း ဂျော့ချ်ကို ခင်မင်သူ၊ စေတနာထားသူတစ်ဦးပင်ဖြစ်ရာ သတင်းကြားရသည်နှင့် တစ်ပြိုင်နက် မီရာရထားနှင့် အိမ်းစ်သို့ လိုက်သွားခဲ့သည်။

ကျောင်းဝင်းထဲမှာ မစ္စစ်လစ္စတန်ကို မထင်မှတ်ဘဲ တွေ့လိုက်ရသည့်အခါ ကာဗာ အံ့အားသင့်သွားသည်။ ဘာကြောင့် လာသည်ကို သူ မသိ။ မစ္စစ်လစ္စတန်အား ကျောင်းဝင်းအနှံ့ လှည့်ပြသည်။ ဆရာတွေနှင့် မိတ်ဆက်ပေးသည်။

ညစာစားချိန် မစ္စစ်လစ္စတန်က ကာဗာနှင့်အတူ စားသောက်မည်ဟူ၍ ဆိုသည့်အခါ ထမင်းစားခန်း တာဝန်ခံလုပ်သူက 'မလုပ်ပါနဲ့ခင်ဗျာ၊ မသင့်တော်ပါဘူး၊ ကျောင်းအုပ်ကြီး ဆူနေပါဦးမယ်' ဟု တောင်းပန်သည်။

'မစ္စတာကာဗာကို အခုလို ခွဲခြားဆက်ဆံတာလဲ မသင့်ဟော်ဘူး ဆိုတာ ရှင်တို့ စဉ်းစားဖို့ ကောင်းတာပေါ့၊ ကျွန်မက နောက်လဲ ဒီကို လာရဦးမှာ'

မစ္စစ်လစ္စတန်က ခတ်ဆတ်ဆတ်ပင် ပြန်ပြောပစ်လိုက်သည်။

နောက်တစ်နေ့ နံနက်စာစားချိန်၌မူ ကာဗာအား ထမင်းစားခန်းမထဲရှိ စားပွဲနံပါတ်ခြောက်တွင် အခြားကျောင်းသားများနှင့်အတူ စားသောက်ရန် ပြောင်းလဲ နေရာချထားပေးလိုက်လေသည်။

ထမင်းစားခန်းထဲ ဝင်ခွင့် ရပြီးသည့် နောက်တွင် ကာဗာက ချက်ချင်းဆိုသလိုပင် အများ၏ ရင်းနှီး ခင်မင်မှုကို ရရှိခဲ့သည်။ ထမင်းဝိုင်းတွင် ဟင်းအမည်များကို ရက္ခဗေဒ အမည်၊ သတ္တဗေဒ အမည်၊ ဓာတုဗေဒအမည်များဖြင့် ခေါ်ပြီး တောင်းနိုင်မှ စားခွင့်ရသည့် ကစားနည်းတစ်ခုကို ကာဗာက စတင်လိုက်ရာ အားလုံးပင် တပျော်



တပါး လိုက်လုပ်ကြသည်။ ကာဗာ၏ ထမင်းစားခန်း ကစားနည်းမှာ အိမ်းစ်ကျောင်းသားများလောကတွင် ပျော်စရာ အစဉ်အလာတစ်ခုလိုဖြစ်ကာ ယနေ့တိုင် တည်တံ့ဆဲ ဖြစ်သည်။

သူ့မှာ စာသင်ချိန် သိပ်မရှိတော့တာ သိသဖြင့် ရသမျှကာလအတွင်း တတ်နိုင်သမျှ ဘာသာရပ်များ ဆည်းပူးလေ့လာသွားရန် သူ ဆုံးဖြတ်ထားသည်။ ကောလိပ်၌ ရက္ခဗေဒ၊ ဂဲသြမေတြီ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ဗက်တီးရီးယားဗေဒ၊ အင်းဆက်ပိုးမွှားဗေဒ တို့ကို သင်ယူရန် စာရင်းပေးသွင်းသည်။ ထုံးစံအတိုင်း အထွေထွေ စရိတ်စကအတွက် သူ အလုပ်လုပ်ရသည်။ ကောလိပ်တွင် သူနေသည့် ဥတ္တရဆောင်၌ သန့်ရှင်းရေးအလုပ်၊ စားပွဲထိုးအလုပ်များကိုလည်းကောင်း၊ ကျောင်းဓာတ်ခွဲခန်းနှင့် မှန်လုံအိမ် စိုက်ပျိုးခန်းများ ထိန်းသိမ်း စောင့်ရှောက်ရသည့် အလုပ်ကိုလည်းကောင်း သူ တာဝန်ယူခဲ့သည်။ ကျောင်းသင်ခန်းစာ တစ်ဖက်၊ အထွေထွေ အလုပ်တွေ တစ်ဖက်နှင့် မအားသည့်ကြားထဲကပင် ကျောင်းတွင်း ပျော်ပွဲရှင်ပွဲများ၊ အားကစားပြိုင်ပွဲများတွင် တတ်နိုင်သမျှ တက်ကြွစွာ ပါဝင်ခဲ့သည်။

ဆောင်းရာသီကျောင်းပိတ်ရက်ရောက်သည့်အခါ ဆင်ပဆင်သို့ ပြန်ပြေးပြီး မစ္စစ်ဘဒ်၏ ပန်းချီသင်တန်းကို အချိန်ရသလောက် ဝင်တက်သည်။ စုတ်တံမကိုင်တာ တစ်နှစ်လောက် ကြာနေပြီးသည့် နောက်တွင် ပန်းချီဆွဲရတာ သူ အလွန်လက်ဖျော့လှသည်။ သူ့တစ်သက်တာ၌ အကောင်းဆုံးလက်ရာတချို့ကို သည်ကျောင်းပိတ်ရက်အတွင်း ရေးဆွဲဖြစ်ခဲ့သည်။ အဓိကကတော့ အပင်တွေ ပန်းပွင့်တွေ။ အနောက်ပိုင်းက လွင်တီးခေါင်ကန္တာရများထဲမှာ လှည့်လည် သွားလာခဲ့စဉ်က သူ တွေ့ရှိပြီး ခေါင်းထဲတွင် စွဲစွဲမြဲမြဲ မှတ်သားထားမိခဲ့သည့် ယွတ်ကာ ပန်းပင်တစ်ပင်၊ နှင်းဆီပန်းအိုးတစ်အိုးနှင့် ပီအိုနီ ပန်းရောင်စုံများ။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖော်ဝါရီလမှာ အိမ်းစ်ကို ပြန်ရောက်တော့ ကျောင်းတက်၊ စာဖတ်၊ အလုပ်လုပ်နှင့် အနားမရသည့် ဘဝထဲ ပြန်ရောက်သွားပြန်သည်။ စိတ်က ထက်သန်နေသော်လည်း ကြာလာတော့ လူက မလိုက်နိုင်။ သို့နှင့် နွေနှောင်းစွက်ကြွေရာသီမှာ သူ ဖျားသည်။ သည်တစ်နှစ်လုံး သူ ကျန်းမာရေးမကောင်းချင်။ သွေးအားနည်းလှသည် ဖြစ်ရာ နည်းနည်းဆိုလျှင် အဖျားဝင်ချင်သည်။ ဖျားမိလျှင်လည်း တော်တော်နှင့် နာလန်မထူချင်။

ခရစ္စမတ် ကျောင်းပိတ်ရက် ရောက်သည့်အခါ ဆရာဝန်က သူ့အား ကျန်းမာရေး အခြေအနေ စိတ်ချရအောင် ဟူ၍ အဆောင်မှာပင် အနားယူနေစေသည်။

တစ်နေ့နေ့လယ်မှာ ပါမောက္ခဘဒ်နှင့် တွေ့သည်။ ပါမောက္ခက ခရစ္စမတ်နှင့် နှစ်သစ်ကူး ကြားရက်များအတွင်း စီဒါရက်ပစ်မြို့တွင် အိုင်အိုဝါပြည်နယ် ဆရာများအသင်း ညီလာခံတစ်ရပ် ကျင်းပရန်ရှိကြောင်း၊ ယင်းညီလာခံ၌ အစီအစဉ်တစ်ရပ် အနေဖြင့် အိုင်အိုဝါပြည်နယ်လုံးဆိုင်ရာ ပန်းချီပြပွဲတစ်ခု ပါဝင်မှာဖြစ်ကြောင်း ပြောပြပြီး ကာဗာအနေဖြင့် ယင်းပြပွဲ၌ ပန်းချီကားများ တင်သွင်းလိုသောဆန္ဒ ရှိ မရှိ မေးမြန်းလေသည်။

'ကျွန်တော် ခရီးစရိတ် တတ်နိုင်မယ် မထင်ဘူး ဆရာ'

ကာဗာက ဖြေသည်။

'ဒါဆိုတော့ ခက်တာပဲ၊ သမီးကတော့ မင်းဟာ အိုင်အိုဝါပြည်နယ်မှာ အတော်ဆုံး ပန်းချီဆရာပဲလို့ ပြောနေတယ်'

ခရစ္စမတ်ပြီး နောက်တစ်နေ့တွင် ကာဗာသည် သူ့အခန်းမှာပင် တစ်ယောက်တည်း ရှိနေ၏။ သူ့ကိုယ်ပေါ်၌ အလုပ်ကြမ်းလုပ်ရာတွင် ဝတ်သည့် အစုတ်ပြတ်ဆုံး ဝတ်စုံကို ဝတ်ထား၏။ ဆရာတစ်ယောက်က နေ့လယ်ဘက်တွင် အိမ်သန့်ရှင်းရေးလုပ်မည်ဖြစ်၍



လာရောက် လုပ်ကိုင်ပေးရန် သူ့ကို ခေါ်ထား၏။ ယင်းအတွက် အခကြေးငွေ အတန်အသင့် သူ ရရှိမည် ဖြစ်၏။

ထိုအခိုက် အဆောင်ရှေ့သို့ စွတ်ဖားလှည်းတစ်စီး ဆိုက်ရောက်လာတာ သူ တွေ့ရသည်။ စွတ်ဖားလှည်းပေါ်မှာ ကျောင်းသားတွေ အပြည့်။

'တက်ဗျို့၊ တက်'

စွတ်ဖားလှည်းမောင်းလာသူက ကာဗာအား လှမ်းအော်သည်။

'ခင်ဗျား ဘယ်သွားချင်လဲ ပြော၊ လိုက်ပို့မယ်'

သူ့ကို ခေါ်တင်ကြပြီးနောက် စွတ်ဖားလှည်း မောင်းထွက်သွားသည်။ ကာဗာ့စိတ်ထဲတွင် ကျောင်းသားတွေ ကျောင်းဝင်းထဲ လှည့်ပြီး ပျော်ကြမည်ဟု ထင်ထားသည်။ သို့သော် မဟုတ်။ စွတ်ဖားလှည်းက ကျောင်းဝင်းကထွက်ပြီး မြို့ဘက်ဆီသို့ ပြေးနေသည်။

'ဟေ့ ရပ်ပါဦးကွ၊ ငါ နေခဲ့ပါရစေ'

ကာဗာက လှမ်းအော်သည်။ သို့သော် သူ့အသံကို ဘယ်သူမျှ မကြားလေဟန်ဖြင့် ကျောင်းသားများက ခရစ္စမတ်တေးသီချင်းတစ်ပုဒ်ကိုသာ ရတ်တရက် ကောက်ကာ သံပြိုင်သီဆိုလိုက်ကြသည်။ ဂျင်ဂဲလ်ဘဲလ်သီချင်း တစ်ပုဒ်တည်းကို အခေါက်ခေါက် သီဆိုကြပြီးနောက်တွင် မြို့ထဲက အမျိုးသားဝတ်စုံများရောင်းသည့် ဆိုင်တစ်ဆိုင်ရှေ့တွင် စွတ်ဖားလှည်း ထိုးရပ်သွားသည်။

ကာဗာအား ဝိုင်း၍ဆွဲခေါ်သွားကြပြီး သူ့ကိုယ်ပေါ်မှ အဝတ်အစား အစုတ်အပြဲတွေကို ဆွဲချွတ်ကာ ဝတ်စုံသစ်တစ်စုံ ဆင်ယင်ပေးကြသည်။ လက်အိတ်၊ ခြေစွပ်၊ ဖိနပ်၊ ဦးထုပ်များအပြင် အပေါ်ဝတ်ကုတ်အင်္ကျီကြီးပါ စွပ်ပေးလိုက်ပြီးနောက် စွတ်ဖားလှည်းပေါ် ပြန်တင်ကာ ဆူညံစွာ သီချင်းဆိုရင်း ပြန်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် လှည်းရပ်သည့်နေရာက ပါမောက္ခဝီလ်ဆင်၏ အိမ် ဖြစ်သည်။

ဧည့်ခန်းထဲမှာ ပါမောက္ခ ဝီလဆင်နှင့် ပါမောက္ခ ဘဒ်တို့ နှစ်ယောက်ကို တွေ့ရသည်။ ကာဗာက ဆရာဝီလဆင်ရှေ့မှ ရပ်ကာ

'ဆရာ၊ ကျွန်တော် ဒီနေ့ အလုပ်လုပ်စရာရှိလို့ ပြန်ခွင့်ပြုပါ' ဟု ပြောသည်။

'ဘယ်ပြန်လို့ ဖြစ်မလဲကွ၊ မင်း စီဒါရက်ပစ်ကို သွားရမယ်၊ တို့ကောလိပ်ကျောင်းရဲ့ ဂုဏ်ကိုဆောင်ဖို့ မင်းသွားမှဖြစ်မယ်၊ ဟောဒီမှာ ရထားလက်မှတ်၊ ဒီမှာ မင်း ပန်းချီကားတွေ၊ မင်း မရှိတုန်း မင်းအခန်းထဲက ပါမောက္ခဘဒ် ထုတ်ယူလာခဲ့တာ၊ သူ့သမီးအက်တာက ဘယ်ကားတွေ အကောင်းဆုံးပဲလို့ ညွှန်းလိုက်တဲ့အတိုင်း ရွေးယူလာတာ'

ကာဗာ ဘာမျှမပြောနိုင်ရှာဘဲ ပါမောက္ခ ကမ်းပေးသည့် စာအိတ်တစ်အိတ်နှင့် သူ့ပန်းချီကားချပ်များကို ယူလိုက်မိသည်။

ထို့နောက် ဆရာ ဝီလဆင်ကို မော့ကြည့်ကာ သူ စကား တစ်ခွန်းပြောသည်။

'ဒီပိုက်ဆံကို ကျွန်တော် ပြန်ဆပ်နိုင်ဖို့ မလွယ်ဘူးထင်တယ် ဆရာ'

'မင်းဆီက တို့ ဒီထက်မက ရပြီးပါပြီကွာ'

ပါမောက္ခက သူ့ပခုံးကို ဖျစ်ညှစ်ကာ ဆိုရှာသည်။

'ကျောင်းက မင်းသူငယ်ချင်းတွေနဲ့ ဆရာတွေစုပြီး ပေးတဲ့ ငွေကလေးဟာ မင်းကို ခင်မင်ရတာ၊ မင်းအတွက် ဂုဏ်ယူရတာတွေနဲ့စာရင် ဘာမျှမပြောပလောက်ပါဘူးကွာ၊ ဆရာတို့ မင်းကို အများကြီး အားထားတယ်'



အိုင်အိုဝါ စိုက်ပျိုးရေးကောလိပ်၏ အားထားမှုသည် အချည်းနှီး မဖြစ်ခဲ့ပါ။ ပြပွဲတင်သည့် သူ့ပန်းချီကား လေးကားလုံး ဆုရသည်။ သူ့ အကောင်းဆုံးလက်ရာဖြစ်သည့် 'ယွတ်တာဂလိုရီယိုဆာ' ပန်းချီကားမှာ လာမည့်နွေရာသီတွင် ချီကာဂိုမြို့၌ ကျင်းပမည့် ကမ္ဘာ့ပန်းချီပြပွဲကြီးသို့ တင်သွင်းရန် ရွေးချယ်ခြင်း ခံရသည်။ နိုင်ငံတကာမှ ပန်းချီအကျော်အမော်များ ပါဝင်ယှဉ်ပြိုင် ပြသကြသည့် ယင်းပြပွဲကြီး၌လည်း 'ယွတ်တာ' ကို ချီးမွမ်းပြောဆိုကြရာ အိုင်အိုဝါ ပြည်နယ်တွင်းရှိ သတင်းစာ အများအပြားကပင် ဂျော့ချ်ကာဗာ၏ အောင်မြင်မှုအတွက် ဂုဏ်ပြုရေးသားခဲ့ကြပေသည်။

အောင်မြင်မှုအတွက် ကာဗာ များစွာဝမ်းမြောက်အားတက် မိခဲ့သည်။ သို့သော် ယင်းဝမ်းမြောက်မှုမှာ ဆရာဝီလဆင်၏ နေအိမ်တွင် သူငယ်ချင်းများ၊ ဆရာများ၏ နွေးထွေးချစ်ခင်မှုကို ကနဦးတပိုးကြီး ရရှိလိုက်စဉ်က ထိခိုက်ကြည်နူးခဲ့ရခြင်းကိုကား လုံးဝ မမီ နိုင်ခဲ့ပေ။

## ဘွတ်ကာ၊ တီ၊ ဝါရှင်တန်ထံမှ စာတစ်စောင်

၁၈၉၄ ခုနှစ်၊ အသက် ၃၂ နှစ်အရွယ်မှာ ဂျော့ချ်ကာဗာ ဘွဲ့ရသည်။ နှစ်ပေါင်းများစွာ သူမျှော်မှန်းခဲ့သည့် သိပ္ပံ(ဘီ-အက်-စီ)ဘွဲ့၊ သူ၏ ဘွဲ့ယူစာတမ်းအမည်မှာ 'လူတို့ ပြုပြင်ဖန်တီးမှုဖြင့် ပြောင်းလဲခဲ့သည့် အပင်များ' ဟူ၍ ဖြစ်သည်။

ဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပမည့် အခါနီးတွင် အင်ဒီယာနိုလာမှ မစ္စစ်လစ္စတန် ရောက်ရှိလာသည်။ ပန်းချီပညာ ဆရာမမစ္စစ်ဘဒ်နှင့် ဆင်ပဆင်ရှိ ကျောင်းနေဘက်များထံမှ ဂုဏ်ပြု ပေးပို့လိုက်သည့် အနီရောင် ကာနေးရှင်းပန်းစည်းကို မစ္စစ်လစ္စတန်က ကာဗာအား ပေးသည်။

www.burmeseclassic.com



သူ့ရင်ထဲမှာ အကြီးအကျယ် လှုပ်ရှား ခံစားသွားရသည်။ သူက ပန်းနီနီတစ်ပွင့်ကို သူ့ရင်ဘတ်မှာ မြတ်မြတ်နိုးနိုး ထိုးစိုက်ထားလိုက်မိသည်။

သည်နောက်ပိုင်းတွင် သူ့တစ်သက်တာ ဘဝတစ်လျှောက်လုံးမှာ နေ့စဉ်နေ့တိုင်း သူ့ရင်ဘတ်မှာ နှင်းဆီပန်းဖြစ်စေ၊ တခြားအလေ့ကျ တောပန်းကလေး တစ်ပွင့်ပွင့်ဖြစ်စေ ထိုးစိုက်ထားတတ်သည့် အလေ့အထ တစ်ခု သူ ရရှိသွားခဲ့သည်။ သူက အပင်ချစ်သူ၊ ပန်းချစ်သူပါပေ။

ဘွဲ့ယူပြီး ရက်အနည်းငယ် အကြာမှာ အိုင်အိုဝါပြည်နယ်တွင်သာမက အမေရိကန် တစ်ပြည်လုံး၌ပါ ထူးချွန်သော ရုက္ခဗေဒပညာရှင်တစ်ဦးအဖြစ် အသိအမှတ် ပြုရသည့် ပါမောက္ခ ဒေါက်တာလူးဝစ္စပန်းမဲလ်က သူ့ကို အခေါ်လွှတ်သည်။ အိုင်အိုဝါ ကောလိပ်ရုက္ခဗေဒစမ်းသပ်ခန်းတွင် လက်ထောက်ရုက္ခဗေဒမှူးရာထူး အတွက်ကာဗာ လျှောက်ထားခဲ့တာ ရှိသည်။ သို့သော် ရနိုင်လိမ့် မည်ဟုတော့ သူ့စိတ်တွင် မထင်ဝံ့ခဲ့။ အဓိကအကြောင်းကတော့ သူတို့ ကောလိပ်သမိုင်းတွင် နီဂရိုး တစ်ယောက်ကို ဆရာ ခန့်သည့် အစဉ်အလာမရှိခဲ့ခြင်းဘဲ ဖြစ်သည်။

သို့သော် ပါမောက္ခက ခေါ်သည်ဆိုတော့ အလျင်အမြန်ပင် သူ ပြေးသွားသည်။

'ကဲ ဆရာ့အစီအစဉ်လေးတွေ ပြောပါဦး'

ဟု ပါမောက္ခ ပန်းမဲလ်က ဆီးကြို၍ ပြောလိုက်သည့်အခါ ကာဗာ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

'ကျွန်တော် သေသေချာချာ မစဉ်းစားရသေးပါဘူး ဆရာ၊ ကျောင်းသေးသေး တစ်ကျောင်းတလေကတော့ ကျွန်တော့်ကို ခန့်နိုင်မလား မသိပါဘူး ဆရာ'



သူက မဝံ့မရဲ ဖြေသည်။

'ဘယ့်နှယ် ခန့်နိုင်မလားရမှာလဲ၊ ခန့်ပြီးပြီလေကွာ'

ပါမောက္ခက အားရပါးရကြီး ပြောလိုက်သည်။

'မင်းကို ငါ့လက်ထောက်အဖြစ် ခန့်လိုက်ပြီ၊ အဲဒါကြောင့် မင်း ဘာတွေလုပ်မလဲ၊ မင်းမှာ ဘာစိတ်ကူးတွေရှိလဲလို့ မေးတာကဲ ဘယ်လိုလဲ၊ မှန်လုံအိမ်စိုက်ခင်းကို မင်း တာဝန်ယူမလား'

သည်လိုဖြင့် နောက်ဆုံးမှာ ဂျော့ချ်ကာဗာ တစ်ယောက်သိပ္ပံပညာရှင် အဆင့်သို့ ရောက်ခဲ့ရလေသည်။

သူက အပင်များတွင် ကျရောက်တတ်သည့် မှိုရောဂါများအကြောင်း အထူးပြုလေ့လာသည်။ မှိုပိုးအမျိုးမျိုး၊ မှိုစွဲသော အပင်အမျိုးမျိုးကို လေ့လာစရာ နမူနာပစ္စည်းများအဖြစ် သူစုဆောင်းရာ နမူနာ စုစုပေါင်း နှစ်သောင်းမျှအထိ စုဆောင်းမိခဲ့သည်။ သူသည် အပင်မျိုးစပ်ခြင်း အတတ်ပညာ၌လည်း အထူးကျွမ်းကျင်သူ ဖြစ်ရာ သီးပင်စားပင် မျိုးပေါင်း မြောက်မြားစွာတို့အား အသီးအရွက်သန်စွမ်းလှပသည့် အမျိုးနှင့် မှိုဒဏ်ခံနိုင်သည့် အမျိုးများကို စပ်ဟပ်ယူခြင်းဖြင့် မျိုးကောင်း မျိုးသန့်များရအောင် ဖန်တီးပေးနိုင်ခဲ့သည်။

ရုက္ခဗေဒပညာရှင်များ လောက၌ ဂျီ၊ ဒဗလျူ၊ ကာဗာ၏ သုတေသန စာတမ်းများသည် လေ့လာစရာ၊ ကိုးကားစရာများ ဖြစ်လာခဲ့သည်။

၁၈၉၆ ခုနှစ်တွင် ကာဗာသည် စိုက်ပျိုးရေးနှင့် ဗက်တီးရီးယားဆိုင်ရာ ရုက္ခဗေဒဘာသာရပ်အတွက် မဟာသိပ္ပံဘွဲ့ ရရှိသည်။ အောင်မြင်မှုတွေပြည့်လျှမ်းလာသည့် သူ့ဘဝမှာ အထူးကျေနပ်အားရစရာ ဖြစ်လာသည်။ သို့သော် တင်းပြည့်ကျပ်ပြည့် သူမကျေနပ်နိုင်။ စိတ်ချမ်းသာ ပျော်ရွှင်စွာ သူ မနေနိုင်။

သူ မေ့ထား၍ မရသည့် အရာတွေ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နီဂရိုးတစ်ယောက် ဖြစ်သည်။ လောလောဆယ် သူ အဆင်ပြေနေသော်လည်း သူ့လို အဆင်မပြေသူ၊ ဝတ်မွတ်ခေါင်းပါးနေသူ၊ လောကကြီးအလယ်မှာ လူလူသူသူ တစ်နေရာရဖို့ မျှော်လင့်တမ်းတနေသူ မျိုးတူ နီဂရိုး သန်းပေါင်းများစွာ ရှိနေသည်။ မိမိသည် လူ့အမျိုးအစားအားလုံးတို့ အတုယူ အားကျလောက်သည့် ပုဂ္ဂိုလ်ထူးတစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစား ရပ်တည်သွားမည်လား။ 'ကြိုးစားကြလော့၊ မည်သူမဆို တကယ်တမ်း မလျှော့သော ဇွဲဖြင့် ကြိုးပမ်းအားထုတ်လျှင် ကာဗာကဲ့သို့ အောင်မြင်ရလိမ့်မည်' ဟူ၍ သာဓကပြနိုင်အောင်သာ ဦးတည်ရည်မှန်းရမည်လော။ သို့တည်းမဟုတ် 'ငါသည် နီဂရိုးတစ်ယောက် ဖြစ်သည်၊ ငါ ပင်ပန်းကြီးစွာ ရှာဖွေခဲ့သော ပညာကို ငါတို့ နီဂရိုးများ ဖွံ့ဖြိုးတိုးတက်ရေးဘက်တွင် ဖောက်ချ၍ အသုံးပြုမည်' ဟု ဆုံးဖြတ်ချက်ချရမည်လော။ သူ ဝေခွဲမရ၊ ဆုံးဖြတ်ချက် မချနိုင်ဘဲ ရှိနေသည်။

မနက်စောစော သစ်တောများထဲ လမ်းလျှောက်ထွက်သည့် အခါတိုင်း သည်ပြဿနာကို သူ စဉ်းစားတွေးတောနေမိသည်။

ထိုအချိန် ကာလ၌ပင် ကာဗာနှင့် မိုင်ရှစ်ရာခန့် အကွာရှိ အယ်လဘားမား ပြည်နယ်၊ တပ်စကီဂီးမြို့တွင် ဘွတ်၊ ကာ၊ တီ၊ ဝါရှင်တန် အမည်ရှိ နီဂရိုးခေါင်းဆောင် တစ်ဦး ပေါ်ထွန်းလျက်ရှိသည်။

ဝါရှင်တန်သည် သူတို့လူမည်းများအတွက် အတတ်ပညာသင် ကျောင်းတစ်ကျောင်း ကြိုးပမ်းတည်ထောင်လျက် ရှိသည်။ နီဂရိုးလူငယ်များအား စာရေးစာဖတ် သင်ပေးသည်။ ဖိနပ်ချုပ်အတတ်၊ ပန်းရံအတတ် စသည်များ သင်ကြားပေးသည်။ သို့သော် သူကိုယ်တိုင် မတတ်သဖြင့် သင်ကြား မပေးနိုင် ဖြစ်နေသည့် အရေးကြီးသည့်



ပညာတစ်ရပ် ရှိနေသည်။ ယင်းကား ထွန်ယက်စိုက်ပျိုးသည့် အတတ် ဖြစ်သည်။ သည်အတတ်ပညာဖြင့်သာ သူတို့ကို ထမင်းကျွေးနိုင်လိမ့်မည်။

မိမိကျောင်းရှိ နီဂရိုးလူငယ်များအား စိုက်ပျိုးရေးပညာ သင်ကြားပေးမည့် လူတစ်ယောက် အရေးတကြီး လိုအပ်နေချိန်တွင် အိုင်အိုဝါ ပြည်နယ်၌ စိုက်ပျိုးရေးပညာ ထူးချွန်သော လူမည်းတစ်ယောက် ကောလိပ်မှာပင် ဆရာ ဖြစ်နေကြောင်း ဝါရှင်တန် ကြားသိရလေသည်။

သို့နှင့် ၁၈၉၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကာဗာ့ထံသို့ သူ စာတစ်စောင် လှမ်းရေးလိုက်လေသည်။ စာ၌

'ကျွန်တော့်အနေနဲ့ ခင်ဗျားကို ငွေတွေ၊ ရာထူးတွေ၊ ကျော်ကြားမှုတွေတော့ မပေးနိုင်ဘူးဗျာ၊ ခင်ဗျားမှာ လောလောဆယ် ငွေရှိတယ်၊ ရာထူးရှိတယ်၊ ကျော်ကြားမှုကလဲ အစပြုနေပြီ၊ ကျွန်တော်ကတော့ ခင်ဗျား အဲဒါတွေကို စွန့်ခဲ့ပါလို့သာ ပြောနိုင်ပါတယ်၊ အဲဒါတွေအစား ခင်ဗျားကို ကျွန်တော် ပေးနိုင်မှာက 'အလုပ်'ပဲ၊ အင်မတန်နိမ့်ကျနေ၊ ဆင်းရဲမွဲတေနေ၊ အချည်းနှီး တန်ဖိုးမဲ့ဖြစ်နေတဲ့ လူမျိုးတစ်မျိုးရဲ့ ဘဝကို မြှင့်တင်ပေးရမယ့် အင်မတန် ခက်ခဲပင်ပန်းမယ့် အလုပ်တစ်ခုပဲ'

စသည်ဖြင့် ဖော်ပြထားသည်။

နောက်လေးရက်အကြာမှာ သည်စာကို ကာဗာ ဖတ်ရသည်။ သူ့ရင် တဒိန်းဒိန်းခုန်လာသည်။ သူ့နှလုံးသွေးတွေ ပွက်ပွက်ဆူလာသလို ခံစားရသည်။

မိမိ ရှေ့လုပ်ရမည့် လုပ်ငန်းစဉ်ကို ဘုရားသခင်ကိုယ်တိုင်က ချပေးခဲ့ခြင်း ဖြစ်သည်ဟု ကာဗာ ခံယူလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝါဂွမ်းနိုင်ငံသို့ အဝင်

တပ်စကီဂီးသို့ ထွက်ခွာခဲ့သည့် ခရီးကိုကား သူ ဘယ်တော့မှ မမေ့နိုင်။

သူ မသွားမီ အိမ်းစ်မှာ သူ့အတွက် နှုတ်ဆက်ပွဲ လုပ်ကြသည်။ ပါမောက္ခ ဝီလဆင်က သူ့ကို အမှတ်ရလက်ဆောင်အဖြစ် မိုက်ကရိုစကုပ်တစ်လုံး ပေးသည်။ တပ်စကီဂီးက အရှေ့တောင်ဘက်ပိုင်းမှာ ရှိသည်။ ရထားစီးသွားသည့် ခရီးတစ်လျှောက် ပတ်ဝန်းကျင်ရှုခင်းတွေကို သူ ငေးမောကြည့်လာခဲ့သည်။ မြေဆီသြဇာ ကြွယ်ဝသည့် အနောက်အလယ်ပိုင်းဒေသ လွင်ပြင်များ၊ မြက်ရိုင်းတောကြီးများက နောက်ဘက်မှာ တရိပ်ရိပ် ကျန်ရစ်သည်။ သည့်နောက်မှာတော့ ဝါဂွမ်းနိုင်ငံ နယ်မြေထဲ သူ ရောက်လာသည်။

သည်ရှုခင်းက သူ့အဟွက် လုံးဝအသစ်အဆန်း ဖြစ်သည်။ ဆွတ်ခူးချိန်ဖြစ်၍ ဝါဂွမ်းခင်းထဲမှာ ယောကျ်ား၊ မိန်းမများသာမက အလုပ်နည်းနည်းပါးပါး ကူညီလုပ်နိုင်သည့် ကလေးငယ်များပါမကျန် ရောက်ရှိနေကြသည်။ မီးရထား ဖြတ်သွားသည့်အခါ ခဏရပ်ပြီး ငေးမျှော်ကြည့်ကြသည်။ နက်မှောင်သော သူတို့မျက်နှာပြင်များမှာ မျှော်လင့်ချက်ရောင်ခြည် ကင်းမဲ့လျက်ရှိသည်။ မီးရထား ဝေးသွားတော့ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြသည်။ သည်လူတွေကို ကူညီဖို့ ငါလာခဲ့တာပဲဟု ကာဗာတွေးမိသည်။ သူ လုပ်ရမည့် လုပ်ငန်းပမာဏကြီးမားလှပုံကို စဉ်းစားမိကာ သူ ရင်မောသွားသည်။ သူ ယခု ရောက်ရှိသည့်နေရာမှ အရှေ့ဘက်ဖြစ်စေ၊ အနောက်ဘက်ဖြစ်စေ၊ တောင်ဘက်ဖြစ်စေ မည်သည့်ဘက်သို့ပင်သွားသွား မိုင်ပေါင်းရာချီသည့် ခရီးတစ်လျှောက် သူ ယခု မြင်နေရသည့် ရှုခင်းမျိုးတွေချည်းသာ တွေ့မှာဖြစ်ကြောင်း သူ သိထားပြီး ဖြစ်သည်။



ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးမှာ ဝါပင်တွေ ပြည့်နေသည်။ စိုက်ခင်းပြင်ထဲမှာ လူမည်းလုပ်သားများ၏ တဲအိမ်ကလေးတွေ ရှိသည်။ ဝါပင်များကို အိမ်ပေါက်ဝတွေနားအထိပင် စိုက်ပျိုးထားကြသည်။

သစ်ပင်ပန်းပင်သော်လည်းကောင်း၊ အခြားသီးနှံစိုက်ခင်းသော်လည်းကောင်း မမြင်ရ မတွေ့ရ။ အားလုံး ဝါတွေချည်း။ ဝါသည် ငွေရသော စိုက်ပျိုးပင်ဖြစ်၍ ရှိသမျှမြေကို ဝါတစ်မျိုးတည်း ဖိစိုက်နေကြခြင်း ဖြစ်သည်။

တောင်ပိုင်းတစ်ခွင်၌ ဝါတွေ စိုးမိုးလာခဲ့သည်မှာ ရာစုနှစ်တစ်ခုမျှ ကြာခဲ့ပြီ။ ဝါပင်တွေက စုပ်ယူသဖြင့် မြေဆီ၊ မြေနှစ်တွေလည်း ကုန်ခမ်းခဲ့ပြီ။ ယခုအခါ သည်ဒေသတွေက ဝါပင်တွေသည် ရှေးယခင်ကလို ထွက်နှုန်းမကောင်းတော့။ ဝါအထွက်နှုန်း ကျသည့်အခါ စိုက်ဧကကို တိုးချဲ့ကြသည်။ သစ်တောတွေကို ခုတ်လှဲကာ ဝါပင်တွေ စိုက်ကြသဖြင့် တဖြည်းဖြည်း တောတွေ ပြုန်းတီးကုန်ကြသည်။ သစ်ပင်ကြီးတွေ မရှိသည့်အခါ အပေါ်ယံမြေဆီလွှာများသည် မိုးရေတိုက်စားခြင်း၊ လေတိုက်၍ လွင့်ခြင်းတို့ကြောင့် တဖြည်းဖြည်း ကုန်ခန်းပျောက်ဆုံးခဲ့ကြသည်။

ချိုဟောဘူတာမှာ သူ ဆင်းရသည်။ တပ်စကီဂီးက ချိုဟောမြောက်ဘက် လေးမိုင်အကွာတွင် ရှိသည်။ ဘူတာ၌ သူ့အား ကျောင်းမှ လူငယ်တစ်ယောက် လာကြိုနေသည်။

မြင်းလှည်းကလေးနှင့် လာရသည့် လမ်းတစ်လျှောက်မှာလည်း ဝါခင်းများနှင့် တဲအိမ်ကလေးတွေကိုသာ အနီးကပ် မြင်လာရသည်။ ကျောင်းနား ရောက်မှပဲ စိမ်းစိုစိုရှုခင်းကို မြင်ရတော့မည်ဟု သူ မြင်ယောင် မှန်းဆနေမိသည်။

www.burmeseclassic.com



တပ်စကီဂီးသိပ္ပံကျောင်း (Tuskegee Normal and Industrial Institute) သို့ တကယ်ရောက်ပြီ ဆိုသည့်အခါ သူ မယုံကြည်နိုင်လောက်အောင် အံ့အားသင့်သွားရမိသည်။

ပတ်ဝန်းကျင်၌ သဲနှင့် ခြောက်သွေ့သော ရွှံ့စေးမြေပြင်ကိုသာ မြင်ရသည်။ မိုးရွာစဉ်က ရေတိုက်စား၍ ဖြစ်ပေါ်ခဲ့သည့် မြောင်းကြီးများမှာ မြေမျက်နှာပြင်အနှံ့ ရှိနေသည်။ ထို့ပြင် လမ်းမကြီးပေါ်တွင် ဖုန်တွေက ခြေမျက်စိလောက်အထိ ဖုံးသွားတော့မလို။ မိုးအခါဆိုလျှင်တော့ သည်နေရာသည် နွံအိုင်ကြီးတွေ ဖြစ်နေလိမ့်မည်ဟု သူ တွေးမိသည်။ 'မြက်ခင်းပေါ် မနင်းရ' ဟူသော ဆိုင်းဘုတ်ကလေးများကို ဟိုဟိုသည်သည်တွင် တွေ့ရှိရသည်။ သို့သော် မြက်ဟူ၍ကား တစ်ပင်မျှ မမြင်ရ။

သူ အမိကတွေ့ရသည်က တဲအိမ်စုတ်ကလေးများ။ ၎င်းတို့ကြားထဲတွင် တစ်ခါတစ်ရံ အဆောက်အအုံကြီးကြီး တစ်ခုတလေ တွေ့ရသည်။ အုတ်တိုက် အဆောက်အအုံဟူ၍ အယ်လဘားမားခန်းမဆိုတာ တစ်ခုသာ ရှိသည်။

ကောင်းကင်ကို မော့ကြည့်လိုက်သည့်အခါ လင်းတတွေ ပျံဝဲနေတာ တွေ့ရသည်။ လင်းတက အောက်ဘက် ပျံဝဲဆင်းလာကာ အဆောက်အအုံတွေ နောက်ဘက်က မြောင်းထဲမှ ကြက်သေကောင်ကို ဆွဲချီပြီး ပျံတက်သွားသည်။ အမှိုက်သရိုက် စွန့်ပစ်သည့်ကိစ္စလည်း စနစ်တကျ မရှိသေးဟု ကာဗာ သတိပြုမိလိုက်သည်။

ကာဗာအား ကျောင်းအုပ်ကြီးရုံးခန်းသို့ ခေါ်ဆောင်သွားသည်။ ကျောင်းအုပ်ကြီး အခန်းက ထည်ဝါ ခမ်းနားခြင်း မရှိ။ ကျောင်းအုပ်ကြီး ဘွတ်ကာ၊တီ၊ဝါရှင်တန်က ကာဗာအား ခရီးဦးကြိုပြုသည်။ ပြီး

'ကျွန်တော်တို့ကျောင်းကို ဘယ်လို မြင်သလဲဗျာ'

ဟု မေးသည်။



'လုပ်စရာတွေ အများကြီး ရှိပုံပါပဲ'

ကာဗာက ဖြေသည်။

ဝါရှင်တန်က ဆက်၍ ကာဗာ၏ စိုက်ပျိုးရေးဌာနအတွက် အဆောက်အအုံနေရာ ရွေးထားပြီးဖြစ်ကြောင်း၊ သို့သော် လောလောဆယ်တော့ အခန်းတစ်ခန်းသာ ပေးနိုင်ဦးမည်ဖြစ်ကြောင်းနှင့် ထိုအခန်းမှာပဲ အလုပ်လုပ်၊ ထိုအခန်းမှာပဲ အိပ်ရနေရမည်ဖြစ်ကြောင်း ရှင်းပြသည်။

'ခင်ဗျားဌာနက စာရွက်ပေါ်မှာပဲ ရှိသေးတယ်လို့ ဆိုရမှာပေါ့ဗျာ၊ ဓာတ်ခွဲခန်းကလဲ ခင်ဗျားခေါင်းထဲမှာပဲ ထားရမှာပဲ'

ဟု ဝါရှင်တန်က ပြောလိုက်သည်။

'ကျွန်တော် ဖြစ်အောင် ကြည့်လုပ်ပါ့မယ်'

ကာဗာက ပြောသည်။ ထို့နောက် လုပ်ငန်းစတင်နိုင်ဖို့ သူ ပြင်ဆင်လေသည်။

## အမှိုက်ပုံ လေ့လာရေးခရီး

ကာဗာ၏ စိုက်ပျိုးရေးသင်တန်း ပထမအသုတ်တွင် ကျောင်းသား ဆယ့်သုံးယောက် ရှိသည်။ တစ်နေ့နံနက်တွင် ကာဗာက ကျောင်းသားများအား ကျောင်းက တိုလီမိုလီ ပြုတ်စဖျင်းတောင်းတွေ စုပုံထားသည့်နေရာသို့ ခေါ်သွားသည်။ ထိုနောက် အမှိုက်ပုံထဲကို မွှေနှောက်ကာ ပုလင်းခွံများ၊ ဒယ်အိုးဟောင်း၊ ဒန်အိုးဟောင်းများ၊ ဝါယာကြိုးနှင့် သံတိုသံစများ စသည်တို့ကို ရွေးချယ်ကောက်ယူသည်။ ထိုနောက် မြို့ထဲလျှောက်သွားကာ နောက်ဖေးလမ်းကြားများ၊ အမှိုက်ပုံများတွင် အလားတူ ရှာဖွေသည်။ စိတ်ဝင်စားပုံ စေတနာရှိပုံရသည့် အချို့အိမ်များ၌ ပုလင်းခွံများ၊ ဖော့ဆို့များ၊ ရေနွေးအိုးအဟောင်းများ စသည်တို့ကို တောင်းခံသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သည်ပစ္စည်းတွေ ထမ်းပိုးကာ ကျောင်းသို့ပြန်လာခဲ့သည်။ ကျောင်းသား ဆယ့်သုံးယောက် ဆရာကာဗာ့ကို စူးစမ်းသည့် မျက်လုံးများဖြင့် ကြည့်လာကြသည်။ သည်ဟာတွေနှင့် ဘာလုပ်မည်လဲ ဟူ၍။

'မင်းတို့မျက်စိထဲမှာ ဒါတွေဟာ ဘာမှအသုံးမဝင်တဲ့ စွန့်ပစ်ပစ္စည်းတွေလို့ မြင်ကြပါလိမ့်မယ်'

ဆရာကာဗာက သူတို့ကောက်လာခဲ့သည့် ပစ္စည်းပုံကို ညွှန်ပြရင်း ပြောလိုက်သည်။

'ဒါပေမယ့် ဒါတွေဟာ မသုံးတတ်ရင် အမှိုက်သရိုက်၊ သုံးတတ်ရင် အဖိုးတန်ပစ္စည်းတွေပဲ၊ ဒီဟာတွေအပေါ်မှာ တို့ ဉာဏ်ဘယ်လောက် စိုက်ထုတ်နိုင်မလဲ ဆိုတာပဲ အရေးကြီးတယ်၊ ကိုင်း တို့ လုပ်ငန်းစကြရအောင်'

ထိုနောက်တွင် မင်ပုလင်းဟောင်းကို မီးခွက်ဖြစ်အောင် လုပ်ခြင်းမှသည် သံဖြူပြားကိုအပေါက်ဖောက်၍ ဆန်ခါ ဖြစ်အောင်လုပ်ခြင်း၊ ပုလင်းခေါင်းကျိုးကို ထက်ပိုင်းဖြတ်ကာ ဓာတ်ခွဲခန်းသုံး ဗီကာခွက်ဖြစ်အောင်လုပ်ခြင်း စသည်များကို ကျောင်းသားများ အံ့သြပမ်းမြောက်စွာ မြင်ရတွေ့ရ ဝိုင်းဝန်းလုပ်ကိုင်ကြရလေသည်။

အမှိုက်ပုံကို ဓာတ်ခွဲခန်းသုံးပစ္စည်းများဖြစ်အောင် လုပ်ပြသည့် ပထမဆုံးသင်ခန်းစာသည် တပ်စကီဂီးကျောင်းသားများအတွက် အဖိုးမဖြတ်နိုင်သည့် သင်ခန်းစာတစ်ခု ဖြစ်ခဲ့သည်။ ကျောင်းဆင်းပြီးသည့်နောက်တွင် သူတို့အနေနှင့် အလွန်ဆင်းရဲချို့တဲ့သည့် လူမည်းကျေးရွာများသို့သာ ပြန်ကြရမည်ဖြစ်ရာ ရှိသည့်ပစ္စည်းနှင့် လုပ်ဖြစ်အောင်လုပ်တတ်ခြင်းသည် သူတို့အတွက် အကြီးမားဆုံး အရည်အချင်း ဖြစ်ခဲ့သည်။



သို့သော် ဓာတ်ခွဲခန်း တည်ဆောက်ခြင်းသည် ဆရာကာဗာ၏ ပထမဆုံးလက်စွမ်းပြချက်သာ ဖြစ်သည်။ သည့်နောက်တွင် သည့်ထက်မက အံ့သြဖွယ်ရာတွေ တပ်စကီဂီးက လူများ မြင်ကြရဦးမည် ဖြစ်သည်။

ကာဗာ ရောက်လာသည့်နှစ်တွင် ကေနစ်ဆယ်ရှိသည့် ကျောင်းစိုက်ခင်းမှ သိပ် ပြည့်ပြည့်တင်းတင်း မရှိလှသည့် ဝါဂွမ်းထုပ် ငါးထုပ်၊ ကွန်စွန်းဥ ဘူရှယ်တင်းပေါင်း ၁၂၀ နှင့် စတော်ဘယ်ရီသီး နေ့စဉ် တစ်ခွက်စာစီမျှ ရရှိခဲ့သည်။

'အယ်လဘားမား ပြည်နယ်တစ်ခုလုံးမှာ ဒီကျောင်းကမြေဟာ အညံ့ဆုံး မြေကြီးပဲလို့ သူတို့က ပြောကြတယ်၊ သူတို့ ပြောတာ ကျွန်တော် လက်ခံပါတယ်'

ဟူ၍ ကာဗာက နောက်ပိုင်းတွင် ပြန်ပြောပြခဲ့သည်။

ကျောင်းစိုက်ခင်း ကေနစ်ဆယ်ကို တိကျသော စိုက်ကွက်ငယ်များအဖြစ် ကာဗာ ပိုင်းခြား သတ်မှတ်လိုက်သည်။

သူက တိကျမှုကို အထူး အလေးထားသူ ဖြစ်သည်။

'ငါးပေကျယ်တဲ့ မြောင်းကို လေးပေလောက်ရှိတယ်လို့ ခန့်မှန်းပြီး ခုန်လိုက်ရင် ဗွက်ထဲ နစ်သွားမှာ သေချာတယ်'

ဆိုသည်မှာ တပည့်များအား သူ အမြဲ ပြောလေ့ ရှိသည့် စကားတစ်ခွန်း ဖြစ်သည်။

စိုက်ကွက်တွေ စနစ်တကျ စီစဉ်နေစဉ် အတွင်း သူက ကျောင်းအုပ်ကြီး ဝါရှင်တန်အား အတ္တလန်တာရှိ မြေဩဇာကုမ္ပဏီ တစ်ခုထံ၌ ကျောင်း၏ စိုက်ပျိုးရေးသုတေသန လုပ်ငန်းအတွက် ဓာတ်မြေဩဇာများ အလှူခံစေသည်။

ကုမ္ပဏီမှ ဖော့စဖိတ် မြေဩဇာများ ရ၍ စိုက်ကွက်များတွင် ကြဲဖြန့်ပြီးသည့်အခါ ကျောင်းသားများက စိုက်ရတော့မည့် ထင်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဆရာက မစိုက်သေး။ နောက်ထပ် မြေသြဇာတွေ လိုသေးသည်ဟု ဆိုသည်။ လိုနေသေးသော မြေသြဇာများကို ကျောင်းဝင်းထဲမှပင် ရရှိလေသည်။

ကျောင်းတွင် စားဖိုချောင်မှ စွန့်ပစ်သည့် အမှိုက်ပုံကြီးတစ်ပုံ ရှိသည်။ သည်အထဲတွင် အဓိကအားဖြင့် ဟင်းသီးဟင်းရွက် သစ်သီး ဝလံများမှ အခွံများ၊ ရိုးတံများ၊ ရွက်ကြမ်းများ စသည်တို့ ပါဝင်သည်။ သည်အသီးအရွက် အမှိုက်များနှင့် စပါးကျီထဲမှ ရှင်းထုတ်သော အမှိုက်သရိုက်များကို တစ်နေရာ၌ စုပုံထားလိုက်သည်။ ဆောင်းအကုန် နွေအကူးတွင် ၎င်း အမှိုက်ပုံကြီးသည် မြေဆီသြဇာ ပြည့်ဝသည့် မည်းနက်သော မြေဆွေးပုံကြီး ဖြစ်လာသည်။

သည်မြေဆွေးများကို မြေဧက နှစ်ဆယ်တွင် ကြဲဖြန့်ချ ကြသည်။

မြေသြဇာတွေ ချပြီးပြီဆိုလျှင်တော့ ဝါဂွမ်းစိုက်ရတော့မည်ဟု ကျောင်းသားများက မျှော်လင့်ထားကြသည်။ သူတို့ကိုယ်တိုင် ပင်ပန်း ကြီးစွာ ပြုပြင်ထားရသောမြေမှ ဖြစ်ထွန်းလာမည့် အသီးအပွင့်ကို သူတို့ မြင်လိုလှပါပြီ။

စိုက်ခင်းထဲတွင် ပထမဆုံး စိုက်ပျိုးမည့် သီးနှံမှာ ပဲလွန်း (Cowpea) ပင်များဖြစ်ကြောင်း ဆရာက ကြေညာလိုက်သည့်အခါ ကျောင်းသားများ စိတ်ပျက်သွားကြသည်။ ပဲလွန်းဆိုသည်မှာ ဝက်စာ အတွက်လောက်သာ သင့်တော်သည့် အညံ့စားပဲမျိုး မဟုတ်လား။ သို့သော် ဆရာကတော့ ပဲလွန်းကိုသာ စိုက်ရမည်ဟု ဆိုနေသည်။

ဘာကြောင့် ပဲလွန်းစိုက်ရကြောင်း တပည့်များကို စိတ်ရှည် လက်ရှည် ရှင်းပြသည်။ အပင်တွေသည် အသက်ရှင်သန်မှုအတွက် မရှိမဖြစ်သော နိုက်ထြိုဂျင်ဓာတ်ကို အဓိကအားဖြင့် မြေကြီးထဲမှ ထုတ်ယူသုံးစွဲလေ့ ရှိသည်။ နိုက်ထြိုဂျင်ကုန်သွားလျှင် မြေကြီးသည်



အသက်ဓာတ်အား ခန်းခြောက်သလို ဖြစ်သွားသည်။ မြေကြီးထဲမှ နိုက်ထြိုဂျင်ကို ထုတ်ယူစားသုံးကြသူများထဲတွင် ဝါဂွမ်းသည် အဆိုး ဆုံး အကြမ်းဆုံးထဲက ဖြစ်သည်။ ပဲလွန်းအပါအဝင် ပဲပင်မျိုးများ ကတော့ လေထဲမှ မကုန်ခန်းနိုင်သည့် နိုက်ထြိုဂျင်တွေကို ရယူကာ မြေကြီးကို ပြန်ကျွေးတတ်သော သဘာဝ ရှိသည်။ ထို့ကြောင့် ပဲလွန်း စိုက်ခင်းသည် မြေကို ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း ဖြစ်ကြောင်း သူ ပြောပြသည်။

ပထမနှစ် ကုန်ဆုံးသည့် အချိန်မှာတော့ စိုက်ခင်းသည် ကျောင်းထမင်းစားခန်းအတွက် ရိက္ခာပေးသွင်းနိုင်ရုံမက တစ်ကော်လျှင် လေးဒေါ်လာနှုန်း အမြတ်အစွန်း ထွက်နေကြောင်း တွေ့ရှိရသည်။

နွေဦးရာသီတွင် ကာဗာနှင့် တပည့်များ ကန်စွန်းဥ စိုက်ကြ သည်။ ပဲအမျိုးမျိုးလည်း စမ်းသပ် စိုက်ပျိုးကြသည်။ ဒုတိယနှစ် စိုက်ပျိုးရာသီ၌ ကန်စွန်းဥ အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၆၅ ဘုရှယ်နှုန်း ရှိကြောင်း တွေ့ရှိရသည်။

ထို့နောက်တွင် တပည့်များ စောင့်မျှော်နေသည့် ဝါဂွမ်းကို တောင်စိုက်ပျိုးလေသည်။ ကာဗာ၏ ဝါခင်းကို ဝါစိုက်ပျိုးသူ လူဖြူ ရော လူမည်းများပါ စိတ်ဝင်စားစွာ လာရောက် ကြည့်ရှုကြသည်။ ကာဗာ့ ကျောင်းစိုက်ခင်းမှ တစ်ဧကလျှင် ဝါဂွမ်း ပေါင်ငါးရာနှုန်း ထွက်သည်ကို မြင်သောအခါ တစ်သက်လုံး ဝါစိုက်လာခဲ့ကြသူများ အံ့အားသင့် သွားကြသည်။ သည်ဒေသ၌ သည်လောက်များများ ထွက်ရိုးထုံးစံ မရှိခဲ့။ ထို့ပြင် စိုက်ပျိုးသည့်သူက ဝါစိုက်တောင်သူ တစ်ဦး မဟုတ်ဘဲ အသက်ကြီးခါမှ ဝါပင် မြင်ဖူးသည့် မြောက်ပိုင်း သား လူမည်း ကျောင်းဆရာ တစ်ယောက် ဖြစ်နေခြင်းသည်လည်း သူတို့အတွက် အံ့သြစရာကြီးတစ်ခု ဖြစ်ခဲ့သည်။

ကာဗာ၏ အဖြေကတော့ အရှင်းကလေးပင်။

www.burmeseclassic.com

www.burmeseclassic.com



အပင်၌ လိုအပ်သော အရာတွေ ရှိသည်။ မြေကြီး၌ ပေးနိုင်သောအရာတွေ ရှိသည်။ အပင်၏ လိုအပ်မှုနှင့် မြေကြီး၏ ပံ့ပိုးနိုင်မှုတို့ ညီညွတ်မျှတအောင် ပေါင်းစည်းပေးနိုင်လျှင် အသီးအပင် ရှင်သန်မည်။ ယင်းသို့ ပေါင်းစည်းပေးနိုင်အောင် စနစ်တကျ စီစဉ်ဆောင်ရွက်ရေးသည်ပင် စိုက်ပျိုးရေးသမား၏ အလုပ် ဖြစ်သည်ဟူ၍ သူက ဆိုခဲ့သည်။

ဤသည်မှာ သူ့တပည့်များကို သူ အမြဲပြောကြားလေ့ရှိသည့် သြဝါဒလည်း ဖြစ်သည်။

## ပါမောက္ခ၏ ဂီတခရီး

ကာဗာရောက်စ အချိန်သည် တပ်စကီဂီး သိပ္ပံကျောင်း ထူထောင်စကာလဖြစ်သည့် အားလျော်စွာ အရာရာ၌ မပြည့်မစုံ၊ လူအင်အားလည်း မပြည့်ဝဖြစ်နေသည်။ ကျောင်းအုပ်ဆရာကြီး ဝါရှင်တန်ကလည်း ပါမောက္ခ ကာဗာကို အားကိုးသည်။ ထို့ကြောင့် ကျောင်းမှာ အကြောင်းကိစ္စတစ်ခုရှိ၍ တာဝန်ယူ ဆောင်ရွက်မည့်သူ မရှိလျှင် ကာဗာအား 'ခင်ဗျား လုပ်နိုင်မလား'ဟု မေးတတ်သည်။

ကာဗာကလည်း မလုပ်နိုင်ဟု ငြင်းသည်ဟူ၍မရှိ။ အဆောက်အအုံ ဒီဇိုင်းထုတ်ရာမှာလည်း သူ ပါသည်။ ရေတွင်းမှ ရေနမူနာများ စမ်းသပ်သည့်ကိစ္စမျိုး၊ မိုးလေဝသဌာနအတွက် နေ့စဉ် မိုးရေချိန်တိုင်းတာမှတ်သား ပေးပို့သည့် အလုပ်မျိုးတွေလည်း သူပင် တာဝန်ယူ လုပ်ဆောင်သည်။ ကျောင်းဝင်းခြံ သာယာလှပရေးလုပ်ငန်းကတော့ စိုက်ပျိုးရေးသမားဖြစ်သော သူ၏ တာဝန်လုံးလုံး ဖြစ်လေသည်။ နဂိုက ခြောက်သွေ့သော ကွင်းခေါင်ခေါင်ဒေသကို သဘာဝတောရိုင်း ဥယျာဉ်ကြီးတစ်ခုလား ထင်မှတ်ရအောင် သူ တဖြည်းဖြည်း ပြုပြင်စိုက်ပျိုးယူခဲ့သည်။



သည်ကြားထဲ ကိုယ်ပိုင် သုတေသန လုပ်ငန်းများကိုလည်း သူ မပျက်မကွက် လုပ်နေခဲ့သေးသည်။ စိုက်ပျိုးရေးဝန်ကြီးဌာနက တစ်နိုင်ငံလုံးရှိ မြက်မျိုးများ စာရင်းပြုစုရန် စုဆောင်းတောင်းခံသည့်အခါ ကာဗာက မြက်မျိုးကွဲ နမူနာပေါင်း တစ်ရာကျော်မျှ ပေးပို့ခဲ့သည်။

၁၈၉၈ ခုနှစ် ရွက်ကြွေ ရာသီတွင် တပ်စကီဂီး၌ သူ၏ စိုက်ပျိုးရေးဌာန အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးသောအခါ သူ့ဆရာ ပါမောက္ခဝီလဆင်ကို ဖိတ်ကြားကာ အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးစေခဲ့သည်။ ထိုအချိန်၌ ဝီလဆင်မှာ စိုက်ပျိုးရေးဌာန ဝန်ကြီး ဖြစ်နေခဲ့ပြီ ဖြစ်၏။

ကာဗာကား စူးစမ်းလေ့လာရေးအား အလွန်ကောင်းသူ ဖြစ်သည်။ မြက်ပင် ပေါင်းပင် မကျန်၊ ပိုးကောင် မွှားကောင် မကျန် တွေ့ရသည့် သက်ရှိ မှန်သမျှကို အမည်နာမ တပ်၍ တိတိကျကျ ပြောနိုင်စွမ်းရှိသော ဆရာကာဗာကို တပည့်တွေ အလွန် အံ့သြအားကျကြသည်။ တစ်ခါတွင်တော့ တပည့်များက ဆရာကို တမင်နောက်ပြောင်ကာ ပုရွက်ဆိတ်၊ ပင့်ကူနှင့် ပိုးတောင်မာ တစ်ကောင်တို့က အစိတ်အပိုင်းများကို ဆက်စပ်၍ အကောင်တစ်ကောင် ပြုလုပ်ပြီး

'ဆရာ၊ ဒီဟာ ဘာပိုးကောင်လေးလဲ၊ ကြည့်ပေးစမ်းပါ'

ဟု သွားပြကြသည်။

ကာဗာက တစ်ချက်မျှ လှမ်းကြည့်ပြီး

'ဟာ ဆရာတို့ ပြောပြောနေတဲ့ ဖြေးကောင်ဆိုတာ အဲဒါပေါ့ကွ'

ဟု ပြန်ပြောလိုက်သည့်အခါ ကျောင်းသားတွေ အားလုံး ပွဲကျသွားကြသည်။

www.burmeseclassic.com



ဆရာကာဗာက ကျောင်းသင်ခန်းမှာရော ပြင်ပတွင်ပါ စာသင်လေ့ရှိသူ ဖြစ်သည်။ သို့သော် တစ်ခုတော့ သူ ပြောလေ့ရှိသည်။

'ဆရာ အခုသင်ပေးနေတာတွေဟာ မင်းတို့အတွက်သက်သက် မဟုတ်ဘူး၊ မင်းတို့ဦးဆောင်ပြီး မြှင့်တင်ပေးရမယ့် လူတွေအတွက်၊ အဲဒီလူတွေကို တကယ်ထိထိရောက်ရောက် ကူညီနိုင်ဖို့အတွက် သင်ပေးနေတာ၊ မင်းတို့စိတ်ထဲမှာ အောင်မြင်မှုဆိုတာကို ငွေတွေ၊ ဝတ်ကောင်းစားလှတွေနဲ့ မတိုင်းတာ မသတ်မှတ်ကြနဲ့၊ တကယ့်အောင်မြင်မှုအစစ်ဆိုတာ လူအများအတွက် ကိုယ်က ဘယ်လောက်အထိ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သလဲ၊ ဘယ်လောက် အကျိုးကျေးဇူးပြုနိုင်သလဲ ဆိုတာနဲ့ပဲ တိုင်းတာရတယ်'

ထို့ပြင် သူ အလေးအနက် ပြောလေ့ရှိသည့် စကားတစ်ခွန်း ရှိသေးသည်။ ယင်းကား

'သာမညလို့ ထင်ရတဲ့ ကိစ္စတွေကို ထူးခြား ပိပြင်အောင် လုပ်ကိုင်တတ်ဖို့ ကြိုးစားကြ'

ဟူ၍ ဖြစ်သည်။

ကာဗာသည် စောစောပိုင်းကာလ အခြေမကျ လှည့်လည်သွားလာနေရစဉ်အခါက စန္ဒရားတီးတတ်ခဲ့သည်။ တပ်စကီဂီး ရောက်ပြီးနောက် တနင်္ဂနွေညများတွင် သူသည် ကျောင်းဝင်းထဲရှိ အယ်လဘားမားခန်းမတွင် ထားရှိသည့် ရှေးစန္ဒရားကြီးကို သွားရောက်တီးခတ်လေ့ရှိသည်။ သူ့ စန္ဒရားလက်သံကို ကျောင်းသားများသာမက ဆရာများပင် ရပ်တန့် နားဆင်တတ်ကြသည်။

တစ်နေ့တွင်တော့ ကျောင်းဘဏ္ဍာစိုးကြီး ဝါရင်လိုဂင်က သူ့အား တစ်ကိုယ်တော် ဂီတခရီးထွက်ရန် အကြံပေးသည်။

'ကျွန်တော်က ကျောင်းဆရာပါဗျာ၊ စန္ဒရားဆရာ မဟုတ်ပါဘူး'



ဟု ကာဗာက ရယ်ရယ်မောမော ပြောသည်။

'ဟာ ဒေါက်တာဝါရှင်တန်လဲ ကျောင်းဆရာကြီးပဲဗျာ၊ ဟောပြော စားသောက်တဲ့လူမှ မဟုတ်ဘဲ၊ ဒါပေမယ့် ကျောင်းရန်ပုံငွေအတွက် နယ်တကာ လှည့်ပြီး ဟောပြောပွဲတွေ လုပ်တယ် မဟုတ်လားဗျာ'

ဟု ဘဏ္ဍာစိုးကြီးက ထပ်ဆင့် ပြောပြန်သည်။

သည်လိုဖြင့် များမကြာမီပင် ကာဗာ၏ စန္ဒရားတီး ခရီးစဉ် စတင်ဖြစ်ခဲ့သည်။ သူက စန္ဒရားတီး၍ရသည့် ရန်ပုံငွေဖြင့် ကျောင်းစိုက်ခင်းကို တိုးချဲ့နိုင်မည်ဟု မျှော်မှန်းခဲ့သည်။ ရှေးဦးစွာ ပါမောက္ခကာဗာအတွက် ဝတ်စုံကောင်းတစ်စုံ ချုပ်ပေးနိုင်ရန် ရန်ပုံငွေစုဆောင်းကြရသည်။ ၁၈၉၉ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် သူ၏ခရီးစဉ် စတင်သည်။

အယ်လဘားမား၊ ဂျော်ဂျီယာ၊ လူဝီဇီးယားနားနှင့် တက္ကဆပ်ပြည်နယ်များအတွင်း သူလှည့်လည်သည်။ မြို့ပေါ်ရှိ ခန်းမကြီးများတွင် ဖျော်ဖြေရသည်များ ရှိသကဲ့သို့ တောကျေးလက်က စပါးကျီများ၊ ကောက်ရိုးတဲများတွင် တီးခတ်ပြရသည်များလည်း ရှိ၏။ တက္ကဆပ်ပြည်နယ် အရှေ့ပိုင်း တစ်နေရာ၌ အသားရောင် ခွဲခြားသူတစ်စုက သူ့အား အတင်းအော်ဟစ် မောင်းထုတ်ကြသဖြင့် စင်ပေါ်မှ ဆင်းပြေးခဲ့ရ၏။ သို့သော် ဂျော်ဂျီယာပြည်နယ်ရှိ စာသင်ကျောင်းကလေးတစ်ကျောင်းတွင်မူ လူဖြူဖနီးမောင်နှံနှစ်ယောက်က သူတို့ဘဝတွင် ဂီတအရသာဆိုသည်ကို ကာဗာ၏ စန္ဒရားလက်သံအား နားထောင်ပြီးခါမှပင် တကယ်ခံစားမိကြရပါကြောင်း ဝမ်းသာအားရ မျက်ရည်များပင်လည်ကာ ပြောကြားခဲ့ကြသည်။

ကာဗာမှာ ညဘက်ရောက်လျှင် တစ်နေ့တာရရှိခဲ့သမျှ မှုးဖဲ၊ မတ်စေ့၊ ကျပ်စေ့တွေကို တစ်ကိုယ်တည်း ရေတွက်ရ၏။ ခရီးထွက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပါးပတ်ခန့်အကြာ တပ်စကီဂီးသို့ ပြန်ရောက်သည့်အခါ ၌မူ သူ့လက်ထဲတွင် ဒေါ်လာငွေ ရာဂဏန်း အတော်များများ ပါလာခဲ့လေသည်။

ဂီတခရီး ထွက်စဉ်က ဝတ်ခဲ့သည့် သားသားနားနား ဝတ်စုံကြီးကို နောက်ပိုင်းတွင် ကာဗာ လုံးဝ မဝတ်တော့ဘဲ ဗီရို ထဲတွင် ထည့်၍ သိမ်းထားခဲ့သည်။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်က ၎င်းဝတ်စုံနှင့် ပတ်သက်၍ မေးမြန်းသည့်အခါကိုင်း သူက ပြုံးရယ်ကာ

'အဲဒါက ကျွန်တော် စန္ဒရားဆရာ ဘဝတုန်းက ဝတ်ခဲ့တဲ့ ဝတ်စုံပါဗျာ'

ဟူ၍သာ ဖြေလေ့ရှိခဲ့ပေသည်။

## လားတစ်ကောင်ဆွဲသည့် လှည်းကလေး

ဂီတခရီးထွက်စဉ် လမ်းတစ်လျှောက် ကာဗာသည် သူတို့ လူမည်းမျိုးများ၏ ဆင်းရဲပင်ပန်းသောဘဝကို အမြဲမြင်တွေ့ခဲ့ရ၏။ ရောက်လေရာအရပ်တွင် နီဂရိုးတွေ ကြည့်လိုက်လျှင် အစာရေစာမဝသည့် ပိန်လှီသော ကိုယ်ကာယတွေနှင့်ချည်း ဖြစ်နေ၏။ အနေအထိုင်ကလည်း လုံးဝ ကျန်းမာရေးနှင့် မညီညွတ်။ တဲအိုတဲစုတ် တစ်လုံးတွင် လူဆယ်ယောက်မက တိုးဝှေ့နေထိုင်ကြသည်။ ဝါဂွမ်းဖြင့် ကြီးကျယ်ကျော်ကြားခဲ့သော အမေရိကန် တောင်ပိုင်းဒေသသည် ဝါဂွမ်း၏ စိုးမိုးနှိပ်စက်ခြင်းဒဏ်ကို အလူးအလဲ ခံနေရပါကလားဟု သူ တွေးမိသည်။ တောင်ပိုင်းမြေသည် ဝါပင်တို့ စုပ်ယူသဖြင့် အဆီအနှစ်ကုန်ခန်းကာ ခြောက်သယောင်း၍ နေခဲ့ပြီ။



သို့သော် သည်မြေကို မြေဆီသြဇာ ပြန်လည်ပြည့်ဝလာအောင် လုပ်နိုင်သည့် နည်းလမ်းတွေတော့ ရှိသေးသည်၊ လူမည်းတွေ အစာရေစာ ဝစေဖို့၊ သူတို့၏ သားမြေးတွေအတွက် လမ်းစတွေ ပေါ်လာစေဖို့ သူ ကူညီဆောင်ရွက်ရပေမည်။

သို့နှင့် လယ်သမားတွေ၊ လူမည်း ဆင်းရဲသားတွေအတွက် ပညာပေးရေး အစီအစဉ်တစ်ခု သူ စတင်သည်။ လတစ်လစီ၏ ဘတိယမြောက် အင်္ဂါနေ့များတွင် လယ်သမားများအတွက် အချိန်သတ်မှတ်၍ သီးသန့် သင်တန်းပေးသည်။ အစပိုင်းတွင် သူ့ထံ လာရောက်၍ လေ့လာကြသူ အရေအတွက်မှာ အလွန်နည်းသေးသည်။ တစ်ယောက်စ နှစ်ယောက်စလောက်သာ ရှိသည်။ သို့သော် ထို တစ်ယောက် နှစ်ယောက်ကိုပင် တစ်နေ့ နှစ်နာရီ သို့မဟုတ် ၎င်းတို့ စိတ်ဝင်စားလျှင် ဝင်စားသလို ပိုမိုအချိန်ယူ၍ သင်ကြားပြသပေးသည်။

အဓိကမှာ ၎င်းတို့ လက်ရှိလုပ်ကိုင်နေသည့် မြေကြီးအကြောင်းကို ကောင်းကောင်းနားလည်အောင် ရှင်းလင်းပြောကြားပေးခြင်း ဖြစ်သည်။ မိသားတစ်စု အာဟာရ ပြည့်ဝစွာ စားသုံးနိုင်စေမည့် အိမ်နောက်ဖေးဘက် ဥယျာဉ်ငယ်ကလေးများ စိုက်ပျိုးကြရန် သူ အမြဲ တရားဟောသည်။ လတ်ဆတ်သော အသီးအရွက်များ မစားသုံးရသဖြင့် ဗိတာမင်နှင့် အခြားအာဟာရဓာတ် ချို့တဲ့ကာ ရောဂါဘယများ ဖြစ်ပွား နေရခြင်းဖြစ်ကြောင်း သဘောပေါက်အောင် ရှင်းပြရသည်။ ကျေးလက်က လူမည်းတွေ၏ စိတ်တွင် အဆိပ်အတောက် ဖြစ်စေတတ်သည့် အသီးဟု မှတ်ယူ ထားသော ခရမ်းချဉ်သီးသည် စင်စစ် စားကောင်းသောအသီး၊ အရသာရှိသော အသီး ဖြစ်ရုံမက ပါးစပ်တွင် ရေစီးကမ်းပြိုလိုက်ခြင်း အပါအဝင် စကာဗီရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်သည့် ဆေးဖက်ဝင်

www.burmeseclassic.com

www.burmeseclassic.com



အသီးအနှံ တစ်မျိုးဖြစ်ကြောင်း ဟောပြောကာ ကိုယ်တိုင်လည်း အများရှေ့မှာ စားပြသည်။

တဖြည်းဖြည်းနှင့် လယ်သမားများအတွက် ဖွင့်လှစ်သည့် စိုက်ပျိုးရေးပညာနှင့် အထွေထွေဗဟုသုတ သင်တန်းမှာ လူဦးရေတိုးလာသည်။ လူအစိတ် ငါးဆယ်မှသည် ထိုထက်မကထိ ဖြစ်လာသည်။

သို့သော် ကာဗာ မကျေနပ်နိုင်သေး။ သူ့ထံသို့ လာရောက်ကြသူများမှာ အဓိကအားဖြင့် မနီးမဝေးက လူများသာ ဖြစ်သည်။ သူ့ကျောင်းရှိမှန်း မသိသည့်သူတွေသည် မြို့နယ်ထဲမှာပင် အများအပြား ရှိနေသေးသည်။ သည်လူတွေထံ မိမိကပင် သွားရောက်ရမည်ဟု ကာဗာ ဆုံးဖြတ်လိုက်သည်။

သို့နှင့် လားကလေးတစ်ကောင် ဆွဲသည့်လှည်းကလေးပေါ်တွင် မျိုးစေ့ထုပ်များ၊ သစ်သားအိုးများ တည့်ထားသည့် အပင်များနှင့် အခြားကိရိယာတန်ဆာပလာများကို တင်ဆောင်ကာ ရွာကြီးရွာငယ်များ၊ အခေါင်အဖျားမှာ အထီးတည်းနေကြသည့် လယ်သမားမိသားစုများဆီသို့ သူ ထွက်လေသည်။ ကျောင်းအားရက်များသာမက အချိန်အားရသည့် အခြား နေ့များတွင်ပါ အချိန်ရလျှင်ရသလောက် အနှံ့အပြား သူ သွားကာ အသိပညာဖြန့်ဖြူးရေးလုပ်ငန်းကို အလွန်ထက်သန် တက်ကြွစွာ ဆောင်ရွက်လေသည်။

အချို့လူများက သူဟောပြောသည်များကို သိပ်မယုံကြည်ကြ။ လူမည်းအချင်းချင်းမို့ အထင်မကြီးတာမျိုးလည်း ကြုံရသည်။သို့သော် တချို့ကလည်း သူဆွဲဆောင် စည်းရုံးမှုကောင်းခြင်းကြောင့် စိတ်ပါဝင်စားလာကာ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ အကြံတောင်းခြင်းများပြုကြသည်။

သူက လူမည်းသားချင်းများအား တနင်္ဂနွေနေ့ကိုဖယ်၍ ကျန်သော အလုပ်လုပ်ရသည့် နေ့တိုင်းတွင် ပိုက်ဆံ ငါးဆင့်မျှကို



စုဆောင်းပါက တစ်နှစ်အကြာတွင် ၁၅ ဒေါ်လာ ၆၅ ဆင့်မျှ ရမည်ဖြစ်ကြောင်း၊ မြေတစ်ဧကကို ငါးဒေါ်လာနှုန်း ပေးရသည်ဖြစ်ရာ မြေသုံးဧက ဝယ်ပြီးလျှင် ၆၅ ဆင့်မျှပင် ငွေပိုကျန်သေးကြောင်း၊ ကိုယ်ပိုင်မြေယာ ရှိလာလျှင် မြေရှင်ထံတွင် ကျွန်ခံနေရသည့်ဘဝမှ လွတ်မြောက်၍ ကိုယ့်ဘဝ ကိုယ်ထူထောင်နိုင်ကြမည် ဖြစ်ကြောင်းလည်း အမြဲတိုက်တွန်းသည်။

သူ့စကားကို နားဝင်သဖြင့် လူမည်း ကျေးလက်များတွင် ဘူးတွေ ခွက်တွေ မျိုးစုံနှင့် ပိုက်ဆံစုသည့် အလေ့အထများ ပေါ်ပေါက်လာသည်။

သူက လယ်သမားများအား အာဟာရရှိသည့် သီးပင်စားပင်တွေ စိုက်ပျိုးရန် တိုက်တွန်းရုံ မျိုးစေ့များ ဝေငှရုံမျှမက အရသာပြည့်ဝအောင် ချက်နည်းပြုတ်နည်းများကိုပါ အိမ်ရှင်မများအား သင်ကြားပေးသည်။

တပ်စကီဂီးမှ လှည်းနှင့်လာသည့် ဆရာလေး၏ သတင်းသည် တဖြည်းဖြည်း ကျော်ကြား ပျံ့နှံ့လာရာ နောင်တွင် စနေနေ့ နေ့လယ်ပိုင်းများ၌ လမ်းဆုံလမ်းခွများ၊ ကွက်လပ်များတွင် သူ ဟောပြော ပို့ချသည်များကို နားထောင်သူ၊ မှတ်သားသူ၊ မေးမြန်းသူတွေများလာကြသည်။ ထိုအခါ နီဂရိုးတွေ အားတက်သရော စုဝေးတိုင်ပင်နေကြသည်ကို မကြည့်နိုင် မမြင်နိုင်ကြသည့် လူဖြူအချို့က မကျေမနပ် ဖြစ်လာကြ၏။ ထို့ပြင် နီဂရိုး လယ်သမားအချို့ သီးနှံစိုက်ပျိုးရာတွင် လူဖြူတွေထက် ဖြစ်ထွန်းအောင်မြင်လာသဖြင့် ပို၍ မကျေနပ်နိုင် ဖြစ်ကြ၏။

သို့သော် နောက်တော့လည်း ကာဗာ၏ စိတ်သဘောထားနှင့် စည်းရုံးရေးစွမ်းအားကြောင့်လည်းကောင်း၊ ကာဗာ၏ စိုက်ပျိုးရေးပညာ သတင်းက ပို၍ ပို၍ ကြီးထွားလာနေခြင်းကြောင့်လည်းကောင်း

www.burmeseclassic.com



သူတို့ သဘောထားပြောင်းကာ နီဂရိုးဆရာ၏ ပြောကြားချက်များကို မှတ်သားလိုက်နာရန် တစ်စတစ်စ ချဉ်းကပ်လာကြလေသည်။

ကာဗာကလည်း တောင်ပိုင်းက လယ်သမားမှန်လျှင် လူဖြူဖြစ်စေ၊ မည်းသူဖြစ်စေ တူညီသော ပြဿနာအခက်အခဲကို ရင်ဆိုင်ဖြေရှင်းနေရသူတွေချည်း ဖြစ်သည်ဟု သဘောပိုက်ထားကာ စေတနာ အတန်းအစား မခွဲခြားဘဲ အားလုံးကိုပင် ရက်ရက်ရောရော ပြသကူညီခဲ့ပေသည်။

ကာဗာသည် လှည်းကလေးနှင့်ထွက်သည့် နယ်လှည့်ပညာသင်ကျောင်း'၏ လုပ်ငန်းကို အထူးတန်ဖိုးထားခဲ့သည်။ သူ့ တစ်သက်တာတွင် ဆောင်ရွက်ခဲ့သမျှအနက် ဤလုပ်ငန်းသည် အရေးပါဆုံး၊ အကျိုးရှိဆုံးလုပ်ငန်း ဖြစ်သည်ဟု သူ ယုံကြည်ခဲ့သည်။

သူ့လုပ်ရပ်သည် မြေယာပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ တောင်ပိုင်းဒေသ လယ်သမားလောကတွင် အသိပညာ တော်လှန်ရေးတစ်ရပ် ဆင်နွှဲသလောက်ပင် ထိရောက် ခဲ့သကဲ့သို့ ကျေးလက်တောရွာသားတို့ကို နှိပ်စက်နေသည့် ပယ်လာဂရာ၊ စကာဗီစသည့် ဗီတာမင်မှာတ် ချို့တဲ့မှု ရောဂါများကိုလည်း ဖယ်ရှား တိုက်ဖျက်ပေးနိုင်ခဲ့သည်။

ကာဗာ၏ တစ်ကိုယ်တော် ဖွံ့ဖြိုးရေးအစီအစဉ်ကလေးသည် ပတ်ဝန်းကျင် နယ်မြေဒေသတွင်သာမက အမေရိကန်တစ်ပြည်လုံး၌ပါ ကျော်ကြားသွားခဲ့သည်။ သူ့စေတနာ၊ သူ့လုပ်ရပ်ကို လေးစားတန်ဖိုးထားသဖြင့် နယူးယောက်မြို့မှ လူမှုရေး စေတနာရှင် သူကြွယ်တစ်ဦးက ငွေကြေးအများအပြား ထည့်ဝင်လှူဒါန်းသည်။ အယ်လ်ဘားမားပြည်နယ် အစိုးရကလည်း ထရပ်ကားကြီးတစ်စီး ပေးသည်။ သူ့စေတနာလုပ်ရပ်၏ အကျိုးကျေးဇူးကို ခံစားရသော လယ်သမားအချို့ကလည်း ကာဗာ၏ နယ်လှည့်ပညာပေးကျောင်း လုပ်ငန်း



တိုးတက်ချဲ့ထွင်နိုင်ရန် ငွေကြေး အတော်များများပင် စုပေါင်းကောက်ခံပါဝင်ခဲ့ကြသည်။

သူ့လုပ်ငန်းတွင် ပါဝင်ကူညီလိုသူတွေ များပြားလာသကဲ့သို့ သူ့ထံမှ အကူအညီ တောင်းခံသူတွေလည်း တစ်နေ့တခြား တိုးပွားလာသည်။ ရပ်ဝေးရပ်နီးမှ အကူအညီတောင်းကြ၊ အကြံဉာဏ်တောင်းကြသည်။ သူ့လုပ်ငန်း၏ အောင်မြင်မှုသတင်းကို ကြားရသဖြင့် ရုရှား၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အာဖရိက၊ တောင်အမေရိက အစရှိသည့် ကမ္ဘာအနှံ့ဒေသများမှ စိတ်ဝင်စားသူများ လာရောက်လေ့လာကြသည်။

ကာဗာ၏လုပ်ငန်းသည် ကမ္ဘာတစ်ဝန်းရှိ မြေယာမြှင့်တင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်သူများအတွက် အတုယူနည်းမှီးစရာ စံနမူနာပြ လုပ်ရပ်တစ်ခု ဖြစ်ခဲ့သည်။

## ဘုရားသခင်နှင့် ဆွေးနွေးခြင်း

ထိုကာလတစ်လျှောက်လုံး ကာဗာသည် လယ်သမားများအား သီးနှံအမျိုးမျိုး လဲလှယ်စိုက်ပျိုးရေး တရားကိုသာ အစဉ်မပြတ် ဟောပြောနေခဲ့သည်။ ပဲလွန်းစိုက်ကြပါ၊ ကန်စွန်းဥစိုက်ကြပါဟု သူ ပြောသည်။ သို့သော် အောင်မြင်မှု မရခဲ့။ နောက်တွင် ပဲပီစပ်ကို သူ သုတေသနပြုပြန်သည်။ ပဲပီစပ်ကို အမှုန့်လုပ်ကာ အမျိုးမျိုးလုပ်ကိုင်စားသောက်၍ ရသည်။ ၎င်းအတိုင်းလည်း ချက်ပြုတ်စားသောက်နိုင်သည်။ အရည်ကျိုကာ ဖျော်စပ်သောက်သုံး၍လည်း ရသည် စသဖြင့် သူ ပြသစည်းရုံးခဲ့သည်။ ထိုအကြောင်းများကြောင့် နောင်တစ်ချိန်၌ ပဲပီစပ်သည် တောင်ပိုင်းဒေသ၏ အဓိကစားသုံးသီးနှံ ဖြစ်လာပါသည်။ သို့သော် ထိုအချိန်ကမူ ဝါပွမ်းစိုက်မည့် မြေတစ်စိတ်တစ်ဒေသကို ပဲပီစပ်အတွက် သုံးစွဲကြရန် တိုက်တွန်း၍ မရနိုင်ခဲ့သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ကာဗာ၏စကားကို လယ်သမားတွေ နားထောင်လာကြသည်ကတော့ ဝါပင်တွေ အကြီးအကျယ် ပိုးကျကာ ကပ်ကြီးဆိုက်သလို ဒုက္ခရောက်ရတော့မည့် အချိန်ကျမှ ဖြစ်လေသည်။ ဝါပင်များတွင် ကျရောက်တတ်သည့် ဝါဖျက်ကျိုင်းကောင်များ၏ အန္တရာယ်များသည် တစ်နေ့တခြား ကြီးထွားလာနေကြောင်းနှင့် ၎င်းကို တားဆီးနိုင်မည့် အခြေအနေ မရှိသဖြင့် တစ်နေ့တွင် အကြီးအကျယ် ဒုက္ခရောက်နိုင်ကြောင်းဖြင့် ဝါစိုက်တောင်သူများအား နှစ်အတန်ကြာကပင် ကာဗာ သတိပေးခဲ့ဖူးသည်။ ၁၉၁၅ ခုနှစ်တွင်မှ သူပြောသည့်အတိုင်း တကယ်ဖြစ်လာလေသည်။ လူဝီဇီးယားနား၊ မစ္စစ္စပီနှင့် အယ်လဘားမားပြည်နယ်များရှိ ဝါစိုက်ခင်းများမှာ ရစရာမရှိအောင် ဖျက်ဆီးခြင်း ခံကြရသည်။ တစ်နှစ်အတွက် ဆုံးရှုံးမှု တန်ဖိုးမှာ ဒေါ်လာ သန်းတစ်ရာဖိုးမျှရှိရာ ထောင်ပေါင်းများစွာသော လယ်သမားတို့ စီးပွားပျက်ကြရလေ၏။

သည်အချိန်တွင် ကာဗာက ဝါ၌မ်းမြေတွင် အစားထိုးစိုက်ပျိုးသင့်သည့် အပင်အဖြစ် မြေပဲကို သွားမြင်သည်။ မြေပဲမှာ ထိုစဉ်က သိပ်ခေတ်မစားသေး။ မြေပဲသည် ကလေးများကြိုက်သည့် သွားရည်စာ တစ်ခုအဖြစ်ထက် ပို၍ တန်ဖိုး မရှိသေး။

ထို့ကြောင့် ကာဗာက

'ပိုးကျနေတဲ့ ခင်ဗျားတို့ ဝါခင်းတွေကို မီးရှို့ပြီး အဲဒီနေရာမှာ မြေပဲစိုက်ဗျာ'

ဟု အကြံပြုသည့်အခါ မည်သူမျှ အားတက်သရော မရှိကြချေ။

သို့နှင့် သူ့မြေပဲကို ကြော်ငြာနိုင်ရန်အတွက် မြို့မှ ဩဇာတိက္ကမရှိသည့် လုပ်ငန်းရှင်တစ်ဦးကို ကျောင်းသို့ဖိတ်ခေါ်ကာ နေ့လယ်စာဖြင့် ဧည့်ခံသည်။ ဧည့်သည်များအား ကာဗာကိုယ်တိုင် ကြီးကြပ်



စီစဉ်သည့် ဟင်းချို၊ ကြက်သားဟင်းအတု၊ ခပ်ပျစ်ပျစ်ချက်ထားသည့် အသီးအရွက်ဟင်း၊ ပေါင်မုန့်၊ ရေခဲမုန့်၊ သကာခဲ၊ ဘီစကွတ်မုန့်နှင့် ကော်ဖီတို့ဖြင့် တည်ခင်းကျွေးမွေးသည်။ ဧည့်သည်များက ဆရာကာဗာတို့ ကျွေးမွေးသည့် စားသောက်ဖွယ်ရာများမှာ အရသာရှိလှကြောင်းနှင့် ထူးခြားသော အနံ့အရသာတစ်မျိုး ပါဝင်နေကြောင်း မှတ်ချက်ချကြသည်။ သည်တွင် ကာဗာက ယခုကျွေးမွေးသည့် စားစရာကိုးမျိုးလုံးမှာ ပစ္စည်းတစ်မျိုးတည်းကို အဓိကအခြေခံ၍ စီမံပြုလုပ်ထားခြင်းဖြစ်ကြောင်းနှင့် ယင်းပစ္စည်းမှာ 'မြေပဲ'ပင် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည့်အခါ အားလုံးက လက်ခုပ်သြဘာပေးကြသည်။

ဤသို့လျှင် ဝါဖျက်ပိုး၏ တွန်းအားနှင့် ကာဗာ၏ဆွဲအားတို့ကြောင့် လယ်သမားများ မြေပဲကို စိတ်ဝင်စားလာခဲ့ကြသည်။ ယခင်က မြေပဲကို ကလေးများအတွက် လယ်တဲနံဘေးမှာ တစ်ကွက်လောက် စိုက်ခဲ့ကြသည့် လယ်သမားများသည် ဧကသုံးလေးဆယ်လောက်အထိ ကျယ်ဝန်းသော စိုက်ခင်းကြီးများချ၍ စိုက်ပျိုးလာကြရာ မကြာမီပင် ဝါခင်းများ နေရာ၌ ပဲခင်းတွေ ဖုံးသွားသလောက်ဖြစ်လာခဲ့သည်။

သည်တွင် ပြဿနာတစ်ခုက ပေါ်လာပြန်သည်။

အောက်တိုဘာလ တစ်ခုသော နေ့လယ်ခင်းအချိန်၌ ထိုပြဿနာကို ကာဗာ အထိတ်တလန့် ရင်ဆိုင်လိုက်ရသည်။ ပြဿနာကို စတင် တင်ပြလာသူက လယ်သူမကြီးတစ်ယောက် ဖြစ်သည်။ လယ်သူမကြီးက မိမိသည် မုဆိုးမတစ်ယောက်ဖြစ်ကြောင်း၊ ကာဗာအား အားကိုးယုံကြည်သဖြင့် ကာဗာပြောသည့်အတိုင်း ယာခင်းတစ်ခုလုံး မြေပဲဖွေချည်း စိုက်ခဲ့ကြောင်း၊ ယခုအခါ၌မြေပဲတွေ ဆော်ပြီးဖြစ်ရာ မိသားစု စားသုံးရန်အတွက် ချန်လှပ်ပြီးသည့်နောက် မြေပဲအမြောက်အမြားပင် ပိုလျှံကျန်ရှိနေပါကြောင်း ပြောဆိုတင်ပြ

ပြီးလျှင် 'ဒီမြေပဲကို ဘယ်သူတွေက ဝယ်ကြမှာလဲ'ဟူ၍ မေးမြန်းလိုက်လေသည်။

သည်အမေးကို ကာဗာ မဖြေနိုင်။ သည်ကိစ္စကို သူ ယခင်က စဉ်းလည်းမစဉ်းစားမိခဲ့။ သူက သီးနှံတစ်မျိုးတည်း စိုက်ပျိုးနေသည့် စနစ်ကို တိုက်ဖျက်ရန် အားသွန်ခွန်စိုက် ကြိုးစားရင်း အားလုံး မြေပဲစိုက်ဖြစ်အောင် တွန်းပို့သလို ဖြစ်သွားခဲ့ခြင်း ဖြစ်သည်။ မြေပဲကို မည်သူမျှ မဝယ်ကြဘူးဆိုလျှင် လယ်ကွင်းထဲက မြေပဲပင်တွေသည် ကျိုင်းကောင်ကျထားသည့် ဝါပင်ပျက်တွေနှင့် ဘာမျှမခြားဘဲ ရှိတော့မည်။

အနီးပတ်ဝန်းကျင် နယ်တစ်ခွင်ကို သူ ခပ်သွက်သွက် လှည့်လည်ကာ အခြေအနေကို လေ့လာသည်။ မှန်သည်။ ယာခင်းတိုင်းလိုလိုမှာ မြေပဲတွေ အပြည့်အမောက် ဖြစ်နေသည်။

ကျောင်းဆီသို့ ကာဗာ ပြန်ပြေးလာခဲ့သည်။ ပြဿနာကို တစ်ဝက်တစ်ပျက်မျှသာ စဉ်စားခဲ့မိခြင်းအတွက် သူ့ကိုယ်သူ အပြစ်တင်မဆုံးအောင် ဖြစ်နေခဲ့မိသည်။ မြေယာလုပ်သားများအနေဖြင့် ဝါဂွမ်းတစ်ခုတည်းကို မှီခိုနေရသည့်အဖြစ်မှ လွတ်မြောက်အောင် ဆိုလျှင် တခြား အပင်သီးနှံတစ်ခု စိုက်တတ်ရုံနှင့်မပြီး၊ ထိုအပင်မှ ငွေလည်း ရဦးမှ ဖြစ်ပေမည်။

ယခု သူ စိုက်ခိုင်းခဲ့သည့် မြေပဲအတွက် ဈေးကွက် မရှိသေးဟုဆိုလျှင် ဈေးကွက် တီထွင်ပေးရန် သူ့မှာ တာဝန်ရှိလာချေပြီ။

ထိုစဉ်က သူ ခံစားခဲ့ရပုံနှင့် ပတ်သက်၍ နောက်နှစ်ပေါင်းအတော်ကြာပြီးသည့်ကာလ ဟောပြောပွဲတစ်ခုတွင် ကာဗာ ပြန်၍ ပြောပြခဲ့သည်။

မိုးသောက် အလင်းရောင်မပေါ်မီ မှောင်မိုက်ဆဲအချိန်မှာပင် ခါတိုင်း သူလျှောက်နေကျ သစ်တောထဲသို့ ကာဗာတစ်ကိုယ်တည်း ထွက်လာခဲ့သည်။ ကနဦး ထွက်ပြူလာမည့် လင်းအရုဏ်ကို မျှော်လင့်ဆောင့်စားရင်း ဘုရားသခင်ကို သူ တိုင်တည်မိသည်။ ထိုအကြောင်းကို ကာဗာ့စကားအတိုင်း ပြန်ပြောရလျှင်

'အို ဖန်ဆင်းရှင်၊ သင်သည် အဘယ်ကြောင့် ကမ္ဘာလောကကို ဖန်ဆင်းခဲ့သနည်း'လို့ ကျွန်တော်တိုင်တည်လိုက်တဲ့အခါ ဖန်ဆင်းရှင်က 'သင် သိလိုတဲ့ အကြောင်းရပ်က သင်ရဲ့ သေးငယ်လှတဲ့ အသိဉာဏ်နဲ့ လိုက်မမီလောက်အောင် ကြီးမားနေတယ်'လို့ ပြန်ပြောတယ်၊ သည်အခါမှာ ကျွန်တော်က 'အို ဖန်ဆင်းရှင်၊ သင်သည် အဘယ်ကြောင့် လူကို ဖန်ဆင်းခဲ့ရသနည်း'လို့ မေးမြန်းတဲ့အခါ ခါလည်း သူက 'လူကလေး၊ သင့်မေးခွန်းသည် သင့်အတွက် ကြီးမားနေလွန်းသေးသည်၊ ဒီထက် နည်းနည်းလျှော့ပြီး ရှင်းရှင်း လင်းလင်း တိတိကျကျ မေးမြန်းစမ်းပါဦး'လို့ ဆိုပြန်တယ်၊ ဒါနဲ့ ကျွန်တော် နောက်ဆုံးမေးခွန်းတစ်ခု မေးတယ်၊ 'အို ဖန်ဆင်းရှင်၊ သင်သည် အဘယ်ကြောင့် မြေပဲကို ဖန်ဆင်းသနည်း'လို့ ဆိုတဲ့အခါ ရှင်က 'ဟုတ်လာပြီ'ဆိုပြီး ကျွန်တော့်ကို မြေပဲတစ်ဆုပ် ပေးတယ်၊ ပြီး ဓာတ်ခွဲခန်းထဲကို ကျွန်တော်နှင့်အတူလိုက်လာပြီး ကျွန်တော်တို့ အတူတကွ သုတေသနလုပ်ကြတယ်' ဟူ၍ ဖြစ်ပါသည်။

ဓာတ်ခွဲခန်းထဲဝင်ပြီးနောက် ကာဗာက တံခါးကို ပိတ်လိုက်သည်။ ခါးမှာ အပေခံအဝတ်ကို စည်းလိုက်ပြီးနောက် မြေပဲတောင့်များကို အခွံခွာသည်။ ထိုနေ့တစ်နေ့လုံး၊ ထိုနောက် ညတစ်ညလုံး မြေပဲစေ့များကို သူ အမျိုးမျိုးအဖုံဖုံ ခွဲခြမ်းစိတ်ဖြာကြည့်နေသည်။ အဆီ ထုတ်သည်၊ အစေး ထုတ်သည်၊ သကြားထုတ်သည်၊ ကစီ ထုတ်သည်၊ အဆီအမျိုးမျိုး၊ အစေးအမျိုးမျိုး၊ သကြားအမျိုးမျိုးနှင့် အခြားဓာတ်ပစ္စည်းမျိုးစုံတွေ ခွဲခြမ်းထုတ်ယူ၍ ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပဲထဲက ထွက်လာသည့် ယင်းဓာတ်ပစ္စည်းများကို အမျိုးမျိုး အဖုံဖုံ ရောနှောခြင်း၊ အပူပမာဏ အမျိုးမျိုး၊ ဖိအားပမာဏ အမျိုးမျိုးတို့ဖြင့် ပြုပြင်ပြောင်းလဲစေခြင်းဖြင့် မြေပဲဆင်သက်တစ် ပစ္စည်းသစ် အမြောက်အမြား သူ ဆင့်ပွားဖန်တီး၍ ရလာသည်။

သူ ဖန်တီးလိုက်သည့် ပစ္စည်းများထဲတွင် နို့ပါသည်၊ ထောပတ် ပါသည်၊ ဆိုးဆေးတွေ၊ ဖိနပ်တိုက်ဆေးတွေ ပါသည်၊ ဖယောင်းချက် ပါသည်။ မြေပဲစေ့မှသာမက မြေပဲခွံမှပါ ဆင်သက်တစ်ပစ္စည်းတွေ အမျိုးမျိုး သူ စမ်းသပ် လုပ်ကိုင်ကြည့်သည်။ စီးပွားရေး နယ်ပယ်၌ အကန့်အသတ်မရှိ ကြီးထွားလာနိုင်သည့် မြေပဲ၏ အလားအလာများကို သူ ဝမ်းမြောက်အားတက်စွာ ဖော်ထုတ် တွေ့ရှိရလေသည်။

နှစ်နေ့နှင့် နှစ်ညလုံးလုံး ဓာတ်ခွဲခန်းတံခါးပိတ်ပြီး အလုပ် လုပ်နေသည့် အခါ တပည့်များ စိုးရိမ်လာပြီး တံခါးခေါက်ကာ အပြင်မှ မေးကြသည်။ ကာဗာက သူ့အတွက် မစိုးရိမ်ကြရန်နှင့် သူ့မှာ လုပ်စရာတွေ ရှိနေသေးသဖြင့် သူ့အား မနှောင့်ယှက်ကြရန်သာ ပြန်ကြားလိုက်သည်။

ထိုကာလ ဆောင်ရွက်ခဲ့သည့် သုတေသန အောင်မြင်ချက် များနှင့် ပတ်သက်၍ နောင်တွင် ကာဗာက 'ဘုရားသခင်ဟာ အစ ပထမ ကျွန်တော်တို့ကို သတ္တဝါ၊ သစ်ပင်နဲ့ သတ္တုဆိုတဲ့ လောကသုံးခု ဖန်ဆင်းပေးခဲ့တယ်၊ အခုတော့ သူက စတုတ္ထဖြစ်တဲ့ ဆင်သက်တစ် လောကကိုပါ တိုးဖြည့် ဖန်ဆင်းပေးခဲ့ပြီ' ဟူ၍ ကြွေးကြော်ပြောဆို ခဲ့သည်။

နောက်ပိုင်းကာလ၌ စိုက်ပျိုးထွက် သစ်ပင် သီးနှံများမှနေ၍ ဓာတုပစ္စည်းသစ်များ ပြုပြင်ထုတ်လုပ်သည့် အတတ်ပညာရပ်သည် လူသားအကျိုးပြု သိပ္ပံပညာရပ် အသစ်တစ်ခုအဖြစ် စနစ်တကျ ဖြစ်ထွန်းလာခဲ့ပြီး သီးနှံဓာတုပညာ (Chemurgy) ဟူသော အမည်



ဖြင့် လူသိများလာခဲ့ပါသည်။ ကာဗာကို လေးစားကြသည့် သည်ဘက် ခေတ် သီးနှံဓာတုပညာရှင်များကမူ ကာဗာသည် (Chemurgy) ဆိုသော ပညာရပ်အမည်နာမ မပေါ်ပေါက်မီကပင် ရှိခဲ့သည့်သီးနှံ ဓာတုပညာရှင် (Chemurgy) တစ်ယောက် ဖြစ်ပါသည်ဟု ဂုဏ်ပြု ပြောဆိုလေ့ ရှိကြပေသည်။

မြေပဲအတွက် ကာဗာ သဲသဲမဲမဲ သုတေသနပြုခဲ့သော ထိုကာလ ကား ၁၉၁၅ ခုနှစ်၊ အောက်တိုဘာလအတွင်းက ဖြစ်၏။ ဓာတ်ခွဲ ခန်းထဲမှနေ၍ အလွန်ပင်ပန်းနွမ်းနယ်စွာဖြင့် သူ ထွက်လာခဲ့သည်။ ဘုရားသခင်၏ လမ်းပြကူညီမှုဖြင့် မြေပဲအတွက် ဈေးကွက်ကို သူ တွေ့ရှိခဲ့ပြီ။ ယခု စိုက်ပျိုးထွက်ရှိသမျှသာမက ၎င်းထက် နောက်ထပ် သုံးဆမျှ ပို၍ စိုက်ပျိုးမိလျှင်ပင် မြေပဲများ အားလုံး ကုန်စင်အောင် ရောင်းချ၍ ရနိုင်သေးကြောင်း သူ တွက်ချက်မိခဲ့ပေသည်။

## လွှတ်တော်အမတ်များနှင့် လက်ရည်စမ်းပွဲ

ပထမကမ္ဘာစစ်အပြီး ၁၉၁၈ ခုနှစ်လောက်တွင်မူ ထိုစဉ်က မွေးစသူငယ် ဘဝလောက်သာ ရှိသေးသည့် မြေပဲစက်မှုလုပ်ငန်း၏ တန်ဖိုးမှာ တစ်နှစ်လျှင် ဒေါ်လာ သန်းရှစ်ဆယ်ဖိုးမျှ ရှိနေခဲ့ပြီ ဖြစ်၏။

သူညဘဝမှ နေ့ချင်းညချင်း ဝုန်းခနဲ တက်လာသည့်အခါ အမေရိကန်တောင်ပိုင်း စိုက်ပျိုးရေးသမားများ လောကတွင် မြေပဲကို အသဲအမဲ ဖြစ်လာကြသည်။ မြေပဲစီးပွားရေးကို ကာကွယ်ရန်အတွက် အမေရိကန်ပြည် မြေပဲလုပ်ငန်းရှင်များအသင်း ဟူသည်ကို ထူထောင် ကြသည်။

သို့သော် အမေရိကန်ပြည်မှာ မြေပဲလုပ်ငန်း တွင်ကျယ်နေ ကြောင်း၊ မြေပဲတွေ ဈေးကောင်းရနေကြောင်း သတင်းများထွက်

www.burmeseclassic.com

www.burmeseclassic.com



လာသည့်အခါ တရုတ်ပြည်ဘက်မှ အရှေ့တိုင်းမြေပဲတွေ တင်းပေါင်းသန်းချီ၍ ဝင်လာသည်။ ပြည်ပက မြေပဲတွေ ဈေးပေါပေါနှင့် ဝင်လာလျှင် မိမိတို့လုပ်ငန်း ထိခိုက်ကျဆင်းသွားနိုင်သဖြင့် ယင်းအား အခွန်အတုပ် စည်းကြပ်သောနည်းဖြင့် တားဆီးကာကွယ်ပေးရန် လွှတ်တော်သို့ မြေပဲသမားများက တင်ပြ တောင်းဆိုကြသည်။

လွှတ်တော်၌ ယင်းကိစ္စကို ကြားနာ စစ်ဆေးခါနီး ရက်တစ်ရက်တွင် ကာဗာထံသို့ သံကြိုးစာတစ်စောင် ဝင်လာသည်။ မြေပဲသမားများထံမှ ရိုက်လိုက်သော သံကြိုးစာဖြစ်၍ ၎င်းစာ၌

'ဝါရှင်တန်သို့ လာရောက်စေလိုသည်။ မြေပဲ၏ အလားအလာများနှင့် ပတ်သက်၍ ဆရာ တင်ပြပေးမှ ဖြစ်မည်'

ဟူ၍ ပါရှိသည်။ ကာဗာက မိမိလာရောက်မည်ဖြစ်ကြောင်း အကြောင်းပြန်လိုက်သည်။

အစည်းအဝေး၌ မြေပဲကိစ္စကို တင်ပြရန် အလှည့်ကျသည့် အချိန်၌ အခြေအနေက သိပ်မကောင်းတော့။ ဆန်ကိစ္စ၊ အသားကိစ္စနှင့် အခြားကုန်ပစ္စည်းအမျိုးမျိုးတို့၏ အရေးကိစ္စများကို ရှေ့က ဆွေးနွေးသွားနှင့်ပြီဖြစ်ရာ လွှတ်တော်အမတ်များ အားလုံးလိုလိုပင် အတော်သြောင်းညာ ပင်ပန်းနေကြပြီ ဖြစ်သည်။ ထို့ပြင် စောစောက ရှိခဲ့သည့် ငြင်းပွဲခုံပွဲများကြောင့် စိတ်တွေလည်း အတော်တိုနေကြပြီ ဖြစ်သည်။

အချိန်က ညနေလေးနာရီ ကျော်ခဲ့ပြီ။ နေ့ကား ၁၉၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့။

မြေပဲကိစ္စနှင့် ပတ်သက်၍ တင်ပြမည့် ပထမပုဂ္ဂိုလ်ကို ခေါ်လိုက်သည်။ ထိုလူက မိနစ်ငါးဆယ်ခန့် တင်ပြပြီးသော် အစည်းအဝေးကို ခေတ္တရပ်နားလိုက်သည်။



အစည်းအဝေး ပြန်စသည့်အခါ၌ တင်ပြရန် အလှည့်ကျသူမှာ ဂျော့ချ်ဝါရှင်တန်ကာဗာ ဖြစ်သည်။ နာမည်ကို ကြေညာလိုက်၍ ကာဗာ ထလာသည့်အခါ အခန်းထဲက ပုဂ္ဂိုလ်အားလုံး သူ့ကို အံ့သြဟန်ဖြင့် လှမ်းကြည့်ကြသည်။ လွှတ်တော်အစည်းအဝေးခန်းထဲတွင် နီဂရိုးတစ်ယောက် စကားတက်ပြောခြင်းမှာ မြင်တွေ့နေကျကိစ္စ တစ်ခုမဟုတ်။

ကာဗာက လေးလံသော သေတ္တာကြီးနှစ်လုံးကို ဆွဲကာ စကားပြောစင်ရှိရာသို့ ထွက်လာသည်။ အားလုံး တိတ်ဆိတ်စွာ ကြည့်နေကြစဉ် တစ်ယောက်က လှမ်းနောက်သည်။

'မြေပဲတွေအများကြီး စုဆောင်းမိထားတဲ့ ဖမြကြွက်တစ်ကောင်နဲ့ တူတယ်ဗျို့'

နောက်ပြောင်သည့် စကားသံကို ကာဗာ ပီပီသသကြားလိုက်ရသည်။ သို့သော် သူက သည်စကားအတွက် နည်းနည်းလေးမျှပင် လှုပ်ရှားခြင်းမရှိ။ သူ့တစ်သက်တာမှာ သည့်ထက်မက ပြင်းထန်ဆိုးရွားသည့် နောက်ပြောင်စော်ကားမှုတွေ ခံခဲ့ရပေါင်း များလှပြီဖြစ်သည်။ သူက ဟောပြောစင်သို့သွားကာ သူ့သေတ္တာများကိုသာ အေးအေးဆေးဆေး ဖွင့်နေသည်။

သည်အတွင်း သဘာပတိက ကာဗာအတွက် စကားပြောရန် အချိန်ဆယ်မိနစ်သာ ပေးနိုင်မည်ဖြစ်ကြောင်း ကြေညာသည်။ မြန်မြန်လုပ်ပါဆိုသည့် သဘော။ ကာဗာ နည်းနည်းစိတ်မာတ်ကျသွားသည်။ ဆယ်မိနစ်နှင့်ကား သူ တင်ပြချင်သမျှကို ပြည့်ပြည့်စုံစုံ ပြော၍ရမည် မဟုတ်။

သူက သေတ္တာနှစ်ခုထဲက ပစ္စည်းများကို ကြည့်ကာ မည်သို့စတင် ပြောဆိုရမည်ကို စဉ်စားနေဆဲမှာပင် အမတ်တစ်ယောက်က လှမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အကောက်ခွန် ကိစ္စနဲ့ ပတ်သက်လို့ ခင်ဗျား ဘာတွေ သိထား သလဲ'

'ဘာမှ မသိပါဘူး ခင်ဗျာ'

ကာဗာ တည်ငြိမ်စွာ ပြန်ဖြေသည်။

'ကျွန်တော်က မြေပဲအကြောင်း တင်ပြဖို့ လာခဲ့တာပါ'

ထို့နောက် သူက သေတ္တာများထဲက ဘူးတွေ၊ ပုလင်းတွေ တစ်ခုပြီး တစ်ခု ထုတ်ယူ၍ ပြသသည်။ မြေပဲမှ ထုတ်ယူသည့် အစားထိုးကွိုနိုင်၊ မြေပဲထွက် တိရစ္ဆာန်အစာ၊ မြေပဲလုပ် ကနုကမာအတု၊ ထို့နောက် အမျိုးပေါင်းသုံးဆယ်မျှရှိသည့် အရောင်ဆိုးဆေးများ။

မြေပဲမှ ထုတ်လုပ်ထားသည့် ပစ္စည်းနမူနာတွေ တစ်ခုပြီး တစ်ခု ထုတ်ပြကြေညာရင်းနှင့်ပင် သူ့အတွက် ပေးထားသည့်အချိန် ဆယ်မိနစ်က ကုန်ဆုံးသွားသည်။ သို့သော် လွှတ်တော်အမတ်များက သူ့အား စိတ်ဝင်စားသွားကြပြီဖြစ်ရာ နောက်ထပ် အကန့်အသတ်မရှိ ဆက်ပြောရန် ခွင့်ပြုလိုက်ကြလေသည်။ သို့နှင့် သူက နှစ်နာရီနီးပါးမျှ ကြာအောင်ပင် မြေပဲတရားကို တောက်လျှောက် ဟောကြားတော့သည်။

အရောင်ချွတ်ဆေး၊ ဖျက်ဆေး၊ နို့မှုန့် စသည်ဖြင့် နောက်ထပ် ပစ္စည်း အမျိုးမျိုး ထုတ်ပြ ရှင်းလင်းပြသည်။ ထို့နောက် မေးခွန်းများကို ဖြေဆိုသည်။

လွှတ်တော်အမတ် ဘာကလေ။ ။ပန့်ချ် (ရှောက်အရက်ဖျော်ရည်) စပ်သောက်မယ်ဆိုရင်ကော ဖြစ်နိုင်မလားဗျ။

ကာဗာ။ ။ဖြစ်ပါတယ် ခင်ဗျာ၊ ကျွန်တော် နမူနာပြပါ့မယ်။

အသံများ။ ။ဟုတ်ပြီဗျို့၊ လုပ်စမ်းပါဦးဗျာ။

ကာဗာ။ ။ ဟောဒီမှာ လိမ္မော်နဲ့ စပ်ထားတာ၊ ဒါက ရှောက်ရည်နဲ့၊ ဟောဒါက ချယ်ရီပါ၊ ဒီဟာက လျှပ်တစ်ပြက် ကော်ဖီပါ၊



သကြားရော ဘာရော အပြီးပဲ။ သူ့ကို ရေနွေးပူပူထဲ ထည့်ဖျော်သောက်ရုံပဲ၊ ဟောဒါက ထောပတ်နှုတ်ထားတဲ့ နို့၊ ဒါက အချဉ်ရည် (ဆော့စ်)၊ ဒါက ချဉ်ဖတ်၊ အားလုံး မြေပဲက လုပ်ထားတာတွေချည်းပါပဲ။

ဘာကလေ။ ။ ခင်ဗျား အဲဒါတွေအားလုံး ဘယ်မှာသင်ခဲ့တုံးဗျ။

ကာဗာ။ ။ စာအုပ် တစ်အုပ်ထဲမှာ တွေ့တာပါ။

ဘာကလေ။ ။ ဘယ်စာအုပ်လဲဗျာ။

ကာဗာ။ ။ သမ္မာကျမ်းစာပါ၊ ကမ္ဘာဦးကျမ်းထဲမှာ ဆိုထားပါတယ်၊ 'ကြည့်ရှုလော့၊ မြေကစ်ပြင်လုံး၌ စပါးသီးကို ဖြစ်စေသော စပါးပင်အမျိုးမျိုးတို့ကိုလည်းကောင်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးတို့ကိုလည်းကောင်း စားစရာဖို့ ငါပေး၏'တဲ့။

ဆွေးနွေး မေးမြန်းပွဲ ပြီးဆုံးသွားသော အခါ၌ လွှတ်တော်ကော်မတီပင်အမတ်များအားလုံး ထ၍ သူ့အား ဂုဏ်ပြု သြဘာပေးကြလေသည်။ သို့နှင့် နောက်နှစ်မှာပင် ပြည်ပမှ တင်သွင်းလာသော မြေပဲများအပေါ်တွင် အခွန်အကောက်စည်းကြပ်ရေးတည်းဟူသော မြေပဲတောင်သူတို့၏ လိုအင်ဆန္ဒလည်း ပြည့်ဝသွားခဲ့လေသည်။

လွှတ်တော်အမတ်များကို အပိုင်စည်းရုံးနိုင်ခဲ့ပြီးသည့်နောက်တွင် ကာဗာက မြေပဲနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများကို ဆက်လက် လုပ်ကိုင် နေခဲ့သေးသည်။ သူ ကွယ်လွန်ချိန်၌မူ သူ ဖော်ထုတ်တွေ့ရှိခဲ့သည့် မြေပဲထုတ်ပစ္စည်း အမျိုးပေါင်းမှာ သုံးရာကျော်မျှ ရှိခဲ့ပြီ ဖြစ်သည်။ ယင်းတို့ အထဲတွင် ကြမ်းခင်းများ ဆိုင်ကောင်တာ အခင်းများအဖြစ် သုံးစွဲသည့် လီနိုလီယမ်ပြားများ၊ အရောင်တင်ဆီ၊ သစ်သားအရောင်သွင်းဆေး၊ ကော်အမျိုးမျိုး ပလတ်

www.burmeseclassic.com

www.burmeseclassic.com



စတာစ်အမျိုးမျိုး၊ ချောဆီ၊ ချွတ်ဆေးရည်၊ ခေါင်းလျှော်ရည် စသည်တို့လည်း ပါဝင်သည်။ ထိုပစ္စည်းများကို ထုတ်လုပ်ရောင်းချသည့် စက်ရုံ အလုပ်ရုံများလည်း အမြောက်အမြား ပေါ်ပေါက်ခဲ့ခြင်းဖြင့် မြေပဲစီးပွားရေးလုပ်ငန်းမှာ များစွာကြီးထွားဖွံ့ဖြိုးခဲ့ရာ နောင်အခါ၌မူ မြေပဲသည် အမေရိကန်ပြည်ထောင်စု၏ ဆဋ္ဌမမြောက် အရေးပါဆုံး စိုက်ပျိုးသီးနှံတစ်ခု ဖြစ်ခဲ့ပေသည်။ သည်ဘက်ခေတ်၌ အမေရိကန်ပြည်တွင် ပျမ်းမျှခြင်း တစ်နှစ်လျှင် မြေပဲ ပေါင်ချိန် သန်းနှစ်ထောင်မျှ ထွက်ရှိခဲ့ရာ စိုက်ပျိုးသူများ အနေနှင့် တစ်နှစ်လျှင် ဒေါ်လာ သန်းသုံးရာမျှ ရရှိကြပြီး မြေပဲထွက်ပစ္စည်း ထုတ်လုပ်ရောင်းချသည့် စက်မှု လုပ်ငန်းများက ဒေါ်လာ သန်းနှစ်ရာဖိုးမျှ အကျိုးခံစားခွင့် ရရှိကြပေသည်။

## ကမ္ဘာမြေ တစ်ခုလုံး ကျွန်တော် ရထားပြီးပါပြီ

၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တပ်စကီဂီး ကျောင်းအုပ်ကြီး ဘွတ်ကာ၊ တီ၊ ဝါရှင်တန် ကွယ်လွန်သည်။ ဝါရှင်တန်မှာ နီဂရိုးများ၏ဘဝ တိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ရာ သူ ကွယ်လွန်သွားခြင်းမှာ နီဂရိုးလောကအတွက် ကြီးစွာသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ခဲ့သည်။ တောင်ပိုင်းနယ်တစ်ခွင်ရှိ နီဂရိုးများအားလုံး ကြေကွဲမဆုံးနိုင်အောင် ရှိကြသည်။

ဝါရှင်တန်နှင့် နှစ်ပေါင်းနှစ်ဆယ်နီးပါး လက်တွဲဆောင်ရွက်ခဲ့သည့် ကာဗာအဖို့လည်း အကြီးအကျယ် စိတ်ထိခိုက်စရာ ဖြစ်ခဲ့သည်။ သို့သော် ကာဗာကတော့ နှမြောတသခြင်းဖြင့် အချိန်ကုန် မနေစေဘဲ အလုပ်ထဲမှာသာ မြှုပ်နှံ၍ နေခဲ့သည်။



သူ၏ သုတေသန လုပ်ငန်းများက ပို၍ ပို၍လည်း စိတ်ဝင်စားဖွယ်၊ အားတက်ဖွယ် ဖြစ်လာသည်။ ဝါရှင်တန် မကွယ်လွန်မီ ငါးနှစ်ခန့်ကပင် တပ်စကီဂီးသိပ္ပံကျောင်း အုပ်ချုပ်ရေးအဖွဲ့က စိုက်ပျိုးရေး သုတေသနဌာန တစ်ခု ဖွင့်လှစ်ပေးပြီး ကာဗာအား ယင်းဌာနကို ဦးစီးစေခဲ့သည်။ သူ့အား သင်ကြားရေး အပိုင်းတွင် အချိန် အနည်းငယ်မျှသာ သုံးစွဲကာ ကျန်အချိန်များ အားလုံးကို သုတေသန လုပ်ငန်းများ၊ 'ဖန်တီးမှုသိပ္ပံပညာ' လုပ်ငန်းများ အတွက် မြှုပ်နှံနိုင်ရန် စီစဉ်ပေးခဲ့ကြသည်။

သီးနှံစိုက်ပျိုးရေးပညာ၊ အာဟာရဗေဒ၊ ဓာတုဗေဒ၊ မျိုးရိုးပညာ၊ မှိုပညာ၊ အပင်ရောဂါဗေဒ စသည့် ဘာသာရပ်များအား ကာဗာသည် မိမိ၏ အသစ်တွေ့ရှိချက် များစွာတို့ဖြင့် ပို၍ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ထို့ပြင် နောက်ပိုင်းကာလ၌ ကာဗာသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများမှ ထွက်လာသည့် စွန့်ပစ်ပစ္စည်းများအား ကုန်ကြမ်းအဖြစ် သုံးစွဲကာ ပစ္စည်းမျိုး ဖန်တီးထုတ်လုပ်နိုင်ရေးကိုလည်း ပို၍ ပို၍ စိတ်ဝင်စားစွာ သုတေသနပြုခဲ့သည်။

စွန့်ပစ်ပစ္စည်းကို အသုံးဝင်ပစ္စည်းအဖြစ်သို့ ပြောင်းလဲဖန်တီးရေး အတွေးအခေါ်နှင့် သုတေသနပြုချက်များသည် ကာဗာ၏ လူသားအကျိုးပြု စွမ်းဆောင်မှုများအနက် အရေးပါဆုံး၊ တန်ဖိုးအရှိဆုံး လုပ်ရပ်တစ်ခု ဖြစ်သည်ဟု အချို့ပုဂ္ဂိုလ်များက ယူဆခဲ့ကြသည်။ ယခင်ကမူ စိုက်ပျိုးရေးပစ္စည်းများကို အစားအစာနှင့် အဝတ်အထည် အဖြစ်မှတစ်ပါး အခြား ဘာမျှလုပ်ရန် ရည်ရွယ်ချက် မရှိခဲ့ကြ။ မြေပေါ်မှာ ကြီးထွားလာသည့် သက်ရှိပစ္စည်းများထဲမှ ဓာတုဗေဒ တန်ခိုးစွမ်းအားကို လိုအပ်သလို ထိန်းချုပ်စေစားနိုင်လျှင် လူသုံးပစ္စည်းအမြောက်အမြားပင် စိုက်ပျိုးပင်ထဲက ထွက်လာနိုင်သည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အယူအဆနှင့် သိပ္ပံယုံကြည်ချက်ကို ကာဗာက စတင်၍ ဖော်ထုတ်မြှင့်တင်ပေးခဲ့ခြင်း ဖြစ်ပေသည်။

သို့သော် သူ့စိတ်ကူးထဲမှ အတော်များများမှာမူ လက်တွေ့အကောင်အထည်ဖော်ဖြစ်ရန်အတွက် နှစ်ပေါင်းများစွာ ကြာခဲ့သည်။

သူသည် တောင်ပိုင်းဒေသ ထင်းရှူးပင်များမှ စက္ကူ ထုတ်နိုင်သည့်နည်းစဉ် တစ်ခုကို ပြသခဲ့သည်။ သို့သော် သူ၏ နည်းစဉ်ဖြင့် ထုတ်လုပ်သည့် စက္ကူစက်ရုံကြီးများကား နောက်နှစ်ပေါင်း အစိတ်မျှကြာပြီးသည့်နောက်တွင်မှ ပေါ်ပေါက်လာခဲ့သည်။ သူသည် မြေပဲခွံနှင့် အခြားအစားအစာ စွန့်ပစ်ပစ္စည်း အချို့မှနေ၍ ဆင်သက်တစ်မာဘယ် ကျောက်တစ်မျိုး စမ်းသပ်ပြုလုပ်ပြခဲ့ရာ ယင်းမှာ နောင်အခါ ဟင်းသီးဟင်းရွက်မျိုးစုံမှ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ဖန်တီးထုပ်လုပ်ရေးအတွက် ရှေ့ပြေးဖြစ်လာသည်။ ထို့ပြင် သံမဏိအသုံးပြုသည့်နေရာ၌ ဆယ်လူလို့စ် ပစ္စည်းများ အစားထိုး သုံးစွဲနိုင်နိုင်ရန် စမ်းသပ်ကြည့်ခဲ့ရာ အောင်မြင်သဖြင့် ယခုအခါ စက်ယန္တရား အများအပြား၌ပင် အချို့အစိတ်အပိုင်းများနေရာ၌ သံမဏိအစား စိုက်ပျိုးရေးထွက်ပစ္စည်းများကို သုံးစွဲလျက် ရှိကြပြီဖြစ်သည်။

ကာဗာသည် ကန်စွန်းဥကိုလည်း မြေပဲနည်းတူ သုတေသနပြုခဲ့၍ ကန်စွန်းဥမှ ပစ္စည်းအမျိုးပေါင်း ၁၁၈ မျိုး ထုပ်လုပ်ပြခဲ့၏။ ယင်းအနက် ထူးထူးခြားခြား အသုံးဝင်သော တီထွင်မှုတစ်ရပ်မှာ ကန်စွန်းဥပေါင်တစ်ရာမျှကို သာမန်ရေဘူးအရွယ်ရှိ သတ္တုဘူးသေးသေးတစ်ခုတွင် ထည့်ယူ သွားနိုင်လောက်အောင် ဝန်ကျဉ်းသွားသည့် ကန်စွန်းမှုန့်များ အဖြစ်သို့ ပြောင်းလဲသောနည်း ဖြစ်၏။ ယင်းသို့ပြုလုပ်လိုက်သဖြင့် အလွန်ဝန်ပေါ့သွားသကဲ့သို့ နှစ်ရှည်လများလည်း မပျက်မစီးဘဲ ထားသို၍ ရလာပေသည်။ စားသုံးလိုသည့်အခါ၌ အမှုန့် အနည်းငယ်ကို ရေနှင့် ဖျော်စပ်ကာ ကစီဓာတ် ပြည့်ဝသော



အာဟာရတစ်ခုအဖြစ် ဖန်တီးနိုင်ပေသည်။ ယင်းနည်းမှာ ပထမကမ္ဘာစစ် အတွင်းရှိ ရိက္ခာခြောက်ကိစ္စ အရေးကြီးလာချိန်တွင် သူတီထွင်ဖန်တီးခဲ့ခြင်းဖြစ်ရာ နောင်အခါ ကြီးကျယ်ဖြစ်ထွန်းလာမည့်ရေထုတ်အခြောက်ခံ စားစရာလုပ်ငန်းအတွက် ရှေ့ပြေးတစ်ခု ဖြစ်ခဲ့ပြန်သည်။

ကာဗာ၏ စိတ်ဝင်စားမှုများနှင့် လုပ်ဆောင် အောင်မြင်မှုများကား ပြီးဆုံးနိုင်သည် မရှိတော့ပေ။

သူသည် အမေရိကလီမွှော် တစ်မျိုးမှနေ၍ အရည်တစ်ခုဆုတ်ယူရရှိခဲ့သည်။ ယင်းအရည်သည် အမာဆုံးအသားကိုပင် အလွယ်တကူ နူးစေနိုင်သော သတ္တိရှိရာ အစားအသောက် လုပ်ငန်းရှင်များအတွက် များစွာအသုံးဝင်သော ပစ္စည်းတစ်ခု ဖြစ်ခဲ့သည်။ စိုက်ပျိုးရေးသမားများအတွက် အနှောင့်အယှက် ဖြစ်နေသည့် ပေါင်းပင်များကိုလည်း အချည်းနှီး အကျိုးမဲ့သက်သက်ဟု ကာဗာ မယူဆခဲ့ပေ။ လယ်ကွင်းများတွင် တွေ့ရတတ်သည့် ပေါင်းပင်ကြီးငယ် အပါအဝင်ပေါင်းပင်အမျိုးပေါင်း ၂၅၀ ကျော်ကို လေ့လာကာ ယင်းတို့မှနေ၍ဆေးဖက်ဝင် ပစ္စည်းပေါင်းများစွာကို သူ ဖော်ထုတ်ပေးခဲ့သည်။

အလားတူပင် ဓာတုဗေဒပညာရှင်များက ရေယွန် အစရှိသည့်ချည်မျှင်အတုများကို တီထွင်ပေးပြီး စက်မှုလုပ်ငန်းရှင်များက စီးပွားဖြစ်ထုတ်လုပ် ရောင်းချလာကြသဖြင့် ဝါဂွမ်းစိုက်ပျိုးသူများ အကြီးအကျယ်နိုးရိမ်သောက ရောက်ကြရသည့်အခါ ကာဗာက ဝါချည်နှင့် ပလတ်စတစ် တွဲဖက်သည့် ပစ္စည်းများ ပြုလုပ်ခြင်း အပါအဝင် ဝါကိုအထည်အလိပ်လုပ်ငန်း နယ်ပယ်ပြင်ပသို့ တိုးချဲ့ ဖြန့်ကြက်ပေးနိုင်သည့်နည်းလမ်းများ ကြံဆဖော်ထုတ်ပေးခြင်းဖြင့် ဝါသမားတို့အား အသက်ရှူချောင်စေခဲ့ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကာဗာသည် ရွံ့စေးမြေမှ ဆေးရောင်များ ထုတ်ယူနည်းကိုလည်း အလွန်စောစီးစွာပင် တွေ့ရှိခဲ့သည်။ သူ ဖော်ထုတ်ရယူသည့် ဆေးတစ်မျိုးမှာ နေအိမ်များအတွက် အလွန်စရိတ်စက နည်းသည့် သုတ်ဆေးတစ်ခုအဖြစ် များစွာအသုံးဝင်ခဲ့သည်။ ကာဗာ၏ နောက်ထပ် စမ်းသပ်မှုတစ်ရပ်မှာ ပဲပိစပ်မှ ရသည့် ဆီကို မော်တော်ယာဉ်များအတွက် မှုတ်ဆေး ဖျော်စပ်ရာ၌ အသုံးပြုခြင်း ဖြစ်သည်။ ထို့ပြင် ကာဗာသည် ပုံဖျက်ဆေးများနှင့် ပတ်သက်၍လည်း သုတေသနပြုခဲ့ရာ ဒုတိယကမ္ဘာစစ် ဖြစ်သောအခါ၌ အမေရိကန်စစ်တပ်သည် ကြီးမားလှသည့် ပုံဖျက်လုပ်ငန်း အစီအစဉ်ကြီး၌ ကာဗာ၏ နည်းစနစ်များကို ထိထိရောက်ရောက် အသုံးချခဲ့ပေသည်။

ကာဗာ၏ များပြားလှသော ရှာဖွေတွေ့ရှိချက်များအနက်မှ တစ်ခုချင်းစီတို့သည် သူ့အား သူ့ကြွယ်ဘဝသို့ရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းရှိခဲ့၏။ သို့သော် ကာဗာအား သူ၏ ရှာဖွေတွေ့ရှိချက်များအတွက် အခကြေးငွေများ တစ်သက်ပတ်လုံး ရယူ ခံစားခြင်း မရှိခဲ့ပေ။ စင်စစ် သူ့၌ ငွေကြေးကိုမက်မောသောစိတ် ဟူ၍ မရှိသလောက် ကင်းမဲ့ခဲ့၏။ သူ့အား လစာ တိုးမြှင့်ပေးမည် ပြုတိုင်းလည်း သူ ငြင်းဆန်ခဲ့၏။

'ပိုက်ဆံနဲ့ ဘာလုပ်ရမှာလဲဗျာ၊ ကမ္ဘာမြေ တစ်ခုလုံး ကျွန်တော် ရထားပြီးမှပဲ'

ဟူ၍ သူ ပြောခဲ့ဖူးသည်။ တပ်စကီဂီးကျောင်းသို့ ရောက်ပြီး နှစ်ပေါင်းလေးဆယ် ကြာသည့်အချိန်၌လည်း သူ့လစာငွေမှာ ကျောင်းအုပ်ကြီး ဝါရှင်တန် စ၍ပေးခဲ့သည့် တစ်လလျှင် ၁၂၅ ဒေါ်လာနှုန်းထက် လုံးဝ မပိုခဲ့ပေ။

ဤငွေကိုပင် သူ သုံးစွဲလေ့မရှိ။ လစာချက်လက်မှတ်များကို အင်္ကျီအိတ်တစ်ခုခုထဲ ထည့်လျှင်ထည့် သို့မဟုတ် အံဆွဲထဲထည့်ထားမိ



တတ်သည်။ တစ်စုံတစ်ယောက်ကို ပေးချင်ကမ်းချင်သည့်အခါတွင်မှ ချက်လက်မှတ်တွေကို ဟိုမှာ သည်မှာ လိုက်ရှာရလေ့ ရှိသည်။ တစ်သက်တာ၌တွင်း သူ ပေးကမ်းထောက်ပံ့ခဲ့သည့် ကျောင်းသားပေါင်း မည်ရွေ့မည်မျှ ရှိမည်ကို မည်သူမျှ မသိနိုင်။ လိုက်လံ မေးမြန်း စုံစမ်းကြည့်သည့်အခါ သူ့တပည့် ကျောင်းသားတိုင်းလိုလိုပင် တစ်ကြိမ်မဟုတ် တစ်ကြိမ် သူ့ထံမှ ငွေကြေးအကူအညီ ယူဖူးရဖူးခဲ့ကြောင်း တွေ့ရှိရပေသည်။

သူ့ထံမှ အကြံဉာဏ်အတွက် သူ့အား ငွေကြေးကြိုက်သလောက် ပေးပါမည်ဟု ဆိုကြသည့် စီးပွားရေး လုပ်ငန်းရှင်များလည်း အမြဲ ဝိုင်းလျက်ရှိသည်။ တစ်ခါက ဖလော်ရီဒါပြည်နယ်ရှိ မြေပဲစိုက်ပျိုးသူ တစ်စုက ရောဂါ ဖြစ်နေသည့် မြေပဲပင် နမူနာတချို့ကို ဒေါ်လာ တစ်ရာတန် ချက်လက်မှတ်တစ်ခုနှင့်အတူ သူ့ထံ ပို့ပေးလိုက်သည်။ သူတို့ မြေပဲများ၏ ကျန်းမာရေးကို စစ်ဆေးပြီး လိုအပ်သလို ကုသပေးပါ၊ ပါမောက္ခကြီးအား ဉာဏ်ပူဇော်ခ လစဉ်ပုံမှန်ချီးမြှင့်ပါမည်ဟုလည်း စာတစ်စောင်ပူးတွဲပါလာသည်။ ကာဗာသည် ၎င်းမြေပဲပင်များတွင် ကျရောက်နေသော ရောဂါနှင့်ပတ်သက်သော မှတ်ချက်ကို ရေးသားပြီး ၎င်းတို့ ပေးသည့် ချက်လက်မှတ်နှင့် အတူပင် ပြန်လည် ပေးပို့လိုက်သည်။

ထို့ပြင် စာတိုလေးတစ်စောင်လည်း ရေးသားလိုက်၏။ ထိုစာ၌

'သင်တို့အား ဘုရားသခင်က မြေပဲများ အခမဲ့ စိုက်ပျိုးခွင့်ပြုခဲ့သည်ဖြစ်ရာ ကျွန်တော့်အနေဖြင့် ၎င်းမြေပဲများ ကျန်းမာအောင် ကုသပေးခြင်းအတွက် အခကြေးငွေ ယူမည်ဆိုက သင့်တော်မည် မဟုတ်ပါ'

ဟူ၍ ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ၌လည်း ကာဇာသည် အရောင်ဆိုးဆေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလျက်ရှိကြောင်း၊ ကုန်ကျစရိတ် သက်သာသည့် ဆိုးဆေးပစ္စည်းပေါင်း များစွာလည်း ဟီထွင်ဖော်ထုတ် ထားကြောင်း သိရှိသည့် ကုမ္ပဏီတစ်ခုက သူ့အား ဓာတ်ခွဲခန်းတစ်ခု ဆောက်လုပ်ရန်အတွက် လိုအပ်သည်ထင်သလောက် ကိန်းဂဏန်း ရေး၍ ထုတ်ယူနိုင်သည့် ချက်လက်မှတ်တစ်စောင် ပေးပို့၏။ ကာဇာက ထိုအချိန်အထိ သူ ဖော်ထုတ်ရရှိခဲ့သည့် ဆိုးဆေးဖော်မြူလာ ၅၃၆ မျိုးကို ရေးသားပြီး ၎င်းချက်လက်မှတ်နှင့်အတူပင် ပြန်လည် ပေးပို့ခဲ့သည်။ တစ်ခါ၌မူ ဆင်သက်တစ်မာဘယ်ကျောက်များဖြင့် ပန်းခြံသုံးပစ္စည်းများ ပြုလုပ်သည့် သူ၏ နည်းစဉ်များကို အသုံးပြု လိုသည့် ကုမ္ပဏီတစ်ခုက သူ့အား ငွေကြေး အမြောက်အမြား ပေး၍ ကမ်းလှမ်းပြန်သည်။ ကာဇာသည် ငွေကြေးကို အလိုမရှိကြောင်း၊ နည်းပညာအတွက်မူ မည်သူ့ကိုမဆို ကူညီမည်သာ ဖြစ်ကြောင်း သိရှိသွားသည့်အခါ ၎င်းကုမ္ပဏီသည် စက်ရုံများ၊ စက်ပစ္စည်းများကိုပါ ကာဇာရှိရာ တပ်စကီဂီးသို့ ရွှေ့ပြောင်းလာခဲ့ပြီး ကာဇာထံမှ အကြံ ဉာဏ်ကို မှန်မှန်ကြီးပင် အခမဲ့ ရယူသုံးစွဲလေတော့သည်။

တီထွင်သူကြီး သောမတ်အက်ဒီဆင် ကိုယ်တိုင်လည်း ကာဇာ အား သူ၏ သုတေသနဓာတ်ခွဲခန်းကြီးတွင် လာရောက်လုပ်ကိုင်ပါရန် ဖိတ်ခေါ်ဖူး၏။ လစာအဖြစ် အနိမ့်ဆုံး တစ်နှစ်လျှင် ဒေါ်လာတစ်သိန်း ထုတ်ယူပါဟုလည်း ဆို၏။ အခြားသူများအား ငြင်းသလို အက်ဒီဆင် အားလည်း သူ ငြင်းခဲ့သည်။ သူ့အနေနှင့်မူ ဘုရားသခင်က သူ့အား ပေးခဲ့သည့် လက်ဆောင်မွန်များအပေါ်မှနေ၍ နောက်ထပ် ငွေကြေး ဆုလာဘ်များ သူ မျှော်မှန်းလိမ့်ဦးမည်လားဟု ယုံမှားသံသယ ရှိကြ သူများကိုသာ အံ့ဩနေမိလေသည်။



'ခင်ဗျား အဲဒီငွေကြေးတွေ လက်ခံလိုက်ရင် ခင်ဗျား လူမျိုး တွေကို ပိုပြီး အကူအညီ ပေးနိုင်မယ် မဟုတ်လား'

ဟု တစ်စုံတစ်ယောက်က ပြောဖူး၏။

'အဲဒီ ငွေကြေးတွေ လက်ခံ လိုက်ရပြီးရင် ကျွန်တော့်လူမျိုး တွေကို ကျွန်တော် မေ့ချင် မေ့သွားမှာပေါ့ဗျာ'

ဟူ၍သာ သူက တုံ့ပြန် ပြောဆိုခဲ့ပေသည်။

## တပ်စကီဂီးက သုတေသီ ပညာရှိ

ကာဇာ၏ ဂုဏ်သတင်းမှာ ကမ္ဘာတစ်လွှား ပျံ့နှံ့ကျော်ကြားလာသည်။ တပ်စကီဂီးစာတိုက်သို့ ရောက်ရှိလာသည့် စာများအနက် အများအပြား မှာ ကာဇာထံသို့ ပေးပို့ခြင်းများ ဖြစ်၏။ ကချို့စာများ၌ အမည်နာမပင် ဖော်ပြမထား။ 'မြေပဲပါရဂူ၊ တပ်စကီဂီးမြို့' ဟူ၍သာ ရေးထိုးထား သည်ကို တွေ့ရသည်။ နေ့စဉ် ကာဇာထံသို့ ရောက်ရှိသည့် စာ ပေါင်းမှာ ပျမ်းမျှခြင်း စောင်ရေ ၁၅၀ ခန့် ရှိ၏။ ထိုစာများကို သူ ဂရုတစိုက် ဖတ်ရှုကာ အသေးစိတ် ပြန်ကြားလေ့ ရှိ၏။ သူ့ထံသို့ ရောက်ရှိသည့် ဧည့်သည်များလည်း တစ်နေ့တခြား များလာ၏။ သူက အားလုံးအတွက် တံခါးဖွင့်ထားပေသည်။ လယ်သမားများက သီးနှံကိစ္စ မေးမြန်းကြ၏။ မြို့နေလူများက အိမ်ခြံဥယျာဉ်မှ ပြဿနာ များ လာရောက် မေးမြန်းကြ၏။ အဆောင်နေ ကျောင်းသားများ ကလည်း အမြဲ ဝင်ထွက်လျက် ရှိ၏။

သူသည် ကျောင်းအတွင်း အလွန် လေးစား ကြည်ညိုခြင်းခံရ သော သုတေသီ ပညာရှိကြီးတစ်ဦး ဖြစ်လာသည်။ သူ့ကိုယ်ပေါ်၌ လွှန်ခဲ့သော နှစ်ပေါင်းလေးဆယ်ခန့် စန္ဒရားတီးပြီး ရန်ပုံငွေရှာသည့် ခရီးထွက်စဉ်က ကျောင်းကချီးမြှင့်ခဲ့သည့် ဝတ်စုံကြီးကို ဝတ်ဆင်လျက် တွေ့ရတတ်သည်။ သူ့ရင်ဘတ်တွင် ချိတ်တွဲထားသည့် လည်စည်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခွဲမှ သူ စမ်းသပ် တီထွင်လျက်ရှိသည့် အရောင်ဆိုးဆေး အမျိုးမျိုးတို့ စွန်းထင်း နေသည်ကိုလည်း အမြဲ မြင်တွေ့ကြရသည်။ တစ်နေ့တခြား မအားမလပ် ဖြစ်လာနေသည့်ကြားက ပန်းချီသင်တန်း တစ်ခု သူ ဖွင့်ပြန်သည်။ သဘာဝ ရွံ့စေးမြေက ပေးသည့် ဆေးရောင်စုံများ၊ မြေပဲခွံပျော့ဖတ်ဖြင့် ပြုလုပ်သည့် ပိတ်ကားစများကို အသုံးပြုကာ ပန်းချီရေးဆွဲကြခြင်း ဖြစ်သည်။ ထိုအချိန်၌ ကာဗာသည် ကမ္ဘာသိ ပန်းချီကျော်တစ်ဦး ဖြစ်နေပြီ။ သူ၏ 'မက်မုံသီးလေးလုံး' ပန်းချီကားမှာ ပါရီရှိ နာမည်ကျော် လူဗွန်ဘိုးပြခန်းတွင် ချိတ်ဆွဲပြသခြင်း ခံရသည်။ သို့သော် ကာဗာက သူ့လက်ရာကို ပြခန်းကြီးများသို့သာ ပေးအပ်နိုင်မည်ဟု သဘောမထား။ မြတ်မြတ်နိုးနိုး တောင်းခံလာသူမှန်သမျှကို အလွယ်တကူ ချပေးလိုက်စမြဲ ဖြစ်သည်။

ကာဗာသည် စာစောပိုင်းနှစ်များကပင် တပ်စကီဂီး ကျောင်းသားများအား တနင်္ဂနွေညနေတိုင်း သူ၏အခန်းတွင် တွေ့ဆုံကာ သိပ္ပံပညာနှင့် သမ္မာကျမ်းစာတို့ ဆက်စပ်ပုံအကြောင်းကို ပြောကြားလေ့ရှိခဲ့၏။ အစပထမ၌ သာမန်တွေ့ဆုံပွဲ၊ အလွတ်သဘော ဆွေးနွေးပွဲကလေးမှာ စိတ်ဝင်စားသူတွေ တဖြည်းဖြည်းများလာပြီး သူ့အခန်းနှင့် မဆံ့အောင် ဖြစ်လာသဖြင့် နောက်ပိုင်း၌ စာကြည့်တိုက်ခန်းမထဲသို့ ရွှေ့ပြောင်း ကျင်းပရပြီး ပုံမှန်သင်တန်း တစ်ခုကဲ့သို့ ဖြစ်လာသည်။ ထိုင်ခုံ သုံးရာမျှ ရှိသည့် ခန်းမမှာ အပတ်တိုင်းလိုပင် လူပြည့်လျက်ရှိလေသည်။

ကာဗာက သင်တန်းကို ညနေခြောက်နာရီတိတိတွင် အမြဲစတင်သည်။ သူ့ဟောပြောပို့ချချက်များမှာ အလွန်ရှင်းလင်းပြတ်ပြတ်လှသည်။ တစ်ခါတစ်ရံ၌ အံ့သြတုန်လှုပ်ဖွယ် ပြကွက်မျိုးကိုလည်း သူ ဖန်တီးတတ်၏။ ဥပမာ သမ္မာကျမ်းစာလာ အပြစ်ကြီးလေးကြသူတို့၏ သောဒုံနှင့် ဂေါမောရမြို့နှစ်မြို့အား ထာဝရဘုရားသည် ကောင်းကင်ထက်အထံတော်မှ ကန့်နှင့် မီးမိုးကိုရွာစေ၍ ဖျက်ဆီးတော်မူပုံအကြောင်း ဟောကြားစဉ်၌ ဓာတ်ခွဲခန်းမှ ယူလာခဲ့သော ဓာတုပစ္စည်းအချို့ဖြင့် ရုတ်တရက် မီးလျှံမီးခိုးများ ပုန်းခနဲ ထတောက်အောင် ဖန်တီးကာ ပရိသတ်အား အလန့်တကြားဖြစ်စေခြင်းမျိုး ဖြစ်၏။

ဤကျမ်းစာသင်တန်းပွဲ၌ ဘာသာရေးနှင့် လက်တွေ့လူမှုဘဝကို ဆက်စပ်ပေးသည့် ပြောင်မြောက်သော အဆိုအမိန့် အများအပြား ကာဗာ ပြောကြားခဲ့သည်။

ဥပမာ- စီးကရက်သောက်ခြင်းနှင့် ပတ်သက်သည့် 'အကယ်၍ ဘုရားသခင်ဟာ လူ့နှာခေါင်းကို မီးခိုးခေါင်းတိုင်အဖြစ် အသုံးပြုဖို့ ဖန်ဆင်းခဲ့တာဖြစ်မယ်ဆိုရင် ဖောက်ထိုး ဘယ်လုပ်ထားမလဲ၊ နှာခေါင်းပေါက်ကို အပေါ်ထောင်ထားမှာပေါ့' ဟူသော စကားမျိုး။

သေခြင်းတရားနှင့် ပတ်သက်သည့် 'ကျွန်တော့်ကို အကူအညီပေးခဲ့တဲ့ အရေးပါဆုံး အတွေးတစ်ခုက ငါ ဘယ်တော့ သေမလဲဆိုတဲ့အတွေး မဟုတ်ဘူး၊ ငါ အသက် ရှင်နေတုန်းမှာ ဘာတွေဘယ်လောက်လုပ်သွားနိုင်မလဲဆိုတဲ့ အတွေးပါ' ဟူသော စကားမျိုးသည်တို့ ဖြစ်သည်။

ကာဗာအား ယုံကြည်ကိုးစားကြသဖြင့် ကျောင်းသားများသည် ကိုယ်ရေးကိုယ်တာပြဿနာကြုံတိုင်း သူ့ထံ လာရောက် ဖွင့်ဟကြ၊ အကြံဉာဏ်တောင်းခံကြသည်။ အဓိကမှာ အသားအရောင်ခွဲခြားခြင်း၊ နှိမ့်ချိုးဟု အနှိမ်ခံရခြင်း ပြဿနာများ ဖြစ်သည်။ သူတို့ ပြောသမျှကို ဘနာစိတ်ဖြင့် နားထောင်ကာ တတ်နိုင်သမျှ ပြေလည်အောင် ဖျောင်းဖျပြောဆိုလေ့ရှိသည်။ 'အမုန်းသမား၊ အာဃာတသမားကြောင့် မင်းတို့ရဲ့ ဘဝရည်မှန်းချက်တွေ မင်းတို့ကိုယ်မင်းတို့

www.burmeseclassic.com



ပေးအပ်ထားတဲ့ တာဝန်တွေက သွေဖည်မသွားကြနဲ့၊ တစ်နေ့ကျရင် အာဃာတသမားတွေဟာ အဲဒီအာဃာတတွေရဲ့ ဝါးမျိုခြင်းကြောင့် ပျောက်ကွယ်သွားရလိမ့်မယ်၊ မသိသူမမြင်သူတွေဟာလဲ အမှန်ကို သိမြင်လာကြလိမ့်မယ်၊ အဲဒီအခါမှာ မင်းတို့ဟာ ကမ္ဘာမြေပေါ်မှာ အခြားသော လူသတ္တဝါများနဲ့ တန်းတူရည်တူ လျှောက်လှမ်းသွားလာခွင့် ရကြလိမ့်မယ်၊ ဒီအနေအထားကို ကိုယ်က သိမြင်ပြင်ဆင်ထားဖို့ လိုတယ်' ဟူ၍ သူက ဆုံးမ ပြောဆိုတတ်သည်။

အတန်းကြီးကျောင်းသားများအားလည်း 'မင်းတို့ ကျောင်းပြီးလို့ အပြင်လောကထဲ ထွက်ကြတဲ့အခါ နေရာတကာမှာ မျက်စိနဲ့ မမြင်ရပေမယ့် ရှိမှန်းသိသာနေတဲ့ 'မင်းကိုအလိုမရှိ' ဆိုတဲ့ ဆိုင်းဘုတ်တွေ တွေ့လာရလိမ့်မယ်၊ ဒါပေမယ့် ဒီအဖြစ်မျိုးဟာ အရင်တုန်းကလဲ ရှိခဲ့ဖူးတယ်ဆိုတာ မင်းတို့ မမေ့ကြနဲ့၊ ယေရှုခရစ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ဂါလီလဲမြို့ကို ကြွသွားစဉ်ကလဲ အလားတူ ကြုံခဲ့ရဖူးတယ်'ဟူ၍ ပြောကြားလေ့ရှိသည်။

နီဂရိုးမို့လို့ မဖြစ်နိုင်ဘူး၊ နီဂရိုးမို့လို့ လုပ်နိုင်မှာ မဟုတ်ဘူး ဟူသော စကားမျိုးကို သူ ဘယ်တော့မျှ လက်ခံလေ့ မရှိခဲ့ပေ။ 'နီဂရိုးလဲ လုပ်နိုင်ပါတယ်'ဟု သူ ပြောချင်သည်။ 'နီဂရိုးတစ်ယောက်က လုပ်ပြသွားတယ်' ဆိုတာမျိုး သူ လိုလားသည်။ 'မကြာခင်က လုပ်ငန်းရှင်ကြီးတစ်ယောက်က ကျုပ်ကိုပြောတယ်၊ ရေနံရှာပေးနိုင်တဲ့ လူတစ်ယောက် လိုချင်တယ်တဲ့၊ လူဖြူလို့ မပြောဘူး၊ လူမည်းလို့ မပြောဘူး၊ ပ္ပူ ါ လို့လဲ မဆိုဘူး၊ ရေနံရှာပေးနိုင်တဲ့ လူတစ်ယောက် ဖြစ်ဖို့ပဲ လိုတယ်'ဟု သူက ချေပပြောဆိုခဲ့ဖူးသည်။

စင်စစ် သူကိုယ်တိုင် ဤမျှ ကြီးကျယ်ကျော်ကြားခဲ့သည့် ဘဝတွင်လည်း အသားအရောင် ခွဲခြားဆက်ဆံမှုများကို ခံနေရ ဖြစ်သည်။ သို့သော် သည့်အတွက် နာကြည်းခြင်း၊ အာဃာတထားခြင်း



လက်တုံ့ပြန်ခြင်းများ သူပြုလေ့မရှိခဲ့။ သည်ကိစ္စနှင့် ပတ်သက်လာလျှင် သူ့ရှေ့ကပုဂ္ဂိုလ်ကြီး ဘွတ်ကာ၊ တီ၊ ဝါရှင်တန် မကြာခဏ ပြောကြားလေ့ရှိသည့် စကားကိုပင် သူ ကိုးကား ပြောဆိုတတ်သည်။ ယင်းကား 'ကျုပ်ရင်ထဲမှာ အမုန်းတရားတွေ ပွားများလာစေတဲ့ အထိ ကျုပ်စိတ်ဓာတ်တွေ နိမ့်ကျသွားအောင် ဘယ်လူမျိုးကမှ ဆွဲမချနိုင်ဘူး' ဟူသော စကား ဖြစ်ပေသည်။

## အသီးအပွင့်တွေ ရင့်မှည့်သည့်ကာလ

ကာဗာသည် အမေရိကန်သမ္မတများဖြစ်သူ သီအိုဒို ရုဇဗဲ့၊ ကယ်လဗင် ကူးလစ်ချ်၊ ဖရန်ကလင် ဒီလာနို ရုဇဗဲ့တို့နှင့် များစွာရင်းနှီးခဲ့၏။ သူ၏ဘဝ နောက်ဆုံးပိုင်းနှစ်များတွင်မူ ကမ္ဘာတစ်လွှားမှ ရှင်ဘုရင်များ၊ မင်းညီမင်းသားများပင် သူ့ထံသို့ အထူးတလည် လာရောက်တွေ့ဆုံနှုတ်ဆက်ကြ၏။ ဆွီဒင် အိမ်ရှေ့မင်းသားဆိုလျှင် သူ့ထံ သုံးပတ်တိတိ လာရောက်နေထိုင်ကာ လယ်ယာထွက် စွန့်ပစ်ပစ္စည်းများ အသုံးချရေးဆိုင်ရာ နည်းပညာများကို လေ့လာမှတ်သားသွားခဲ့သည်။ အိန္ဒိယမှ မဟာတ္တမဂန္ဒီနှင့်လည်း အပြန်အလှန် စာအဆက်အသွယ်တွေ ရှိခဲ့သည်။ သက်သတ်လွတ်စားလိုသော ဂန္ဒီအတွက် အာဟာရဓာတ်ပြည့်ဝသည့် သက်သတ်လွတ်ဟင်းလျာ အညွှန်းများ ပေးခဲ့သည်။ ထို့ပြင် အိန္ဒိယမှ သူဆင်းရဲတို့အား ငတ်မွတ်ခြင်းဘေးမှ ကင်းဝေးအောင် ကူညီနိုင်မည့် စိုက်ပျိုးနည်းနာနှင့် စိုက်ပျိုးသင့်သည့် အပင်များအကြောင်းကိုပါ ရေးသား ပေးပို့ခဲ့သည်။

ထင်ရှားသော ကမ္ဘာ့ ကုလသမဂ္ဂ သံတမန်တစ်ဦး ဖြစ်သူ ရာ်ဘန့်ချ်က သူ တက္ကသိုလ်တွင်ရှိစဉ် ကာဗာနှင့် တွေ့ဆုံခဲ့ရဖူးသည့် အဖြစ်ကို အမြဲအမှတ်ရသည်ဟု ဆိုလေ့ ရှိသည်။ 'လူတိုင်း လူတိုင်းရဲ့ ယုံကြည် လေးစားမှုကို သူ (ကာဗာ) ခံယူနေရတာ တွေ့ရတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စိတ်ထဲမှာ အမေရိကမှာ ရှိတဲ့ အသားအရောင်ခွဲခြားမှု ပြဿနာဟာ ကျော်လွှားမရနိုင်တဲ့ အခက်အခဲကြီး မဟုတ်ဘူးဆိုတာ ပထမဆုံးအကြိမ်အဖြစ် တွေးမိမြင်မိလာတယ်' ဟူ၍ သူက ဆိုခဲ့သည်။

ကာဗာ့ထံသို့ ကြိမ်ဖန်များစွာ လာရောက်လည်ပတ်ခဲ့သည့် ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦးကား ဟင်နရီဖို့ဒ် ဖြစ်သည်။ သူတို့ နှစ်ယောက်သည် ၁၉၃၇ ခုနှစ်တွင် စတင်တွေ့ဆုံမိကြပြီးနောက် အလွန်ပင် ရင်းနှီးခင်မင်သူများ ဖြစ်သွားကြသည်။ ယိုနောက်တွင် နှစ်ယောက်သား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်မျှ တွေ့ဆုံကြရန် စီစဉ်ကြသည်။ အစပိုင်းတွင် ကာဗာက ဖို့ဒ်၏ နေအိမ် ရှိရာ မီချီဂန်ပြည်နယ်၊ ဒီးယားဘွန်း မြို့သို့လည်းကောင်း၊ ဂျော်ဂျီယာ ပြည်နယ်ရှိ စိက်ခင်းဆီသို့လည်းကောင်း သွားရောက်လေ့ ရှိခဲ့သည်။ နောက်ပိုင်းတွင် ကာဗာ ကျန်းမာရေး ချို့တဲ့လာသည့် အခါ၌မူ ဖို့ဒ်က တပ်စကီဂီးသို့ မှန်မှန် လာရောက်ကာ ကာဗာနှင့် တွေ့ဆုံလေသည်။

တပ်စကီဂီးသို့ ဟင်နရီဖို့ဒ် လာရောက်ခြင်းကြောင့် နောက်ဆက်တွဲ အကျိုးထူးတစ်ချို့ ဖြစ်ပေါ်သည်။ တစ်ခုမှာ လူမည်း တက္ကသိုလ်ကျောင်းဝင်းအတွင်း ခြေချဖြစ်စရာ အကြောင်း မရှိသူ အဖော်များများပင် ဖို့ဒ်ကို အကြောင်းပြု၍ တပ်စကီဂီးသို့ ရောက်ရှိကြခြင်း ဖြစ်၏။ ထို့ပြင် ၎င်းပုဂ္ဂိုလ်အဖော်များများပင် ကျောင်းအတွက် ရန်ပုံငွေများ လှူဒါန်းဖြစ်ခဲ့ကြ၏။ တစ်နှစ်တွင်မူ ဟင်နရီဖို့ဒ်က တပ်စကီဂီး ကျောင်းသားအချို့အား နွေရာသီ ကျောင်းပိတ်ရက်အတွင်း သူ၏ လုပ်ငန်းများတွင် အလုပ်သင် လုပ်သားများအဖြစ် လက်ခံရန် စီစဉ်၏။ ဟင်နရီဖို့ဒ်က ယင်းကဲ့သို့ လူမည်းလေးများအား မြေတောင်မြှောက်ပေးသည့် အလုပ်ကို စတင်ပြီဆိုသောအခါ ဖို့ဒ်၏ မိတ်ဆွေ လုပ်ငန်းရှင်ကြီးအချို့ကလည်း အလားတူ လိုက်ပါ



လုပ်ဆောင်ကြ၏။ ဤသို့အားဖြင့် အမေရိကန်တောင်ပိုင်း စိုက်ပျိုးရေး ဒေသမှ နီဂရိုးများ မြောက်ပိုင်းရှိ စက်မှုလုပ်ငန်းမြို့များသို့ တဖြည်းဖြည်း ပျံ့နှံ့ရောက်ရှိခဲ့ပေသည်။ ဟင်နရီဖို့ဒ်သည် သူ့မိတ်ဆွေကြီး ကာဗာကို ဂုဏ်ပြုသောအားဖြင့် သူနေထိုင်ရာ ဒီးယားဘွန်းမြို့တွင် လူမည်းလေးများအတွက် 'ဂျော့ချ် ဝါရှင်တန် ကာဗာ' အထိမ်းအမှတ် စာသင်ကျောင်း တစ်ကျောင်းပင် ဖွင့်လှစ် တည်ထောင်ပေးခဲ့သည်။

ဖို့ဒ်နှင့်တွဲဖက်၍ ကာဗာ လုပ်ကိုင်ခဲ့သည့် သိပ္ပံသုတေသန လုပ်ငန်းကား 'ရာဘာတု ပြုလုပ်ခြင်း' ဖြစ်၏။ မြောက်အမေရိကတွင် အများအပြား ပေါက်ရောက်သည့် ဂိုးလ်ဒင်းရော့ဒ် ပင်များမှ အစေးကို ဓာတုနည်းဖြင့် ပြုပြင်ကာ ရာဘာနှင့် အာနိသင်ချင်း ဆင်တူသော ပစ္စည်းတစ်မျိုး ရအောင် ဖန်တီးယူသည်။ ၎င်းတို့ စတင်ခဲ့သည့် လုပ်ငန်းသည် နောင်တွင် အမေရိကန်တို့အား တိုင်းတစ်ပါးမှ တင်သွင်းသည့် ရာဘာအပေါ် မှီခိုနေရခြင်းမှ လုံးဝ လွတ်ကင်းစေသည်အထိ ဖွံ့ဖြိုး တိုးတက်ခဲ့သည်။

ဖို့ဒ်သည် ဒီးယားဘွန်း၌ ကာဗာအတွက် ဓာတ်ခွဲခန်းတစ်ခုလည်း ဆောက်လုပ် ပေးသေး၏။ ထိုဓာတ်ခွဲခန်း အနီး၌ ကာဗာ ငယ်စဉ်က မိခင်နှင့်အတူ နေခဲ့ဖူးသည့် သစ်လုံးတဲအိမ်ငယ်အတိုင်း ပုံစံတူ ရွှယ်တူ တစ်ခုလည်း ဆောက်လုပ်ပေးထား၏။

သို့သော် ထိုအချိန်၌ ကာဗာမှာ အသက်ရှစ်ဆယ်ခန့် ရှိခဲ့ပြီ။ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခဲ့ပြီ။ အမေ့တဲအိမ်ပုံစံတူကလေးကို မြင်ရတော့ ကာဗာ မျက်ရည်ကျသည်။ သို့သော် သည်တဲအိမ်ကလေး ကိုရော၊ ဟင်နရီဖို့ဒ် ဆောက်လုပ်ပေးသည့် ပစ္စည်းပစ္စယ ပြည့်စုံလှသော ဓာတ်ခွဲခန်းကိုပါ သူ နောက်တစ်ခေါက် လာရောက်ကြည့်ရှုနိုင်ခြင်း မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



တပ်စကီဂီးတွင် ကာဗာ အလုပ်လုပ်ခဲ့သည့် ၄၆ နှစ်တာ ကာလအတွက် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်သူ အဆက်ဆက်တို့က သူ့အား လစာတိုးယူပါရန် အမြဲပန်ကြားခဲ့သည်။ ကာဗာကလည်း အစဉ်တစိုက် ငြင်းပယ်ခဲ့သည်။ ကျောင်းအုပ် ဒေါက်တာပက်တာဆန်လက်ထက်တွင်မူ လစာတိုးမယူလျှင်လည်း လက်ထောက်တစ်ယောက်တော့ လက်ခံပါဟူ၍ ဖိုက်တွန်းသဖြင့် ကာဗာ လက်ခံခဲ့သည်။ ပါမောက္ခ ကာဗာထံတွင် လက်ထောက် လုပ်ချင်သူတွေ အမြောက်အမြား တန်းစီနေသည့်အထဲမှ အော်စတင်ကားတစ် အမည်ရှိ ကော်နဲလ်တက္ကသိုလ်ဘွဲ့ရ လူငယ်တစ်ဦးကို ရွေးချယ်ခဲ့သည်။

တစ်သက်ပတ်လုံး အိမ်ထောင် မပြုခဲ့သည့် ပါမောက္ခကြီး ကာဗာအတွက် ကားတစ်မှာ သားအရင်းအချာ တစ်ယောက်ပမာ ချစ်ခင်တွယ်တာစရာ ဖြစ်ခဲ့သည်။ အိမ်ထောင်မပြုခြင်းနှင့် ပတ်သက်၍ မေးမြန်းသူ တစ်ဦးအား

'ကျွန်တော်က မနက်တိုင်း လေးနာရီလောက်မှာ အိပ်ရာထပြီး ပန်းပွင့်ကလေးတွေနဲ့ သွားသွား စကားပြော ရတယ်ဗျ၊ ဒီကိစ္စကို မိန်းမက မေးလာရင် ဘယ်လို ဖြေရှင်းမလဲဗျာ'

ဟူ၍ ကာဗာက ဖြေကြားခဲ့ဖူး၏။ တပ်စကီဂီးသို့ ကာဗာ ရောက်ရှိသည့် နှစ်လေးဆယ်မြောက် အထိမ်းအမှတ်ပွဲအတွက် ပြင်ဆင်ကြသည့်အခါ ကားတစ်က ကာဗာ၏ တစ်သက်တာ ဆောင်ရွက်ချက်များကို စုစည်းတင်ပြမည့် ပြပွဲတစ်ရပ် ကျင်းပရန် အကြံပြုသည်။ ယင်းအကြံပြုချက်အရ ကျင်းပသည့် ပြပွဲတွင် မြေပဲ၊ ကန်စွန်းဥ၊ ပေါင်းပင် စသည်တို့မှ ကာဗာ ထုတ်လုပ် ရယူသည့် ကုန်ပစ္စည်း အမျိုးမျိုးတို့ အပါအဝင် ထောင်ဂဏန်း အရေအတွက် ရှိသည့် သူ၏ တီထွင်မှု လက်ရာများကို စုစည်းတင်ဆက် ပြသခဲ့ကြသည်။ ယင်းပြပွဲ အစီအစဉ်ကို သဘောကျသဖြင့် သူဌေးကြီး



ဟင်နရီဖို့ဒ်က သီးသန့်အဆောက်အအုံတစ်ခု ဆောက်လုပ်ပေးကာ ဂျော့ချ်ဝါရှင်တန်ကာဗာ ပြတိုက်အမည်ဖြင့် ပြတိုက်တစ်ခု ဖွင့်လှစ်၍ အမြဲပြသစေခဲ့သည်။

၁၉၄၀ ပြည့်နှစ် အစပိုင်းလောက်တွင် ကာဗာက မိမိတွင် စုမိနေသည့် ငွေများဖြင့် တပ်စကီဂီးကျောင်းသားများအတွက် ထောက်ပံ့ရေး ရန်ပုံငွေတစ်ရပ် ဖွင့်လှစ်လိုကြောင်း ကားတစ်အား ပြောပြ၏။ တစ်သက်လုံး အသုံးအစွဲနည်းခဲ့သူ ဖြစ်သည့်အလျောက် ကာဗာမှာ တပည့်တပန်းများအား ပေးကမ်းနေသည့်ကြားမှပင် ဒေါ်လာ ၃၃၀၀၀ မျှ စုဆောင်းမိနေခဲ့၏။ ဤသို့ဖြင့် မကြာမီ ဂျော့ချ်ဝါရှင်တန်ကာဗာ ဖောင်ဒေးရှင်း အမည်ရှိ ရန်ပုံငွေ အဖွဲ့တစ်ရပ် ပေါ်ပေါက်လာပြီး သိပ္ပံ သုတေသန လုပ်ငန်း ဆောင်ရွက်လိုသည့် နီဂရိုး လူငယ်များအတွက် ကူညီထောက်ပံ့မှုများ စတင်ပြုလုပ်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် ပြင်ပမှ အလှူငွေများလည်း ရရှိခဲ့ရာ ယခုအခါ၌မူ ကာဗာ ဖောင်ဒေးရှင်းသည် ရန်ပုံငွေ ဒေါ်လာသန်းပေါင်းများစွာ ရှိနေပြီဖြစ်ပြီး ရုက္ခဗေဒ၊ တီထွင်မှုပိုင်းဆိုင်ရာ ဓာတုဗေဒ၊ မှိုပညာ၊ အပင်မျိုးရိုး ပညာနှင့် သီးနှံစိုက်ပျိုးရေး ပညာရပ်များနှင့် ပတ်သက်သည့် အဆင့်မြင့် လေ့လာမှုတို့အတွက် ဗဟိုဌာန တစ်ခုလည်း ဖြစ်လာခဲ့ပေသည်။

ယင်းသို့ မိမိ အမည်ဖြင့် ပြတိုက်များ၊ ဖောင်ဒေးရှင်းများ ဖွင့်လှစ်သည့် ကာလများအတွင်း ကာဗာ၏ ကျန်းမာရေးအခြေအနေက တဖြည်းဖြည်း ကျဆင်းလာခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် သွေးအားနည်း ရောဂါကြောင့် ဆေးရုံတက် ကုသခဲ့ရသည်။ ၁၉၄၂ ခုနှစ် အကုန်ပိုင်းလောက်တွင် နောက်တစ်ကြိမ် နေထိုင်မကောင်းဖြစ်ပြန်သည့်အခါ၌မူ သူက ဆရာဝန်နှင့်ပြသရန် ငြင်းဆန်လေသည်။

'ဘာမှ လုပ်လို့ မရတော့ပါဘူးဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ဟု သူက ဆိုခဲ့သည်။

သူ တစ်သက်လုံးပြောခဲ့သည့် စကားများနည်းတူ သည်စကားကလည်း တကယ်ပင် မှန်ကန်ခဲ့သည်။ သူ့အသက် ရှစ်ဆယ်ကျော်ခဲ့ပြီ။ အလွန်မွန်မြတ်သန့်စင်လှသည့် စိတ်ဓာတ်နှင့် ဉာဏ်ပညာအမြော်အမြင်တို့ တည်ရှိရာ သူ့ခန္ဓာအိမ် အဆောက်အအုံကြီးသည် ယိုင်နဲ့ယိုယွင်းခဲ့ပြီ။

ဒီဇင်ဘာလ အကုန်ပိုင်းလောက်တွင် သူက ကားတစ်ကိုခေါ်၍ သူ့မှာရှိနေသည့် အမေရိကန်အစိုးရ ငွေစုလက်မှတ်များကို ပေးအပ်သည်။

'ဒီဟာတွေကို ဖောင်ဒေးရှင်း ရန်ပုံငွေထဲ ထည့်လိုက်ပါ၊ လူတစ်ယောက်ရဲ့ တိုင်းပြည့်ချစ်စိတ်ဟာ သူ့ရဲ့အသားအရောင်နဲ့ မဆိုင်တဲ့အကြောင်း ကမ္ဘာက သိစေချင်တဲ့အတွက် ငါ ဒီဟာတွေကို ဝယ်ခဲ့တာပဲ'

ဟူ၍ သူက ပြောခဲ့သည်။

## သင်္ချိုင်း ကမ္ပည်းစာ

ကာဗာ၏ ဦးနှောက်မှာ သူ ကွယ်လွန်ချိန်အထိပင် ကြည်ကြည်လင်လင် ရှိနေခဲ့သည်။ ရေးနှစ်ပေါင်းများစွာက မာရီယာဝပ်ကင်း လက်ဆောင်ပေးခဲ့သည့် သမ္မာကျမ်းစာအုပ်ဟောင်းကြီးကို သူ မှန်မှန်ဖတ်သည်။

၁၉၄၃ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင်မူ ညစာစားချိန်၌ နွားနို့အနည်းငယ်သာ သူသောက်သည်၊ ထိုနောက် 'ခဏလေး မှေးလိုက်ဦးမယ်'ဟု ဆိုသည်။ နောက်တစ်နာရီ၊ နှစ်နာရီခန့် အကြာ၌မူ နှစ်ပေါင်းရှစ်ဆယ်ကျော် လှုပ်ရှားလာခဲ့သည့် ကာဗာ၏နှလုံးသားက လုံးဝရပ်နားငြိမ်သက်သွားဟော့သည်။



ကာဗာ ကွယ်လွန်ကြောင်း သတင်းသည် ထိုနေ့ ညနေပိုင်းမှာပင် ကမ္ဘာအနှံ့ ပြန့်ပွားသွားခဲ့သည်။ နောက်ရက်များအတွင်းတွင် နိုင်ငံတကာရှိ ပုဂ္ဂိုလ်ကျော်ကြီးများထံမှ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အဆက်မပြတ် ဝင်ရောက်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စု သမ္မတ ဖရန့်ကလင်ဒီလာနို ရူဇဗဲ့က ကာဗာကို သိခွင့်ရခြင်းမှာ သူ့အတွက် ကြီးမားသော အခွင့်ထူးကြီးတစ်ရပ် ဖြစ်ပါသည်ဟု ဆိုခဲ့သည်။ ဒုတိယသမ္မတ ဟင်နရီဝေါလေ့စ်ကလည်း အမေရိကန်ပြည်ထောင်စုသည် သူ၏ ဂုဏ်သိက္ခာအရှိဆုံး ခရစ်ယာန်ပုဂ္ဂိုလ်မွန်တစ်ယောက်ကို ဆုံးရှုံးခြင်း ဖြစ်သည်ဟု ဆိုလေသည်။

ကာဗာ၏ ရုပ်ကလာပ်ကို တပ်စကီဂီးရှိ ခရစ်ယာန်သုခမ္မာဇရပ်တွင် ပြင်ဆင်ထားရှိရာ ကြည်ညိုလေးစားသူ၊ ဝမ်းနည်းကြေကွဲသူပေါင်း မြောက်မြားစွာတို့ နေ့စဉ်ရက်ဆက် လာရောက် ကြည့်ရှုအရှုပ်ပြုကြသည်။ ဘက်စ်ကားများ၊ ကိုယ်ပိုင် ကားများဖြင့် လာရောက်သူတွေ ပါသလို ဝေးလံသည့်အရပ်များမှနေ၍ ခြေကျင် ခရီးဖြင့် လာရောက်ကြသည့် လယ်သမားများ၊ ဆင်းရဲသား လူမည်းများလည်း ပါဝင်သည်။

ကွယ်လွန်ပြီး စတုတ္ထမြောက်နေ့တွင် လွန်ခဲ့သော ၂၇ နှစ်က သူ့မိတ်ဆွေ တပ်စကီဂီးကျောင်းအုပ်ကြီး ဒေါက်တာ ဘွတ်ကာတီ၊ ဝါရှင်တန်၏ သင်္ချိုင်းတည်ရှိရာ တောင်ကုန်းကလေးပေါ်၌ပင် သူ့အား မြှုပ်နှံသင်္ဂြိုဟ်ကြလေသည်။

နောက် များမကြာမီပင် အမေရိကန် အထက်လွှတ်တော်အမတ် ထရူးမင်း (နောင်တွင် သမ္မတဖြစ်လာသူ)က ဒိုင်းမွန်းဂရိုဗ်ရှိ မီးဇက်ကာဗာ၏ ယာခင်းနေရာကို ဂျော့ချ်ဝါရှင်တန်ကာဗာ အထိမ်းအမှတ် နိုင်ငံတော် မော်ကွန်းဝင်နေရာတစ်ခုအဖြစ် သတ်မှတ်ရန် ဥပဒေကြမ်းတစ်ခု တင်သွင်းခဲ့သည်။ ယင်းအဆိုကို ကန့်ကွက်သူမရှိ

www.burmeseclassic.com



အတည်ပြုခဲ့ရာ လူမည်းသူတော်စင်ကြီး ဂျော့ချ်ဝါရှင်တန်ကာဗာသည် အမေရိကန်လူမျိုးတို့၏ အမျိုးသားဂုဏ်ဆောင် မော်ကွန်းစာရင်းဝင် ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ပေသည်။

ယင်းသို့ နိုင်ငံဂုဏ်ဆောင် သမိုင်းဝင် ပုဂ္ဂိုလ်ကြီးအဖြစ် သတ်မှတ်ခြင်းနှင့် ပတ်သက်၍ နယူးယောက် ဟာရယ်ထရီဗြွန်း သတင်းစာကြီးက

'ဒေါက်တာ ကာဗာသည် အများသိကြသည့်အတိုင်း နီဂရိုး တစ်ယောက်ဖြစ်၏။ သို့သော် သူသည် အနှောင့်အယှက် အတား အဆီးမှန်သမျှကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့၏။ ဤရာစုနှစ်အတွင်း လူသားမျိုးနွယ်များ အချင်းချင်း အပြန်အလှန် နားလည်စိတ်များ တိုးပွားစေရေးတွင် သူ့လောက် စံနမူနာပြုထိုက်သည့် ပုဂ္ဂိုလ်မရှိ ဟူ၍ပင် ဆိုနိုင်ကောင်းသည်'

ဟု ထောက်ခံဂုဏ်ပြု ပြောဆိုခဲ့သည်။

သူ၏ သင်္ချိုင်းဂူ၌ ရေးထိုးထားသည့် အောက်ပါ ကမ္ပည်း စာကလေးမှာ အဆိုပါ ချီးပဂုဏ်ပြုစကားများ၏ အနှစ်ချုပ်ဟု ဆိုနိုင်မည် ထင်ပါသည်။

> 'သူကား ကြီးကျယ်လှသော ကျော်ကြားအောင်မြင်မှုကို မြောက်မြားလှစွာသော အသပြာ မနဥစ္စာတို့ဖြင့် ပေါင်းဆင့် ခံစားနိုင်ခွင့် ရခဲ့၏။ သို့သော် ထိုအရာနှစ်ခုလုံးကိုပင် သူ မမက်မောခဲ့။ သူသည် ကမ္ဘာလောကကို ကူညီ ဖေးမ၍ ရောက်ရခြင်း၌သာ ချမ်းသာသုခကို လည်းကောင်း၊ ဂုဏ်ကျက်သရေကို လည်းကောင်း ရရှိခံစားခဲ့သူ ဖြစ်ချေသည်။'

●

## ဘွတ်ကာ၊ တီ၊ ဝါရှင်တန်

### (BOOKER T. WASHINTON)

### (၁၈၅၆ – ၁၉၁၅)

အယ်လဘားမားပြည်နယ် တပ်စကီဂီး သိပ္ပံ ကျောင်းဝင်းထဲတွင် ထို ကျောင်းကို စတင် တည်ထောင်သူ နီဂရိုးပညာရေးဖခင်ကြီး ဘွတ်ကာ၊ တီ၊ ဝါရှင်တန် (Booker T. Washington) အထိမ်းအမှတ် ရုပ်တု တစ်ခုရှိသည်။ ရုပ်တု၏အောက်၌ ဂုဏ်ပြုစာတန်းတစ်ခု ပါရှိသည်။ 'သူသည် သူ့လူမျိုးများ၌ ပိတ်ဖုံးလျက် ရှိသည့် အဝိဇ္ဇာ ခြုံလွှာကို ဖယ်ရှား ပေးခဲ့ပြီး ပညာ သင်ကြားခြင်း၊ လုံ့လဝီရိယ စိုက်ခြင်းများ အားဖြင့် တိုးတက်ရာကို ရှာကြံကြရန် လမ်းညွှန်ပေးခဲ့သည်' ဟူ၍ ဖြစ်သည်။

သူသည် အမေရိကန် နီဂရိုးတို့အား ဒူးထောက် နေသော ဘဝမှ ထရပ်တတ်လာအောင် စတင် ထူမ ပေးခဲ့သူ ဖြစ်သည်။ ငွေဝယ်ကျွန်ဘဝမှ ဥပဒေကြောင်းအရ လွတ်မြောက် ခဲ့ကြသော်လည်း စီးပွားရေးသဘောအရ လူဖြူလုပ်ငန်းရှင်များ အပေါ်မှီခိုနေ

www.burmeseclassic.com

www.burmeseclassic.com



ရသော ဘ၀မှာပင် ရှိနေသေးသည့် နီဂရိုးများအား လုံ့လဝီရိယနှင့် ပညာတို့အားဖြင့်သာ နောက်ဆုံး လက်ကျန် နှောင်ကြိုးကို ဖြတ်တောက်နိုင်မည့်အကြောင်း၊ ကိုယ်ထူးကိုယ်ချွန် ရပ်တည်နိုင်မှသာလျှင် လူဖြူသခင်ဟောင်းများနှင့် တန်းတူရည်တူ ဆက်ဆံလာနိုင်မည့်အကြောင်း၊ လူဖြူအိမ်နီးချင်းများနှင့်လည်း အပြန်အလှန် လေးစားမှုရှိစွာ အတူယှဉ်တွဲ ရပ်တည် နေထိုင်နိုင်ကြမည့်အကြောင်း များကို သူ မပြတ် ဟောပြော ပို့ချခဲ့သည်။

စင်စစ် သူ ပြောဟောခဲ့သည့် အရာများမှာ အပြောလွယ်သလောက် အလုပ်ခက်လှသော အရာများဖြစ်ကြောင်း ဘွတ်ကာ အသိဆုံး ဖြစ်၏။ သို့သော် ထိုခက်သော အလုပ်ကို ကိုယ်တိုင် မဆုတ်မနစ်လုပ်ကိုင်ခဲ့သကဲ့သို့ အခြားသောသူပေါင်း မြောက်မြားစွာ တို့အားလည်း လုပ်ကိုင်ဖြစ်အောင် တိုက်တွန်း အားပေးခြင်း၊ စည်းရုံး ဆော်ဩခြင်း ပြုခဲ့ပေသည်။

ဘွတ်ကာကို အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားပြည်နယ် စိုက်ခင်း တစ်ခုရှိ အခန်း တစ်ခန်းတည်းသာ ပါသော တဲအိမ်ငယ်ကလေး တစ်ခုတွင် ၁၈၅၆ ခုနှစ် ဧပြီလ ၅ ရက်နေ့၌ ဖွားမြင်သည်။ ငယ်စဉ်က အစာရေစာ ဝဝလင်လင် မစားရ။ အဝတ်ဟူ၍လည်း အကျီတစ်ထည်၊ ဘောင်းဘီတစ်ထည်သာ ရှိသည်။ စာဆိုသည်က တော့ ထိုစဉ်က သူ့ပတ်ဝန်းကျင်ရှိ နီဂရိုးများထဲမှာ စာရေးတတ် ဖတ်တတ်သူ တစ်ယောက်မျှပင် သူ မတွေ့ဖူးခဲ့။

ဘွတ်ကာ ကိုးနှစ်သားတွင် အမေရိကန် ပြည်တွင်းစစ်ကြီး ပြီးဆုံးသည်။ ပြည်တွင်းစစ်တွင် ကျွန်စနစ်ကိုလိုလားသော တောင်ပိုင်းသား ကွန်ဖီဒရိတ်များဘက်က အရေးနိမ့်သည်။ နီဂရိုးများ ကျွန်ဘ၀မှ လွတ်မြောက်ကြသည်။ သို့သော် သူတို့၏ ဘ၀အခြေအနေများကား ရုတ်တရက် ထူးခြား ပြောင်းလဲ လာခြင်း မရှိပေ။



အကြောင်းမှ ကျွန်ဘ၀တွင် သခင်ခိုင်းသမျှလုပ်၊ သခင်ကျွေးသမျှစားပြီး သခင် ထားရာတွင် နေခဲ့ကြသည့် နီဂရိုးတို့သည် လွတ်လပ်သူများ ဘ၀တွင် မိမိ စားဝတ်နေရေးအတွက် မိမိ စဉ်းစားကြံဆလာရသော ကြောင့် ဖြစ်၏။ တစ်နည်း ပြောရလျှင် သူတို့အတွက် လွတ်လပ်မှု နှင့်အတူ တာဝန်ဝတ္တရားများပါတွဲ၍ ပါလာခဲ့ခြင်းကြောင့် ဖြစ်သည်။

လူသည် မိမိ ရောက်ရာ လူ့အဖွဲ့အစည်းအတွင်း တန်းတူ ရည်တူ လူတစ်ယောက် ဖြစ်လာနိုင်ရေးအတွက် လုံ့လဝီရိယနှင့် အသိဉာဏ်ပညာကို လိုပေသည်။ သို့သော် ပြည်တွင်းစစ်ပြီးစကာလ အမေရိကန် တောင်ပိုင်းဒေသတွင် ကျွန်ဘ၀မှ လွတ်မြောက်စ နီဂရိုးထုကြီးအတွက် ပညာရေး အစီအစဉ်များ ရေရေရာရာ မရှိ သေးပေ။

မည်သို့ပင်ဖြစ်စေ သွားလိုရာသို့ကား သွားခွင့်ရှိပြီးဖြစ်သော နီဂရိုးများသည် မိမိတို့ကြားဖူးနားဝ ဗဟုသုတဖြင့် မိမိတို့အတွက် အကျိုးရှိမည်ဟု ယူဆရသည့် အရပ်ဒေသများသို့ ရွှေ့ပြောင်းကြ သည်။ ထိုအထဲတွင် ဘွတ်ကာတို့မိသားစုလည်း ပါဝင်သည်။ ဘွတ်ကာ၏မိခင်သည် ကလေးများကို ခေါ်ဆောင်ကာ အနောက်ဗာဂျီး နီးယား ပြည်နယ်ထဲသို့ ရွှေ့ပြောင်း လာခဲ့သည်။ မနီးလှသော ခရီး တစ်လျှောက် သူတို့မိသားစုသည် အဓိကအားဖြင့် ခြေကျင်ပင် ခရီး နှင်ခဲ့ကြရသည်။

အနောက်ဗာဂျီးနီးယားပြည်နယ်၌ ဘွတ်ကာသည် ကျောက်မီး သွေးတွင်းများတွင် အလုပ်လုပ်သည်။ သစ်ခုတ်သည်။ လယ်ထွန်သည်။ ထို့နောက်တွင်မှ ကျောင်းတက်သည်။ သူ တက်ရသော ကျောင်းမှာ နီဂရိုးကလေးငယ်များအတွက် သီးသန့်ဖွင့်လှစ်ပေးသော မူလတန်း ကျောင်းတစ်ကျောင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွတ်ကာကား စာမတတ်သေးမီ ငယ်စဉ်ကာလကပင် ဘဝ တိုးတက်မြင့်မားလိုသောဆန္ဒ ပြင်းပြခဲ့သူ ဖြစ်သည်။ ကျွန်ဘဝမှ လွတ်မြောက်စကလေးမှာပင် သူ့စိတ်ထဲတွင် ရည်မှန်းချက် ကြီးကြီး မားမား ရှိနေခဲ့သည်။ ထို့ကြောင့် ကျောင်းတွင် အမည်စာရင်း ပေးသွင်းရသောအခါ သူ့အမည်ကို 'ဝါရှင်တန်' ဟူ၍ ပေးလိုက်ခြင်း ဖြစ်သည်။ မိမိကိုယ်ကို အမေရိကန်လွတ်လပ်ရေးဖခင်ကြီး ဂျော့ချ် ဝါရှင်တန်၏အမည်ဖြင့် ကျောင်းစာရင်းသွင်းခဲ့သော နီဂရိုးကောင်လေး သည် နောင်တစ်နေ့သောအခါ၌ အမေရိကန် လူမည်းတို့၏ဘဝကို မြှင့်တင်ပေးသည့် ပညာရေးဖခင်ကြီး ဘွတ်ကာ၊ တီ၊ ဝါရှင်တန် (Booker Taliaferro Washington) ဟူ၍ စွယ်စုံကျမ်း၊ အဘိဓာန် ကျမ်းများတွင် ဂျော့ချ်ဝါရှင်တန်နှင့်အတူ ယှဉ်တွဲဖော်ပြခံရသူတစ်ဦး ဖြစ်လာလိမ့်မည်ဟူ၍ကား သူ၏လက်ဦးဆရာတို့ မြင်ယောင်မှန်းဆ နိုင်လိမ့်မည် မဟုတ်ပေ။

ထိုမူလတန်းကျောင်းကလေးမှ ပေးနိုင်သမျှ ပညာကို ဘွတ်ကာ သင်ယူသည်၊ ထို့နောက် တစ်နေ့တွင် ဗာဂျီးနီးယား ပြည်နယ် ဟင့်ပတန်မြို့၌ နီဂရိုးများအတွက် အဆင့်မြင့်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးထားကြောင်း ကြားသိရသဖြင့် ရှိသမျှ ငွေစအနည်းငယ်ကို အိတ်တွင် ထည့်ကာ မိုင်ပေါင်း ငါးရာမျှ ဝေးသည့် ၎င်းကျောင်းရှိရာ သို့ သူထွက်ခဲ့သည်။ ထိုအချိန်၌ သူ့အသက်မှာ ၁၇ နှစ် ဖြစ်သည်။

ဟင့်ပတန် သိပ္ပံကျောင်းသို့ ရောက်ပြီးနောက် သူ့အား ကျောင်းဝင်ခွင့်ပြုရန် မေတ္တာရပ်ခံသည်။ ဆရာတစ်ယောက်က စမ်းသပ်သည့်အနေဖြင့် သူ့အား အခန်းတစ်ခန်းကို တံမြက်လှည်း စေသည်။ ဘွတ်ကာက အခန်းကို သုံးကြိမ်မျှ တံမြက်စည်းလှည်း ပြီးနောက် လေးကြိမ်တိတိ ဖုန်သုတ်ပေးလိုက်သည်။ ဆရာ သူ့ဝီရိယနှင့် သူ့စိတ်ဓာတ်ကို သဘောကျကာ ကျောင်းသားအဖြစ် လက်ခံလိုက်လေသည်။

ကျောင်းတက်ခွင့်ရသော်လည်း ကျောင်းက အခမဲ့ ထမင်းကျွေး ထားနိုင်သည်မဟုတ်ရာ နေစရိတ်၊ စားစရိတ်ရရှိရန်အတွက် သန့်ရှင်း ရေးအလုပ်နှင့် စားပွဲထိုး အလုပ်များကို လုပ်ကိုင်ရသည်။ တစ်ချိန် တည်းမှာပင် ပန်းရံ အလုပ်ကိုလည်း သူ သင်သည်။ ကိုယ့်ဝမ်း ကိုယ်ကျောင်း၍ ကျောင်းနေရင်း ဟင့်ပတန် သိပ္ပံမှ ဘွဲ့ရသောအခါ သိပ္ပံက သူ့အား ကျောင်းမှာပင် ဆရာတစ်ဦးအဖြစ် လုပ်ကိုင်ရန် ခန့်အပ်သည်။

သို့သော် ထိုအချိန်တွင် အမေရိကန်တောင်ဘက်စွန်းရှိ အယ်လဘားမားပြည်နယ်တွင် လူမည်းများအတွက် သင်တန်းကျောင်း တစ်ကျောင်း ထူထောင်ရန် အစီအစဉ်တစ်ရပ် ပေါ်ထွက်လာသည်။ အစီအစဉ်မှာ ဂျော့ချ်ကင်းဘဲလ်အမည်ရှိ လူဖြူကုန်သည်တစ်ဦးနှင့် လူးဝစ်အာဒမ်(စ်) အမည်ရှိ ကျွမ်းကျင်သူ လူမည်းလုပ်သားတစ်ဦးတို့၏ စိတ်ကူးမှ စတင်ခဲ့ခြင်း ဖြစ်သည်။ လူမည်းများအား အသက်မွေး ဝမ်းကျောင်းပညာများ သင်ကြားပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်မည့် ထိုကျောင်းအတွက် အစိုးရထံမှ မတည်ငွေ ဒေါ်လာ ၂၀၀၀ မျှ ခွင့်ပြုချက် ရရှိခဲ့သည်။ သို့သော် ကျောင်းအုပ်လုပ်ရန်အတွက် သင့် တော်သူ မရှိသေးသဖြင့် ဟင့်ပတန်သိပ္ပံသို့ စာရေးဆက်သွယ်ပြီး အကူအညီတောင်းကြရာ ဟင့်ပတန်သိပ္ပံက ဘွတ်ကာ၊ တီ၊ ဝါရှင်တန် အား ကျောင်းအုပ်အဖြစ် ခန့်အပ်ရန် ထောက်ခံချက်ပေးလိုက် လေသည်။

သို့နှင့်အယ်လဘားမားပြည်နယ် တပ်စကီဂီးမြို့သို့ ကျောင်းအုပ် လုပ်ရန် ဘွတ်ကာ ရောက်ရှိသွားခဲ့သည်။ ကျောင်းစီစဉ်သူများနှင့် တွေ့ရပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



'ကျောင်းက ဘယ်နားမှာလဲ'
ဟု မေးသောအခါ
'ကျောင်းကတော့ မရှိသေးဘူးဗျာ'
ဟူ၍ ဖြေကြသည်။
ဘွတ်ကာ လုံးဝ စိတ်မပျက်။
'မရှိသေးရင် ဆောက်တာပေါ့ဗျာ'

ဟူ၍ပဲ ဆိုလိုက်သည်။ သို့သော်လည်း ဆောက်ရန်စီစဉ်ဆဲမှာပင် နီဂရိုးတို့၏ ဘုရားရှိခိုးကျောင်းလေးတစ်ကျောင်း၌ ယာယီကျောင်းဖွင့်လှစ်ခွင့် ရသည်။ အဆောက်အအုံရပြီဆိုသည့်အခါ ကျောင်းတက်ရန်အတွက် နီဂရိုးလူငယ်များကို လိုက်လံ စည်းရုံး ခေါ်ယူရလေသည်။

အယ်လဘားမား ပြည်နယ် ကျေးလက်ဒေသတွင် ဘွတ်ကာ တွေ့ရှိရသော အနေအထားများသည် စိတ်ပျက်လက်လျှော့ကာ နောက်ဆုတ် ထွက်ပြေးသွားချင်စရာ အနေအထားမျိုး ဖြစ်သည်။ နီဂရိုးတွေသည် အနိမ့်စား အလုပ်ကြမ်းများသာ လုပ်တတ်သည်။ ကျွမ်းကျင်မှုလိုအပ်သော အလုပ်များတွင် မဝင်ဆံ့။ ထို့ကြောင့် သူတို့၌ ဝင်ငွေ အလွန်နည်းသည်။ ထို့ကြောင့် အနေအထိုင် အလွန် ဆင်းရဲသည်။ အဝတ်အစား စုတ်ပြတ်သည်။ အစာအာဟာရ မပြည့်ဝ။ ထို့ကြောင့် ရောဂါဘယ ထူပြောသည်။

သည်လူတွေကို စာတတ်ပေတတ်ဖြစ်ရုံသက်သက် သင်ကြား ပေးမည်ဆိုလျှင် အချိန်ဖြုန်းရာရောက်လိမ့်မည်။ လုပ်ငန်းအတတ် ပညာများ သင်ကြားပေးခြင်းသာ တကယ် တန်ဖိုးရှိလိမ့်မည် ဟူ၍ ဘွတ်ကာ သဘောပေါက်သည်။ ထို့ကြောင့် သူက သူ့ကျောင်းကို တပ်စကီး ဆရာ အတတ်သင်နှင့် စက်မှုလက်မှု သိပ္ပံကျောင်း (Tuskegee Normal and Industrial Institute) ဟူ၍ အမည်ပေးကာ



သူ့ကျောင်းမှနေ၍ နီဂရိုးလူငယ်များအတွက် အခြေခံပညာ အရေးအဖတ် အတွက် သင်ကြားပေးမည့် ဆရာများ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နိုင်မည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ရန် စတင်စီစဉ်သည်။

၁၈၈၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ကျောင်း စဖွင့်သည်။ ကျောင်းသားသုံးဆယ် တက်ရောက်သည်။ အများစုမှာ အနီးဝန်းကျင် ဒေသ ဝါခွမ်းစိုက်ခင်းများတွင် အလုပ်လုပ်သည့် နီဂရိုးလူငယ်များ ဖြစ်သည်။ ဘုရားရှိခိုးကျောင်းက ကျောင်းအိုကလေး။ ခေါင်မိုးကလည်း ပြိုရွှဲ့နေပြီဖြစ်ရာ မိုးရွာသောနေ့များတွင် ကျောင်းသားများ ထီးဆောင်းပြီး စာသင်ရသည်။

ထို့နောက်တွင်မူ ဘွတ်ကာသည် ဟင့်ပတန်ရှိ မိတ်ဆွေများထံမှ ဒေါ်လာ ၅၀၀ မျှ လှမ်းချေးကာ မြို့စွန်ရှိ စိုက်ခင်းဟောင်း နေရာတစ်ခုကို ဝယ်ယူပြီး ကျောင်းအဆောက်အအုံငယ်တစ်ခု စတင် ဆောက်လုပ်သည်။ ထိုပထမဆုံး ဆောက်လုပ်သော အဆောက်အအုံကို ပေါ်တာဆောင်ဟု အမည်ပေးခဲ့သည်။

ပညာသင်ကြားရေးလုပ်ငန်းရော ကျောင်းတစ်ကျောင်း ထူထောင်ရသည့် လုပ်ငန်းကိုပါ တွဲဖက်ဆောင်ရွက်နေရသည့် ဆရာဘွတ်ကာအနေနှင့် ပတ်ဝန်းကျင်လူများကြားမှာ အရိုးစွဲနေသည့် လွဲမှားသောအယူအဆ အစွဲအလမ်းများကိုလည်း အမြဲ ရင်ဆိုင် ဘွန်းလှန်နေရလေ့ ရှိသည်။

'စာတတ်သွားတဲ့ နီဂရိုးတစ်ယောက်မှာ အလုပ်လုပ်ချင်စိတ် ရှိတော့ဘူး' ဟူသည့် တောင်ပိုင်းသား လူဖြူများ၏ တစ်ဖက်သတ် အဆိုကို ဆန့်ကျင်ချေဖျက်ရန် ကြိုးပမ်းနေရသကဲ့သို့ 'ပညာသင်ကြားခြင်း၏ ရည်ရွယ်ချက်သည် အလုပ် ပင်ပင်ပန်းပန်း မလုပ်ဘဲ သက်သောင့်သက်သာ နေထိုင်ခွင့် ရရှိရေးအတွက် ဖြစ်သည်' ဟူသော

www.burmeseclassic.com

www.burmeseclassic.com



နိဂရိုး အမျိုးစုတို့၏ အပေါ်ယံကြော အတွေးအမြင်ကို ပြုပြင်ထိန်းကျောင်း ပေးနိုင်ရန်လည်း အားထုတ်နေရသည်။

ဘွတ်ကာက သူ့ကျောင်း၌ ပညာလာသင်သော ကျောင်းသူကျောင်းသားတိုင်း ကျောင်းက စီစဉ်ထားရှိသည့် အချို့လုပ်ငန်းများတွင် ကိုယ်တိုင်လက်တွေ့ ခွန်အားစိုက်ထုတ်၍ ပါဝင်ကြရမည်ဟု ကြေညာထားရာ ထိုအချက်ကို လူမည်းအချို့က ကန့်ကွက်ကြသည်။ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ကာ သူ့အစီအစဉ်များကို ပယ်ဖျက်ပေးရန်ပင် ဟောင်းဆိုကြသည်။ သိပ္ပံကျောင်း၏ ပညာရေးအစီအစဉ်များတွင် ကာယအလုပ်များ ထည့်သွင်းထားခြင်းသည် လူမည်းကျောင်းသူ ကျောင်းသားများအား ဂုဏ်သိက္ခာကျဆင်းစေသည်၊ နိမ့်ပါးသောအနေအထားသို့ ဆွဲချရာရောက်သည်ဟု ၎င်းတို့က ဆိုကြသည်။

ဘွတ်ကာက သူ၏အလုပ်ဝါဒကို ရှင်းပြသည်။

'လယ်ယာထွန်ယက်တဲ့ အလုပ်ဟာ ကဗျာလင်္ကာ ရေးဖွဲ့တဲ့အလုပ်ထက် ဂုဏ်သိက္ခာ မနိမ့်ကျပါဘူး၊ မိန်းကလေးတွေအနေနဲ့လဲ လက်တင်ဘာသာတတ်ဖို့ အရေးကြီးသလို အချက်အပြုတ် အချုပ်အလုပ် စတဲ့ အိမ်တွင်းမှုကိစ္စတွေ၊ အိမ်ထောင်ထိန်းသိမ်းရေးကိစ္စတွေ တတ်ကျွမ်းဖို့ တကယ် လိုအပ်ပါတယ်'

ဟုသည်ဖြင့် ၎င်းတို့အား ရှင်းလင်းပြောကြားခဲ့သည်။ အလျှော့ကား မပေးခဲ့။

တစ်ခါ၌လည်း လူဖြူတစ်စုနှင့် သူ ရင်ဆိုင် ရသည်။ တပ်စကီဂီးသိပ္ပံကျောင်းအတွက် မြောက်ပိုင်းဒေသ ကျောင်းတစ်ကျောင်းမှ ငှားရမ်းခဲ့သည့် လူငယ်ဆရာတစ်ဦးနှင့် လူဖြူကုန်သည်တစ်ယောက်အကြား ပဋိပက္ခဖြစ်ပွားသည်။ လူမည်းဆရာလေးက တောင်ပိုင်းဒေသ၏ ဓလေ့စရိုက်အကြောင်း မသိသေးသဖြင့် လူဖြူကုန်သည် အတွက်



ဒေါသထွက်ချင်စရာ ကိစ္စတစ်ခုကို လုပ်လိုက်မိခြင်းဖြစ်သည်။ ၎င်းတို့နှစ်ယောက်ကြား ပြဿနာဖြစ်ပွားခဲ့ပြီး များမကြာမီပင် လူဖြူတစ်စုကျောင်းသို့ ရောက်ရှိလာကာ 'မိုက်ရိုင်းသော' လူမည်း ဆရာကို ထုတ်ပေးရန် တောင်းဆိုကြသည်။ ဘွတ်ကာက လူအုပ်ကို အေးဆေးတည်ငြိမ်စွာပင် ရင်ဆိုင်သည်။

'ကျွန်တော်တို့ နိဂရိုးတွေဟာ အသိပညာ ချို့တဲ့ကြသူတွေဖြစ်ပါတယ်၊ အဲဒါကြောင့်မို့လို့ တစ်ခါတစ်ရံမှာ တရားဥပဒေကို ချိုးဖောက်တဲ့အလုပ်တွေ လုပ်ချင်လုပ်မိနိုင်ကြပါတယ်၊ ဒါပေမယ့် မိတ်ဆွေတို့ လူဖြူတွေအနေနဲ့ တရားဥပဒေဆိုတာကို သိတဲ့လူတွေပါ၊ ဥပဒေကို လေးစားလိုက်နာတတ်ကြတဲ့ ပုဂ္ဂိုလ်တွေလဲ ဖြစ်ပါတယ်၊ မိတ်ဆွေတို့ဆီက ကျွန်တော်တို့ အတုခိုးချင် သင်ယူချင်ကြပါတယ်၊ အဲဒီတော့ မိတ်ဆွေတို့အနေနဲ့ တပ်စကီဂီးရဲ့ ဂုဏ်သိက္ခာကို သိုးနွမ်းစေမယ့် တရားလက်လွတ်အလုပ်မျိုး လုပ်ကြမလားဗျာ၊ မိတ်ဆွေတို့ မလုပ်ဘူးလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်၊ မျှော်လင့်ပါတယ်'

ဘွတ်ကာ့စကားကို နားထောင်ပြီး လူအုပ်က တဖြည်းဖြည်း လူစုကွဲသွားကြသည်။

ဘွတ်ကာသည် ဘုရားရှိခိုးကျောင်း စည်းဝေးပွဲများတွင်လည်းကောင်း၊ ပတ်ဝန်းကျင် ကျေးလက် တောရွာများရှိ ယာခင်းအိမ်များ၊ သစ်ခုတ်သမားတို့၏ တောင်ပေါ်တဲများအထိ သွားရောက်၍လည်းကောင်း လူမည်းတို့ ဘဝ တိုးတက်ရေးအတွက် အသိပညာအတတ်ပညာများပါ ဒွန်တွဲသင်ယူကြရန် လိုအပ်ပုံ၊ အခြေခံကာယအလုပ်များကို မတွန့်မဆုတ် လုပ်ကိုင်ရင်း စဉ်းစားဉာဏ်နှင့် သင်ယူလေ့ကျင့်မှုတို့လိုသော ကျွမ်းကျင်မှု အလုပ်များကိုပါ လုပ်တတ်လာအောင် ရည်မှန်းချက်ထားပြီး ကြိုးစားကြရန်လိုအပ်ပုံ၊ မိမိတို့လူမျိုးများ ဘဝအဆင့် တိုးမြှင့်လာရေးတွင် လူဖြူများကို အားကိုးမနေဘဲ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ လူမျိုးများကပင် ဦးဆောင် ဦးရွက်ပြု၍ အကောင်အထည် ဖော်သွားကြရန် လိုအပ်နေပုံတို့ကို မပြတ်ဟောပြော စည်းရုံးခဲ့သည်။

သူ၏ ရိုးသားမှုနှင့် သန့်ရှင်းသော စေတနာတို့ကြောင့် သူ့ အား ယုံကြည်သူ ရင်းနှီး ခင်မင်သူတွေ တစ်နေ့တခြား တိုးပွား လာသည်။ နီဂရိုးများက ကျောင်းသို့ လက်ဆောင်ပစ္စည်းများ ပေး ပို့ခြင်း၊ လိုအပ်သည့်အခါများတွင် ကျောင်းအတွက် လုပ်အားပေး ကြခြင်းတို့ဖြင့် ပါဝင် ကူညီလာကြသည်။ တပ်စကီဂီးမြို့သား လူဖြူများကလည်း ကျောင်းအတွက် ငွေကြေးများ ထောက်ပံ့ ကူညီ လာ ကြသည်။

ကျောင်းဖွင့်စ ပထမငါးနှစ်အတွင်း ကျောင်း၌ သင်ကြားပေး သော ပညာရပ်များမှာ ယောက်ျားကလေးများအတွက် ပန်းရံအတတ် ပန်းပဲအတတ်၊ လက်သမားအတတ်နှင့် စိုက်ပျိုးရေးပညာရပ်များ ဖြစ်သည်။ မိန်းကလေးများအတွက် အချုပ်အပြတ်၊ အပ်ချုပ်ပညာနှင့် အခြား အိမ်ကွင်းမှုပညာ ဘာသာရပ်များကို သင်ကြားပေးသည်။

ဘွတ်ကာသည် ကျောင်းတက်ချင်၍ ရောက်လာသူ လူငယ် မှန်သမျှကို ကျောင်းစရိတ်မတတ်နိုင်၍ ပြန်သွားရသည်ဟု မရှိစေရဘဲ တစ်နည်းနည်းဖြင့် ဆက်တက်နေနိုင်အောင် အမြဲစီစဉ်ပေးသည်။ ကျောင်းသားများသည် ကျောင်းတွင် အထွေထွေစာပေပညာရပ်များကို သင်ကြားရသကဲ့သို့ ကာယလုပ်အား စိုက်ထုတ်ရသည့် အလုပ်များ ကိုလည်း သူ့အချိန်နှင့်သူ လုပ်ရသည်။ ကျောင်းသုံးပရိဘောဂများ ဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ ဗီရိုများ၊ ကျောင်းသားများ အတွက် ခုတင်၊ မွေ့ရာ စသည်များကို ကျောင်းသားများ ကိုယ်တိုင် ပြုလုပ် ကြရသည်။

ဘွတ်ကာသည် စည်းကမ်းကိုကား တင်းတင်းကျပ်ကျပ် ထိန်းသိမ်းသည်။ ပညာ သင်ကြားခြင်း၏ ရည်ရွယ်ချက်သည် စာ



တတ်ရန်အတွက်မျှသာ မဟုတ်၊ စိတ်ဓာတ်နှင့် စာရိတ္တကောင်းမွန်သော လူတစ်ယောက်ဖြစ်အောင် ပြုစုပျိုးထောင်ရေးလည်း ပါဝင်သည်ဟု သူ ယုံကြည်သည်။ ကျောင်းသူ ကျောင်းသားများအား ကိုယ်အမူ အရာ ယဉ်ကျေးသိမ်မွေ့စေရန် သူတစ်ပါးတို့၏ အခွင့်အရေးများကို လေးစားကြရန် သွန်သင်ဆုံးမသည်။ လက်အောက်ရှိ ဆရာများအား လည်း စည်းကမ်းပိုင်းရော ပညာ အရည်အသွေးပိုင်းတွင်ပါ မနိမ့်ကျ ရအောင် အားသုတ်ကြိုးပမ်းကြရန် သူ အမြဲတိုက်တွန်းသည်။

'ကျွန်ပေါ်တို့အနေနဲ့ မအောင်မြင်လို့ကို မဖြစ်ဘူး၊ ကျွန်တော် တို့ မအောင်မြင်ခဲ့ရင် နီဂရိုးတွေဟာ သူတို့ အချင်းချင်း ဆင့်ပွား ပညာသင်ပေးနိုင်တဲ့ အရည်အချင်းမရှိဘူးလို့ ဆိုကြလိမ့်မယ်'

ဟူ၍ ဘွတ်ကာ ကွန်းအားပေး ပြောဆိုလေ့ ရှိခဲ့သည်။

သတ္တိ၊ ဇွဲ၊ စိတ်ရှည်သည်းခံမှုနှင့် ပါးနပ်မှုတို့ကို အသုံးပြုကာ ဘွတ်ကာသည် လူဖြူနှင့် လူမည်း မျိုးနွယ် နှစ်ရပ်လုံး၏ နားလည် သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးပွားလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။

တစ်ခါ၌ ဘွတ်ကာသည် တပ်စကီဂီးမှ ကြေးရတတ်တစ်ဦး ဖြစ်သူ မစ္စစ်ဗာနီယာ၏ အိမ်ခြံဝင်းရှေ့မှ ဖြတ်လျှောက်သွားမိသည်။ မစ္စစ်ဗာနီယာသည် သူ့ကို မမှတ်မိဘဲ သာမန်နီဂရိုးတစ်ယောက် အောက်မေ့ကာ လှမ်းခေါ်ပြီး ထင်းခွဲခိုင်းသည်။ ဘွတ်ကာသည် ကုတ်အင်္ကျီကို ချွတ်ကာ ပုဆိန် ကိုင်ပြီး ထင်းတစ်ပုံ ခွဲလေသည်။ ထို့နောက် ထင်းများကို မီးဖိုချောင်ထဲ သယ်သွားပေးသော အခါ မီးဖိုချောင်ရှိ အစေခံကောင်မလေးတစ်ယောက်က သူ့အား မှတ်မိ သွားသဖြင့် အိမ်ရှင်မကြီးအား သူခေါ်၍ ထင်းခွဲခိုင်းသူမှာ ပါမောက္ခ ဝါရှင်တန်ဖြစ်ကြောင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်စောစောတွင်ပင် မစ္စစ်ဇာနီယာ သူ့ရုံးခန်းသို့ ရောက်ရှိလာသည်။

'ကျွန်မ တောင်းပန်ဖို့ လာတာပါ၊ ကျွန်မ လွမ်းခေါ်ပြီး အလုပ် ခိုင်းမိကဲ့လူဟာ ရှင်မှန်း ကျွန်မ မသိလိုက်ဘူး'

'ဒီအတွက် ဘာမှ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ခင်ဗျာ၊ ကျွန်တော်က အလုပ်လုပ်ရတာကို ပျော်တတ်တဲ့လူမျိုးပါ၊ ပြီးတော့ မိတ်ဆွေတွေအတွက် ကူညီ ဆောင်ရွက်ပေးရတာမျိုးကို ကျွန်တော် နှစ်သက်တတ်ပါတယ်'

ဟု ဘွတ်ကာက ယဉ်ကျေးပျူငှာစွာပင် ပြန်လည်ကဲ့ပြန်သည်။

ထိုနေ့မှစ၍ မစ္စစ်ဇာနီယာသည် ဘွတ်ကာ၏ မိတ်ဆွေကောင်းတစ်ဦး ဖြစ်သွားသကဲ့သို့ တပ်စကီဂီးသိပ္ပံ၏ အကျိုးတော်ဆောင်တစ်ယောက်လည်း ဖြစ်လာခဲ့သည်။ သူမ၌ ချမ်းသာကြွယ်ဝသော အသိမိတ်ဆွေ အများအပြားရှိရာ တပ်စကီဂီး သိပ္ပံအတွက် ထိုမိတ်ဆွေများထံမှ ဒေါ်လာငွေ ထောင်ပေါင်းများစွာ အလှူခံ၍ ပေးခဲ့လေသည်။

၁၈၉၅ ခုနှစ် ရွက်ကြွေရာသီတွင် ဂျော်ဂျီယာ ပြည်နယ် မြို့တော် အတ္တလန်တာမြို့၌ ဝါဂွမ်းစိုက်ပြည်နယ်များ၏ ကုန်စည်ပြပွဲတစ်ရပ် ကျင်းပရာ နီဂရိုးစိုက်ပျိုးရေးသမားတို့အတွက် ပြခန်းဆောင်တစ်ခု သီးသန့် စီစဉ်ပေးခဲ့သည်။ ပါမောက္ခ ဘွတ်ကာ၊ တီ၊ ဝါရှင်တန်သည် ထိုပြပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရန် ဖိတ်ကြားခြင်း ခံရသည်။ ဂျော်ဂျီယာပြည်နယ် ဘုရင်ခံ ဘူးလော့ခ်က ဘွတ်ကာအား ပြပွဲခန်းမကြီးထဲရှိ ထောင်ပေါင်းများစွာသော လူဖြူ၊ လူမည်း ပရိသတ်ကြီးနှင့် မိတ်ဆက်ပေးသည်။ အရေးပါသော လူဖြူပုဂ္ဂိုလ်ကြီးတစ်ဦးက တောင်ပိုင်းသား ပရိသတ်အား နီဂရိုးတစ်ယောက်နှင့်



ယင်းသို့ တခမ်းတနား မိတ်ဆက်ပေးခြင်းသည် သမိုင်းတွင် ပထမဆုံး ဖြစ်လိမ့်မည်ဟု ပြောဆိုခဲ့သည်။

ဘွတ်ကာသည် အရပ်အမောင်းကောင်းကာ အဝတ်အစားကို သေသပ်စွာ ဝတ်ဆင်တတ်သကဲ့သို့ စကား အပြောအပြောလည်း ကောင်းလှသူ ဖြစ်သည်။ ဘွတ်ကာက သူ၏ ပညာရေး အစီအစဉ်များနှင့် ယင်းအစီအစဉ်များ အောင်မြင်ရေးအတွက် အများ၏ သိနားလည်မှုနှင့် ကူညီ ပံ့ပိုးမှုများ လိုအပ်ပုံ အကြောင်းကို စိတ်ထက်သန်မှု အပြည့်ဖြင့် ရှင်းလင်း တင်ပြသောအခါ ပရိသတ်ကြီး တစ်ခုလုံး ငြိမ်သက်စွာ နားထောင်နေကြသည်။ သူသည် ဟောပြောပွဲ စင်မြင့်ပေါ်ရှိ ဂုဏ်သရေရှိ လူဖြူပုဂ္ဂိုလ်ကြီးများအား တိုင်တည်၍လည်း လူဖြူလူမည်းအကြား အပြန်အလှန် မေတ္တာ ထားရှိရေး၊ ရိုင်းပင်း ကူညီရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့် ဘဝနယ်ပယ် အသီးသီးတို့တွင် ငြိမ်းချမ်းစွာ အတူတကွ ရောယှက်နေထိုင်ကြရေးတို့ကို လှိုက်လှဲစွာ ပြောဆိုခဲ့သည်။

သူ့ မိန့်ခွန်းစကား ပြီးဆုံးသောအခါ ပြည်နယ် ဘုရင်ခံ ဘူးလော့ခ်က သူ့အား လေးစား ချီးကျူးစွာဖြင့် သူ့လက်ကို ပြေး၍ ဆုပ်ကိုင်သည်။ ပရိသတ်ထုကြီးက လက်ခုပ်သြဘာသံ မစဲအောင်တီးကာ သူ့အဆိုပြုချက်များကို အပြည့်အဝ ထောက်ခံကြိုဆိုကြသည်။ ထို့နောက်တွင်မှ သူ၏မိန့်ခွန်းကို စာနယ်ဇင်းပေါင်းများစွာက ပုံနှိပ်ဖော်ပြခဲ့ကြလေသည်။ သမ္မတ ကလေ့ဗ်လင်း ကိုယ်တိုင်ကလည်း သူ့ထံသို့ ချီးကျူးဂုဏ်ပြုစာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ထိုပွဲမှ စတင်ကာ ဘွတ်ကာ၊ တီ၊ ဝါရှင်တန်သည် နိုင်ငံတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်သွားခဲ့သည်။ ထို့ပြင် အမေရိကန် နီဂရိုးတို့၏ ခေါင်းဆောင်တစ်ဦး၊ ပြောရေးဆိုခွင့်ရှိ ပုဂ္ဂိုလ်တစ်ဦး အဖြစ်လည်း စတင် အသိအမှတ်ပြုခြင်း ခံခဲ့ရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ကြိမ် ချီကာဂိုမြို့ရှိ လူပရိသတ် ၁၆၀၀၀ မျှ တက်ရောက်သည့် လူထုစည်းဝေးပွဲကြီးတွင် မိန့်ခွန်းပြောကြားသည့် အခါ၌မူ ထိုအချိန်၌ သမ္မတဖြစ်နေသူ မက်ကင်လေ ကိုယ်တိုင်ပင် ဂုဏ်ထူးဆောင် ဧည့်သည်အဖြစ် တက်ရောက် အားပေးခဲ့ပေသည်။ ထို့နောက်တွင် အမေရိကန်တောင်ပိုင်း နယ်မြေဒေသများစွာ၌ လူဖြူနှင့် လူမည်းများ ပထမဆုံးအကြိမ် အတူတကွ တက်ရောက်ကြသည့် လူထုစည်းဝေးပွဲပေါင်း မြောက်မြားစွာကို သူ ဦးဆောင်၍ ကျင်းပခဲ့ပေသည်။

သူသည် လူဖြူနှင့် လူမည်းများအကြားရှိ ပြဿနာများ၊ အပြန်အလှန် အထင်လွဲမှားမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းသောနည်းများဖြင့် ဖြေရှင်းကြရန် အမြဲတိုက်တွန်းခဲ့သည်။

'အနိမ့်ဆုံး အောက်ဆုံးမှာရောက်နေတဲ့လူကို ကူညီချင်တယ်ဆိုရင် အဲဒီလူမှာရှိနေတဲ့ ပြဿနာတွေ၊ ချို့တဲ့အားနည်းချက်တွေဟာ ဘာတွေလဲဆိုတာ အရင်ဆုံး သိထားဖို့ လိုပါလိမ့်မယ်' ဟူ၍လည်းကောင်း၊

'လူပုဂ္ဂိုလ်တစ်ယောက်ဟာ ဂုဏ်သိက္ခာရှိပြီး တကယ်လေးစားလောက်တဲ့ လူကြီးလူကောင်းတစ်ယောက် ဟုတ် မဟုတ် အကဲဖြတ်ချင်ရင် အဲဒီပုဂ္ဂိုလ်ဟာ သူ့လောက်ကံမကောင်းတဲ့လူများကို ဘယ်ပုံစံဆက်ဆံသလဲဆိုတဲ့ အချက်နဲ့ အကဲဖြတ်ရပါလိမ့်မယ်' စသဖြင့်လည်းကောင်း လူဖြူပရိသတ်တို့အား လှုံ့ဆော်ခြင်း၊ နားချခြင်း၊ မခံချင်အောင် ဆွပေးခြင်းများ ပြုလုပ်ခဲ့သည်။

သူ တစ်စွန်းတစ်စ သိသူ၊ ရင်းရင်းနှီးနှီး သိသူ သူဌေးသူကြွယ်ကြီးများအား နီဂရိုးတို့၏ဘဝ မြှင့်တင်ရေး လုပ်ငန်းရပ်များတွင် ငွေကြေးရင်းနှီးမြှုပ်နှံ ပါဝင်ကြရန် မပြတ်တိုက်တွန်းနေတတ်သည်။ တော်ရုံနှင့် လက်မလျှော့ နောက်မဆုတ်တတ်သော



စိတ်ဓာတ်ကြောင့်လည်း သူ့ကြိုးပမ်းမှုများမှာ အောင်မြင်သည်သာ များခဲ့သည်။

တစ်ခါ၌ သူသည် မီးရထားသူဌေးကြီး ကောလစ်ဟန်တင်တန်ထံသို့လည်း ရန်ပုံငွေအတွက် အလှူခံရန် သွားရောက်ခဲ့သည်။ ဟန်တင်တန်က သူ့စကားကို ဆုံးအောင် နားမထောင်။

'ရော့၊ ရော့၊ ခင်ဗျားကျောင်းအတွက် နှစ်ဒေါ်လာယူသွား' ဟူ၍ ပေးသည်။

ဘွတ်ကာ က လက်မခံ။ ပြန်မသွား။ စိတ်ရှည်လက်ရှည်ပင် ဆက်၍ပြောသည်။ ကျောင်းအတွက် ရန်ပုံငွေ မည်မျှအရေးတကြီး လိုအပ်နေကြောင်း၊ ထိုငွေကိုသာ ရပါက ကျောင်းအတွက် မည်မျှ အကျိုးကျေးဇူးကြီးမားမည့်အကြောင်း ဟန်တင်တန်၏ အလှူငွေသည် ကျောင်း၏သမိုင်းတွင် အစဉ်ထာဝရ ကျေးဇူးတင်စွာ မှတ်တမ်းတင်စရာဖြစ်မည့်အကြောင်း စသဖြင့် စည်းရုံးပြောဆိုရာ နောက်ဆုံးတွင် သူဌေးကြီး စိတ်ပါလာပြီး သူ့အား ဒေါ်လာ ၅၀၀၀၀ တန် ချက်လက်မှတ်တစ်စောင် ရေးပေးလိုက်လေသည်။ ဘွတ်ကာသည် ၎င်းဒေါ်လာငွေငါးသောင်းဖြင့် မ တည်ကာ ကျောင်းအဆောက်အအုံတစ်ခု ဆောက်လုပ်သည်။ ထိုအဆောက်အအုံကို ဟန်တင်တန်ဆောင်ဟု အမည်ပေးသည်။ ထိုအဆောက်အအုံ ပြီးစီးအောင် ဆောက်လုပ်ရန် အတွက် နောက်ထပ် ရန်ပုံငွေ လိုအပ်နေသည့်အခါ သူဌေးကြီး ဟန်တင်တန်ထံမှပင် ထပ်၍ အလှူခံလေသည်။

ဘွတ်ကာသည် ထိုသို့ စေတနာရှင်ပုဂ္ဂိုလ်ကြီးများထံမှ အလှူခံသည့်အခါမျိုးတွင် သဒ္ဓါသလောက်ထည့်ဝင်ပါ ဟူ၍သော်လည်းကောင်း၊ ဘယ်လောက်ဘယ်ရွေ့တော့ထည့်ပါ ဟူ၍လည်းကောင်း ပြောဆိုလေ့မရှိဘဲ အဆောက်အအုံတစ်ခုခု သို့မဟုတ် လုပ်ငန်းအစီ

www.burmeseclassic.com

www.burmeseclassic.com



အစဉ် တစ်ခုခုစီအတွက် သီးသန့် အပြည့်အစုံ တာဝန် ယူကြရန် မေတ္တာရပ်ခံလေ့ ရှိသည်။

သံမဏိ သူဌေးကြီး အင်ဒရူး ကာနက်ဂျီက စာကြည့်တိုက် အဆောက်အအုံကြီးတစ်ခုလုံး ဆောက်လုပ် လှူဒါန်းသည်။ နောက်တစ်ကြိမ်တွင်လည်း ဒေါ်လာခြောက်သိန်းတိတိ တစ်လုံးတစ်ခဲတည်း လှူဒါန်းသည်။ ဘွတ်ကာသည် မိမိလုပ်ငန်းအပေါ်၌လည်းကောင်း၊ မိမိကိုယ်တိုင်အပေါ်၌လည်းကောင်း ယုံကြည်စိတ် အပြည့်အဝရှိသူဖြစ်သည်။ ကျောင်းတွင် အဆောက်အအုံသစ်တစ်ခု တိုးချဲ့ဆောက်လုပ်ရန် လိုအပ်သည် ဆိုပါစို့။ 'ရှိတဲ့ငွေနဲ့ လုပ်ငန်း စနှင့်ကြကွာ၊ ငါ ငွေထွက်ရှာမယ်' ဟု ဆိုကာ လိုအပ်သမျှကို လုပ်ကိုင်လိုက်သည်ချည်း ဖြစ်သည်။

ကျောင်းသူ ကျောင်းသားများအားလည်း ပင်ပင်ပန်းပန်းလုပ်ရသော အလုပ်များတွင် သူတို့နှင့်အတူ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်း၊ အာဝဇ္ဇန်းရွှင်ရွှင် စည်းရုံးဟောပြောခြင်းများအားဖြင့် စိတ်လက်ထက်သန်အောင် နှိုးဆွပေးလေ့ရှိသည်။ အလုပ်ပျင်းသော ကျောင်းသားများကို သူ့ရုံးခန်းသို့ ပို့ပေးရန် ဆရာများအားမှာကြားထားသည်။ ထိုကျောင်းသားမျိုး ရောက်လာသည့်အခါ သူက ရှေ့ဦးစွာ မျက်နှာထား တင်းတင်းနှင့် ဆူပူကြိမ်းမောင်းခြင်းပြုမည်။ ထို့နောက် 'ကဲ မင်းဘာတွေ အခက်အခဲရှိလို့ မလုပ်ချင်ရတာလဲ၊ ကြည့်ရအောင်' ဟု ဆိုကာ လောလောဆယ် ထိုကျောင်းသား တာဝန်ကျနေသည့် စိုက်ခင်း သို့မဟုတ် အလုပ်ရုံသို့ သူကိုယ်တိုင်လိုက်သွားမည်။ ထို့နောက် ထိုကျောင်းသားအား အလုပ်နှင့် ပတ်သက်၍ ပြောဆို သင်ပြရင်း ဆုံးမစကားဆိုရင်း ကျောင်းသားနှင့်အတူ သူ အချိန်ရသမျှ စိတ်ရှည်လက်ရှည် ကူညီ လုပ်ကိုင်ပေးနေမည် ဖြစ်သည်။



၁၈၉၆ ခုနှစ်တွင် ဘွတ်ကာသည် တပ်စကီဂီး၌ စိုက်ပျိုးရေး သုတေသနဌာနတစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးကြရန် အယ်လဘားမား ပြည်နယ် ဦးစီးပုဂ္ဂိုလ်များထံ တင်ပြသည်။ ထို ဌာန၏ရည်ရွယ်ချက်မှာ လူမည်းတို့အား သိပ္ပံနည်းကျစိုက်ပျိုးရေး ပညာများ လက်တွေ့ သင်ကြား တတ်မြောက်စေရေး ဖြစ်သည်။ ဘွတ်ကာသည် ဂျော့ချ်ဝါရှင်တန် ကာဗာအမည်ရှိ ငွေဝယ်ကျွန်ဟောင်း တစ်ယောက်၏ မြေဆီဩဇာသုတေသနလုပ်ငန်းများအကြောင်း ကြားဖူးသည်။ သို့နှင့် ကာဗာထံသို့ စာရေးဆက်သွယ်ကာ နီဂရိုးအမျိုးသားတို့၏ ဘဝ တိုးတက်မြင့်မားရေးအတွက် စေတနာ စိတ်ဓာတ်ဖြင့် ပါဝင်ကူညီပါရန် မေတ္တာရပ်ခံသည်။

'ခင်ဗျားဟာ ကျွန်တော်တို့ သုတေသနဌာနကို ကြီးမှူးဖို့ အသင့်တော်ဆုံး ပုဂ္ဂိုလ်ပါပဲ၊ ဒီတောင်ပိုင်းဒေသ ရွှံ့စေးမြေမှာ ဘာတွေ စိုက်ပျိုးလို့ ရနိုင်မလဲ ရှာဖွေ ဖော်ထုတ်ပေးစမ်းပါ'

ဟု သူက ဆိုသည်။

ကာဗာက သူ့ဖိတ်ခေါ်ချက်ကို လက်ခံခဲ့သည်။ ကာဗာသည် အလွန် ဉာဏ်ပညာ ထက်မြက်သလောက် ဝီရိယ ကြီးမားလှသည့် သုတေသီတစ်ဦးဖြစ်ရာ တပ်စကီဂီးသို့ သူရောက်ရှိနေထိုင်ခဲ့သည့် ရာစုနှစ်တစ်ဝက်နီးပါးကာလအတွင်း စိုက်ပျိုးရေးဘက်တွင် အဓိက အခြေခံသည့်ရာပေါင်းများစွာသော ကုန်ပစ္စည်းအမျိုးအမည်သစ်များကို ဖော်ထုတ် တီထွင်ပေးနိုင်ခဲ့သည်။ ကာဗာ၏ စွမ်းဆောင်မှုကြောင့် နီဂရိုးများသာမက လူဖြူလယ်သမားများ၊ အခြားနိုင်ငံရပ်ခြားရှိ စိုက်ပျိုးရေးသမားများပါ အကျိုးကျေးဇူးများစွာ ခံစားခဲ့ကြရပေသည်။

ဘွတ်ကာတီဝါရှင်တန်သည် ကျောင်းကြီးတစ်ကျောင်းဖွင့်လှစ်ထားနိုင်ရုံဖြင့် ကျေနပ်သူမဟုတ်။ ကျောင်းသို့မလာရောက်နိုင်သူများထံသို့လည်း ပညာကို လှည့်လည်ဖြန့်ဖြူးပေးရန် လိုအပ်သေးသည်ဟု

www.burmeseclassic.com

www.burmeseclassic.com



သူ ယူဆသည်။ သူနှင့် ပါမောက္ခကာဗာတို့သည် လှည်းကလေးတစ်စီးတွင် လယ်ယာသုံးပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပစ္စည်း နမူနာများကို တင်ဆောင်ကာ ကျေးလက်တောရွာများသို့ လှည့်လည်ပြသပြီး ပညာပေးဟောပြောမှုများပြုလုပ်ရန် စီစဉ်သည်။ ယင်းအစီအစဉ်အတွက် စေတနာရှင် ပုဂ္ဂိုလ်တစ်ဦးက မြင်းနှစ်ကောင်တပ် လှည်းယာဉ်တစ်စီး လှူဒါန်းသည်။ ထိုလှည်းသည် တပ်စကီဂီးကျေးလက်တစ်ခွင်၌ 'နယ်လှည့်စာသင်ကျောင်း' အဖြစ် ထင်ရှားလာခဲ့သည်။

ကျောင်းအုပ်ကြီး ဝါရှင်တန်သည် အစိုးရစိုက်ပျိုးရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သူ ဆီးမင်း၊ အေ၊ နက်ပ်အား တပ်စကီဂီးသို့ ဖိတ်ကြားပြီး မိမိတို့၏ ဆောင်ရွက်ချက်များကို ပြသသည်။ သရုပ်ပြယာဉ်ကလေးဖြင့် နယ်လှည့်ပညာပေးသော အစီအစဉ်ကို နက်ပ် သဘောကျသွားပြီး အစိုးရ စိုက်ပျိုးရေးဌာန အနေဖြင့်လည်း နီဂရိုးများ စိုက်ပျိုးရေးအသိပညာ တိုးပွားရေးအတွက် အလားတူ အစီအစဉ်မျိုး ချမှတ်အကောင်အထည်ဖော်ပေးရန် အကြံရသည်။

တပ်စကီဂီးသရုပ်ပြယာဉ်ကလေး၏ လုပ်ငန်းအဝဝကို တာဝန်ယူ ဆောင်ရွက်ရသူမှာ ဘွတ်ကာနှင့် ကာဗာတို့၏ တပည့်ကျော် တစ်ဦးဖြစ်သူ ကင်းဗဲလ်အမည်ရှိ နီဂရိုးလူငယ်တစ်ဦး ဖြစ်သည်။ ကင်းဗဲလ်သည် သွက်လက်ထက်မြက်ပြီး အလုပ်ကြိုးစားသူတစ်ဦးလည်းဖြစ်ရာ နက်ပ်က သဘောကျသွားပြီး သူ့အား မိမိတို့ဌာန၏ တိုးချဲ့လုပ်ငန်းသစ်တွင် ခန့်အပ်ရန် ရွေးချယ်လိုက်သည်။ သို့နှင့် ကင်းဗဲလ်သည် စိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ ပထမဆုံးသော နီဂရိုး ကွင်းဆင်းအမှုထမ်း ဖြစ်လာခဲ့သည်။ ကင်းဗဲလ်သည် နောင်နှစ်ပေါင်းအတန်ကြာသည့်အခါ၌ တပ်စကီဂီးတွင် ရုံးကြီးတစ်ရုံးဖြင့် အခြေစိုက်ကာ အမေရိကန်တောင်ပိုင်း ပြည်နယ်ခြောက်ခုရှိ



နီဂရိုးများအတွက် မြေယာကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရသည့် အရာရှိကြီးတစ်ဦး ဖြစ်လာခဲ့ပေသည်။

ဘွတ်ကာသည် တပ်စကီဂီးဒေသတွင်သာမက အခြားအခြားသော ကျေးလက်ဒေသများရှိ နီဂရိုးများကိုပါ ပညာရေးဘက်တွင် မြှင့်တင်ပေးနိုင်ရန်အတွက် တိုးတက်ကြိုးပမ်းလာသည်။ ပထမဦးစွာ တပ်စကီဂီးမြို့ တည်ရှိရာ မေကွန် ခရိုင် အတွင်းရှိ စာသင်ကျောင်းကလေးများ ပြည့်စုံဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရန် ကြံစည်သည်။ ယင်းကိစ္စအတွက် ငွေကြေးအကူအညီရရှိရန် ရေနံကုမ္ပဏီအကြီးအကဲ တစ်ဦးဖြစ်သူ ဟင်နရီရောဂျားစ်အား ချဉ်းကပ်စည်းရုံးသည်။ ရောဂျားစ်က အစမ်းသဘောအဖြစ် တစ်လလျှင် ဒေါ်လာ ၆၀၀ မျှစီ တစ်နှစ်တိတိ ပေးကြည့်ရန် သဘောတူသည်။ ထိုထောက်ပံ့ကြေးငွေဖြင့် သူ ကျေနပ်အားရလောက်သည့် ပြုပြင် ပြောင်းလဲမှုများ ဘွတ်ကာ လုပ်ပြနိုင်ခဲ့ရာ ရောဂျားစ် ပို၍ စိတ်ထက်သန်လာပြီး နောင်တွင် အခြားခရိုင်နယ်ပယ်များစွာရှိ စာသင်ကျောင်းကလေးများ ပြုပြင်တိုးချဲ့ရေးအတွက် ငွေကြေး အမြောက်အမြား ထည့်ဝင် လှူဒါန်းခဲ့လေသည်။

ဘွတ်ကာသည် အလားတူ လှူဒါန်းလိုစိတ်ရှိသည့် သူဌေးကြီး တစ်ဦးဖြစ်သူ ဂျူးလီယပ်စ်ရိုဇင်ဝေါလ်အားလည်း အယ်လဘားမားပြည်နယ် တောလက်ကျေးရွာများတစ်လျှောက် ကားနှင့် လျှောက်လှည့်ပြသပြီး နီဂရိုး ကျေးလက်စာသင်ကျောင်းများအတွက် လှူဒါန်းသည့် ဒေါ်လာငွေတစ်ပြားသည် အခြားနေရာတွင် စွန့်ကြဲသည်ထက် အဆပေါင်းများစွာ ပို၍တန်ဖိုးရှိနိုင်ကြောင်း သဘောပေါက်အောင် ရှင်းလင်းပြခဲ့သည်။

ရိုဇင်ဝေါလ်က သူ့အား ကျောင်းအဆောက်အအုံသစ်တချို့ ဆောက်လုပ်ပေးမည်ဟု ကတိပေးသည်။ ရိုဇင်ဝေါလ်က အဲဆောက်

www.burmeseclassic.com



အအုံကိစ္စ တာဝန်ယူလျှင် ကာယကံရှင် လူမည်းများက မြေကိစ္စကို တာဝန်ယူရလိမ့်မည်ဟု မိမိဘာသာ ဆုံးဖြတ်ကာ ဘွတ်ကာသည် ဒေသခံ လူမည်းမိသားစုတို့အား ကျောင်းဆောက်ရန် မြေနေရာများ ဝယ်ယူနိုင်ရေးအတွက် ရန်ပုံငွေ ရှာဖွေထည့်ဝင်ကြရန် တိုက်တွန်း လှုံ့ဆော်သည်။ ဤနည်းဖြင့် ဘွတ်ကာသည် စေတနာရှင် လူဖြူ သူကြွယ်များထံမှ ရနိုင်သမျှအကူအညီ အများဆုံးရအောင် ကြိုးပမ်း ခဲ့သကဲ့သို့ မိမိတို့လူမျိုးများအားလည်း ကိုယ့်ကိစ္စအတွက် ကိုယ် လုံးပန်းလိုသည့်စိတ်များ ပွားများရှင်သန်လာအောင် ပြုစုပျိုးထောင် ပေးခဲ့သည်။

ရိုဇင်ဝေါလ်ရန်ပုံငွေ (Julius Rosenwald Fund) ဖြင့် အမေ ရိကန်ပြည်ထောင်စုတောင်ပိုင်း ပြည်နယ်များအတွင်းရှိ နီဂရိုးကျေးလက် များတွင် စာသင်ကျောင်းပေါင်း ၅၀၀၀ ကျော် ထူထောင်ပေးနိုင်ခဲ့ရာ နီဂရိုးကလေးငယ်ပေါင်း မြောက်မြားစွာတို့အတွက် စာတတ်မြောက် နိုင်သည့် အခွင့်အရေးများ နေ့ချင်းညချင်း ဖြစ်ပေါ်လာခဲ့ပေသည်။

ထိုအချိန်လောက်တွင်မူ ဘွတ်ကာ၊တီ၊ဝါရှင်ဟန်အား လေးစား မှု၊ ချီးကျူးမှု၊ အားကျအတုယူမှုများသည် အနီးဝန်းကျင်၌သာမက ဝေးဝေးလံလံဒေသများသို့ပင် ပျံ့နှံ့ခဲ့ပြီဖြစ်သည်။ သမ္မတသီအိုဒိုရုဇဗဲ့က ဘွတ်ကာ၏ အလွန်ထက်သန်ပြင်းပြသော စိတ်ဓာတ်၊ မနားမနေ လှုပ်ရှားရုန်းကန် ကြိုးပမ်းနေတတ်သည့် ဝီရိယနှင့် မိမိလူမျိုးများအပေါ် ထားရှိသည့် သူ၏စေတနာတို့ကို အထူးလေးစားသည်။ သူကိုယ်တိုင် လည်း ထိုသဘာဝမျိုးရှိသူဖြစ်၍ ဘွတ်ကာအား အလွန် သဘောကျ သည်။ သူတို့နှစ်ဦးသည် အပြန်အလှန် လေးစားကြသည့် တကယ့် ရင်းနှီးချစ်ခင်သော မိတ်ဆွေများ ဖြစ်သွားခဲ့ကြသည်။

စီးပွားရေး၊ ပညာရေး၊ ဘာသာရေး စသည့် နယ်ပယ်အသီးသီး တွင် ဦးဆောင်လှုပ်ရှားနေကြသည့် ပုဂ္ဂိုလ်များထဲ၌လည်း ဘွတ်ကာ



အား လေးစား ခင်မင်သူတွေ အများအပြား ရှိနေသည်။ ဘွတ်ကာ အား မိမိတို့တတ်နိုင်သမျှ အကူအညီပေးကြသည်။ ဘွတ်ကာထံမှ အကြံကောင်းဉာဏ်ကောင်းများကိုလည်း မပြတ် တောင်းခံကြသည်။

နာမည်ကျော် ဟားဗတ် တက္ကသိုလ်ကြီးက ဘွတ်ကာအား ဂုဏ်ထူးဆောင်ဘွဲ့ဒီဂရီတစ်ခု ချီးမြှင့်ခဲ့ရာ ဘွတ်ကာသည် ဟားဗတ် တက္ကသိုလ်မှ ဘွဲ့ရသည့် ပထမဆုံးသောနီဂရိုးတစ်ဦး ဖြစ်ခဲ့သည်။ ဘွဲ့နှင်းသဘင် အခမ်းအနားတွင် တက္ကသိုလ်အဓိပတိ ချားလ်စ် အဲလီယော့က ဘွတ်ကာအား 'အသိပညာ ဖြန့်ဖြူးပေးဝေသူ၊ အမျိုး အနွယ်ကို စောင့်ရှောက်ထောက်မသူ၊ တိုင်းပြည်နှင့်လူမျိုး၏ အမှုထမ်း ကောင်း၊ ဘုရားသခင်၏ ကျေးကျွန်ကောင်း' ဟူသော ဂုဏ်ထူးဝိသေသ များအားဖြင့် ချီးကျူးပြောဆိုခဲ့ပေသည်။

တစ်ဖက်တွင် လုပ်ငန်းများ တိုးဟက် အောင်မြင်လာခဲ့သကဲ့ သို့ တစ်ဖက်ကလည်း သူ့မှာ အလုပ်တွေပိကာ အားလပ်ချိန်မရှိ အောင် ဖြစ်လာသည်။ တစ်နေ့တခြား ကြီးထွားတိုးတက်လာနေသည့် တပ်စကီဂီးသိပ္ပံကျောင်းကြီး၏ တာဝန်များအပြင် နိုင်ငံနှင့်အဝန်း ကျယ်လည်၍ စည်းရုံးဟောပြောရသော အလုပ်ကလည်း မပြတ် ရှိနေသည်။ ဇနီးသည်နှင့် မိတ်ဆွေသင်္ဂဟများက သူ့အား အရှိန် လျှော့ရန်၊ အနားယူရန် တောင်းပန်ကြ၊ အကြံပေးကြသည်။ သို့သော် ဘွတ်ကာကမူ 'နားလို့မဖြစ်ဘူးဗျ၊ အချိန်ရှိတာမဟုတ်ဘူး၊ အလုပ် တွေက တစ်ပြုံကြီး' ဟူ၍သာ အမြဲပြောဆို ငြင်းဆန်လေ့ရှိခဲ့သည်။

၁၉၁၅ ခု နိုဝင်ဘာလတွင်မူ သူ အပြင်းအထန် နာမကျန်း ဖြစ်လေသည်။ ထိုအချိန်က သူသည် နယူးယောက်မြို့တွင် ရောက်ရှိ နေ၏။ သူ့အား သူချစ်မြတ်နိုးရာ တပ်စကီဂီးကျောင်းတော်သို့အရောက် ခေါ်ဆောင်ခဲ့ကြသည်။ သို့သော် ကျောင်းသို့ရောက်ပြီး နာရီအနည်း ငယ်မျှ အကြာမှာပင် ကွယ်လွန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်ပြီးသည့်နောက်တွင် ဘွတ်ကာ၊ တီ၊ ဝါရှင်တန်ထံသို့ ချီးကျူးဂုဏ်ပြုမှု အသစ်အသစ်များ သွန်ဖြာကျဆင်းလာပြန်သည်။ အမျိုးသားပညာရေးအဖွဲ့ချုပ်ကြီးက သူ့အား နိုင်ငံသမိုင်းတစ်လျှောက် နိုင်ငံ၏ပညာရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် စွမ်းစွမ်းတမံဆောင်ရွက် ခဲ့သူ ပုဂ္ဂိုလ်ကြီးဆယ်ဦးစာရင်းတွင် ထည့်သွင်းမှတ်တမ်းတင်ခဲ့သည်။ ဗာဂျီးနီးယားပြည်နယ်ရှိ သူ့ဇာတိရပ်ရွာတွင် ဘွတ်ကာ အထိမ်းအမှတ် သိပ္ပံကျောင်းတစ်ကျောင်း ထူထောင်ရန် ရန်ပုံငွေကောက်ခံကြသည်။ အစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ရန်ပုံငွေကိစ္စ အထောက်အကူ ပြုရန်အတွက် အထူးငါးဆယ်ပြားစေ့များ ထုတ်လုပ်ပေးခဲ့သည်။

နယူးယောက်တက္ကသိုလ်ကလည်း ၎င်းရှိ 'အမေရိကန်ဂုဏ်ထူး ဆောင် ပုဂ္ဂိုလ်ကြီးများခန်းမ'တွင် ဘွတ်ကာ၏ ပုံတူရုပ်တုတစ်ခု တစ်နေရာပေး၍ ပြသထားခဲ့သည်။ နှစ်ပေါင်းများစွာ ရုန်းကန်လှုပ်ရှား ခဲ့ရခြင်း၊ ကြီးမားသော တာဝန်များကို စိတ်ပင်ပန်းခံ ဆောင်ရွက်ခဲ့ ခြင်းတို့၏ ပြယုဂ်များဖြစ်သည့် နဖူးပေါ်ရှိ နက်ရှိုင်းသောအရေး အကြောင်းများသည် လည်းကောင်း၊ ဟာသဉာဏ် ရွှင်သလောက် ရှင်းလင်းပြတ်သားစွာ ပြောဆိုတတ်သည့် နှုတ်ခမ်းသည်လည်းကောင်း အဆိုပါပုံတူရုပ်တု၌ ထင်ရှားပီပြင်စွာ ပေါ်လွင်လျက်ရှိသည်။ နှုတ်ခမ်း များကား သူ အသက်ထင်ရှားရှိစဉ်က လူဖြူများရော လူမည်းများကို မကြာခဏပြောဆိုလေ့ရှိခဲ့သည့် 'လူမှုရေးသက်သက်ဖြစ်တဲ့ ကိစ္စမျိုး တွေမှာ ကျွန်တော်တို့ဟာ လက်ချောင်းကလေးတွေလို တသီးတခြား နေထိုင်နိုင်ကြပေမယ့် နှစ်ဦးနှစ်ဖက် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာ တော့ ကျွန်တော်တို့အားလုံး လက်တစ်ဘက်တည်းလို တစ်သားတည်း ရှိကြရလိမ့်မယ်' ဟူသော စကားကိုပင် အဖန် တလဲလဲ ပြောကြား နေသယောင်ပင်။



ယနေ့ဆိုလျှင် သူ စတင်တည်ထောင်ခဲ့သည့် တပ်စကီဂီးသိပ္ပံ တွင် ဆရာပေါင်း ရာချီ၍ ရှိနေပြီး ကျောင်းသား ဦးရေကလည်း ထောင်ဂဏန်းဖြင့် ရှိနေပေပြီ။ ကျောင်းဝင်းခြံနှင့် ကျောင်းစိုက်ပျိုးမြေ များကလည်း ဧကထောင်ပေါင်းများစွာ။ ထို့ပြင် တောင်ပိုင်းပြည်နယ် များအတွင်း တပ်စကီဂီးကျောင်းထွက်များ ဦးဆောင်ဖွင့်လှစ်ခဲ့သည့် စက်မှုလက်မှုသိပ္ပံကျောင်းများ၏ အရေအတွက်ကလည်း တစ်နေ့ တခြား တိုးပွားလျက် ရှိနေသည်။

ယခုအခါ၌ ကြီးကျယ် လှပသော အဆောက်အအုံပေါင်း မြောက်မြားစွာရှိနေကာ စတင်ထူထောင်စအချိန်က အိပ်မက်မျှပင် မမက်ဝံ့သည့် အခြေအနေသို့ ရောက်နေခဲ့ပြီဖြစ်သော တပ်စကီဂီး သိပ္ပံ၌ မူလပထမကျောင်းအုပ်ကြီး ဘွတ်ကာ၊ တီ၊ ဝါရှင်တန်၏ ထက်သန်တက်ကြွသော စိတ်ဓာတ်သည်လည်းကောင်း၊ သူ့တပည့် သားမြေးများအား သူ ဆုံးမ ပြောဆိုလေ့ရှိသော စကားများသည် လည်းကောင်း တည်တံ့ လွှမ်းမိုးဆဲပင် ရှိနေသည်။

'ဘယ်လောက်ဆင်းရဲတဲ့လူ ဖြစ်ပါစေ၊ ဘယ်လောက်အသား မည်းတဲ့လူ ဖြစ်ပါစေ လူတိုင်းလူတိုင်းမှာ ကိုယ့်ဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်တဲ့ အခွင့်အရေး ကိုယ်စီရှိတယ်ဆိုတာ မမေ့ကြဖို့ လိုတယ်၊ ကိုယ် ကျော်လွှားရမယ့် အခက်အခဲ ကြီးမားလေလေ၊ ကိုယ် ရရှိမယ့် အောင်မြင်မှုကလဲ ကြီးမားလေလေပဲဆိုတာ အမြဲ မှတ်ထားကြ'

ဆိုသောစကားကို တပ်စကီဂီးကျောင်းသားတို့ ယနေ့တိုင် သက်ဆင့်ကမ်း မှတ်သား နာယူနေကြဆဲ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဂျင်မိယင်း

**(YEN YANG - CHU)**

(၁၈၉၃-        )

ဂျင်မိယင်းကား တတိယကမ္ဘာနိုင်ငံများတွင် အစိကလူပ်ရှားကျင်လည်သူ ဖြစ်သဖြင့် အနောက်ကမ္ဘာမှ လူသားအကျိုးဆောင် ပုဂ္ဂိုလ်ကြီးများလောက် စာနယ်ဇင်းမီးရောင်အောက်သို့ မရောက်ခဲ့ပေ။ သို့သော် အများအကျိုး သယ်ပိုးထမ်းရွက်မှုတွင်ကား ပမာဏအရရော ကာလ သက်တမ်းအရပါ စံချိန်တင်နိုင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ သူသည် စာပေမတတ်သည့် သူ့သွေးရင်းသားချင်း တရုတ်လူမျိုးဆင်းရဲသားကူလီများမှ စတင်ကာ တတိယကမ္ဘာဟု ခေါ်တွင်သည့် နိမ့်ပါးနောက်ကျသော အာရှ၊ အာဖရိက၊ တောင်အမေရိကနိုင်ငံများရှိ အောက်အလွှာလူတို့အား စာရေး စာဖတ်နှင့် ကျန်းမာမှုတို့မှသည် တိုးတက် ဖွံ့ဖြိုးသော ဘဝတစ်ခု တည်ဆောက်ခြင်းအထိ မိမိတို့ကိုယ်ကိုမိမိတို့ ပြုစုပျိုးထောင်သွားနိုင်ကြရန် လမ်းပြကူညီပေးခဲ့သည့် စေတနာရှင်၊ ကရုဏာရှင်ကြီးတစ်ဦး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင်တွင် ဂျင်မီယင်းဟူ၍ အမည်တွင်မည့် ယင်းယန်ချူး (Yen Yang - Chu) ကလေးကို တရုတ်ပြည်အလယ်ပိုင်း စီချွမ်ပြည်နယ်တွင် ၁၈၉၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့၌ မွေးသည်။ မိဘများမှာ ဆင်းရဲသည်။ သူ့ဖခင်၌ရှိသည့် အဖိုးတန်ဆုံး ရတနာမှာ သူ သင်ကြားခဲ့ဖူးသည့် 'ပညာ'သာ ဖြစ်သည်။

တရုတ်ပြည်တွင် ၇ ရာစုနှစ် တန်မင်းဆက်ခေတ်မှ စတင်၍ အုပ်ချုပ်ရေးပိုင်း၌ ပညာရှိတို့ လွှမ်းမိုးခဲ့သည်။ တရုတ် ဧကရာဇ်တို့၏ နန်းတော်တွင် အမှုထမ်းအဖြစ် ခန့်အပ်ခြင်းခံရသည့် ပုဂ္ဂိုလ်တိုင်းသည် တရုတ်ဂန္ထဝင်ကျမ်းဂန်များဆိုင်ရာ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများချည်း ဖြစ်ကြသည်။ ဂန္ထဝင်စာပေ နှံ့စပ်မှသာ အရာရှိအရာခံ ဖြစ်နိုင်သည်ဟူသော အစဉ်အလာအသိဖြင့် ကြီးပြင်း ခဲ့ရသည့် ဖခင်ဖြစ်သူသည် ယင်းယန်ချူးအား ငယ်စဉ်မှ စတင်၍ တရုတ် ဂန္ထဝင်များ သင်ကြားပေးခဲ့သည်။ ယန်ချူးကလေးသည် သူ့ဖခင် စာတိုင်ပေးသည့်အတိုင်း သံကုန်ဟစ်၍လိုက်ဆိုရင်း အသက် ဆယ်နှစ်အရွယ်လောက်တွင်ပင် ရှေးသင်ရိုးများဖြစ်သည့် 'လေးစောင်တွဲ'နှင့် 'ဂန္ထဝင်ငါးကျမ်း'တို့ကို ကျေညက်သွားခဲ့သည်။

သို့သော် ဖခင်သည် ယန်ချူးအား မိမိတတ်မြောက်ထားသည့် ရှေးသင်ရိုးများ သင်ကြားပေးရုံဖြင့် လုံလောက်ပြီဟု မယူဆခဲ့ပေ။ သူသည် ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေများကို ရိပ်စားမိသူဖြစ်ရာ ရှေးရိုးပညာမျှဖြင့် သူ့သားငယ်လေး ဘဝရပ်တည်ရန် လွယ်ကူမည်မဟုတ်ကြောင်း၊ လောကဓာတ်သိပ္ပံပညာများ သင်ကြားနိုင်မှသာ နောင်တစ်ခေတ်တွင် လူရာဝင်မည်ဖြစ်ကြောင်း သိမြင်ခဲ့သည်။

သို့နှင့် ဆယ်နှစ်သားသာ အရွယ်မှာပင် ဖခင်က ယန်ချူးအား ဘော်နင်းရှိ အနောက်တိုင်းပညာကျောင်းသို့ သွားရောက်ပညာသင်ကြားရန် စေလွှတ်လေသည်။ ဘော်နင်းကျောင်းမှာ ယန်ချူးတို့နေရာ အရပ်နှင့် မိုင် ၉၀ မျှဝေး၏။ ယန်ချူးသည် သူ့အစ်ကိုကြီးနှင့်အတူ ဘော်နင်းသို့ ကိုယ့်အထုပ်ကလေး ကိုယ်ထမ်းကာ ခြေကျင်ခရီးဖြင့် သွားရလေသည်။ လမ်းမကြီးများမရှိဘဲ တောလမ်းတောင်လမ်းများမှ သွားရခြင်းဖြစ်ရာ ခရီးလမ်းက အတော်ပင် ခက်ခဲသည်။ ဘော်နင်းသို့ရောက်အောင် ညီအစ်ကိုနှစ်ယောက် ငါးရက်မျှ ခရီးနှင်ခဲ့ရသည်။



ခရီးလမ်းတစ်လျှောက် ညဘက်များတွင် ထမင်း ဆိုင်များ၌ တည်းခို ရပ်နားကြရ၏။ ယန်ချူးသည် ထို ထမင်းဆိုင်များတွင် စတင်ကာ ဆင်းရဲသား ကူလီများ၏ ဘဝကို မျက်မြင် ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသည်။ ကူလီများသည် ဆားထုပ်များ၊ အခြားကုန်ပစ္စည်းများကို ထမ်းပိုးကာ ကြမ်းတမ်းသော ခရီးလမ်းများကို ပင်ပန်းကြီးစွာ ဖြတ်သန်းကြရသည်။ ညဘက်တွင် တည်းခိုရာ ထမင်းဆိုင်၌ ရေနွေးစည်ပိုင်းတစ်ခု နံဘေးတွင် ဝိုင်းထိုင်ကာ သူတို့၏ ရောင်အမ်းပေါက်ပြဲနေသည့် ခြေထောက်များကို ရေနွေးစိမ်ကြသည်။ လမ်းခရီးတစ်လျှောက် ကြုံကြိုက်ခဲ့ရသည့် အဖြစ်သနစ်များ၊ မိမိတို့အတွေ့အကြုံများကို အော်ကျယ်ဟစ်ကျယ် ဖလှယ်ပြောဆိုကြသည်။ ရယ်ကြမောကြ ဆဲကြဆိုကြသည်။ တစ်ဦးကိုတစ်ဦး နောက်ရင်းပြောင်ရင်းကရန်ဖြစ်ကြသည်။ ထို့နောက် နံနက်အိပ်ရာထတွင် လေးလံသော ဝန်ထုပ်ကိုယ်စီကို ထမ်းပိုးကာ ခရီးကြမ်းကို ဆက်ကြရပြန်သည်။ ယန်ချူး၏ အမြင်အာရုံထဲတွင် သူ ဆယ်နှစ်သားက မြင်တွေ့ခဲ့ရသည့် ထိုကူလီတို့၏ဘဝ ပုံကားချပ်များသည် ထာဝစဉ် စွဲမြဲသွားခဲ့သည်။ ထို့ပြင် တရုတ် ဘာသာတွင် ကူနှင့်လီဟူသော စကားနှစ်လုံးသည် 'ခါးသီးပြင်းထန်သော ခွန်အား'ဟူ၍ အဓိပ္ပာယ်ရလေရာ နောင်တစ်သက်လုံး ကူလီဆိုသောစကားသံ ကြားရတိုင်း သူ့ခေါင်းထဲတွင် ထိုအဓိပ္ပာယ်သာ ပေါ်လာနေတတ်တော့သည်။

www.burmeseclassic.com



ယန်ချူးတို့ညီအစ်ကိုနှစ်ယောက် အနောက်တိုင်းပညာကျောင်းသို့ ရောက်ရှိသည့်အချိန်၌ မိုးစုပ်စုပ်ချုပ်ပြီဖြစ်၏။ ယန်ချူးကလေးသည် သူတို့အား မီးအိမ်တစ်အိမ် လက်မှာကိုင်ကာ မီးအလင်းရောင်ဖြင့် သေသေချာချာ အကဲခတ် ကြည့်ရှု ကြိုဆိုနေသော ပုဂ္ဂိုလ်ကြီးကို ကြည့်၍ တုန်လှုပ်သွားမိသည်။ လူကြီးက မျက်နှာဖြူလူမျိုးတစ်ယောက် ဖြစ်သည်။ နှုတ်ခမ်းမွေးများက ချွန်ချွန်ထောင်ထောင်၊ မျက်ခုံးမွေး ထူထူထဲထဲနှင့် မျက်တွင်းက ချိုင့်သည်။ ထို့ပြင် လူကောင်ကလည်း အလွန်ကြီးလှသည်။ ထိုပုဂ္ဂိုလ်ကြီးကား အင်္ဂလိပ်လူမျိုး လူတူးလူဆန်း တစ်ယောက်ဖြစ်သူ ဝီလျံအဲလဒစ်ပေတည်း။

အဲလဒစ်သည် အနောက်တိုင်း ပညာသင် ကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သည်။ သူသည် တရုတ်လူမျိုးများအပေါ် မေတ္တာစေတနာထားသူ၊ သွေးသားရင်းချာပမာ ချစ်ခင်တွယ်တာသူ ဖြစ်သည့်အားလျော်စွာ ဉာဏ်ပညာထက်မြက်သည့် တရုတ်လူငယ်လေးများအား မြေတောင်မြှောက်ပေးလိုစိတ် ပြင်းပြခဲ့သည်။ ထို့ကြောင့်ပင် တရုတ် ပြည် သာသနာပြုအဖွဲ့ရှိ သူ့အထက်လူကြီးများ၏ အလိုကို ဆန့်ကျင်ကာ ဘာသာရေးပညာကျောင်းအစား လောကဓာတ်ပညာကျောင်းတစ်ကျောင်း ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် သူသည် အနေအထိုင် အဝတ်အဆင်၌လည်း တရုတ်လူမျိုးများပုံစံအတိုင်း ပြောင်းလဲ နေထိုင်ခဲ့၏။ တရုတ်အင်္ကျီ၊ ဘောင်းဘီကို ဝတ်၏။ နဖူးအထက် နားရှိ ဆံပင်များကို ပျော့အောင်ရိတ်ပြီး နောက်ဘက်ဆံပင်များကို အရှည်ထားကာ ကျစ်ဆံမြီး ထိုးထား၏။

ထူးခြား ဆန်းကြယ်သော ကျောင်းအုပ်ကြီးကို ကြည့်ကာ တုန်လှုပ်နေမိသောယန်ချူးသည် ကျောင်းတွင် ရှိနှင့်သည့် အခြားကျောင်းသားများကို မြင်ရသည့်အခါ၌ကား အလန့်တကြားဖြစ်သွားမိလေတော့သည်။ ကျောင်းသားများမှာ အသက် ၁၄ နှစ်မှ ၁၈



နှစ်ကြား အရွယ်များဖြစ်ရာ အားလုံးပင် သူ့ထက် သိသိသာသာ ကြီးထွားသူတွေချည်း ဖြစ်နေသည်။

ထိုညတွင် ယန်ချူးမှာ ကျောင်း၌ အိပ်ရပြီး သူ့ကို လိုက်ပို့သော သူ့အစ်ကိုကြီးမှာ ရွာထဲတွင် သွားအိပ်ရသည်။ ကျောင်းအုပ်ကြီးနှင့် ကျောင်းသားများကိုကြည့်ပြီး ထိတ်လန့်နေရသည့်အထဲတွင် ညဘက်၌ တစ်ယောက်တည်း အိပ်ရပြန်သောအခါ ယန်ချူးခမျာ အလွန်အားငယ်သွားပြီး အိပ်ရာထဲတွင် ကျိတ်၍ ငိုရှိုက်မိလေသည်။

သူ၏ ငိုရှိုက်သံကို ကျောင်းအုပ်ကြီး အဲလဒစ် ကြားသွားသည်။

သို့နှင့် နောက်တစ်နေ့နံနက်တွင် ကျောင်းအုပ်ကြီးက သူတို့ညီအစ်ကိုနှင့်တွေ့ဆုံကာ အစ်ကိုကြီးအား

'ကလေးက သိပ်ငယ်လွန်းနေတယ်၊ အခု ပြန်ခေါ်သွားလိုက်ပါ၊ နောက်နှစ်နှစ် သုံးနှစ်လောက်မှ ပြန်လာခဲ့ကြပါ'

ဟူ၍ ပြောဆိုလေသည်။ သည်အချိန်တွင် ယန်ချူး၏ဘဝသက်တမ်းတစ်လျှောက်လုံး၌ ထင်ရှားပေါ်လွင်မည့် သူ့စရိုက်သဘာဝလေးတစ်ခုက ရုတ်တရက် ထကြွပေါ်ပေါက်လာသည်။ ယင်းကား ဆရာကြီးထံတွင် 'နောက်တစ်ကြိမ် ကြိုးစားခွင့်' တောင်းလိုက်ခြင်းဖြစ်သည် 'ပြီးခဲ့သည့်ညက ကိစ္စကို သည်းခံပါ၊ သည်တစ်ည စောင့်ကြည့်ပါ၊ သည်ည မိမိထံမှ ငိုသံ ကြားလျှင် ပြန်ပို့ပါ၊ မငိုဘူးဆိုလျှင်ကား ကျောင်းတွင် ဆက်၍ နေခွင့်ပေးပါ' ဟူ၍ သူက တင်ပြလေသည်။

ဒုတိယ ညတွင်လည်း သူ အကြီးအကျယ်ပင် အိမ်အောက်မေ့နေ၏။ တစ်ယောက်တည်း ကျန်ရစ် ရမှာကို ကြောက်နေ၏။ စိတ်ထိန်းနေသည့် ကြားထဲက ငိုရှိုက်မိသည့်အခါ၌မူ သူက အသံမထွက်စေရန် ပါးစပ်ထဲသို့ စောင်စကို အတင်း ထိုးသိပ် ထည့်ထားလိုက်လေသည်။

www.burmeseclassic.com



**နောက်နေ့တွင်မှ** သူ့ဖွဲ့ကို သိသွားသော ကျောင်းအုပ်ကြီးက သူ့အား ကျောင်းတွင် လက်ခံ ထားလိုက်တော့၏။

ဆရာကြီး အဲလဒစ်၏ကျောင်းကား ကျောင်းသားများအတွက် ကိုယ် စိတ် နှစ်ဖြာ ကျွန်းမာစေသည့်ကျောင်း ဖြစ်၏။ သူ့ကျောင်း၌ ပညာ သင်ကြားရခြင်းသည် ပျော်ရွှင်စရာ စိတ်အားတက်စရာသာ ဖြစ်၏။ အဲလဒစ်၏ကျောင်းသည် ယင်းယန်ချူးကလေးအား စိတ်နှလုံးကောင်းသူ၊ စိတ်ဓာတ် ကြံ့ခိုင်သူ၊ မိမိကိုယ်ကို ယုံကြည်စိတ်ပြည့်ဝသူတစ်ဦး ဖြစ်လာအောင် ပြည့်ဆည်းမြှင့်တင်ပေးခဲ့သည်။

## ဟောင်ကောင် တက္ကသိုလ်၊ ယေးလ်တက္ကသိုလ်

ဘော်နင်းတွင် လေးနှစ်မျှ ပညာသင်ကြားပြီးသည့်နောက်တွင် ယန်ချူးသည် စီချွမ်ပြည်နယ် မြို့တော် ချင်ဒူးတွင် အမေရိကန် သာသနာပြုများ တည်ထောင်ထားသည့် အထက်တန်း ကျောင်းသို့ ဆက်လက် တက်ရောက်သင်ကြားရန်အတွက် ပညာသင်ဆု ရလေသည်။ ချင်ဒူးကား သူ့ နေအိမ်မှ မိုင် ၂၀၀ မျှ ကွာဝေးသည်ဖြစ်ရာ ၁၄ ရက်တိတိ လမ်းလျှောက်ရလေသည်။ သည်တစ်ကြိမ်တွင်မူ အဖော်မပါ တစ်ကိုယ်တည်းသွားရ၏။ သို့သော် ယခင်လေးနှစ်က ခရီးစဉ်အတိုင်း ညဘက်၌ ထမင်းဆိုင်များမှာပင် ညအိပ် တည်းခိုရပ်နားကာ ခရီးဆက်ရပြီး ညစာကိုလည်း ခရီးသွားဖော် ကူလီများ၊ တောသူတောင်သား လယ်သမားများနှင့် အတူတကွပင် စားသောက်ရလေသည်။

အသက် ၁၇ နှစ်တွင် ယန်ချူးသည် ချင်ဒူး အထက်တန်းကျောင်းမှ အမြင့်ဆုံးဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။ ချင်ဒူးသည် ကျောင်းသား ပေါများသောမြို့ဖြစ်၍ အင်္ဂလိပ်လူမျိုး နှစ်ဦးတို့က ချင်ဒူးတွင် ကျောင်းသားအဆောင်တစ်ခုဖွင့်လှစ်ရန် စီစဉ်သည့်အခါ



ယန်ချူး၏ဆရာရင်းဖြစ်သူ ဝီလျံအဲလဒစ်က အဆောင် တည်ထောင်သူများအား မိမိ၏တပည့်ကို လက်ထောက် အဆောင်မှူးအဖြစ် ခန့်အပ်ရန် အကြံပေးသည်။ သို့နှင့် အဆောင်မှူးတစ်ဦးဖြစ်သူ ဂျိမ်းစ်စတီးဝပ်သည် ယန်ချူးအား မိမိ အုပ်ချုပ်ရသော အစိတ်အပိုင်း အတွက် လက်ထောက်အဖြစ် ခန့်အပ်လေသည်။ ယန်ချူးသည် အဆောင်တာဝန်ကို ကျွမ်းကျင်စွာထမ်းဆောင်ရုံမက စတီးဝပ် အင်္ဂလိပ်ဘာသာဖြင့် စာသင်ကြားပို့ချသည့်အခါ၌ တရုတ်ဘာသာ ပြန်ဆိုပေးသူအဖြစ်လည်း ဆောင်ရွက်ပေးလေသည်။ ဘာသာပြန်ပေးရသောအလုပ်က ယန်ချူးအတွက် များစွာ အကျိုးရှိသည်။ အဓိကအချက်မှာ စတီးဝပ်၏ မိမိကိုယ်ကို ယုံကြည်မှုပြည့်ဝသည့် လေသံဟန်ပန်ကို အတုယူ လေ့ကျင့်ခွင့်ရခြင်း ဖြစ်သည်။

စတီးဝပ်ကလည်း သူ့လက်ထောက်၏ အရည်အချင်းများကို မြင်သည်။ ယန်ချူးအား မိမိဘဝကို တရုတ်ပြည်ထဲမှာသာ မြှုပ်နှံမထားဘဲ ကမ္ဘာကြီးထဲသို့ပါ ခြေဆန့်ကြည့်ရန် အကြံပေးသည်။ ယန်ချူးအပေါ် စေတနာထားသဖြင့် ယန်ချူးအတွက် တတ်နိုင်သမျှလည်း သူ အကူအညီ ပေးလေ့ ရှိသည်။ တစ်ခါ၌မူ ယန်ချူးအား ဟောင်ကောင်တွင်နေထိုင်လျက်ရှိသည့် မိမိအစ်ကိုဖြစ်သူ အာသာနှင့် မိတ်ဆက်ပေးနိုင်ရန်အတွက် ဟောင်ကောင်သို့ လိုက်ပို့ပေးခဲ့သည်။ ဟောင်ကောင်သို့ ရောက်ရန်အတွက် ပင်လယ်ကမ်းရိုးတန်းအရောက် ရက်ပေါင်း ၄၀ မျှ နေ့ရောညပါ ခြေကျင်ခရီးနှင်ကြရသည်။ ယင်းယန်ချူးသည် မိမိအပေါ်ထားရှိသည့် ဂျိမ်းစတီးဝပ်၏ စေတနာနှင့် တကယ် လက်တွေ့ အားပေးကူညီမှုများအတွက် အထူးကျေးဇူးလည်း တင်မိ၊ လှိုက်လှိုက်လှဲလှဲလည်း ရင်းနှီး ခင်မင်မိသဖြင့် မိမိ နာမည်တွင် ဂျိမ်းစတီးဝပ်၏ 'ဂျိမ်းစ်' ဟူသော အမည်တစ်လုံးကိုပါ ထိုးပြည့် ထည့်သွင်းရန် ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ယင်းယန်ချူး၏ အမည်သည် ဂျိမ်းစ်ယင်းဟူ၍ ဖြစ်လာပြီး နောင်တွင် ရင်းနှီးချစ်ခင်သူတို့က ဂျင်မီဟု အဖျားဆွတ်ခေါ်ဝေါ်ကြခြင်းဖြင့် တဖြည်းဖြည်း ဂျင်မီယင်း (Jimmy Yen) အမည် တွင်သွားခဲ့ပေသည်။

ဂျိမ်းစ်၏အစ်ကို အာသာစတီးဝပ်ကလည်း 'ယင်း'အား ကူညီ သည်။ အထက်တန်းကျောင်းတွင် ထူးချွန်ခဲ့သူဖြစ်သော်လည်း 'ယင်း' မှာ ကောလိပ်ဝင်ခွင့်စာမေးပွဲ ဖြေနိုင်လောက်အောင်ကား သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒ ဘာသာရပ်များကို ကောင်းစွာ သင်ကြား တတ်မြောက်ခဲ့ခြင်း မရှိသေးပေ။ ထို့ကြောင့် သူ့အား အာသာက ကောလိပ်အကြိုသင်တန်းများ ပို့ချပေးသည့် စိန့်စတီဖင်ကျောင်းသို့ အပ်နှံပေးသည်။

ထိုကျောင်းတွင်မှ ဂျင်မီယင်းသည် သူ့ထက် များစွာငယ်ရွယ်သူများနှင့်အတူ သင်ကြားရလေသည်။ ကျောင်း၌ သူ အပြင်းအထန်ကြိုးစားသည်။ ထိုကျောင်းတွင် သုံးနှစ်မျှ သင်ကြားပြီးမှသာ ဂျင်မီ အနေနှင့် ကောလိပ်ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်နိုင်လိမ့်မည်ဟု အာသာ ယူဆထားခဲ့ရာ ပထမနှစ် သင်တန်းပြီးစီးပြီး နွေကျောင်းပိတ်ရက်အကုန်တွင်ပင် ဝင်ခွင့်စာမေးပွဲ ဖြေတော့မည်ဟု ဂျင်မီကဆိုသည့် အခါ အာသာ မယုံကြည်နိုင် ဖြစ်ခဲ့ရသည်။

စာမေးပွဲ တကယ် ဝင်ဖြေသည့်အခါ ဂျင်မီသည် ဖြေဆိုသူအားလုံးထဲတွင် အမှတ် အများဆုံး ရခဲ့သည်။ ထို့ပြင် သတ္တမမြောက် အက်ဒွပ်ဘုရင်၏ ဒေါ်လာ ၁၆၀၀ တန် စကောလားရှစ်ဆုဖြင့် ဟောင်ကောင်တက္ကသိုလ်သို့ တက်ခွင့်ရနိုင်ကြောင်းပါ ဝမ်းမြောက်ဖွယ် သိရှိရလေသည်။ သို့သော် ထိုဝမ်းမြောက်ဖွယ်သတင်းတွင် နောက်ဆက်တွဲ စည်းကမ်းချက်လေး တစ်ခု တွဲ၍ ပါလာသည်။ သင်းကား ဘုရင့်စကောလားရှစ် ဆုမှာ ဗြိတိသျှနိုင်ငံသားများအတွက်



သာ သတ်မှတ်ထားခြင်းဖြစ်ရာ ဂျင်မီယင်းအနေနှင့် ဗြိတိသျှနိုင်ငံသားခံယူမှသာ ထိုစကောလားရှစ်ဆုကို ခံစားပိုင်ခွင့်ရှိမည်ဟူသောအချက် ဖြစ်လေသည်။ မိမိဘက်မှ ပေးရမည့်ကြေးက ကြီးလေးနေသည်ဖြစ်ရာ စကောလားရှစ်ဆုကို ဂျင်မီယင်း ငြင်းပယ် လိုက်လေသည်။

မည်သို့ပင်ဖြစ်စေ ဟောင်ကောင် တက္ကသိုလ်ကိုကား မိမိဘာသာ ကျောင်းစရိတ် ရှာဖွေပြီး တက်ဖြစ်အောင်တက်ခဲ့သည်။ သို့သော် ဟောင်ကောင်တက္ကသိုလ်မှာ ဗြိတိသျှနွယ်ဖွား သားသမီးများအတွက် ရည်ရွယ်ဖွင့်လှစ်ထားခြင်းဖြစ်ရာ ဂျင်မီနှင့် သူ၏ သူငယ်ချင်း တရုတ်ကျောင်းသားနှစ်ဦးတို့မှာ ဗြိတန်နိုင်ငံသားများကြားတွင် အတော်ပင် အနှိမ်ခံ အောက်ကျခံ၍ ရပ်တည်ကြရသည်။ ဟောင်ကောင်တွင် နှစ်နှစ်မျှသင်ကြားပြီးသည့်နောက်၌မူ အမေရိကန်ပြည်ဘက်သို့ သွားရောက်၍ ပညာ ဆက်လက် ဆည်းပူးရန် ဂျင်မီတို့လူစု စဉ်းစားလာကြသည်။ အမေရိကန် သာသနာပြု တစ်ဦးကလည်း သူတို့အား အိုဗာလင် ကောလိပ်သို့ သွားရောက်သင့်ကြောင်း အကြံပေးပြီး သူတို့အတွက် ခရီးစရိတ် ရအောင် မ တည် ကူညီပေးသည်။

အမေရိကန်ပြည်သို့သွားသည့် သင်္ဘောခရီးတွင် ဂျင်မီယင်းသည် ယေးလ်တက္ကသိုလ် ဘွဲ့ရတစ်ယောက်နှင့် သိကျွမ်းရသည်။ ၎င်းပုဂ္ဂိုလ်က ဂျင်မီအား အိုဗာလင်းအစား ယေးတက္ကသိုလ်သို့ တက်ရောက်ခွင့် ရအောင် ကြိုးပမ်းရန် အကြံပေးသည်။

သို့နှင့် ဂျင်မီလည်း ယေးလ်ဘက်သို့ အလျင် သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။ ယေးလ်တက္ကသိုလ်တည်ရှိရာ နယူးဟေဗင်မြို့သို့ ရောက်သည့်အခါ တက္ကသိုလ်ပါမောက္ခချုပ်ထံသို့ တန်းတန်းမတ်မတ် သွားရောက်ပြီး တက္ကသိုလ်ဝင်ခွင့်ရရန် ပြောဆိုသည်။ ပါမောက္ခကြီး၏ မျက်နှာအမူအရာက တည်လွန်းလှသည်ဖြစ်ရာ ရုတ်တရက်အဖြေမှ မိမိအား ငြင်းပယ်လွှတ်လေမည်လားဟုပင် ဂျင်မီ စိုးရိမ်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခချုပ်က သူ့အား ဟောင်ကောင်တွင် သင်ကြားခဲ့သည့် ဘာသာရပ်များအကြောင်း မေးမြန်းပြီးနောက် မင်းမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲဟု ပွင့်ပွင့်လင်းလင်းမေးသည်။ မိမိတွင် ၈၄ဒေါ်လာသာပါကြောင်း ဂျင်မီက ဖြေသည့်အခါ ပါမောက္ခချုပ်က 'မင်းအတော်သတ္တိကောင်းတဲ့ လူငယ်တစ်ယောက်ပဲ'ဟု ချီးကျူးစကားဆိုပြီး သူ့အား ပထမနှစ်သင်တန်းတွင် လက်ခံထားလိုက်လေသည်။

ယေးလ်ကို ဂျင်မီ သဘောကျသည်။ သို့သော် တစ်ဖက်က ကျောင်းတက် ကျောင်းစာ ကျက်မှတ်ရင်း တစ်ဖက်ကလည်း ကျောင်းစရိတ် ရှာရသေးသည်ဖြစ်ရာ သူ့မှာ နေ့ရောညပါ အားလပ်သည်ဟူ၍ မရှိပေ။ အဆောင်ထမင်းစားခန်းမတွင် စားပွဲထိုးလုပ်ရင်း ဝင်ငွေရှာရပြီး စားပွဲထိုးချိန်ပြီးသည့်အခါတွင်မှ ပြင်ပရှိ ဈေးပေါသော တရုတ်စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်စားသောက်ရသည်။ နွေရာသီကျောင်းပိတ်ရက်တွင်လည်း သူက တရုတ်ပိတ်များ၊ ပန်းထိုးထည်များ လည်ရောင်းသော အလုပ်ကို လုပ်ရသေးသည်။

သို့သော် ဒုတိယနှစ်တွင်မူ စကောလားရှစ်ဆုငွေအပြည့်ဖြင့် ကျောင်းတက်ခွင့်ရရာ အပြင်တွင် ဝင်ငွေထွက်ရှာရသော အလုပ်ကြီးပြီးစီးသွားလေသည်။

ယေးလ်တက္ကသိုလ်တွင်မူ ဟောင်ကောင် တက္ကသိုလ်မှာနှင့် ကွာခြားသော လူမှုဆက်ဆံရေးမျိုးကို တွေ့ထိခံစားရသည်။ အလွန်ဆင်းရဲသော တရုတ်ကျောင်းသားတစ်ဦးဖြစ်သည်ဟူ၍ အနှိမ်မခံရ။ သမ္မတ ဟောင်းတပ်ဖ်၏ သားဖြစ်သူ ချားလ်စ်တပ်ဖ်လို လူမျိုးက သူ့အား သူငယ်ချင်း အရင်းအချာ တစ်ယောက်အဖြစ် ပွင့်ပွင့်လင်းလင်း တန်းတူရည်တူ ဆက်ဆံသည်။ ချားလ်စ်မှာ သမ္မတဟောင်းတစ်ဦး၏ သားအဖြစ် အထူးအခွင့်အရေး ရယူလိုစိတ် မရှိသည်ကိုလည်း သူ အံ့သြနှစ်သက်စွာ တွေ့ရှိရသည်။ ထို့ပြင် ထိုစဉ်က တက္ကသိုလ်တွင်



ပါမောက္ခတစ်ဦးအဖြစ် ထမ်းဆောင်လျက်ရှိသည့် သမ္မတဟောင်း တပ်ဖ် ကိုယ်တိုင်ထံမှ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း ပို့ချချက်ကို နားထောင်ရခြင်းကိုလည်း သူ အမှတ်တရ ရှိလှသည်။

ယေးလ်မှ ကျောင်းပညာရေး လူမှုရေး စိတ်ဓာတ်ရေး ဆိုင်ရာ ဗဟုသုတများပါ သူ အများအပြား ရရှိခဲ့သည်။

## ဝက်အူချောင်းစက်ထွက် လုပ်သားများ

ဂျင်မီယင်း တက္ကသိုလ်ပညာသင်ကြားနေချိန်တွင် ပြင်ပ ကမ္ဘာကြီးမှာ ဝရုန်းသုံးကား ပရမ်းပတာတွေ ဖြစ်လျက်ရှိသည်။ သူ ဟောင်ကောင် တက္ကသိုလ်မှာ ရှိနေဆဲ ၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး စဖြစ်သည်။ သူ ယေးလ်မှာ ပထမနှစ်သင်တန်း တက်နေစဉ် ၁၉၁၇ ခုနှစ်တွင် အမေရိကန်က ဂျာမနီကို စစ်ကြေညာသည်။ သို့နှင့် တက္ကသိုလ်မှ ဘွဲ့ရပြီးပြီးချင်း ဆိုသလိုပင် စစ်ရေးကိစ္စများထဲသို့ ဝင်ရောက်ပတ်သက်ရလေသည်။ တကယ် ပစ်ခတ်တိုက်ခိုက်နေကြသည့် စစ်တလင်းပြင်ထဲသို့ကား မရောက်။ ရှေ့တန်းစစ်မျက်နှာ၏ နောက်ဘက်နားရှိ အလွန် ဒုက္ခကြီးမားလှသော နေရာ တစ်ခုဆီသို့ ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။

ဂျင်မီ ပါဝင်ပတ်သက်ခဲ့ရသည့် ထိုအစိတ်အပိုင်း ထိုကဏ္ဍသည် ပထမ ကမ္ဘာစစ် သမိုင်း စာအုပ်များထဲတွင် ပါဝင်လေ့ မရှိခဲ့ပေ။ စင်စစ် သူ ကြုံတွေ့ ခဲ့ရသည့် အခြေအနေများ ဖြစ်ရပ်များကို သိရှိသူလည်း အလွန် နည်းပါးလိမ့်မည် ဖြစ်သည်။ အကြောင်းမူ သူ ပတ်သက်ခဲ့ရသောကိစ္စတို့သည် စစ်နိုင်သူ မဟာမိတ်တပ်ဖွဲ့များအတွက် ဂုဏ်ယူစရာကိစ္စများ မဟုတ်ခဲ့သောကြောင့် ဖြစ်သည်။

ပြင်သစ် ရှေ့တန်း စစ်မျက်နှာတွင် တိုက်ပွဲ ပြင်းထန်သည့် ကာလ အကျအဆုံးတွေ များလွန်းနေသည့်ကာလတွင် မဟာမိတ်

www.burmeseclassic.com

www.burmeseclassic.com



တပ်များအတွက် စစ်သည်အင်အား အရေးတကြီးဖြည့်တင်းရ
လိုအပ်လာသည်။ ထိုအခါ ရှေ့တန်းနယ်မြေတွင် စစ်တိုက်ခြင်းမှအ
ဖြစ်သည့် အခြားလုပ်ငန်းများအတွက် တာဝန်ယူဆောင်ရွက်လျ
ရှိသော မဟာမိတ် နိုင်ငံသားများကို ရှေ့တန်း စစ်သည်များအဖြ
ထမ်းဆောင်စေပြီး ၎င်းတို့နေရာတွင် တရုတ်ပြည်မှ ကူလီမျာ
ငှားရမ်း ဖြည့်တင်းမည်ဟူ၍ အကြံရလာသည်။

ထိုတရုတ်ကူလီများ၏ အလုပ်မှာ ကားလမ်း၊ ရထားလမ်းမျာ
စစ်စခန်းများနှင့် လေယာဉ်ကွင်းများ တည်ဆောက်ခြင်း၊ ထောက်
ရေးပစ္စည်းများ တင်ခြင်း ချခြင်း စသည်များနှင့် လက်နက်ခဲယမ်
မီးကျောက် အလုပ်ရုံများတွင် လုပ်ကိုင်ရန်တို့ ဖြစ်သည်။

တရုတ်လုပ်အားတပ်ဖွဲ့ဟု ခေါ်ဝေါ်ခဲ့သည့် အဆိုပါအင်အား
များအတွက် လူများကို တရုတ်အစိုးရ၏ခွင့်ပြုချက်ဖြင့် တရုတ်ပြည်
မြောက်ပိုင်းတွင် ဗြိတိသျှတို့ သိမ်းကျုံးစုစည်းခေါ်ဆောင်ခဲ့ကြသည်
ပထမတွင် ဗြိတိသျှတို့သည် တရုတ် မြို့များ၌ ပြင်သစ်ပြည်သို့
သွားရောက် လုပ်ကိုင်မည့် အလုပ်သမားများ အလိုရှိကြောင်း၊ လုပ်
ငွေ မည်ရွေ့မည်မျှ ရမည်ဖြစ်ကြောင်း ကြော်ငြာ ဆိုင်းဘုတ်မျာ
ထောင်ကြ၏။ သို့သော် တရုတ်လူမျိုး ဆင်းရဲသား အများစုတို့မှာ
စာမတတ်ကြသဖြင့် ကြော်ငြာစာ ဖော်ပြချက်များကို တိတိကျက
မသိကြပေ။ ထို့ကြောင့် အလုပ်လုပ်ရန် စာရင်းပေးသွင်းသူလည်း
နည်းပါးခဲ့သည်။ ထိုအခါ ဗြိတိသျှတို့က အလုပ်ပွဲစားများအာ
ကော်မရှင်ပေးကာ ခိုင်းစေကြသည်။ ပွဲစားများကိုလွှဲလိုက်သောအခါ
တွင်ကား လုပ်သားတွေ ဒလဟော ဝင်လာလေသည်။

ဝင်လာသူများမှာ အလွန် ဆင်းရဲစုတ်ပြတ်သည့် အခြေမဲ့
အနေမဲ့များ၊ မဖြစ်ထွန်းသည့်လယ်ယာလုပ်ငန်းကြောင့် စိတ်ပျက်
လက်ပျက် ဖြစ်နေသည့် တောင်သူလယ်သမားများ အဓိကပါဝင်သည်



သူတို့သည် နေ့စဉ် ထမင်းစားရမည်၊ တစ်နေ့လျှင် (ပြင်သစ်) ဖရန့်ဒင်္ဂါး တစ်ပြားနှုန်းပေးမည်ဟူသော ကတိစကားကို ကြားရသဖြင့် လုပ်သားအဖြစ် စာရင်းပေးသွင်းကြခြင်း ဖြစ်၏။ စင်စစ် ဖရန့်ဒင်္ဂါးတစ်ပြား၏ တန်ဖိုးသည် မည်ရွေ့မည်မျှ ရှိသည်ကိုလည်းကောင်း၊ ပြင်သစ်တွင် သူတို့ ဘာအလုပ်လုပ်ရမည် ဟူသည်ကိုလည်းကောင်း၊ ကမ္ဘာစစ်ဟူသည် မည်သို့ရှိမည်ကိုလည်းကောင်း သူတို့ တစိုးတစိမျှပင် သိရှိကြသည် မဟုတ်ပေ။

လုပ်သားစုဆောင်းရေးစခန်းတွင် စာရင်းပေးသွင်းပြီးနောက်၌ ၎င်းတို့အား 'ဝက်အူချောင်းလုပ်သည့်စက်'ဟု အမည်ပေးထားသည့် ပုံစံ သွင်းသော ယန္တရား ထဲသို့ အစီအစဉ်အတိုင်း ဝင်ရောက်စေလေသည်။ အစီအစဉ်အရ ရှေးဦးစွာ ၎င်းတို့၏ ကျစ်ဆံမြီးများကို ဖြတ်တောက်လိုက်ရ၏။ အဝတ်အစားအားလုံးကို မီးရှို့ပစ်ရန်အတွက် ချွတ်ပေးလိုက်ရပြီး ရေချိုးသန့်စင်ရ၏။ ပြီးလျှင် တာဝန်ခံများထုတ်ပေးသည့် ချည်ကြမ်းယူနီဖောင်းကိုယ်စီကို ဝတ်ဆင်ရ၏။ ထို့နောက် လက်ဗွေပုံစံများ နှိပ်ရ၏။ ထို့နောက် ဘယ်ဘက်လက်ကောက်ဝတ်တွင် နံပါတ်ပါသော သတ္တုကွင်းတစ်ကွင်းစီ စွပ်ပေး၏။ ထိုအချိန်မှစ၍ အလုပ်စခန်းတွင် လုပ်ကိုင်သည့် ကာလတစ်လျှောက်လုံး သူတို့၏ အမည်နာမများအစား ထိုနံပါတ်များကိုသာ အသုံးပြုသွားတော့မည် ဖြစ်၏။

ထို့နောက်တွင်ကား ၎င်းတို့အား အလုပ်လုပ်ရမည့် နေရာဒေသများသို့ ပို့လေသည်။ အချို့ကို အနောက်ပိုင်း ဂွတ်ဟုတ်အငူကို ပတ်၍ သွားရသော လမ်းကြောင်းမှ ပို့၏။ ကျန်လူများကိုမူ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်ကာ ကနေဒါသို့၊ ထို့နောက် ကနေဒါကိုဖြတ်၍ အတ္တလန်တိတ်သမုဒ္ဒရာကိုဖြတ်ကာ ဥရောပသို့ ပို့လေသည်။ ထိုအချိန်က အတ္တလန်တိတ်သမုဒ္ဒရာတွင် ဂျာမန်ရေငုပ်သင်္ဘောတို့၏ အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြီးမားနေသည်ဖြစ်ရာ ထိုသမုဒ္ဒရာကို ဖြတ်သည့် ခရီးက
သက်စွန့်ဆံဖျားခရီး ဖြစ်ပေသည်။

ဂျင်မီယင်း ယေးလ်တက္ကသိုလ်မှ ဘွဲ့ရပြီးသည့်အချိန်လော
တွင် ပြင်သစ်ပြည်သို့ ရောက်ရှိနေသည့် တရုတ်ကူလီများ၏ အ
အတွက်မှာ ၁၈၀၀၀၀ မျှ ရှိနေပြီဖြစ်သည်။ ကူလီများမှာ အစော
တင်းတင်းကျပ်ကျပ် ချထားသည့် စခန်းများတွင် နေထိုင်ရ၏
ပတ်စန်းကျင် မြို့ရွာလူသူနှင့် ရေမြေ တောတောင်တို့က တရု
ဝန်းကျင်နှင့် လုံးဝတခြားစီဖြစ်၏။ ရာသီဥတုက အေးစက်စွတ်စို၏
အုပ်ချုပ်သည့် အရာရှိများမှာ တရုတ်စကား လုံးဝမတတ်ကြရုံမ
ဆက်ဆံရာ၌လည်း ရိုင်းပျကြ၏။ သူတို့အား ကျွဲနွား မောင်းသ
အတင်းမောင်းနှင် ခိုင်းစေကြလေသည်။ ထို့ပြင် အစားအာဟာရမျ
ပြည့်စုံ လုံလောက်ခြင်း မရှိရုံမက စည်သွတ်ဘူးထဲက အသားနှ
ပဲတောင့်များမှာ တရုတ်လူမျိုးများ၏လျှာနှင့် လုံးဝအံမဝင်ခွင်မက
နိုင်ဘဲ ရှိလေသည်။ အစားအစာသာမက ရေကိစ္စတွင်လည်
(အထူးသဖြင့် အစပိုင်း၌) ဒုက္ခရောက်ကြရ၏။ ရေနွေးပူပူ လက်ဖ
ရည်ကြမ်းပူပူကိုသာ သောက်နေကျဖြစ်သော တရုတ်လူမျိုးများမှ
ရေအေးများချည်း သောက်ရသည့်အခါ မကျန်းမမာပင် ဖြစ်ကြ
လေသည်။

တရုတ်ပြည်တွင် အလုပ်ခေါ်စဉ်က စစ်တိုက်သည့်အလုပ်
တွင် သူတို့ လုံးဝပါဝင်ရမည်မဟုတ်ကြောင်း ကတိပေးခဲ့သော်လည်
တကယ်လက်တွေ့၌မူ လုပ်သားအများအပြားပင် တိုက်ပွဲဖြစ်နေရှိ
ကတုတ်ကျင်းများဆီသို့ ကျည်များ သယ်ယူ ဖြည့်တင်းပေးရသည်
အလုပ်များကို လုပ်ကိုင်ရလေသည်။ အမြောက်ကျည်ဆန်များ သွန်က
နေသည့်ကြားမှ သယ်ယူပေးရခြင်းဖြစ်ရာ ကာလေးမြို့အနီး စစ်မြေပြ





စ်ခုတည်း၌ပင် အမြောက်ဆန်မှန်၍ သေကြေကြရသည့် လုပ်သား
ါင်းမှာ ၃၀၀၀ ခန့်မျှ ရှိလေသည်။

အချို့လုပ်သားများမှာ အလွန်အော်ဂလီဆန်စရာ တုန်လှုပ်
ာက်ချားဖွယ်ရာကောင်းလှသည့် အလုပ်တစ်ခုကို လုပ်ရသေး
ည်။ ယင်းကား စစ်မြေပြင်တွင် ကမန်းကတန်းတူးမြှုပ်ထားခဲ့ရသော
ာကိသျှနှင့် ပြင်သစ်စစ်သည်တို့၏ အလောင်းများကို တူးဖော်ကာ
တ်မှတ်ထားသည့် နေရာများတွင် စနစ်တကျ ပြန်လည်မြှုပ်နှံပေး
ခြင်း ဖြစ်သည်။

တရုတ်ကူလီများအကြားတွင် ကြီးထွားရှင်သန်နေသည့် တစ်ခု
သည်းသောအရာကား စိတ်ဆင်းရဲခြင်းပင် ဖြစ်၏။ လုပ်သားစခန်း
းတွင် ရန်းရင်းဆန်ခတ်မှု၊ ဆူပူမှု၊ ဆန္ဒပြမှုများ နှစ်ရက် သုံးရက်
ခါ ဆိုသလို ပေါ်ပေါက်လျက်ရှိသည်။

ပြင်သစ်စစ်မြေပြင်ရှိ ထိုတရုတ်လုပ်သားများအတွက် အကူ
ညီပေးပါရန် ဝိုင်အမ်စီအေအဖွဲ့က မေတ္တာရပ်ခံသည့်အချိန်တွင်
မီယင်းမှာ နောက်ဆုံးနှစ်သင်တန်း ပြီးဆုံးခါနီးဖြစ်၏။ သမ္မတ
ာင်း တပ်ဖ်၏သား၊ သူဌေးကြီးရော့ကဖဲလား၏ သားတို့နှင့်
ရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခွင့်ရနေသည့် ယေးလ်တက္ကသိုလ်
ာင်းတော်သားတစ်ဦး ဖြစ်နေပြီဖြစ်သော်လည်း ဂျင်မီယင်းကား
၏ မူရင်းဇာစ်မြစ်ကို မေ့မသွား။ သူ့အာရုံထဲတွင် သူငယ်စဉ်
ာင်းတက်ရန်အသွား လမ်းခရီး၌ တွေ့ကြုံခဲ့ဖူးသည့် ဆင်းရဲသား
ုတ်ကူလီများ၏ ဟန်ပန်အမူအရာများ၊ ပြောပုံဆိုပုံ နေထိုင်ပုံ
ကို မြင်ယောင်နေဆဲ ဖြစ်သည်။ နိမ့်ပါးလှသည့် ထိုဘဝမှာပင်
အောင်နေကြရသည့် ထိုသူတို့အား သူ စာနာမိ ကရုဏာသက်
ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဘွဲ့ရပြီးနှစ်ရက်အကြာမှာပင် ဥရောပသို့ သင်္ဘော ခရီးဖြင့် ထွက်ခွာလာခဲ့ပြီး ပြင်သစ်ပြည် မြောက်ပိုင်း ဗွလိုညာမြို့ အနီးရှိ တရုတ်လုပ်သားစခန်းတွင် စာရင်းပေးသွင်းလိုက်သည်။

စစ်ပွဲဖြစ်စ စောစောပိုင်း ကာလကပင် ဝိုင်အမ်စီအေသည် ရှေ့တန်းနယ်မြေအနီး စစ်စခန်းများတွင် မဟာမိတ် တပ်သားများ အတွက် အစားအသောက်နှင့် အခြေခံ အသုံးအဆောင် ပစ္စည်းများ ရောင်းချပေးသည့် အစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက် လျက် ရှိခဲ့သည်။ ထို့နောက်တွင် တရုတ်လုပ်သားများ ဒုက္ခရောက် နေကြသည့်အကြောင်း ကြားသိရသည့် အခါ၌လည်း ဝိုင်အမ်စီအေ သည် တရုတ်လုပ်သား စခန်းများ၌ စားသောက် အပန်းဖြေဆိုင် ရွက်ဖျင် တဲကလေးများ အမြန်ဆုံး သွားရောက် ဖွင့်လှစ်ပေးနိုင်ရန် ကြိုးပမ်းခဲ့သည်။ ဝိုင်အမ်စီအေ၏ စေတနာ့ဝန်ထမ်း လုပ်သားများ တွင် တရုတ်ပြည်၌ သာသနာပြုလုပ်ငန်း လုပ်ကိုင်ဖူးသူ အများ အပြားပါဝင်ရာ ၎င်းတို့မှာ တရုတ်လူမျိုးတို့၏ စိတ်နေစိတ်ထားနှင့် ဓလေ့စရိုက်များအကြောင်း ကောင်းစွာ နားလည်ကြ၏။

စခန်းများတွင် တရုတ်လုပ်သားများနှင့် ဗြိတိသျှ၊ အမေရိကန် စစ်အရာရှိများကြား ဘာသာစကားနှင့် ဓလေ့စရိုက် ကွာဟမှု အကြောင်းပြု၍ အငြင်းပွားမှု ပဋိပက္ခများ ပေါ်ပေါက်သည့်အ များတွင် ဝိုင်အမ်စီအေမှ ပုဂ္ဂိုလ်များက မကြာခဏ ကြားဝင်ဖြေရှ ပေးရလေ့ရှိရာ တဖြည်းဖြည်းနှင့် ဝိုင်အမ်စီအေ(ဝိုင်)သည် မရှိမဖြ သလောက် အရေးပါသည့် ကြားခံ အဖွဲ့အစည်း တစ်ခု ဖြစ်လ လေသည်။



## ပထမ ခြေလှမ်း

လိုညာအနီးရှိ စခန်းတွင် ဂျင်မီယင်းသည် 'ဝိုင်'အဖွဲ့၏ စားသောက် အပန်းဖြေဆိုင်တစ်ခုကို ဦးစီးရ၏။ ဆိုင်ရွက်ဖျင်တဲတွင် စီးကရက်၊ ချဉ် စသည်များ ရောင်းချခြင်းအပြင် အပန်းဖြေ ကစားနည်း လေးများလည်း စီစဉ်ပေးရ၏။

ယခင်ကပင် တရုတ်ကူလီများ၏ဘဝကို စာနာသနားခဲ့ဖူးသော ဂျင်မီယင်းသည် ၎င်းတို့၏ စစ်မြေပြင်လုပ်ငန်းခွင်ဘဝကို နဖူးတွေ့ း‌တွေ့ ကြုံရသည့်အခါ များစွာ ကရုဏာ သက်မိလေသည်။ လုပ်သားများမှာ တစ်နေ့လျှင် ဆယ်နာရီမျှ အလုပ်လုပ်ကြရ၏။ သူတို့ဘဝ၌ မျှော်လင့်စရာ၊ စိတ်အားတက်စရာ အလားအလာများ ာ မမြင်နိုင်ကြသည်ဖြစ်ရာ လုပ်သား အများအပြားမှာ ဘိန်းနှင့် အရက်ကိုသာ အဖော်ပြုကြလေသည်။ စစ်ပွဲတွင် ဒဏ်ရာ ရကာ ခြေပြတ်လက်ပြတ်ဖြစ်သဖြင့် အငြိမ်းစားရနေသော ပြင်သစ်စစ်သား ဟောင်းများကလည်း တရုတ်လုပ်သားစခန်းများသို့ ဝင်ရောက်ကာ အရက်နှင့် မူးယစ်ဆေးဝါးများ ရောင်းချနေကြ၏။ စိတ်ပျက်စိတ်ကို ခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်းများကြောင့် စခန်းတွင်း န်ပွဲများလည်း မကြာခဏဆိုသလို ဖြစ်ပွားတတ်ကြ၏။ ထို့ပြင် ကြွေးမဆပ်နိုင်ခြင်း၊ မျက်နှာဖြူအရာရှိထံတွင် အစော်ကားခံရခြင်း သည့် အရှက်ရစရာကိစ္စများကြောင့် မိမိကိုယ်ကို အဆုံးစီရင်သွား ကြသူများအကြောင်းလည်း မကြာခဏ ကြားသိနေရ၏။ အလုပ် င်ပန်းမှုဒဏ်ကြောင့် နာမကျန်းဖြစ်နေကြသူတို့လည်း အများအပြား ရှိ၏။ အထူးသဖြင့် အေးစိမ့် စွတ်စိုသော ဆောင်းရာသီတွင် ဘုပ်ကွေးမိကြသူ အလွန် များလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တရုတ်လုပ်သားများကြားတွင် ပြန့်ပွားလျက်ရှိသည့် အကြီးကျယ် အဆိုးရွားဆုံး ဝေဒနာကား ဓာတိရပ်ရှာကို အောက်မေ့လွမ်းဆွတ်ခြင်းပင်ဖြစ်ကြောင်း ၎င်းတို့ထံသို့ရောက်ပြီး ရက်အနည်းငယ်အကြာမှာပင် ဂျင်မီယင်း သဘောပေါက်ခဲ့သည်။ တရုတ်ပြည်၌ မိသားစုဘဝဟူသည် အရေးအကြီးဆုံးအရာ ဖြစ်သည်။ ယခုလုပ်သားများမှာ မိဘနှင့် ခွဲခွာနေရသည်။ ရိုးရာဝတ်ပြု ကိုးကွယ်မှုများနှင့် ကင်းဝေးနေရသည်။ ကျဉ်းကျပ်သော မီးဖိုချောင်ကလေးထဲမှ ထွက်ပေါ်လာလေ့ရှိသည့် တစ်သက်လုံး နှစ်သက်ဖွဲ့လမ်းခဲ့သော စားသောက်ဖွယ်တို့၏ ရနံ့ကို သတိရ တမ်းတကြသည်။ ထို့ပြင် ကျေးလက်ပွဲလမ်းသဘင်များ၊ ဈေးနေ့၊ ရွှန်လွှတ်ပွဲ၊ ရိုးရာဂီတသံ၊ အစဉ်အလာပုံပြင်များ၊ ပုံပြောပွဲများ....။ သူတို့သည် လုံးဝကွဲပြားခြားနားသော ပတ်ဝန်းကျင်သို့ ရောက်ရှိနေရပေသည်။

တစ်ညတွင် တရုတ်လုပ်သား သုံးယောက် ဂျင်မီယင်း၏ တဲသို့ ရောက်လာသည်။ 'ဆရာယင်း'ဟု ရိုရိုသေသေ နှုတ်ဆက်ပြီးနောက် သူတို့အတွက် အိမ်သို့ ပေးစာများ ရေးသား ပေးပါရန် ပန်ကြားကြသည်။ တစ်ဦးက မိခင်သို့၊ တစ်ဦးက ဇနီးထံသို့၊ ကျန်တစ်ဦးက ဦးလေးဖြစ်သူထံသို့ ပေးပို့ရန် ဖြစ်သည်။ သူတို့စာကို သူတို့ မရေးတတ်ကြသလို စာကိုလက်ခံမည့်သူများမှာလည်း စာဖတ်တတ်သူများ မဟုတ်ကြ။ စာရလျှင် ရွာရှိ စာဖတ်တတ်သူထံသွား၍ အဖတ်ခိုင်းကြရမည်ဖြစ်၏။ ဂျင်မီယင်းက သူတို့အား ပျူပျူငှာငှာ လက်ခံကာ သူ၏ လှပသောလက်ရေးဖြင့် သပ်ရပ်စွာ ရေးသားပေးလိုက်၏။

နောက်တစ်နေ့ ညတွင် ဆရာယင်း ထံသို့ စာရေး ခိုင်းမည့်သူ ဆယ်ယောက်ခန့် ရောက်ရှိလာ၏။ ထိုလူအားလုံးကိုလည်း သူ ရေးပေးလိုက်၏။ တတိယညတွင်လူ ၅၀ခန့် ဖြစ်လာ၏။ ထို့နောက်



ထို့နောက်ညများတွင်မူ လူ ၂၀၀–၃၀၀ ခန့် ဖြစ်လာကာ ဂျင်မီယင်း၏ တဲရှေ့တွင် လူတန်းရှည်ကြီး ဖြစ်နေတော့သည်။

ဗုလိုညာအစခန်းတွင် အလုပ်သမားတပ်ရင်း ၁၀ ရင်း၊ လုပ်သားအင်အား ၅၀၀၀ မျှရှိရာ သည်လူအားလုံးအတွက်သာ စာများရေးသား ပေးနေရလျှင် ဘယ်အခါ ပြီးဆုံးတော့မည်နည်းဟု သူ တွေးတောပူပန်စပြုလာသည်။

သို့သော် သည်အချိန်မှာပင် သူ့ခေါင်းထဲ အကြံဉာဏ်ကောင်းတစ်ခု လင်းလက် ထွက်ပေါ်လာလေသည်။ စင်စစ် တော်လှန်ပြောင်းလဲသော အတွေးအကြံတစ်ရပ် ဖြစ်သည်ဟုလည်း ဆိုနိုင်၏။

လုပ်သားစခန်း၌ နေ့စဉ် နံနက်အရုဏ်တက်ချိန်တွင် လုပ်သားအားလုံး တန်းစီကာ နာမည်စာရင်းခေါ်ခြင်း၊ တစ်နေ့တာအတွက် လုပ်ငန်းတာဝန်များ ခွဲဝေချမှတ်ခြင်းတို့ ပြုလုပ်လေ့ရှိသည်။ တစ်နေ့နံနက်တွင်ဂျင်မီယင်းက လုပ်သားတပ်မှူးအား လုပ်သားများကို သူ စကားအနည်းငယ် ပြောလိုကြောင်းဖြင့် ခွင့်ပြုချက် တောင်းခံ၏။ တပ်မှူးက ခွင့်ပြုသည့်အခါ လုပ်သားများအား တရုတ်ဘာသာစကားဖြင့်ပင် သူ စတင်ပြောကြားလေသည်။

'ကိုယ့်လူတို့၊ ခင်ဗျားတို့အတွက် ကျွန်တော် စာတွေရေးပေးတာ အတော်များသွားပြီ၊ အဲဒီတော့ ဒီညကစပြီး ကျွန်တော် အဲဒီအလုပ်ကို ရပ်လိုက်ပြီ၊ နောက်ထပ် လုံးဝ စာရေးမပေးနိုင်တော့ဘူး'

ပရိသတ်က ရယ်ကြသည်။ ဆရာယင်းပြောတာ မယုံဘူးဆိုသော သဘော၊ တမင်တကာ နောက်နေတာပဲဆိုသော သဘောဖြင့် ရယ်ကြခြင်း ဖြစ်သည်။

'ကျွန်တော် တကယ်ပြောနေတာ၊ လုံးဝ ရေးမပေးတော့ဘူး၊ ခင်ဗျားတို့အိမ်ကို စာပို့ချင်ရင် ကိုယ့်ဘာသာကိုယ်ရေးကြပေတော့'

www.burmeseclassic.com



ရယ်သံများ ပို၍ ကျယ်လာသည်။ သည်တစ်ကြိမ် ရယ်ခြင်းကတော့ မလုပ်ပါနဲ့ ဆရာရယ် ဟူသော တောင်းပန်သံ၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့ဗျာဟု ကန့်ကွက်သံဖြင့် ရယ်ခြင်းမျိုးဖြစ်သည်။

ရှေးနှစ်ပေါင်း ၄၀၀၀ လုံးလုံး တရုတ်ပြည်တွင် စာဆိုသည်မှာ ပညာရှိပုဂ္ဂိုလ်များနှင့်သာ အပ်စပ်သည့် မြင့်မြတ်သောပစ္စည်း ထီးသုံးနန်းသုံး ကြငှန်းသုံး ပစ္စည်း ဖြစ်ခဲ့သည်။ တောင်သူလယ်သမား ကျေးလက် သူဆင်းရဲဟူသည် 'စာ'နှင့် ဘာမျှမဆိုင်၊ 'စာပေပညာ' ဟူသည်သူ၏အရာမဟုတ်၊ သူ့ဦးနှောက်သည် ပျင်းရိထုံထိုင်းသော ဦးနှောက်၊ သူတတ်နိုင်သည်က ကာယအလုပ်၊ အားခွန်ဗလ သုံးရသည့် ခက်ခဲကြမ်းတမ်းသောအလုပ်၊ ဤသို့လျှင် တောင်သူလယ်သမားများ ကိုယ်တိုင်က ယုံမှတ် လက်ခံထားခဲ့ကြသည်။

သို့သော် 'ယင်း'က ထိုသို့ လက်မခံ။ သူ ဆက်ဆံနေရသော အလုပ်သမားများသည်လည်း သူလို ငါလို ဦးနှောက် ရှိသူများသာ ဖြစ်၍ သူတို့ စာမတတ်ခြင်းမှာ စာသင်ရန် အခွင့်အရေးမရခဲ့ခြင်း ကြောင့်သာ ဖြစ်သည်ဟု သူ မြင်သည်။ သူသာ သင်ကြားပေးခွင့်ရလျှင် စာရေးစာဖတ် တတ်လာကြလိမ့်မည်ဟု သူ ယုံကြည်သည်။

'ကျွန်တော် တကယ် အတည်ပြောနေတာ၊ ခင်ဗျားတို့အိမ်ကို စာရေးချင်ရင် ရေးတတ်အောင် သင်ပေးနိုင်တယ်၊ ခင်ဗျားတို့အထဲမှာ ဘယ်သူတွေ စာတတ်ချင်ကြ သလဲ၊ တတ်ချင်တဲ့လူတွေ ဒီည ကျွန်တော့်တဲကို လာခဲ့ပါ၊ ကျွန်တော် သင်ပေးမယ်'

ဟု သူ တာဝန်ယူ လိုက်သည်။ သို့သော်

'စာသင်မယ့်လူတွေ လက်ညှိုးထောင်ကြ'ဟု ဆိုသည့်အခါ မည်သူမျှ မထောင်။ ရယ်၍သာနေကြသည်။ 'ယင်း'က ဘာမျှ မပြောဘဲ စောင့်ကြည့်နေသည်။ အတော်ကြီးကြာအောင် တိတ်ဆိတ်



ငြိမ်သက်နေကြသည်။ ထို့နောက် လက်တစ်ချောင်းထောင်လာသည်။ ထို့နောက် နောက်တစ်ချောင်း၊ နောက်ဆုံးတွင်တော့ စာသင်မည့်လူ စုစုပေါင်း ၄၀ ထွက်ပေါ်လာသည်။

'ကဲ ခင်ဗျားတို့ ကျွန်တော့် စာသင်သားတွေ ဖြစ်သွားပြီ၊ ဒီညက စပြီး ကျွန်တော့်တဲကို လာကြပေတော့'

'ယင်း'က ကျောင်းသား ၄၀ အား ပြောလိုက်သည်။

စင်စစ် 'ယင်း'သည် သူ့အနာဂတ်ကို သူ အမှတ်မထင် ပုံစံချမှတ်လိုက်မိခြင်း ဖြစ်လေသည်။

သူ တကယ် အလေးအနက်စဉ်းစားကြည့်သည့်အခါ သူ ရင်ဆိုင်ရမည့် လုပ်ငန်းတာဝန်က ထုထည်ပမာဏ ကြီးမားလှသည်ကို သူ သတိပြုမိသည်။ လောလောဆယ် သူ ရောက်ရှိနေသည့် စခန်းတွင် လုပ်သား ၅၀၀၀ ခန့်ရှိသည်။ပြင်သစ်ပြည် တစ်ပြည်လုံးတွင်မူ ၁၈၀၀၀၀ ခန့် ရှိသည်။ မိခင်ဒေသ တရုတ်ပြည်မကြီးတွင်မူ စာမတတ်သူ ဦးရေမှာ သန်းပေါင်း ၃၅၀ မျှ ရှိနေသည်။ သို့သော် ထိုစာမတတ်သူ လူစုကြီးကို ခန့်မှန်းကြည့်ပြီး သူ လန့်မသွားပါ။ ဂျင်မီယင်းသည် တရုတ်လူမျိုးကို ချစ်သလို တရုတ်စကားပုံများကို ကိုးကားပြောဆိုရန်လည်း ဝါသနာပါသည်။ ထိုစဉ်က သူ့ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ဂျင်မီက

'မိုင် ၁၀၀၀ ခရီးကိုလည်း ပထမဆုံး ခြေတစ်လှမ်းဖြင့်ပင် စတင်ရသည်'ဟူသော စကားပုံကို ကိုးကား၍ ပြောဆိုခဲ့သည်။

သို့သော် အပြောသာလွယ်သည်။ လက်တွေ့လုပ်သည့်အခါ ထို ပထမခြေလှမ်းမှာပင် အခက်အခဲတွေ စတင်ရင်ဆိုင်ရသည်။

ပြဿနာက တရုတ်ဘာသာစာနှင့် သက်ဆိုင်သည်။ တရုတ်စာက ဗျည်းအက္ခရာများနှင့် ဖွဲ့စည်းတည်ဆောက်ထားသည် မဟုတ်။ ဝေါဟာရတစ်ခုကို စာတစ်လုံးစီ သီးသန့်ရေးသားရသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



တရုတ်စာသင်ကြားရခြင်းဟူသည် အမှတ်သင်္ကေတပေါင်းများစွာကို အဓိပ္ပာယ်နှင့်တကွ ယှဉ်တွဲမှတ်သားနေရသည့်သဘော ဖြစ်နေသည်။ အဆင့်မြင့်စာပေများ ရေးသားပြုစုကြသည့် တရုတ်ပညာရှိတို့မှာ ဝေါဟာရ သင်္ကေတပေါင်း ၄၀၀၀၀ မျှအထိ လေ့လာမှတ်သားကြရသည်။ ထိုမျှ များပြားကျယ်ဝန်းပြီး လှို့ဝှက်နက်နဲလှသည့် တရုတ်ဘာသာစာသည် တောင်သူလယ်သမား လုပ်သားများနှင့် အလှမ်းကွာဝေးနေခြင်းမှာ အံ့ဩစရာ မဟုတ်ပါ။

သို့သော် ကံအားလျော်စွာ ဂျင်မီယင်းသည် ဟူရှီး အမည်ရှိ တရုတ်လူငယ် ပညာရှိတစ်ယောက်၏ တီထွင်မှုတစ်ခုအကြောင်း သိရှိထားခဲ့သည်။ ဂျင်မီယင်း ယေးလ်တွင်ရှိနေစဉ်ပင် အမေရိကန်ပြည်၌ ပညာဆည်းပူးလျက်ရှိသည့် ဟူရှီးသည် 'တရုတ်စာပေ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစမ်းသဘော အကြံပြုတင်ပြချက်' အမည်ရှိ စာတမ်းတစ်စောင်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာတမ်း၌ ဟူရှီးသည် ဝင်-ယန်ဟုခေါ်သည့် အစဉ်အလာ တရုတ်အရေးအသား၏ အားနည်းချက်များ၊ ပွားများ ရှင်သန်ရန် ခက်ခဲပုံများကို ဖော်ထုတ်တင်ပြကာ ဘေ-ဟွာခေါ် လူထုသုံး အပြောဘာသာစကားအား မြှင့်တင် သုံးစွဲရန် အကြံပြုခဲ့သည်။

ဂျင်မီသည် ဟူရှီး၏ တင်ပြချက်များကို သုံးသပ်ကာ မိမိ၏ တပည့် အလုပ်သမားများအား ၎င်းတို့ နေ့စဉ်သုံးစွဲသည့် ဝေါဟာရ စကားလုံးများနှင့် သက်ဆိုင်သည့် အက္ခရာ သင်္ကေတများကိုသာ ရွေးချယ်သင်ကြားပေးရန် ဆုံးဖြတ်လိုက်လေသည်။ ၎င်းတို့အနေဖြင့် အဆိုပါအက္ခရာ အနည်းငယ်မျှကို ရေးတတ် ဖတ်တတ်လျှင်ပင် လုံလောက်မည်ဖြစ်ပြီး စစ်သတင်း၊ ကမ္ဘာ့သတင်းများပါသည့် သတင်းလွှာများကိုလည်း အတန်အသင့် နားလည်သဘောပေါက်နိုင်ကြမည် ဖြစ်သည်။



သို့နှင့် ဂျင်မီသည် သူ့လူများကို သင်ကြားပေးနိုင်ရန်အတွက် တရုတ်အက္ခရာ စာလုံးပေါင်း ၆၀၀ မျှကို ဦးစွာပထမ ရွေးချယ်လိုက်လေသည်။

## စာတတ်သော ကူလီများ

ဤသို့ဖြင့် သူ၏ တရုတ်စာသင်တန်းကို စတင်ဖြစ်ခဲ့သည်။ ဖွဲ့ကောင်းသော တရုတ် စာသင်သား ၄၀ သည် နေ့စဉ် အလုပ်ကြမ်း ၁၀ နာရီမျှ လုပ်ကိုင်ပြီးသည့်နောက် ညဘက်တွင် ဆရာယင်းထံ၌ တရုတ်စာ တစ်နာရီစီ သင်ယူကြလေသည်။ နောင်တွင် ထိုကနဦး သင်တန်းသားများအကြောင်း ပြန်ပြောင်း ပြောရသည့် အခါတိုင်း ဂျင်မီယင်းသည် ဝမ်းသာလှိုက်လှဲသောစိတ်ဖြင့် အသံများ တုန်ယင်နေလေ့ရှိခဲ့သည်။ သူ စတင်ခဲ့သည့် လုပ်ငန်းကား နှစ်ပေါင်း ၄၀၀၀ မျှသော တရုတ်ပညာရေးသမိုင်းတစ်လျှောက် မကြားဖူး မကြုံဖူးသော လုပ်ငန်းတစ်ရပ် ဖြစ်နေခဲ့ပေသည်။

လေးလမျှ သင်ကြားပြီးသည့် အခါ ဂျင်မီယင်းသည် သူ့တပည့်များအား စာမေးပွဲတစ်ပွဲ ကျင်းပ စစ်ဆေးလေသည်။ စာမေးပွဲ၌ ကျောင်းသားတိုင်းသည် မိမိအိမ်သို့ စာတိုတစ်စောင်စီ ရေးရ၏။ ထို့နောက် ဂျင်မီကိုယ်တိုင် ရေးထားသည့် လွယ်ကူသော သတင်းလွှာစာတစ်ရွက်ကို ဖတ်ပြရ၏။

စာမေးပွဲဖြေဆိုသူ ၄၀ အနက် ၃၅ ယောက် အောင်မြင်ခဲ့လေသည်။

နောက် တစ်ရက် နှစ်ရက် အကြာတွင် ဂျင်မီယင်းသည် သူ့တပည့်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပရန် စီစဉ်သည်။ အခမ်းအနားသို့ လုပ်သားစခန်း၏ အကြီးအကဲတပ်မှူးအပါအဝင် ဗြိတိသျှအရာရှိ အများအပြားကို ဖိတ်ကြားသည်။ စခန်းရှိ

www.burmeseclassic.com

www.burmeseclassic.com



လုပ်သား ၅၀၀၀ လုံးကိုလည်း တက်ရောက်စေသည်။ ထို့နောက် စာမေးပွဲအောင်မြင်သူ ၃၅ ယောက်တို့အား အတိတ်ကောင်း နိမိတ်ကောင်းနှင့် ဝမ်းမြောက်ပျော်ရွှင်မှု အဓိပ္ပာယ်ကိုဆောင်သည့် မင်္ဂလာပွဲလမ်းသဘင်သုံး အနီရောင်စက္ကူပေါ်တွင် 'ဦး.................အား တရုတ်သမ္မတနိုင်ငံတော်၏ စစ်တတ်သော ပြည်သူတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်ကြောင်း'ဟူ၍ ဂျင်မီယင်းကိုယ်တိုင် အလှပဆုံး တရုတ်အက္ခရာစာလုံးများဖြင့် ရေးထိုးထားသော ဘွဲ့လက်မှတ် တစ်စောင်စီကို ပေးအပ်ချီးမြှင့်လေသည်။

လုပ်သားပညာတတ် အသီးသီးတို့သည် မိမိတို့သားချင်း လုပ်သားထု၏ရှေ့မှောက်တွင် ဝမ်းမြောက်ဂုဏ်ယူစိတ် အပြည့်ဖြင့် ဘွဲ့လက်မှတ် ကိုယ်စီကို လေးနက် တည်ကြည်စွာ လက်ခံရယူကြသည်။ ငါးထောင်မျှသော ဘွဲ့နှင်းသဘင် ပရိတ်သတ်ကြီးကလည်း သောသောညံစွာ လက်ခုပ်သြဘာများ ပေးခဲ့ကြလေသည်။

နောက်တစ်နေ့တွင်မူ ဂျင်မီ၏ စာတတ်မြောက်ရေးသင်တန်း ဒုတိယအသုတ်၌ တက်ရောက် လိုပါသည်ဟု လာရောက် စာရင်းသွင်းကြသူပေါင်းမှာ ၂၀၀၀ ကျော်မျှပင် ရှိခဲ့ပေသည်။

\+ \+ \+

၁၉၁၈ ခုနှစ် နိုဝင်ဘာလတွင် ပထမကမ္ဘာစစ်ကြီး ရပ်စဲပြီးဆုံးသွားခဲ့သည်။ မဟာမိတ်စစ်သားများသည် တာဝန်ပြီးဆုံးသဖြင့် အိမ်သို့ ပြန်ကြသည်။ သို့သော် လုပ်သားများမှာ တာဝန်မပြီးဆုံးသေး။ စစ်၏ ဒဏ်ရာဒဏ်ချက်များနှင့် အနိဋ္ဌာရုံရှုခင်းများကို ရှင်းလင်း သုတ်သင်ကြရဦးမည်။ ကတုတ်ကျင်းတွေ ပြန်ဖို့ရသည်။ ဗုံးခိုကျင်းတွေ ဖြိုဖျက်ရသည်။ သံဆူးကြိုးခွေများ ရှင်းလင်းဖယ်ရှားရသည်။



ပရမ်းပတာပျံ့လွင့်နေသည့် အမြောက်ဆန် သေနတ်ကျည်ဆန်များကို လိုက်ကောက် စုသိမ်းပေးရသည်။ ထို့ပြင် ပုပ်သိုးဆွေးမြည့်နေသည့် ရုပ်အလောင်းများကိုလည်း မြှုပ်နှံပေးရသည်။ အစဉ်အလာအရပင် တရုတ်လူမျိုးတို့သည် စစ်ဟူသည်ကို ရူးသွပ်မိုက်မဲမှုဟု အယူအဆ ရှိခဲ့ကြသည်။ ယခု အနောက်တိုင်းသားတွေ ရူးသွပ်မိုက်မဲစွာ တိုက်ခိုက်ကြ၊ သတ်ဖြတ်ကြ၊ ဖျက်ဆီးကြသည်ကို မြင်ရသောအခါ သည်လူတွေအပေါ် အထင်အမြင်သေးသထက် သေးလာသည်။ ထို့ပြင် ထိုလူတွေ ရူးသွပ် ရမ်းကား၍ ဖြစ်ပေါ်လာသည့် အနိဋ္ဌာရုံရလဒ်များကို မိမိတို့က သုတ်သင်ရှင်းလင်းပေးနေရသည့် အဖြစ်ကို စဉ်းစားမိသည့်အခါ၌ စိတ်ဓာတ်ကျသည်ထက် ကျလာကြသည်။

စစ်မြေနောက်ပိုင်း၌ အလုပ်လုပ်သည့် 'ဝိုင်'အဖွဲ့ တာဝန်ရှိပုဂ္ဂိုလ်များသည် တရုတ်လုပ်သား စခန်းများ အတွင်း စိတ်ဓာတ်ပျက်ပြားနေသည့်အဖြစ်ကို သိရှိကြသည်။ တစ်ဖန် စခန်းအားလုံး စိတ်ဓာတ်ကျနေချိန်တွင် ဂျင်မီယင်း ရောက်ရှိနေသည့် ဗူလိုညာစခန်းကတော့ စိတ်ဓာတ် တက်တက်ကြွကြွပင် ရှိနေကြသည်ကိုလည်း သူတို့ သတိပြုမိကြသည်။

ဂျင်မီယင်း၏ စခန်းထဲတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုသည် တောမီးပမာ အရှိန်အဟုန် ပြင်းစွာ ပြန့်ပွား တိုးတက်လျက် ရှိနေသည်။ သင်တန်းတက်လိုသူတွေ များလွန်းသဖြင့် ဂျင်မီက ပထမပိုင်းသင်တန်းဆင်းပြီးသူများထဲမှ အချို့ကို ဆရာဖြစ်သင်တန်းပေးကာ 'လက်ထောက်ပါမောက္ခများ'အဖြစ် ခန့်အပ်ထားရသည်။

တစ်နေ့တွင် တရုတ်လုပ်သားများဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ သုပ်ငန်းအားလုံး၏ တာဝန်ခံပုဂ္ဂိုလ်ကြီးဖြစ်သူ မေဂျာဟားဗတ်ကိုးလ်သည် ဗူလိုညာစခန်းသို့ ရောက်ရှိလာသည်။ သူနှင့် ဂျင်မီယင်းတို့ စကားပြောဆိုနေဆဲတွင် ရုတ်တရက် အော်သံဟစ်သံများ ထွက်

www.burmeseclassic.com

www.burmeseclassic.com



မပြတ် ပေါ်ထွက်လာရာ ဆူပူမှုဖြစ်သည်ထင်၍ ကိုးလ် လန့်သွားသည်။ 'ဆူပူတာမဟုတ်ဘူး ဗိုလ်မှူး၊ ကျွန်တော့်တပည့်တွေ စာဖတ်နေကြတာ၊ ကျွန်တော်တို့ တရုတ်ပြည်မှာ စာကို ဒီလိုပဲ အော်ပြီးကျက်တဲ့ အလေ့အထရှိတယ်'ဟူ၍ 'ယင်း'က ရှင်းပြရသည်။

ထို့နောက် ဟားဗတ်ကိုးလ်က စာသင်ခန်းကို ကြည့်ချင်သည်ဆို၍ လိုက်ပြရသည်။ တရုတ်ကူလီများ ကျောက်သင်ပုန်းကြီးပေါ်တွင် စာရေးနေသည်ကို မျက်မြင်ဒိဋ္ဌ ကြုံရသည့်အခါ ကိုးလ်မှာ မျက်ရည်များပင်လည်အောင် ဝမ်းသာသွားမိသည်။ သူသည် တရုတ်ပြည်၌ နှစ်ပေါင်းများစွာ နေခဲ့ဖူးသူဖြစ်ရာ အောက်တန်းစားဟု သတ်မှတ်ခံထားရသော တရုတ်ကူလီတစ်ယောက် ကြီးကျယ်မြင့်မြတ်၍ ခက်ခဲနက်နဲလှသည့် တရုတ်အက္ခရာ စာလုံးများ ရေးသားပြနေသည့် ရှုခင်း၏ ဝမ်းမြောက် အံ့ချီးဖွယ်အဖြစ်ကို သူ ပီပီပြင်ပြင် သဘောပေါက်ခဲ့သည်။

ထို့နောက် ရက်အနည်းငယ်ကြာသည့်အခါ မေဂျာကိုးလ်က ဂျင်မီအား ပါရီဌာနချုပ်သို့ ဖိတ်ခေါ်ကာ ပြင်သစ်ပြည်ရှိ တရုတ်လုပ်သားအားလုံးတို့အတွက် ပညာသင်ကြားရေး အစီအစဉ်တစ်ရပ် ဦးဆောင် ရေးဆွဲပေးပါရန် မေတ္တာရပ်ခံလေသည်။

ဂျင်မီက သဘောတူသည်။ သို့သော် တစ်ခုတော့ သူ တောင်းဆိုသည်။ သူ့တောင်းဆိုချက်မှာ ဟားဗတ်၊ ယေးလ်၊ ကော်နဲလ် နှင့် အခြား အမေရိကန်တက္ကသိုလ်ကောလိပ်များတွင် ပညာသင်ကြားနေရာက ပြင်သစ်ပြည်သို့ လာရောက်၍ လုပ်အားပေးနေကြသည့် တရုတ်ကျောင်းသားအားလုံး (စုစုပေါင်း ၆၇ ဦး)ကို ဗူလိုညာစခန်းသို့ ၁၀ရက်မျှ ပို့ပေးကာ ၎င်းတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ လေ့လာနိုင်ရေးအတွက် စီစဉ်ပေးရန် ဖြစ်သည်။ ထိုအစီအစဉ်မှာ ငွေကြေး အတော်အတန် ကုန်ကျမည့် အစီအစဉ်တစ်ခု ဖြစ်သည်။ သို့သော် ကိုးလ်က အကုန်အကျခံ ဆောင်ရွက်ပေးမည်ဟု ကတိပေးလိုက်သည်။



ဗူလိုညာသို့ လေ့လာရေး ရောက်ရှိလာကြသည့် တရုတ်လူငယ်များသည် ဂျင်မီယင်း၏ ဆောင်ရွက်ချက်များ အတွက် များစွာ အားတက်ခဲ့ရသည်။ သို့နှင့် သူတို့စခန်းအသီးသီးသို့ ပြန်ရောက်သည့်အခါတွင် စာတတ်မြောက်ရေးသင်တန်းများ မဆိုင်းမတွ ဖွင့်ဖြစ်ကြလေသည်။

လုပ်သားများ စာတတ်လာပြီ ဆိုသည့်အခါ အရေးတကြီးလိုအပ်ချက်တစ်ရပ် ပေါ်ပေါက်လာပြန်သည်။ ၎င်းမှာ စာဖတ်တတ်စလူများအတွက် ဖတ်ရန်စာ ဖြစ်သည်။ ဖတ်စရာ လိုလာပြီဆိုသည့်အခါ စာတတ်အောင်သင်ပေးသူ အပေါ်၌ပင် တာဝန်ကျလာသည်။ ထိုအခါ 'ယင်း'က သတင်းစာငယ်တစ်စောင်ကို လွယ်ကူသောဘာသာစကားဖြင့် ရေးသားကာ လုပ်သားစခန်းများအတွက် ရိုက်နှိပ်ဖြန့်ချိရန် အကြံရသည်။ ဤသို့ဖြင့် 'တရုတ်လုပ်သား အပတ်စဉ်' အမည်ရှိ သတင်းစာငယ်တစ်စောင် ထွက်ပေါ်လာခဲ့သည်။

ဂျင်မီယင်းသည် သတင်းစာကိစ္စ စီစဉ်ဆောင်ရွက်ရန်အတွက် ပါရီသို့ ရွှေ့ပြောင်းခဲ့ရသည်။ ထိုအချိန်တွင် ဗိုင်အမ်စီအေအကြီးအကဲ မေဂျာကိုးလ်မှာ ကနေဒါပြည်သို့ ပြန်သွားရပြီး ၎င်းနေရာသို့ ဒွေတာဟာရှေ အမည်ရှိ ပုဂ္ဂိုလ်ကြီးတစ်ယောက် ရောက်ရှိလာသည်။ ဒွေတာဟာရှေသည် ဂျင်မီယင်း၏ စိတ်ဓာတ်နှင့် စေတနာ လုပ်ရပ်များကို အထူးလေးစားမိသည်။ သူတို့နှစ်ဦးသည် ပါရီတွင် တစ်ခန်းတည်း အတူနေဖြစ်ကြပြီး နောင်တွင်လည်း တစ်သက်လုံး အပြန်အလှန် ခင်မင်ကြသည့် မိတ်ဆွေရင်းချာများ ဖြစ်သွားခဲ့ကြသည်။

ထို့ပြင် တရုတ်လူမျိုးများအား မည်သို့မည်ပုံ စာပေပညာ သင်ကြားပေးမည်ဟု အကြံအစည်ရှိခဲ့သည့် သာသနာပြုပုဂ္ဂိုလ်ကြီး အာရှေသည် တရုတ်လူမျိုး 'ဆရာယင်း'ထံမှ နေ၍ တရုတ်လူမျိုး

www.burmeseclassic.com

www.burmeseclassic.com



များအား ပညာပေးရေးဆိုင်ရာနည်းနိဿယများကိုလည်း ရရှိသွ
ခဲ့သည်။

ပြင်သစ်ပြည်ရောက် တရုတ်လုပ်သားများအတွင်း စာတတ်
မြောက်သူဦးရေသည် အံ့သြဖွယ်ကောင်းလောက်အောင်ပင် တစ်ဟု
ထိုး တိုးပွားလာသည်။ လုပ်သားစခန်းများတွင် ဇာတိတရုတ်ပြည်နှ
နိုင်ငံတကာမှ ထူးခြားသောသတင်းများကို အော်ဟစ်ဖတ်ကြား
နေသံများ အနှံ့အပြား ကြားလာရသည်။ တရုတ်လုပ်သားများအ
အမှောင်ဖုံးသောဘဝမှ လွတ်မြောက်ကာ တကယ်ပင် အလင်းရော
မြင်လာကြရပြီ ဖြစ်သည်။

## အမှောင်ခွင်း၍ အလင်းဆောင်သူ

၁၉၂၀ ပြည့်နှစ်တွင်မူ လုပ်ငန်းများ ပြီးစီးသဖြင့် တရုတ် လုပ်သာ
တပ်ဖွဲ့များကို လုံး၀ ဖျက်သိမ်းလိုက်လေသည်။ ဂျင်မီယင်းသ
မစ္စတာဟာရှေနှင့်အတူ အမေရိကသို့သွားသည့် သင်္ဘောတစ်စ
ပေါ်တွင် လိုက်ပါသွားခဲ့သည်။ သင်္ဘောခရီးတစ်လျှောက်လုံးတွ
ဟာရှေက သူ့အား တရုတ်ပြည်ရှိ ဝိုင်အမ်စီအေ၏ လူမှုရေးလုပ်ငန်းမျ
တွင် ပါဝင်ဆောင်ရွက်ရန် စည်းရုံးသိမ်းသွင်းသည်။ အမေရိက
ရောက်ပြီးနောက်၌လည်း ညီလာခံတစ်ခုတွင် ဟာရှေက သူ့အ
တရုတ်ပြည်ရှိ ဝိုင်အမ်စီအေအဖွဲ့၏ အကြီးအကဲဖြစ်သူ ဒေးဗစ်ယု
မိတ်ဆက်ပေးသည်။

ဂျင်မီက စေတနာ့ဝန်ထမ်း လူမှုရေးလုပ်ငန်းများကို စိ
ဝင်စားသည်။ သို့သော် သူကိုယ်တိုင် ယခုထက်ပို၍ ပညာအရည်အခ
ပြည့်ဝအောင် လေ့လာဆည်းပူးလိုသေးသည်။ ထို့ကြောင့် အမေရိ
ပြည် ပရင့်စတန်တက္ကသိုလ်တွင် သမိုင်းဘာသာရပ်ဆိုင်ရာ မဟာဝိ
ဘွဲ့ ရယူဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ အမေရိကန်တွင်





ဆက်၍နေချင်စေသည့် အခြားအကြောင်းတစ်ခုကလည်း ရှိနေသည်။
သင်းကား ယေးလ်တွင် ပညာသင်ကြားသည့်နှစ်များအတွင်းက သူ
တွေ့ဆုံစုံမက်မိခဲ့သည့် အဲလစ်ဟွီအမည်ရှိ နယူးယောက်မြို့ တရုတ်
တန်းသူကလေးတစ်ယောက် ဖြစ်၏။ အဲလစ်သည် ကိုလံဘီယာ
တက္ကသိုလ် ဆရာဖြစ်သင်ကောလိပ်ကျောင်းသူတစ်ဦး ဖြစ်၏။ ဉာဏ်
ပညာ ထက်မြက်သူ၊ ရင်းနှီးပွင့်လင်းသူ၊ စိတ်ဓာတ် ကြံ့ခိုင်ပြည့်ဝသူ
သည်း ဖြစ်၏။ အဲလစ်သည် မိမိ စိတ်ကူးရည်မှန်းထားသည့် ရောမ
လုပ်ငန်းကြီးကို အကောင်အထည် ဖော်သည့်အခါ၌ မိမိနှင့်အတူ
တက်ညီလက်ညီ ဆောင်ရွက်မည့် အဖော်မွန်တစ်ယောက် ဖြစ်လာ
နိုင်သည်ဟု ဂျင်မီယင်း၏စိတ်၌ ရည်ရွယ်မိခဲ့သည်။

ပရင့်စတန်၌ ဒုတိယနှစ် မဟာဝိဇ္ဇာတန်း တက်နေဆဲကာလ
တွင် မိခင်ဖြစ်သူ အပြင်းအထန် နာမကျန်းဖြစ်နေကြောင်း သတင်း
ကားကြားရသည်။ ထိုအချိန်၌ ဂျင်မီအဖို့ မိခင်နှင့် ကွဲကွာနေသည်မှာ
သည်း လေးနှစ်တာမျှ ကြာခဲ့ပြီဖြစ်သည်။ စကောလားရှစ်ဆုရထား
သည်ကို စွန့်လွှတ်ကာ တရုတ်ပြည်ကြီးဆီသို့ သူ အပြေးအလွှား
ပြန်လာခဲ့သည်။ မိသားစုရှိရာ ပြန်လာခဲ့သောသူ့မှာ ပိုက်ဆံတစ်ပြား
တစ်ချပ်မျှ ပါမလာခဲ့။ ချုံကင်းမြို့မှသည် ဘာဇောင်ရှိ သူ့မိဘများ
အိမ်သို့ ၁၀ ရက်ကြာမျှ ခြေကျင်ခရီးဖြင့်ပင် အရောက်လာခဲ့ရသည်။
ရှလိ တွေ့ဝတ်သော အဝတ်အစားမျိုးကိုဝတ်ကာ မိုးရေထဲမှာ
မ်းလျှောက် ပြီး ညအခါများတွင် ထမင်းဆိုင်များ၌ ဆင်းရဲသား
ဆောင်သူ လုပ်သားများနှင့်အတူ ညအိပ်တည်းခိုရင်း ခရီးနှင်လာ
ခရီးမှာ သူ ငယ်စဉ်တုန်းက အတွေ့အကြုံများကို အမှတ်ရစရာ
ကောင်းလှသည်။ ငယ်ငယ်တုန်းကပဲ အိမ်မှထွက်ခဲ့သော ခရီးသည်
ခုမှ တစ်ပတ် ဆော့ကာ မူလစထွက်ရာနေရာသို့ ပြန်လည်ရောက်ရှိလာ
သည်နှင့်လည်း တူလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ပြန်ရောက်ပြီး မိခင်လည်း ကျန်းကျန်းမာမာ ပြ ဖြစ်လာပြီးသည့်အချိန်တွင် ဂျင်မီ ရှန်ဟဲမြို့သို့ ထွက်ခွာလာခဲ့သည် ထိုအချိန်၌ သူ့မိတ်ဆွေကြီး မစ္စတာဟာရေမှာ ရှန်ဟဲတွင် ရောက်ရှိနေ ဖြစ်သည်။ ဟာရေက သူ့အား ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုသည် ထို့နောက်တွင် သူက ဒေးဗစ်ယုနှင့် သွားရောက် တွေ့ဆုံသည် ဒေးဗစ်နှင့် တွေ့ဆုံစဉ် ဂျင်မီက ဝိုင်အမ်စီအေသည် တရုတ်ဆင်းရဲသာ တို့အား တကယ်တမ်း အကူအညီ ပေးနိုင်မည့် အဖွဲ့အစည်းတစ် ဖြစ်သည်မှာ မှန်ကြောင်း၊ သို့သော် ဝိုင်အဖွဲ့၌ ပညာသင်ကြားရေး အထူးပြုဆောင်ရွက်မည့်ဌာန သီးသန့်မရှိသေးကြောင်း ပြောဆိုသည်

ထိုအခါ ဒေးဗစ်က အလွယ်တကူပင် 'ဒါဖြင့် ခင်ဗျာ စလေဗျာ' ဟု ဆိုလိုက်လေသည်။

ထိုအချိန်တွင် ရှန်ဟဲ၌ ဂျင်မီယင်းအတွက် နောက်ထပ် စိ ဝင်စားစရာတစ်ခုကလည်း အသင့်ရှိနေပြီဖြစ်သည်။ ထိုစိတ်ဝင်စ စရာကား အဲလစ်ဟွီ ဖြစ်သည်။ အဲလစ်သည် ဝိုင်ဒဗလျူစီအေ ကိုယ်လက်ကြံ့ခိုင်ရေးနှင့် ကျန်းမာသန့်ရှင်းရေးဆိုင်ရာ နည်းပြဆရာ အဖြစ် ရှန်ဟဲတွင် တာဝန်ထမ်းဆောင်လျက် ရှိလေသည်။

၁၉၂၁ ခုနှစ်တွင် ဂျင်မီနှင့် အဲလစ်တို့ လက်ထပ်ထိမ်းမြာ ခဲ့ကြသည်။

ထို့နောက်တွင်တော့ ဂျင်မီ့လုပ်ငန်းများ စတင်လေသည် ပြင်သစ်ပြည်တွင် အလုပ်သမားများအား အရေးအဖတ်သင်စဉ် ဝေါဟာရစကားလုံးများကို ခပ်လွယ်လွယ် ခပ်မြန်မြန်ပင် သူ ရွေ ချယ်ခဲ့ရသည်။ ယခုအချိန်၌မူ စကားလုံးရွေးချယ်ရာ၌ ပို၍စနစ်တ ဖြစ်အောင် စီစဉ် ဆောင်ရွက်မည်ဟု သူ ဆုံးဖြတ်သည်။ သို့ သူသည် ဟားဗတ်နှင့် ကိုလံဘီယာတက္ကသိုလ်တို့တွင် ပညာ သင်ကြ ခဲ့ဖူးသည့် ပုဂ္ဂိုလ် နှစ်ဦးတို့၏ အကူအညီကို ယူကာ 'လူထု



စကားလုံးတစ်ထောင် ဖတ်စာ' အမည်ရှိ အခြေခံဖတ်စာအုပ်တစ်အုပ် ကို ရေးသားပြုစုသည်။

ထို့နောက် ဂျင်မီယင်းနှင့် သူ၏အဖွဲ့သည် ယူနန်ပြည်နယ် မြို့တော် ချန်ရှာအား ပထမဆုံး စမ်းသပ်နယ်မြေအဖြစ် ရွေးချယ် လိုက်သည်။ ရှေးဦးစွာ မြို့မျက်နှာဖုံးလူကြီး အများအပြား ပါဝင် သည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်သည်။ ထို့နောက်တွင် မျက်မမြင်တစ်ယောက် တရုတ်စာလုံးတစ်လုံးကို မြှောက်ကိုင်ကာ တပ်ပြပေးစမ်းပါဟု တောင်းပန်နေပုံ ပိုစတာကားချပ်ပေါင်း ၁၅၀၀၀ ခန့်ကို မြို့တော်အနှံ့အပြား လိုက်လံ ချိတ်ဆွဲကြသည်။ ထို့ပြင် ကျောင်းသားအများအပြား ပါဝင်သည့် လူစုလူဝေးကြီးက 'စာမတတ် သူသည် မျက်စိနှစ်ကွင်း အလင်းမရသူသာ ဖြစ်သည်' အစရှိသည့် ကြွေးကြော်သံစာတန်းများ ကိုင်ဆောင်ကာ စီတန်းလှည့်လည်ကြသည်။

'ယင်း'သည် ချန်ရှာမြို့ကို နယ်မြေ အကွက်ပေါင်း ၆၀ မျှ ပိုင်းခြား လိုက်ပြီး နယ်မြေ တစ်ကွက်စီကို စည်းရုံးရန် အတွက် ကျောင်းသားတစ်ယောက်စီကို ဦးဆောင်စေလွှတ်လိုက်သည်။ ၎င်း လူငယ်များသည် တစ်လမ်းဝင်တစ်လမ်းထွက် တစ်အိမ်တက်တစ်အိမ် ဆင်း သွားရောက်ကာ စာတတ်မြောက်ရေး သင်တန်းများ တက်ရောက် ကြရန် စည်းရုံးဆော်သြကြသည်။ ၎င်းတို့၏ တက်တက်ကြွကြွ ဆောင်ရွက်မှုကြောင့် ကူလီများ၊ လန်ချားသမားများ၊ အပ်ချုပ်သမား၊ ဖိနပ်ချုပ်သမား၊ ဆတ္တာသည်၊ ဝက်သတ်သမား၊ မီးအိုးမီးပန်းသမား သည့် အခြေခံ လုပ်သားများမှသည် တောင်းရမ်း စားသောက်သူ အခြေအနေမဲ့များအထိ လူပေါင်းစုံတို့ အရေးအဖတ်သင်တန်းတက်ရန် စာရင်း ပေးသွင်းကြလေသည်။

ထိုအတောအတွင်း ဂျင်မီသည် အစိုးရကျောင်း၊ သာသနာပြု ကျောင်းနှင့် ပုဂ္ဂလိကကျောင်းများမှ ဆရာ စုစုပေါင်း ၈၀ မျှကို

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် ညဘက်ပိုင်းတွင် တစ်နာရီခွဲမျှစီ စေတနာ့ဝန်ထမ်း စာသင် ကြားပေးကြရန် စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ၎င်းဆရာများအား ရှေးဦးစွာ သူ၏ စကားလုံး ၁၀၀၀ နည်းစနစ်နှင့် ပတ်သက်၍ ရက်တို သင်တန်းပေးရသည်။ စာသင်ခန်းအတွက်မူ တရုတ်ဘုံကျောင်း များ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ အစိုးရမူလတန်းကျောင်းများ ခန်းမများနှင့် အချို့သော စေတနာရှင် ပုဂ္ဂိုလ်များ၏ နေအိမ်များကို အသုံးပြုလေသည်။

သင်တန်းကာလမှာ လေးလဖြစ်၍ သင်တန်းသားများအား လစဉ်စာမေးပွဲများအားဖြင့် တိုးတက်မှု ရှိ မရှိ စစ်ဆေးပေး၏၊ တစ်လစီ အောင်မြင်သွားသော ပုဂ္ဂိုလ်များအား အနီရောင်၊ အဝါရောင် အပြာရောင် စသည့် အရောင်အသီးသီးဖြင့် ဆုတံဆိပ် အဆင့်ဆင့် ချီးမြှင့်ပေးသွား၏။ သင်တန်းတက်ရောက်သူများသည် ကျောင်းမှ ထုတ်ဝေသော ရောင်စုံဆုတံဆိပ်များကို ရင်ဘတ်၌ ဂုဏ်ယူစွာထိုး ချိတ်ထားတတ်ကြရာ တစ်မြို့လုံးပင် ဂျင်မီယင်း ဦးဆောင်သော စာတတ်မြောက်ရေး လှုပ်ရှားမှုကြီးကို သတိမပြုမိသူမရှိ ဖြစ်နေ တော့၏။

ချန်ရှာတစ်မြို့လုံး စာတတ်ရမည်ဟူသော ရဲဝံ့သည့် ရည်မှန်း ချက်ဖြင့် စတင်ဆိုက်သည့် ဂျင်မီယင်း၏ အ–သုံးလုံးကျေသင်တန်း ပထမအပတ်သို့ တက်ရောက်ခဲ့ကြသည့် လက်လုပ်လက်စား ဆင်းရဲ သားကျောင်းသား ၁၃၇၀ အနက် ၉၆၇ ဦးသည် သင်တန်းကာလ ပြီးဆုံးချိန်၌ ကျင်းပသည့် စာမေးပွဲကြီးကို အောင်မြင်စွာ ဖြေဆိုနိုင်ခဲ့ ကြသည်။ ၎င်းပုဂ္ဂိုလ်များအား တရုတ်သမ္မတနိုင်ငံတော်၏ စာတတ် မြောက်သောပြည်သူ အမည်ရှိ အောင်လက်မှတ်တစ်ခုစီကို မြို့တော်ဝန် ကိုယ်တိုင်က အခမ်းအနားဖြင့် ချီးမြှင့်လေသည်။



သင်တန်း ပထမအသုတ် ပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယ အသုတ်ကို စတင်ရာ ထိုအချိန်၌မူ သင်တန်းသား ဦးရေမှာ ၁၅၀၀ မျှ ဖြစ်လာခဲ့သည်။

ယခုအခါ၌မူ ဂျင်မီယင်း စိတ်၌ သူ စိတ်ကူးယဉ် ခဲ့မိသည့် တရုတ်တစ်ပြည်လုံး စာတတ်မြောက်ရေးတည်းဟူသော ရည်မှန်းချက် သည် အိပ်မက်အဆင့်မျှ မဟုတ်တော့ဘဲ တကယ်ဖြစ်နိုင်သောအရာ ဖြစ်သွားပြီဟု ကောင်းစွာသဘောပေါက်ခဲ့ပေပြီ။ နောက်ထပ် မြို့ကြီး တစ်မြို့၌ အလားတူ စာတတ်မြောက်ရေးတိုက်ပွဲ ဆင်နွှဲရန် သူ စည်းရုံး လှုံ့ဆော်ပြန်သည်။ ထိုဒုတိယမြို့ကား ယန်တိုင်းဟု ခေါ်သည့် မြောက် ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်၏။

ယန်တိုင်းတွင် လုပ်ပုံကိုင်ပုံမှာချန်ရှာမှာနှင့် အတူတူလိုပင် ဖြစ်၏။ သို့သော် ယန်တိုင်း၌ ထူးခြားသောအစီအစဉ်သစ်တစ်ရပ် ပါရှိသည်။ ယင်းကား စာတတ်မြောက်ရေးသည် ယောကျာ်းများ အတွက်သာမဟုတ်။ မိန်းမများ၏ အရေးကိစ္စလည်းဖြစ်သည် ဟူ သော တော်လှန်ပြောင်းလဲသည့် အယူအဆတစ်ရပ်ကိုပါ ထပ်ဆင့် ထည့်သွင်းလာခြင်း ဖြစ်သည်။

တရုတ်သမိုင်းတစ်လျှောက်တွင် စာဟူသည် ယောကျာ်းများ အတွက် ဖြစ်ခဲ့၏။ ယောကျာ်းထဲတွင်ပင် ယောကျာ်းတိုင်းအတွက် မဟုတ်ခဲ့။ မိန်းမဟူသည်ကား စာနှင့် ဘာမျှမဆိုင်ခဲ့။ ထိုစဉ်က တရုတ်ပြည်၌ မိန်းမ၏အဆင့်မှာ ကျေးကျွန်သာသာမျှ ဖြစ်ခဲ့သည်။ ခြေထောက်တွေ ကြီးထွားမလာအောင် စည်းနှောင်ထားသော အလေ့ အထ ထွန်းကားနေဆဲ ဖြစ်သည်။ ထို့ပြင် အိမ်ထောင်သည်မိန်းမ များမှာ လင်ယောကျာ်းမိသားစု၏ အပိုင်ပစ္စည်းတစ်ခုသဖွယ် ဖြစ်ခဲ့ သည်။ ထိုသို့သော အနေအထားမျိုးတွင် မိန်းမများ စာတတ်မြောက် ရေးဟူသော အစီအစဉ်သည် အတော်ပင် လွန်ကျူးနေဟန် ရှိခဲ့သည်။

www.burmeseclassic.com



သို့သော် တကယ်လက်တွေ့တွင်မူ ဂျင်မီယင်း၏ အစီအစဉ်ကို လိုလားအားပေးသူတွေ အများအပြား ပေါ်ပေါက်ခဲ့သည်။ စင်စစ် တရုတ်အမျိုးသမီးများမှာလည်း စာတတ်ချိန်တန်နေခဲ့ပြီ ဖြစ်သည်။ ယန်တိုင်းရှိ သမိုင်းဝင် ထူးခြားသော သင်တန်းတွင် ယောကျ်ား ကြီးငယ် ၁၄၆၆ ဦးနှင့် မိန်းမ ကြီးငယ် ၆၃၃ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယန်တိုင်းသင်တန်းမှာလည်း အောင်မြင်ခဲ့သည်။

၁၉၂၃ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင်မူ တရုတ်ပြည် ဘီကျင်းမြို့တော်၌ လူထုပညာရေးဆိုင်ရာ အမျိုးသားညီလာခံကြီး တစ်ရပ် ကျင်းပခဲ့သည်။ ယင်းညီလာခံသို့ ပြည်နယ် ၂၀ မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြ၍ ၎င်းကိုယ်စားလှယ်များထဲတွင် တရုတ်သမ္မတနိုင်ငံ၏ ထင်ရှားသော အမျိုးသမီးကြီးတစ်ဦးဖြစ်သူ မဒမ် ဆွန်စီလင်းလည်း ပါဝင်သည်။

မဒမ်ဆွန်စီလင်းသည် ဂျင်မီယင်း၏ လုပ်ရပ်များကို အထူး နှစ်ခြိုက်အားပေးခဲ့သူ ဖြစ်သည်။ ယန်တိုင်းမှ စာတတ်မြောက်သူများ၏ သင်တန်းဆင်းပွဲတွင် သူသည် အခမ်းအနားသဘာပတိအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး မိမိနှင့် ဘဝတူ ခြေသေးတရုတ်အမျိုးသမီးများ အောင်လက်မှတ်ယူကြသည်ကို မြင်ရသည့်အခါ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ရသည်။

အမျိုးသားညီလာခံကြီးက 'လူထုပညာရေး လှုပ်ရှားမှုဆိုင်ရာ အမျိုးသား အဖွဲ့ကြီး'ကို ဖွဲ့စည်းပြီး ဂျင်မီယင်းအား လုပ်ငန်းများ ဦးဆောင်လုပ်ကိုင်ရန်အတွက် တစ်လလျှင် ဒေါ်လာငွေ ၅၀ နှုန်း ပေမပေး ခန့်အပ်လိုက်သည့်အခါ မဒမ်ဆွန်စီလင်းက သူ့အား စာတတ်မြောက်ရေးဌာနချုပ် ဖွင့်လှစ်ရန်အတွက် သူမ၏ နေအိမ် ခြံဝင်းအတွင်းရှိ အခန်းငယ် တစ်ခုကို ပေးအပ်သည်။ သူ့အတွက်



လက်ထောက်အဖြစ် ထမ်းဆောင်ရန် အချိန်ပိုင်းစာရေးတစ်ယောက်ကို လည်း အဖွဲ့ကြီးက စီစဉ်ပေးသည်။

ထိုသေးငယ်လှသော အနေအထားလေးမှ စတင်ကာ ဂျင်မီယင်း သည် စာမတတ်ခြင်းအမှောင်ရိပ်၌ အိပ်ပျော်နေသည့် တရုတ်နဂါးကြီး ကို လှုပ်နှိုးနိုင်ရန် စတင်အားထုတ်ခြင်း ပြုလေသည်။ ထို့နောက် နှစ်ပေါင်း ၂၀ မျှသော ကာလအတွင်း သူသည် တရုတ်ပြည်အနှံ့ အပြားရှိ စာမတတ်သောပြည်သူ သန်းပေါင်းများစွာတို့အား စာရေး စာဖတ် တတ်လာအောင် စည်းရုံး သိမ်းသွင်း သင်ကြားခြင်း ပြုခဲ့ ပေသည်။

## လူထုက ပေးသော သင်ခန်းစာ

ဂျင်မီယင်းကား တစ်ပါးသူကိုသာ ပညာ ပေးတတ်သူ မဟုတ်။ သူတစ်ပါးထံမှ ပညာကိုလည်း အလွယ်တကူ ရယူတတ်သူ ဖြစ်သည်။

သူသည် အရိပ်ပြလျှင် အကောင်ထင်တတ်သူ၊ ပြဿနာ တစ်ခု၏ အတိမ်အနက်ကို လျှပ်တပြက် ထိုးထွင်းမြင်တတ်သူမျိုး လည်း ဖြစ်သည်။

လူထုကို ပညာပေးစဉ်ကာလတစ်လျှောက် လူထုထံမှလည်း သူ အသိပညာများစွာ ရရှိခဲ့သည်။ ထိုအထဲတွင် သူ မှတ်မှတ်သားသား တန်ဖိုးထားမိသည့်အရာ၊ တစ်နည်းအားဖြင့် သူ၏ အတွေးအမြင် များ၊ လုပ်နည်းလုပ်ဟန်များကို သိသိသာသာ ပြောင်းလဲ သွားစေ သောအရာ နှစ်ခု ရှိသည်။

တစ်ခုကား ဟန်ဧောင်းမှ ဆယ်နှစ်အရွယ် မိန်းကလေးတစ်ဦး နှင့် စကားပြောရသော အတွေ့အကြုံ ဖြစ်သည်။ မိန်းကလေးသည် စာတတ်ချင်လွန်းသဖြင့် ဟန်ဧောင်းမြို့ရှိ စာတတ်မြောက်ရေး သင်တန်းသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုသို့ စာလာ

www.burmeseclassic.com

www.burmeseclassic.com



သင်ချိန်တွင် ရွာမှာ သူတစ်ပါးနှင့် ထားခဲ့ရသည့် သူ့နွားလေးကို သတိရနေသည်။ သည်မိန်းကလေးသည် ဂျင်မီအား သူ အမှတ်တမဲ့ဖြစ်နေသည့်အရာတစ်ခုကို ပီပီပြင်ပြင်မြင်အောင် ညွှန်ပြပေးလိုက်သည်။ ယင်းကား တရုတ်ပြည်၏ ကျေးလက် လူထုကြီး ဖြစ်သည်။ တရုတ်ပြည်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ကျေးလက်နေ တောင်သူလယ်သမား မိသားစုများ ဖြစ်ကြသည်။ မြို့ပေါ်က လုပ်သားများနည်းတူ သူတို့ထဲမှ အများစုကြီးသည်လည်း စာမတတ်ကြ။ သည်လူတွေအတွက်လည်း အမြန်ဆုံးပင် လုပ်ငန်း စတင်ရတော့မည်။

ဂျင်မီယင်းသည် ဘီကျင်းမြို့တော် ဝန်းကျင်ရှိ ကျေးလက်တောရွာများမှ စတင်ကာ လယ်သမားမိသားစုများ စာတတ်မြောက်ရေးလုပ်ငန်းကြီးကို အကောင်အထည် ဖော်ပြန်လေသည်။ ဂျင်မီ၏ အဖွဲ့သားများမှာ စာသင်ကြားရေးလုပ်ငန်းတွင် အတွေ့အကြုံရင့်ကျက်နေပြီဖြစ်ရာ လယ်ယာကျေးလက် စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ အချိန်တိုနှင့်ပင် အောင်မြင်မှုများ သိသိသာသာ ရရှိခဲ့သည်။

သို့သော် ထိုကာလအတွင်းမှာပင် ဂျင်မီယင်းအား အတွေးအမြင်များ ပြောင်းလဲပေးမည့် ပုဂ္ဂိုလ်တစ်ယောက် ပေါ်ပေါက်လာပြန်သည်။ ထိုပုဂ္ဂိုလ်ကား ဆရာယင်း၏ စကားလုံးတစ်ထောင် သင်တန်းမှ အောင်လက်မှတ်ရ လယ်သမားတစ်ယောက် ဖြစ်သည်။ တစ်နေ့တွင် သူသည် 'ယင်း' ထံသို့ လာရောက်ကာ

'ဆရာရေ၊ ဆရာတို့သင်တဲ့ ကျေးဇူးနဲ့ ကျွန်တော် စာတတ်ပါပြီ၊ ဒါပေမယ့် ကျွန်တော့်ဗိုက်ကတော့ တဂွီဂွီ မြည်နေတုန်း ဆာနေတုန်းပဲဗျာ၊ စာလုံးဝမတတ်တဲ့ ကျွန်တော့်အိမ်နီးချင်းနဲ့ ဘာမှ မခြားနားပါလားဗျာ'

ဟူ၍ ပြောဆိုသည်။



ဂျင်မီယင်း ကောင်းကောင်းကြီး သဘောပေါက်လိုက်သည်။ လယ်သမားပြောသောစကားသည် အလွန်မှန်သည်။ လယ်သမားများအား ဆင်းရဲခြင်း၊ ဝေဒနာ်ခံခြင်း၊ ရောဂါဘယထူပြောခြင်းတို့မှ သက်သာလွတ်ကင်းအောင် မြှင့်တင်မပေးနိုင်ဘဲ စာတတ်မြောက်ရေး သက်သက်သာ အားပေးလှုံ့ဆော်နေမည်ဆိုလျှင် သိပ်အဓိပ္ပာယ်ရှိမည် မဟုတ်။

သို့သော် ပြဿနာကား ကြီးမား လေးလံလွန်းလှသည်။ သည်လုပ်ငန်းသည် စာတတ်မြောက်ရေး လုပ်ငန်းထက် အဆမတန်ကြီးကျယ်သွားပြီ။ နိုင်ငံတော်တစ်ခုလုံး ဖွံ့ဖြိုးစည်ပင်အောင် ပြုစုပျိုးထောင်ရမည့် လုပ်ငန်းကြီး ဖြစ်နေသည်။ သို့သော် ဒါသည် အစိုးရအဖွဲ့၏အလုပ် သို့မဟုတ် နိုင်ငံရေးသမားတို့၏ အလုပ်သာဖြစ်သည်ဟု ဂျင်မီယင်း မယူဆ။ မိမိတတ်နိုင်သည့်အပိုင်းမှ တတ်နိုင်သမျှ လုပ်သွားရေးသည်သာ မိမိတာဝန်ဖြစ်သည်ဟု သူ သဘောထားသည်။

ထိုစဉ်က တရုတ်ပြည်တွင် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အခြေခံနယ်မြေယူနစ်သည် 'ခရိုင်' (ဇီယန်) ဖြစ်၍ တရုတ်ပြည်တစ်ပြည်လုံးတွင် ဇီယန် (ခရိုင်) ပေါင်း ၁၉၀၀ မျှ ရှိ၏။ ခရိုင်တစ်ခုခုအတွင်းတွင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်ပြနိုင်လျှင် အခြား အခြားသော ခရိုင်များကလည်း အားကျအတုယူလာကြလိမ့်မည်ဟု သူ ယုံကြည်ထားသည်။

သို့နှင့် မိမိတို့လူစု ပထမဆုံး စွမ်းအား စိုက်ထုတ် လုပ်ကိုင်ကြမည့် စမ်းသပ် ဒေသအဖြစ် 'ဒင်'ခရိုင် (ဒင်ဇီယန်)ကို ဂျင်မီတို့ ရွေးချယ်ခဲ့ကြသည်။ ဒင်ဇီယန်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၅၀၀ မျှ ကျယ်ဝန်းသည်။ ဆင်းရဲမွဲတေသည့် ကျေးရွာပေါင်း ၄၇၂ ရွာ တည်ရှိ၍ စုစုပေါင်းလူဦးရေမှာ ၄၀၀၀၀၀ ခန့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ စမ်းသပ်လုပ်ငန်းကြီး အောင်မြင်ရန်အတွက် ပထမ အရေးအကြီးဆုံးအချက်မှာ ထိုနယ်မြေကို ကောင်းစွာ 'သိ'ဖို့ဖြစ်သည်ဟု ဂျင်မီ ရှင်းလင်းစွာမြင်သည်။ ထိုသို့သိရန်အတွက် ထိုနေရာထိုဒေသက လူများအကြားတွင် တစ်သားတည်း နေထိုင်နိုင်ရမည် ဟူ၍လည်း သူ ကောင်းစွာ သဘောပေါက်သည်။

သူသည် ဒင်ဇီယန်အတွက် ဘဝကို မြှုပ်နှံ၍ လုပ်ကိုင်မည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် ၃၀ မျှကို စည်းရုံး ရရှိခဲ့သည်။ ထိုပုဂ္ဂိုလ်များ ထဲတွင် စိုက်ပျိုးရေးပညာရှင်များ၊ ဆရာဝန်များ၊ အချို့သောအစိုးရ ဌာနများတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ၊ တက္ကသိုလ် ဆရာကြီးများအပြင် လွှတ်တော်အမတ်များပင် ပါဝင်သည်။ ဂျင်မီ သည် ဆင်စွယ် နန်းတော်ထက်မှ ပုဂ္ဂိုလ်များကို တောကျေးလက် ရွံ့ဗွက်များထဲက တဲအိမ်ငယ်များဆီသို့ ခေါ်ဆောင် သွားခဲ့သည်။

သည်လုပ်ငန်းကို ဂျင်မီတို့လူစုသည် ခဏမျှလုပ်ကြသည် မဟုတ်။ ဒင်ဇီယန်ဒေသဖွံ့ဖြိုးရေး၊ လုံးဝဥဿုံပြောင်းလဲရေးအတွက် ဒင်ဇီယန် ခရိုင်သို့ ဆင်းခဲ့ကြသည့် စေတနာရှင် ကျွမ်းကျင်သူများ အဖွဲ့သည် ဒင်ဇီယန်တွင် ကိုးနှစ်ကြာမျှ နေထိုင်ကာ မိမိတို့၏ စွမ်းအားများကို အပြည့်အဝ စိုက်ထုတ်လုပ်ကိုင်ခဲ့ကြသည်။ ဂျင်မီယင်း တို့ဇနီးမောင်နှံကိုယ်တိုင်သည်လည်း ကျေးရွာတစ်ရွာ၌ တဲပုတ်ငယ် တစ်လုံးဆောက်လုပ် အခြေချကာ သားသမီးရတနာ ငါးဦးမျှကိုပင် ထိုရေ ထိုမြေ၌ မွေးဖွား ရှင်သန်စေခဲ့သည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်ဒေသမှလူများ နှစ်ပရိစ္ဆေဒများစွာက လုပ်ကိုင်လာခဲ့ကြသည့် ဘိုးဘေးစဉ်လာလုပ်ငန်း ဖြစ်ရာ ယင်းလုပ်ငန်း၌ ရိုးရာအစွဲအလမ်းများသည် အလွန်ခိုင်မာစွာ အမြစ်တွယ်လျက်ရှိနေသည်။ ထိုအစွဲအလမ်းများထဲတွင် မှန်ကန်သော အစဉ်အလာနည်းစနစ်များ ပါသကဲ့သို့ ခေတ်မီစိုက်ပျိုးရေးနည်းပညာ



အမြင်အရ လယ်သမားအတွက် အကျိုးဆုတ်ယုတ်စေမည့်အရာများ လည်း ပါဝင်၏။ ထို ဆုတ်ယုတ်စေသော အယူအဆများကို ပြုပြင် တည့်မတ်ကာ အကျိုးဖြစ်ထွန်းစေမည့် နည်းစနစ်သစ်များဖြင့် အစား ထိုးပေးရေးမှာ ကျေးလက်ပြုပြင်ရေးသမားတို့၏ တာဝန်ဖြစ်၏။ သို့သော် ထိုသို့ပြုပြင်ရာ၌ အလွန်သိမ်မွေ့စွာဆောင်ရွက်ရန် အရေး ကြီးသည်။ လယ်သမားများအား 'ခင်ဗျားတို့နည်းစနစ်တွေ ခေတ် နောက်ကျနေပြီ၊ ဟောဒီ ကျွန်တော်တို့နည်းသစ်တွေအတိုင်း လုပ် ကြပါ၊ အဲဒါမှ ခင်ဗျားတို့ တိုးတက်မယ်'ဟု ပြောဆိုကာ မိမိစနစ် ကို အတင်း သွတ်သွင်း ပေး၍ မရ။ ရန်းကန် ဆန့်ကျင်သွားကြလိမ့် မည်။ သူတို့ကြားမှာ နေကာ သူတို့ထက် ထူး၍ မကောင်းသည့်မြေ ဓနရာမျိုးတွင် သူတို့ထက် သိသိသာသာ အထွက်တိုးသည့် သီးနှံ မျိုး စိုက်ပြပြီး သူတို့ဘာသာ စိတ်ဝင်စားလာ၊ လိုလားလာကြသည့် အခါမှ မိမိ၏ နည်းစနစ်ကို ရှင်းလင်း သင်ကြားပေးခြင်းသည်သာ ထိရောက် မှန်ကန်သောနည်း ဖြစ်၏။

ထို့ပြင် အရေးကြီးသည့် အခြားအချက်တစ်ခုမှာ လယ်သမား များထဲမှ စေတနာ့ဝန်ထမ်းစိတ် ရှိသူ၊ ဦးဆောင်နိုင်စွမ်းလည်း ရှိသူ များကို စည်းရုံးကာ ၎င်းတို့အား သက်ဆိုင်ရာ နယ်မြေဒေသ၌ ကျေးလက်ပြုပြင်ရေး ခေါင်းဆောင်များ ဖြစ်လာအောင် မြေတောင် မြှောက်ပေးခြင်း ဖြစ်၏။

လယ်သမားများအနေနှင့် ကိုယ်တိုင် လယ်သမားဖြစ်သူများ၊ မိမိတို့လည်း အစဉ်အဆက် သိကျွမ်းခဲ့သူများဖြစ်သည့် ထို ကျေးလက် ခေါင်းဆောင်များ၏စကားကို မြို့မှလာသည့် သူစိမ်းများ၏စကား ထက် နားဝင်လွယ် လက်ခံလွယ်သောသဘော ရှိသည်။ ထို့ပြင် လယ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေရှည် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကြမည်ဆိုလျှင် လယ်သမားထဲမှ စေတနာရှင်

www.burmeseclassic.com

www.burmeseclassic.com



လူတော်များသာပင် အဓိက တာဝန်ယူ လုပ်ကိုင် သွားကြရမည် ဖြစ်ပေသည်။

ကျေးရွာများသို့ ရောက်ရှိပြီးနောက် ဂျင်မီနှင့် သူ့အဖွဲ့သည် မိမိတို့ မူလရေးဆွဲခဲ့ကြသည့် လုပ်ငန်း အစီအစဉ်များကို ကျေးလက်ရှိ ပကတိအနေအထားများနှင့် ညှိနှိုင်းချိန်ထိုးပြီး သင့်တင့်လျောက်ပတ်စွာ ပြုပြင် စီစဉ်ကြသည်။ ထို့နောက်တွင် ၎င်း အစီအစဉ်များကို တဖြည်းဖြည်းချင်း အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။ ၎င်းတို့ ချမှတ်ထားသည့် ကျေးလက် ဖွံ့ဖြိုးရေး အစီအစဉ်တွင် ကဏ္ဍ ၄ ရပ် ပါရှိသည်။ ယင်းတို့မှာ ပညာ သင်ကြားရေး၊ ကျန်းမာမှု အဆင့်အတန်း တိုးမြှင့်ရေး၊ အသက်မွေးမှု ဘဝ တိုးတက်ရေးနှင့် စနစ်ကျနစွာဖြစ်သော စီမံခန့်ခွဲအုပ်ချုပ်မှု ဖြစ်ပေါ်ရေးတို့ ဖြစ်သည်။

ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသည် စေတနာရှိရုံ သက်သက်ဖြင့် မပြည့်စုံပေ။ ဒင်ဗီယန် ပြုပြင် ပြောင်းလဲရေး အဖွဲ့တွင် စေတနာ ရှိသည်၊ လူအင်အား အထိုက်အလျောက် ရှိသည်၊ ကျွမ်းကျင်မှုလည်း ရှိသည်။ သို့သော် အချို့ လုပ်ငန်းများအတွက်မူ တည်ငွေ လိုပေသည်။ ငွေမရှိဘဲ လုပ်ငန်းများ အကောင်အထည် ဖော်နိုင်မည် မဟုတ်။

၁၉၂၈ ခုနှစ်တွင် ဂျင်မီယင်းသည် ယေးလ် တက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ကို ရယူရန်အတွက် အမေရိကသို့ သွားရောက်သည်။ ထိုခရီးစဉ်တွင် သူက ဒင်ဗီယန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် ရန်ပုံငွေထည့်ဝင်ကြရန် စည်းရုံးကောက်ခံရာ စုစုပေါင်း ဒေါ်လာ ငါးသိန်းမျှ ရရှိခဲ့သည်။

ရန်ပုံငွေများ ပိုက်ပြီး ဂျင်မီယင်း ပြန်ရောက်လာသည့်အခါ စောစောက စိတ်ကူးထားသည့် လုပ်ငန်းအတော်များများကို စတင် အကောင်အထည်ဖော်ကြသည်။



ကျေးရွာများတွင် သူတို့ အဓိကအစပျိုးလုပ်ဆောင်သည့်အရာမှာ စာတတ်မြောက်ရေး လုပ်ငန်းပင် ဖြစ်သည်။ ရှေးဦးစွာ ရွာဒွိဖြစ်ဇာတိက္ကမ ရှိသည့် လူကြီးများကို စည်းရုံးရသည်။ မြို့ကြီးများတွင် စာမတတ်၍ ဘဝနိမ့်ကျနေသည့် ဆင်းရဲသားအလုပ်သမားများကို စာသင်ကြားပေးခဲ့ရာ မည်မျှအောင်မြင်ခဲ့ကြောင်း၊ အလုပ်သမားများအတွက် မည်သို့သောအကျိုးကျေးဇူးများ ခံစားကြရကြောင်း၊ ရွာဒွိ အလားတူသင်တန်းမျိုး ဖွင့်လှစ်နိုင်လျှင် လယ်သမားမိသားစုတို့၏ဘဝတွင် မည်သို့ တိုးတက်နိုင်သည့် အလားအလာများ ရှိလာမည်ဖြစ်ကြောင်းတို့ကို နားလည် လက်ခံလာအောင် ပြောရသည်။ လူကြီးများလက်ခံလျှင် ရွာသားများအား ရွာဘုန်းတော်ကြီးကျောင်းတွင် စုဝေးကြရန် မောင်းခတ်၍ ခေါ်ရသည်။ ထို့နောက် စာတတ်မြောက်ရေးကိစ္စအတွက် စိတ်ထက်သန်နေပြီဖြစ်သော ရွာလူကြီးတစ်ဦးဦးအား စကားပြောခိုင်းရသည်။

ရွာလူကြီးက ပရိသတ်အား

'မင်းတို့မှာ မျက်စိ ရှိကြသလားဟေ့'ဟု မေးလျှင် ပရိသတ်က 'ရှိတာပေါ့ဗျာ'ဟု ဆိုကြ၏။ 'မျက်စိ ရှိတဲ့လူအားလုံး လက်ညှိုးထောင်ကွာ'ဟု ဆိုလျှင် အားလုံး လက်ညှိုးထောင်ကြ၏။ ထိုအခါ ရွာလူကြီးက စာအုပ်တစ်အုပ်ကို ကိုင်မြှောက်ကာ 'ဟောဒီဟာကို မြင်ကြသလားဟေ့'ဟု ဆိုသည့်အခါ အားလုံးက 'မြင်ပါတယ်'ဟု ပြောကြ၏။ 'အေး ကောင်းပြီ၊ ဟောဒီ စာအုပ်ထဲက ဟာတွေကို ဖတ်တတ်တဲ့ လူ ရှိရင် လက်ညှိုးထောင်ကွာ' ဆိုသည့် အခါ၌မူ တစ်ယောက်မှ မထောင်တော့။

ထိုအခါ ရွာလူကြီးက

'အေး အဲဒါပဲကွ၊ စာမတတ်တဲ့လူဟာ မျက်စိကန်းတဲ့လူနဲ့ အတူတူပဲဆိုတာ အဲဒါကြောင့် ပြောတာ၊ မင်းတို့မှာ မျက်စိရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စာနဲ့ပတ်သက်ရင် မင်းတို့ဟာ မျက်စိကန်းနေသူတွေနဲ့ ဘာမှမခြားဘူး၊ ဒါပေမယ့် အခု ဟောဒီမှာ မင်းတို့ကို မျက်မမြင်ဘဝက လွတ်မြောက်အောင် ဆောင်ရွက်ပေးမယ့် ပုဂ္ဂိုလ်တွေရောက်နေပြီ၊ မင်းတို့ကို လေးလအတွင်း မျက်စိအလင်း ရအောင်လုပ်ပေးလိမ့်မယ်၊ အဲဒီအတွက် မင်းတို့ ပိုက်ဆံ တစ်ပြားတစ်ချပ်မှ ပေးစရာမလိုဘူး၊ ညဘက် အလုပ်ပြီးတဲ့အချိန်မှာ တစ်နေ့ တစ်နာရီနှုန်း လာပြီးစာသင်ကြရုံပဲ၊ လေးလပြည့်တဲ့နေ့မှာ မင်းတို့ မျက်မမြင်ဘဝက လွတ်မြောက်ကြလိမ့်မယ်'

ဟု၍ ပြောကြားလိုက်သည်။

ဤသို့ဖြင့် ဒင်ဗီယန်နယ်မြေအတွင်း စံနမူနာပြ သက်ကြီးစာသင်ကျောင်း ခြောက်ကျောင်း စတင် ဖွင့်လှစ်ဖြစ်သည်။ ထိုကျောင်းများသို့ လေးလတိတိ မှန်မှန်တက်ရောက်သူများ မည်မျှ စာတတ်သွားကြကြောင်း သိမြင်လာသည့်အခါ အခြားသော ကျေးရွာ အသီးသီးတို့ကလည်း မိမိတို့ ရွာများတွင် စာသင်ကျောင်းများ ဖွင့်လှစ်ဖြစ်အောင် ကိုယ်ထူကိုယ်ထ ကြိုးပမ်းလာကြသည်။

## ဘက်စုံဖွံ့ဖြိုးရေး

ပညာမျက်စိ ဖွင့်လှစ်ပေးသည့်အလုပ် အစပျိုးမိသည့်အခါ တောင်သူလယ်သမားတို့၏ သမုဒ္ဒရာဝမ်းတစ်ထွာကိစ္စဘက်သို့လှည့်ကြရပြန်သည်။ သည်ကိစ္စအတွက်မူ မွေးမြူရေးပညာရှင်များနှင့် စိုက်ပျိုးရေးပါရဂူများ အစွမ်းပြကြရသည်။ မိမိတို့အိမ်မွေးကြက်များက တစ်နှစ်လုံး အစာကျွေးမှ ဥအလုံး ၅၀ မျှ အုပေးနေကြစဉ် မြို့မှရွှေ့ပြောင်းလာကြသည့် ကျေးလက်ပြုပြင်ရေးသမားတို့၏ခြံမှ ကြက်များက တစ်နှစ်လျှင် ဥအလုံး ၁၀၀ ကျော် အုနေကြသည်ကို မျက်မြင်ဒိဋ္ဌမြင်ရသောအခါ ကြက်မျိုးကောင်းမျိုးသန့်များ မွေးမြူရန် စိတ်ဝင်စားလာကြသည်။ ရောဂါဒဏ်ခံနိုင်ရည်ရှိသည့် ဒေသခံကြက်မျိုးများနှင့် ဥနှုန်းကောင်းသော နိုင်ငံခြားကြက်မျိုးများကို စပ်ဟပ်မွေးမြူတတ်လာကြသည်။ ကောက်ပဲ သီးနှံကိစ္စတွင်လည်း အလားတူပင်။ အထွက်တိုးစပါးကို ရွေးချယ် စိုက်ပျိုးတတ်လာသည်။ ရာသီအလိုက်သီးနှံအမျိုးမျိုးကို အလှည့်ကျ စိုက်ပျိုးတတ်လာသည်။ ထို့ပြင် နို့စားနွားများလောက် အစာများများ ကျွေးစရာ မလိုသည့် ဆိတ်များကိုမွေးမြူခြင်းဖြင့် လယ်သမားမိသားစုများ နို့အာဟာရ ပိုမိုစားသုံးခွင့်ရလာသည်။



ဒင်ဗီယန် စိုက်ပျိုးရေးသုတေသနသိပ္ပံသည် လယ်ယာမြေရေပေးသွင်းခြင်း၊ ထွန်ယက်ခြင်း စသည့် ကိစ္စရပ်များအတွက် ပို၍ထိရောက်တွင်ကျယ်စေမည့် ပစ္စည်းကိရိယာသစ် အများအပြားကိုတီထွင်သုံးစွဲပြခြင်းဖြင့် ခရိုင်နယ်တစ်နယ်လုံးရှိ ကျေးလက်များတွင် စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာအောင် မြှင့်တင်ပေးနိုင်ခဲ့သည်။

နည်းပညာ တိုးတက်လာသည့်အခါ သီးနှံများလည်း သိသိသာသာ အထွက်တိုး လာသည်။ ထို တိုးတက် ထွက်ရှိလာသော သီးနှံစပါးများမှ ထိုက်တန်သော အဖိုးစားနား ရရှိအောင် ဆောင်ရွက်နိုင်ကြရန်အတွက်လည်း တောင်သူလယ်သမားများအား လက်တွေ့ကျသော စီးပွားရေး အသိပညာများ ဖြန့်ဖြူးပေးရသည်။ ဆန်စပါး၊ ဂျုံ၊ ဝါဂွမ်း၊ ပဲ စသည့် လယ်ယာထွက်ကုန်များကို တစ်ဦးချင်းသီးခြားစီ မရောင်းချဘဲ ပင်မဒိုင်များ သို့မဟုတ် စက်ရုံများဆီသို့ အစုတစ်ရုံးတည်း တိုက်ရိုက်သွားရောက် ရောင်းချခြင်းဖြင့် ကြားပွဲစားအဆင့်ဆင့်တို့ ဖြတ်စားသွားမည့် အမြတ်ငွေကိုပါ မိမိတို့ခံစားရနိုင်ကြောင်း လက်တွေ့စမ်းသပ် သိမြင်လာသည့်အခါ ကျေးလက်လူထုတို့အတွင်း စုပေါင်း ဆောင်ရွက်လိုသည့် စိတ်ဓာတ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



သမဝါယမအတွေ့အကြုံ အလေ့အကျင့်များ ထွန်းကားရှင်သန်လာသည်။

ကျေးရွာလူထု စည်းလုံးညီညွတ်မှု၊ စိတ်ထက်သန်မှုများ ရှိလာသည့်အခါ ရွာတစ်ရွာနှင့်တစ်ရွာကြား ကူးသန်းသည့်လမ်းများတွင် အရိပ်ခို လေကာအဖြစ် ပေါပလာပင်များ တန်းစီ၍စိုက်ကြသည်။ ထိုရွာကူးလမ်းများတွင် ပေါပလာပင်စိုက်သည့် အလေ့အထမှာ ကျေးလက်တောရွာ များစွာသို့ လျင်မြန်စွာ ပြန့်ပွား သွားခဲ့ရာ နောင်တွင် တရုတ်ပြည် မြောက်ပိုင်း မြေပြန့်တစ်ခုလုံး၏ သွင်ပြင်ရှုခင်းကို ပြောင်းလဲ ပေးလိုက်သလို ရှိခဲ့ပေသည်။

လူနေမှုဘဝ ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ပြီဆိုသည့်အခါ ကျန်းမာရေး ကိစ္စသည်လည်း အရေးကြီးသော ကဏ္ဍမှ ပါဝင်လာလေသည်။

ထိုစဉ်က တရုတ်ကျေးလက်တွင် ကျန်းမာရေးအစီအမံဟူ၍ မည်မည်ရရ မရှိခဲ့ချေ။ ထိုအခါ ကျေးလက်လူထု၌ ကျန်းမာရေး အသိပညာချို့တဲ့ခြင်းသည်လည်း အံ့သြစရာ မဟုတ်တော့ပေ။ ကျေးရွာနေလူများသည် ရေသန့်ရှင်းမှု၏ အရေးကြီးပုံကို မသိရှိကြ။ ရောဂါပိုးမွှားများကြောင့် ရောဂါဘယတို့ ကူးစက်နိုင်သည်ကိုလည်း ကြားဖူးနားဝ မရှိကြ။ ထို့ကြောင့် သောက်ရေတွင်း အနီးနားလေးတွင် အိမ်သာဆောက်၏။ ထိုခိုက် ပွန်းပဲ့သော နေရာ၌ မြေမှုန့် သဲမှုန့် သိပ်၏။ ကလေးမွေးပြီး ချက်ကြိုးဖြတ်သောအခါ၌ပင် ချက်ကြိုးထိပ်ကို ရွှံ့နှင့်မံ၍ ပိတ်၏။ ထို့ကြောင့် မေးခိုင်ရောဂါတို့ မဖြစ်သင့်ဘဲ အလွန်အကျွံဖြစ်ပွားနေရလေသည်။ ထို့ပြင် ကျောက်ရောဂါနှင့် မျက်ခမ်းစပ်ရောဂါတို့လည်း အလွန်ထူပြောလျက်ရှိနေသည်။

ထိုသို့သော အခြေအနေတွင် ဂျင်မီယင်းသည် စီ၊ စီ၊ ချင်းအမည်ရှိ စေတနာရှင် တရုတ်လူမျိုး ဆရာဝန်တစ်ဦးကို အားကိုး



ကာ 'စေတနာ့ဝန်ထမ်း ကျန်းမာရေး လုပ်သား' သင်တန်းများ တင် ဖွင့်လှစ်လေသည်။

ဒေါက်တာချင်းမှာ ဘီကျင်းရှိ ရော့ကဖဲလားအထိမ်းအမှတ်ဆေးသိပ္ပံကျောင်းနှင့် ဟားဗတ်တက္ကသိုလ်တို့တွင် ဆေးပညာ သင်ကြားခဲ့သူ ဖြစ်သည်။ ကျန်းမာရေးလုပ်သား လောင်းလျာများအား ရေတွင်းရေကန်သန့်ရှင်းရေး၊ ထိခိုက်ရှနာများ စနစ်တကျ ဆေးထည့်ရေး စသည့် ကျန်းမာရေးဆိုင်ရာ အခြေခံ အသိပညာများ သင်ကြားပေးပြီးလျှင် သင်တန်း ဆင်းချိန်၌ အဖိုးနည်းဝန်ပါ ဆေးသေတ္တာတစ်လုံးစီ ပေးအပ်လိုက်၏။ ဆေးသေတ္တာထဲတွင် အက်စပရင် (အကိုက်အခဲပျောက်)ဆေးပြား၊ အိုင်အိုဒင်း၊ ပက်ထရိုလီယမ် ဂျယ်လီ စသည့် လိမ်းဆေးများ၊ ပတ်တီးလိပ်များနှင့် မျက်ခမ်းစပ်ရောဂါအတွက် ကော့ပါးဆာလဖိတ်မျက်စဉ်းဆေးများ စသည်တို့ ပါဝင်သည်။

ပညာအရည်အချင်းရော ပစ္စည်းကိရိယာပါ ချို့တဲ့နည်းပါးသည့် အဆိုပါ ကျန်းမာရေးလုပ်သားများသည်ပင် ကျေးလက်လူထု၏ ကျန်းမာရေးကို သိသိသာသာ စောင့်ရှောက်မြှင့်တင်ပေးနိုင်ခဲ့ပေသည်။

\+ \+ \+

င်မီယင်းနှင့် သူ၏ အဖွဲ့သည် ဒင်ဇီယန် လူထု၏ စီးပွားရေး၊ ညာရေး၊ ကျန်းမာရေး အခြေအနေများကို မြှင့်တင်ပေးနိုင်ရုံမျှမက ၃၀၀၀၀ မျှသော လူထုအား စည်းလုံးညီညွတ်၍ အချင်းချင်းရိုင်းပင်းညီခြင်း၊ စာနာထောက်ထားခြင်း၊ တရားသဖြင့်ဆက်ဆံဆောင်ရွက်တတ်ခြင်း စသော လူမှုရေး အလေ့အထကောင်းများရှိသည့် မိသားစုကြီးတစ်ခုသဖွယ်ဖြစ်အောင် ဖန်တီးတည်ဆောက်ပေးနိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဂျင်မီယင်းတို့၏ ဒင်ဇီယန် ဘဝသစ်တည်ဆောက်ရေး လုပ်ငန်းကြီးသည် ၁၉၃၇ ခုနှစ် တရုတ်ပြည် မြောက်ပိုင်းကို ဂျပန်တို့ ကျူးကျော်ဝင်ရောက်သည့် အချိန်၌ တခနဲ ရပ်ဆိုင်းသွားခဲ့လေသည်။ 'ယင်း'နှင့် သူ့အဖွဲ့သည် ဒင်ဇီယန်နယ်ထဲမှ ဆုတ်ခွာထွက်ပြေးလာခဲ့ရသည်။

သို့သော် 'ယင်း'ကား စိတ်ဓာတ်မကျပေ။ စိတ်ဓာတ်မကျရုံမက ဒင်ဇီယန်ထက် ပို၍ကြီးကျယ်သော အစီအစဉ်တစ်ရပ်ကိုပင် ကြံစည်ချမှတ်ခဲ့သည်။ သူသည် တရုတ်ပြည်၌ သူ၏ ပထမဆုံး စာပေတော်မြောက်ရေးလှုပ်ရှားမှုစတင်ရာ ချန်ရှာသို့ ရွှေ့ပြောင်းခဲ့ပြီးလျှင် 'ဟုန်အိုး'ဒေသဟု အမည်ရသည့် ဟူနန်ပြည်နယ်မှ သန်းပေါင်း ၃၀ မျှသော တရုတ်လူထုအတွက်ဒင်ဇီယန်ပုံစံ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ လုပ်ကိုင်ရန် ဆုံးဖြတ်လိုက်သည်။

ဂျပန်သိမ်းပိုက်ထားသည့် မြောက်ပိုင်းဒေသများမှ ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသည့် ကျောင်းဆရာများနှင့် အခြားပညာရှင်ရာပေါင်းများစွာတို့ကို စည်းရုံးစုစည်းကာ ခရိုင် ၇၅ ခုအတွင်းရှိ အရေးအတွက် သောင်းချီ၍ရှိသော ကျေးရွာများ၌ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ကိုင်လေသည်။

သို့သော် ဤတစ်ကြိမ် လုပ်ငန်းမှာလည်း များမကြာမီပင် ဂျပန်တို့ကြောင့် ရပ်တန့်သွားရပြန်သည်။ ဂျပန်၏စစ်အင်အားကို မယှဉ်ပြိုင်နိုင် သဖြင့်သာ နောက်ဆုံး၌ အရှုံးပေးခဲ့ ရသော်လည်း ဂျင်မီယင်းတို့အဖွဲ့၏ ဆောင်ရွက်ချက်များကြောင့် စည်းလုံးညီညွတ်မှုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုစိတ်များ ထက်သန်တက်ကြွ နေပြီဖြစ်သော ဟူနန် နယ်သားများသည် ဂျပန်တို့အား အပြင်းအထန် ခုခံကာကွယ်ခဲ့ကြရာ ဂျပန်တို့အနေနှင့် ပထမထိုးစစ်ကြီးသုံးကြိမ်လုံးတွင် အရေးနိမ့်ခဲ့ပြီး စတုတ္ထမြောက် ထိုးစစ်တွင်မှ ဟူနန်ကို သိမ်းပိုက် နိုင်ခဲ့ကြပေသည်။



ဟူနန်နယ် ကျသွားသောအခါ ဂျင်မီယင်းသည် သူ၏ဇာတိဒေသဖြစ်သည့် စီချွမ်ပြည်နယ်သို့ပြန်လာပြီး ချုံကင်းမြို့တွင် စတည်းချပြန်၏။ ထိုအချိန်၌ ချုံကင်းမြို့မှာ ဂျပန်ရန်နှင့်ဝေးရာသို့ တိမ်းရှောင်လာသည့် တရုတ်ပြည်အစိုးရရုံးစိုက်ရာ ယာယီမြို့တော်ဖြစ်နေရာ ဂျင်မီယင်းသည် ထိုသို့ ဆုတ်ယုတ်နေသော အခြေအနေ၌ပင် ဆိုင်းငံ့ရပ်နားမနေဘဲ နောင် လွတ်လပ်သည့်အချိန်၌ တရုတ်တစ်ပြည်လုံးတွင် မိမိတို့ ဒင်ဇီယန်၌ အောင်မြင်ခဲ့သည့် လုပ်ငန်း အစီအစဉ်များအတိုင်း အကျယ်အပြန့် အကောင်အထည်ဖော်သွားနိုင်ရေးအတွက် စီမံကိန်းများရေးဆွဲခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း၊ စည်းရုံးဆော်ဩခြင်းများ ပြုလုပ်နေခဲ့၏။ ထို့ပြင် ကျေးလက်ပြုပြင်တည်ဆောက်ရေးဆိုင်ရာ ကောလိပ်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ကာ ကျွမ်းကျင်သူများ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန်လည်း ကြိုးပမ်း ခဲ့၏။ တစ်ချိန်တည်းမှာပင် လူဦးရေ ငါးသန်းခန့် ရှိသည့် ကျေးလက် နယ်မြေတစ်ခု၌ ရှေ့ပြေးအစီအစဉ် တစ်ရပ်ကို လက်တွေ့ စမ်းသပ် အကောင်ထည် ဖော်ပေးနေခဲ့သေး၏။

၁၉၄၆ ခုနှစ် ဂျပန်တို့ အရေးနိမ့်သွားပြီးနောက်တွင် တရုတ်အစိုးရသည် ဂျင်မီယင်းတင်ပြသည့် နိုင်ငံအဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို နှစ်သက်လက်ခံကာ ထောက်ပံ့ကူညီမှုများပြုလုပ်သွားမည်ဟူသော သဘောထားရှိခဲ့၏။ သို့သော် ထိုအချိန်ကာလမှာပင် တရုတ်ပြည်၌ လက်ဝဲနှင့် လက်ယာ အင်အားစု နှစ်ခုတို့ အပြင်းအထန် တိုက်ပွဲဆင်ကြပြန်လေသည်။

နိုင်ငံရေးဘက်တွင် အဖွဲ့အစည်းစွဲ ဝါဒစွဲ မရှိဘဲ ဆင်းရဲသားလူထုတို့၏ ဘဝ တိုးတက် မြင့်မားရေးကို ဆောင်ရွက်လိုစိတ်သာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြ ထက်သန်နေသည့် ဂျင်မီယင်းသည် ထိုတိုက်ပွဲကြီးထဲတွင် မပါဝင်တော့ဘဲ ကျေးလက်ပြုပြင်ရေးလုပ်ငန်းများကို စိတ်ဝင်စား စွာ ဆောင်ရွက်နေသည့် နိုင်ငံတကာရှိ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်း များနှင့်သာ ဆက်သွယ် ဆောင်ရွက်ခဲ့တော့သည်။

သူသည် စာမတတ်သူ တရုတ်ကူလီများအား အ-သုံးလုံးကျေ ညသင်တန်းပေးခြင်းမှ စတင်ကာ ခရိုင်နယ်ပယ် တစ်ခု ဖွံ့ဖြိုးရေးကို ဆောင်ရွက်သော အဆင့်သို့ တိုးတက်ခဲ့သည်။ ထိုမှတစ်ဖန် လူဦးရေ သန်း ၃၀ မျှရှိသော ပြည်နယ်ကြီးတစ်ခုကို တာဝန်ယူခဲ့ပြီး ၎င်း နောက်တွင် တိုင်းပြည် တစ်ပြည်လုံး အတွက်ပါ ကြိစည်ကြီးပမ်း ဖြစ်ခဲ့သည်။

ယခုကား ဂျင်မီယင်းသည် တိုင်းပြည် တစ်ပြည်အဆင့်မှ ကမ္ဘာတစ်ဝန်းလုံးအဆင့်သို့ တက်လှမ်းလာခဲ့ပြီ ဖြစ်သည်။

## ကိုယ်ထူကိုယ်ထ စိတ်ဓာတ်၏ စွမ်းအား

ဒင်ဗီယန်ဒေသ အောင်မြင်မှုဖြင့်ပင် နိုင်ငံတကာက လေးစားအသိ အမှတ်ပြုခြင်း ခံခဲ့ရပြီးဖြစ်သော ဂျင်မီယင်းသည် ကျယ်ဝန်းသော ကမ္ဘာထဲသို့ ရောက်ရှိလာသည့်အခါ၌လည်း သူ၏ စေတနာ့ဝန်ထမ်း လုပ်ငန်းများကို လွတ်လပ်စွာ ဦးဆောင် လုပ်ကိုင်နိုင်သည့် အခွင့် အရေးများ ရရှိခဲ့သည်။

နိုင်ငံတကာ နယ်ပယ်၌ ဂျင်မီယင်း ပထမဆုံး အားထုတ် လုပ်ကိုင်ခွင့်ရသည့် နေရာမှာ ဖိလစ်ပိုင်ကျွန်းစု ဖြစ်သည်။ ဖိလစ်ပိုင် ရှိ ပြည်နယ်နှစ်ခုတွင် ဒင်ဗီယန်ပုံစံ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း များ သူ စတင်သည်။ သူ့ လုပ်ငန်းအတွက် ကျေးလက်တောရွာ အသီးသီးတွင် ဦးဆောင် စည်းရုံး ဆောင်ရွက်မည့်သူများ အဖြစ် တက္ကသိုလ်ကောလိပ် ကျောင်းသား ကျောင်းသူများထဲမှ စေတနာ



ရှင်များကို သူ လျှာထားကြောင်း ပြောဆိုသည့်အခါ လူတော်တော် များများကပင် ငြင်းကြသည်။

'ဖိလစ်ပိုင်က ကောလိပ်ကျောင်းသားတွေဟာ လခ ကောင်း ကောင်း ရတဲ့ အစိုးရ အလုပ်ကိုပဲ မက်ကြတာ၊ ခင်ဗျား ပြောတဲ့ လုပ်ငန်းမျိုးကို ဝါသနာ မပါကြဘူး'

ဟု ဆိုကြသည်။

သို့သော် ဂျင်မီက သူတို့ ကန့်ကွက်ချက်ကို အလွယ်တကူ လက်မခံ။

'စမ်းကြည့်သေးတာပေါ့'ဟု ဆိုသည်။

ကျောင်းသားများအား ဂျင်မီ ကိုယ်တိုင် ဟောပြော စည်းရုံး ကြည့်သည့်အခါ၌မူ မိမိတို့ တိုင်းပြည်ရှိ ကျေးလက် တောရွာလူထု အတွက် စေတနာစိတ် ထက်သန်သူ၊ ကျေးရွာသူ ရွာသားများနှင့် တစ်သားတည်းနေထိုင်ကာ သူတို့ဘဝကို လေ့လာ၍ သူတို့အကျိုး စီးပွားအတွက် တကယ်နှစ်မြှုပ်လုပ်ကိုင်မည်ဟု ဆုံးဖြတ်သူ လူငယ် ပေါင်း ၃၀၀၀ မျှ ထွက်ပေါ်လာခဲ့သည်။

ထိုလူငယ်များကား ဖိလစ်ပိုင်ကျေးလက်ပြုပြင်ရေး လှုပ်ရှားမှု အတွက် ပထမဆုံးထွက်ပေါ်လာသည့် သူရဲကောင်းများ ဖြစ်ကြသည်။ ထိုသူရဲကောင်း ၃၀၀၀ မျှနှင့် စတင်ခဲ့သည့် ဖိလစ်ပိုင်ကျေးလက်ပြုပြင် ရေးလှုပ်ရှားမှုသည် အရှိန်အဟုန် ပြင်းစွာ တိုးတက်လာခဲ့ရာ နှစ် အနည်းငယ်အတွင်းမှာပင် ဖိလစ်ပိုင်ကျွန်းစုရှိ ပြည်နယ် ၁၇ နယ် လုံးသို့ ပျံ့နှံ့သွားတော့သည်။

ဂျင်မီယင်း ဦးဆောင်သည့် ကျေးလက် ပြုပြင်ရေး လှုပ်ရှားမှု ကြောင့် ဖိလစ်ပိုင်ကျေးလက်များတွင် သိသာထင်ရှားသော တိုးတက် မှုများ ဖြစ်ပေါ်ခဲ့သည်။ ကျေးလက်ရှိ စာမတတ်သူ လူကြီးများ စာတတ်လာကြသည်။ ကလေးသူငယ်များအတွက်လည်း စာတတ်ရန်

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အလမ်းများ ပို၍တိုးပွားလာခဲ့သည်။ ကျေးလက်၏ ကျန်းမာရေး အဆင့်အတန်းသည် လည်းကောင်း၊ ကျေးလက်သားတို့၏ ဝင်ငွေသည်လည်းကောင်း တိုးမြင့်လာခဲ့သည်။ ထို့ပြင် ရပ်ရွာစီမံအုပ်ချုပ်ရေး လုပ်ငန်းများတွင်ပါ ပို၍စနစ်ကျခြင်း၊ တရားမျှတခြင်းများ ရှိလာသည်။ ကျေးလက် လူထုသည် အုပ်ချုပ်ရေး၏ သဘော၊ တရားဥပဒေ၏ သဘောတို့ကို ပို၍ သိမြင်လာပြီး ရပ်ရေးရွာမှုကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန် ထက်သန် လာကြသည်။

ကျေးလက် ပြုပြင်ရေး လုပ်ငန်းများသည် သိသိသာသာ အောင်မြင်မှုရခဲ့သည်ဟု ဆိုနိုင်သော်လည်း အားနည်းချက်များကား ရှိနေပေသေးသည်။ ၎င်းအနက် အရေးကြီးသော အားနည်းချက် တစ်ခုကား ကျေးရွာအတော်များများသည် ပြင်ပမှလာရောက်သည့် ပြုပြင်ရေးသမားခေါင်းဆောင်များ ရှိနေသည့် နှစ်ကာလများအတွင်း ဖွံ့ဖြိုးတိုးတက် ခဲ့သော်လည်း ၎င်းတို့ ပြန်သွားကြသည်နှင့် တစ်ပြိုင်နက် ပြန်၍ဆုတ်ယုတ် ကျဆင်းသွားကြခြင်း ဖြစ်သည်။ ထိုအနေအထားကို သုံးသပ်သည့်ခါ၌ ကျေးရွာတစ်ခု ရေရှည်ဖွံ့ဖြိုးစေလိုပါက (သို့မဟုတ်) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည် တက်တက်ကြွကြွ ဆောင်ရွက်ဖြစ်စေလိုပါက ၎င်းကျေးရွာသူကျေးရွာသားများထဲမှပင် ဦးဆောင်နိုင်မည့်သူများကို စနစ်တကျ ရွေးချယ်လေ့ကျင့်ပျိုးထောင် ပေးထားခဲ့ရန်လိုအပ်သည်ဟူသော အချက်တစ်ရပ် ပေါ်ထွက်လာသည်။

ထိုအချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဂျင်မီယင်းနှင့်အဖွဲ့သည် ၁၉၆၀ ပြည့်နှစ်များအတွင်း လုပ်ငန်းနှစ်ရပ်ကို စီစဉ်ဖော်ဆောင် ခဲ့သည်။ တစ်ရပ်မှာ ကျေးရွာများအတွင်း အဖွဲ့အသင်းများ ဖွဲ့စည်း ပေးခြင်း ဖြစ်သည်။

ကျေးလက်ဒေသတစ်ခုတွင် အဖွဲ့အသင်းသုံးမျိုးစီ ဖွဲ့စည်းပေးသည်။ လယ်ယာစိုက်ပျိုးရေး နည်းစနစ်များ ဖွံ့ဖြိုး တိုးတက်ရေး၊



ဈေးကွက်ရှာစမ်းလေ့လာရေးနှင့် ရပ်ရေးရွာမှုကိစ္စတို့တွင် ဆွေးနွေး ညှိနှိုင်းစီမံခန့်ခွဲရေးတို့အတွက် ယောကျ်ားကြီးများ ပါဝင်သောအဖွဲ့၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ အိမ်အနီး ဥယျာဉ်ပန်းမန်စိုက်ပျိုးရေး၊ တစ်နိုင်မွေးမြူရေး၊ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးတို့အတွက် အမျိုးသမီးကြီးများ ပါဝင်သောအဖွဲ့နှင့် တတိယမှာ စာပေ၊ အားကစား၊ အနုပညာနှင့် ရပ်ရွာ သာမှု နာမှု ကိစ္စများတွင် ဆော်ဩဆောင်ရွက် ကြရန်အတွက် လူငယ်များ ပါဝင်သော အဖွဲ့တို့ ဖြစ်သည်။

ထိုသို့ တိကျသည့် အဖွဲ့အစည်းပုံစံမျိုးဖြင့် လုပ်ကိုင်လာကြသည့်အခါ တဖြည်းဖြည်း ကျေးရွာများတွင် ရပ်ရွာ၏ ဖွံ့ဖြိုးရှင်သန်မှုအတွက် မရှိမဖြစ်သော လုပ်ငန်းကဏ္ဍတိုင်း၌ ဦးဆောင်မည့်သူများ ပေါ်ပေါက်လာလေသည်။

ကျေးရွာခေါင်းဆောင်များ ထွန်းပေါက်လာရေးအတွက် ဂျင်မီယင်းတို့အဖွဲ့ ဆောင်ရွက်သည့် နောက်ထပ် လုပ်ငန်းအစီအစဉ် တစ်ရပ်မှာ ပြည်သူ့ရေးရာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။ ထိုကျောင်းများကား စာတတ်မြောက်ရေး သင်တန်း ကျောင်းများ မဟုတ်တော့ဘဲ စာတတ်ပြီးသည့် ကျေးရွာသူကျေးရွာသားများထဲမှ စိတ်ထက်သန်သူ၊ အလားအလာရှိသူများကို ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ ပညာများ လေ့ကျင့်သင်ကြားပေးသော ကျောင်းများ ဖြစ်သည်။

ဂျင်မီယင်းတို့အနေဖြင့် လက်တွေ့ ကွင်းဆင်းလုပ်ကိုင်သည့် အပိုင်းတွင် နှစ်ရှည်လများအတွေ့အကြုံရှိလာပြီး အခက်အခဲအမျိုးမျိုးကို ကျော်လွှားကာ အောင်မြင်မှုများလည်း ရရှိခဲ့ပြီ၊ ထို့ပြင် မိမိတို့၏ ထိုအောင်မြင်မှုများအကြောင်း ကမ္ဘာက သိကာ လေးစား အားကျမှု လည်း ရှိနေပြီ ဆိုသည့်အခါ ထိုအတွေ့အကြုံများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများကို ဖြန့်ဖြူးပေးရန် စီစဉ် လာရသည်။ သို့နှင့်ပင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၆၀ ပြည့်နှစ်တွင် 'ယင်း'သည် အပြည်ပြည်ဆိုင်ရာ ကျေးလက်ပြုပြင်တည်ဆောက်ရေးသိပ္ပံကို စတင်တည်ထောင်ရန် ကြိုးပမ်းသည်။ ထိုသို့စတင်ပြီး ၇ နှစ်မျှကြာသည့်အချိန်၌ ဖိလစ်ပိုင်မြို့တော် မနီလာနှင့် ၂၅ မိုင်မျှအကွာရှိ စီလန်းဒေသတွင် ၁၂၅ ဧကမျှ ကျယ်ဝန်းသော ကျောင်းခြံဝင်းတစ်ခုနှင့် ပထမတန်းစားတက္ကသိုလ်ကောလိပ်များ၏ အဆောက်အအုံနှင့် ပစ္စည်းကိရိယာ တန်ဆာပလာများ အပြည့်အစုံပါဝင်သော 'သိပ္ပံ'ကို ဖွင့်လှစ်ဖြစ်လေသည်။

ထိုအချိန်မှစ၍ 'သိပ္ပံ'သည် တတိယကမ္ဘာနိုင်ငံများမှ စေလွှတ်သည့် မြေယာကျေးလက် တိုးတက် ဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ထမ်းများနှင့် စိတ်ပါဝင်စားသူများကို သင်တန်းများ စ၍ ပေးခဲ့သည်။ သင်တန်းသားများသည် ဝီလန်းသိပ္ပံတည်ရာ ကေဗိုက်ပြည်နယ်အတွင်းရှိ ကျေးလက်ပြည်သူတို့၏ ကိုယ်ထူကိုယ်ထ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ကာ သဘောတရားရော လက်တွေ့ပါ တစ်ပါတည်း လေ့လာဆည်းပူးကြရသည်။

ထို့နောက် နှစ်ပေါင်း ၂၀ မျှသော ကာလအတွင်း ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများမှ လေ့လာသူသင်တန်းသား အများအပြားတို့သည် စီလန်းရှိ အပြည်ပြည်ဆိုင်ရာ ကျေးလက်ပြုပြင်တည်ဆောက်ရေးသိပ္ပံမှ သင်တန်းဆင်းသွားခဲ့ကြပြီး မိမိတို့ သင်ကြားခဲ့သော ပညာကို မိမိတို့တိုင်းပြည်အသီးသီး၏ ကျေးလက်တောရွာများတွင် မိမိတို့လူမျိုး၊ ရေမြေဒေသ၊ ယဉ်ကျေးမှု၊ အလေ့အထများနှင့်လျော်ညီစွာ ပြုပြင်ပေါင်းစပ်ကာ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြပေသည်။

ယခုအခါ၌ ဖိလစ်ပိုင်၊ ဂွာတေမာလာ၊ ကိုလံဘီယာ၊ ဂါနာ၊ ကင်ညာ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါလ်၊ ထိုင်း၊ အင်ဒိုနီးရှား စသည့် နိုင်ငံများတွင် အပြည်ပြည်ဆိုင်ရာ သိပ္ပံ၏ နည်းစနစ်အခြေခံများဖြင့် ကျေးလက်ပြုပြင်တည်ဆောက်ရေးလုပ်ငန်း



များ လုပ်ဆောင်နေသူ ဝန်ထမ်းနှင့် စေတနာရှင် လုပ်သားပေါင်း ထောင်သောင်းချီ၍ ရှိနေပေပြီ။

၎င်းပုဂ္ဂိုလ်တို့၏ လက်တွေ့ စမ်းသပ် လုပ်ဆောင်ချက်များအရ ကျေးလက် လူထုတို့သည် တစ်ဖက်၌ ပြင်ပ ပုဂ္ဂိုလ်တို့၏ ကျွမ်းကျင်မှုနှင့် ကိုယ်ချင်းစာနာစွာ ဖေးမကူညီမှုတို့ကို ခံယူလျက် တစ်ဖက်ကလည်း မိမိတို့ ဘဝနှင့် မိမိတို့ ရပ်ရွာ၏ တိုးတက် ဖွံ့ဖြိုးရေးကို မိမိတို့ပင် လုပ်ကိုင် ရလိမ့်မည်ဟူသော ကိုယ်ထူ ကိုယ်ထ စိတ်ဓာတ်ဖြင့် ကျားကုတ်ကျားခဲလုပ်ကြမည်ဆိုက ကျေးလက်တစ်ခုသည် တကယ်ပင် ဘက်စုံ ဖွံ့ဖြိုးလာရမည် ဟူသော အယူအဆ သို့မဟုတ် ယုံကြည်ချက်တစ်ခု အထင်အရှား ထွက်ပေါ်လာခဲ့သည်။

ထို့ပြင် ကျေးလက်ပြုပြင်ရေး လိုလားသူများအတွက် အတုယူစရာ၊ အားတက်စရာ စံပြအောင်မြင်မှု ကြီးငယ်များလည်း နိုင်ငံတကာတို့၌ မြင်တွေ့လာရသည်။

ဥပမာ အိန္ဒိယပြည် အန်ဒရာပရာဒက်ရှ်ပြည်နယ်ရှိ ကန်ဂွန်ဒီ အမည်ရှိ ကျေးရွာတွင် လယ်သမားတို့သည် လယ်ယာအလုပ် အားလပ်သည့်အချိန်များတွင် သစ်သားရုပ်ကလေးများ၊ မီးဖိုချောင်သုံး ပစ္စည်းကိရိယာများ ပြုလုပ်ရောင်းချခြင်းဖြင့် စားဝတ်နေမှုပြဿနာကို ကြိုးစား ဖြေရှင်းကြရသည်။

ထိုပစ္စည်းကလေးများပြုလုပ်ရာ၌ သူတို့အသုံးပြုသော သစ်သားမှာ အဂရိမန်ဒူးဟုခေါ်သည့် သစ်ပင်တစ်မျိုး၏ အသား ဖြစ်၏။ ၎င်းသစ်သားမှာ မမာကျောလှသဖြင့် ပုံသွင်းရ လွယ်ကူ၏။ သို့သော် ၎င်းလက်မှုပညာ ကျေးရွာသားများမှာ အခက်အခဲ အတားအဆီး နှစ်ခု ရှိ၏။

တစ်ခုမှာ အစိုးရသစ်တောဌာနက သစ်တောမပြုန်းတီးရေး ဟာကွယ်သည့် အစီအစဉ်အရ ၎င်းတို့အား သစ်ပင်ခုတ်လှဲခွင့် မတိုင်း

www.burmeseclassic.com



အတာ ပမာဏများ ကန့်သတ်ထားခြင်း ဖြစ်၍ နောက်တစ်ခုမှာမူ ၎င်းတို့ထံမှ ပစ္စည်းများကို ဝယ်ယူပြီး တစ်ဆင့် ပြန်လည် ရောင်းချကြသူ ကြားလူများက ဈေးနှိမ်ထားခြင်း ဖြစ်၏။

အိန္ဒိယရှိ ကျေးလက်ပြုပြင်ရေးဆိုင်ရာပုဂ္ဂိုလ်များသည် ၎င်းကျေးရွာသားများအား သမဝါယမစနစ်ပုံစံမျိုးဖြင့် စုပေါင်းလုပ်ဆောင်စေကာ ဈေးကွက်၌ ရွာသားကိုယ်စားလှယ်များကိုယ်တိုင် လက်ကားဖြန့်ဖြူးရောင်းချစေခြင်းဖြင့် မိမိတို့ပစ္စည်းများအတွက် ဈေးပိုမို ရရှိအောင် ဆောင်ရွက်စေ၏။ စုစည်း ဆောင်ရွက်လိုသည့်စိတ်ဓာတ်ရှိလာသည့်အခါ၌ မိသားစုတစ်စုချင်းအား မိမိလုပ်နိုင်သမျှ အရုပ်ဘယ်နှစ်ရုပ်၊ ဖွန်းဘယ်နှစ်ချောင်းဟူ၍ လုပ်မနေစေတော့ဘဲ အကြမ်းထည် လုပ်သူကလုပ်၊ အချောကိုင်သူကကိုင်၊ ဆေးခြယ်သူကခြယ် စသည်ဖြင့် စက်ရုံလုပ်ငန်းတစ်ခုသဖွယ် အဆင့်ဆင့် လုပ်ကိုင်စေခြင်းဖြင့် လုပ်ငန်းအဆင့်အသီးသီး၌ ပို၍ကျွမ်းကျင်လျင်မြန်လာကြကာ အကျိုးကျေးဇူးလည်း ပိုမို ခံစားလာရကြောင်း လက်တွေ့သဘောပေါက်နားလည်စေခဲ့သည်။

စုပေါင်း လုပ်ကိုင်ခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစားလာရသည့်အခါ ရေရှည်တွင် ခံစားရမည့် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းကိုပါ စည်းရုံး လုပ်ဆောင်နိုင်လာခဲ့၏။ သစ်တောဌာနက ခွင့်ပြုသည့် သစ်ပင်ခွဲတမ်းကိုချည်း မှီခိုသွားမည့်အစား သစ်သားကုန်ကြမ်းအတွက် ရာသက်ပန် စိတ်အေးသွားရစေရန် အဂရီမန်ဒူးသစ်ပင်စိုက်ခင်းတစ်ခုကို ရွာသားများ စုပေါင်းပျိုးထောင်ကြလေသည်။

စင်စစ် အဂရီမန်ဒူးပင်များမှာ ကြီးထွားနှုန်းမြန်ဆန်လှသည်ဖြစ်ရာ နှစ်အနည်းငယ်အတွင်းမှာပင် ကန်ဒွန်ဒီကျေးရွာသားများသည် မိမိတို့လုပ်ငန်းတစ်ခုလုံးကို မိမိတို့ အစမှအဆုံးတိုင် ချုပ်ကိုင်ထား



နိုင်သည့် အဆင့်သို့ ရောက်ရှိသွားပြီး မိသားစုတို့၏ ဝင်ငွေများမှာလည်း သိသိသာသာပင် တိုးတက် လာခဲ့ပေသည်။

ဂါနာနိုင်ငံ၊ မမ်ပေါင်ချိုင့်ဝှမ်းဒေသတွင် ကျေးလက်ပြုပြင်ရေးသမားများသည် ပယောဂဆရာ ၂၀၀ ခန့် တွေ့ရှိခဲ့ကြသည်။ ၎င်းဆေးဆရာများမှာ ဒေသခံလူထုတို့ အစဉ်အဆက် လက်ခံယုံကြည်လာခဲ့ကြသူများဖြစ်သကဲ့သို့ ၎င်းတို့၏ ဆေးဝါးများမှာလည်း အစွမ်းထက်တန်သရွေ့ထက်ကြောင်း သတိပြုမိကြသည်။

၎င်းတို့သည် ဂါထာမန္တန်များ မန်းမှုတ်ခြင်း၊ ပယောဂဆိုင်ရာအစီအမံများ ပြုလုပ်ခြင်းတို့အပြင် ဆေးရွက်ဆေးမြစ်များကိုလည်း အသုံးပြုကြရာ ၎င်းတို့သုံးစွဲသော ရိုးရာဆေးများသည် ကျေးလက်တွင်ဖြစ်ပွားသည့် ရောဂါမျိုးစုံတို့အနက် ၄ ပုံ ၃ ပုံမျှကို ပျောက်ကင်းစေနိုင်သည်ဟု အကြမ်းဖျင်း ခန့်မှန်းမိကြသည်။

ထိုအချက်များကို ရှုမြင်သုံးသပ်လျက် ကျေးလက်ပြုပြင်ရေးသမားများသည် ပယောဂဆရာတို့အား တိုင်းရင်းဆေးပညာရှင်များအဖြစ်သို့ ပြောင်းလဲပေးရန် စီစဉ်ကြသည်။

ရှေးဦးစွာ ၎င်းဆရာများကို စည်းရုံးသိမ်းသွင်းကာ ၎င်းတို့အား တိုင်းရင်းဆေးပညာများ တတ်နိုင်သမျှ စနစ်တကျတတ်မြောက်အောင် သင်ကြားပေးသည်။ ထို့ပြင် ၎င်းတို့အား လျှို့လျှို့ဝှက်ဝှက်အလုပ်လုပ်သူများအဖြစ်မှ ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား လုပ်ကိုင်လာသူများ ဖြစ်လာအောင် ပြောင်းလဲပေးနိုင်ခဲ့ရာ နောင်တွင် မမ်ပေါင်ချိုင့်ဝှမ်းဒေသ၌ ပယောဂစနစ် မှေးမှိန်လာကာ ပယောဂဆရာများသည်လည်း တိုင်းရင်းဆေး သမားတော်များ၊ တိရစ္ဆာန်ဆေးကုဆရာများ အဖြစ်သို့ ပြောင်းလဲလာခဲ့ပေသည်။

ဂွာတေမာလာနိုင်ငံ၊ ဆန်ယူယိုဒေသတွင် တောင်ပေါ်ရွာတစ်ရွာရှိသည်။ မိသားစု ၄၅၃ စု နေထိုင်ကြသည့် အတော်အတန်ကြီးသော

www.burmeseclassic.com

www.burmeseclassic.com



ရွာတစ်ရွာဖြစ်သော်လည်း ၎င်းရွာ၌ ရေမရှိ၊ ရွာသူရွာသားများသည် သောက်သုံးရန်အတွက် ရေကို ရွာနှင့် နှစ်မိုင်ခန့်ဝေးသည့် အယ်လ် မီရာဒေါ်မြစ်၌ သွား၍ခပ်ရသည်။ ထို့ပြင် တစ်ရွာတည်းနေသူအချင်း ချင်း တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချမှု နည်းပါးကြပြီး ယောကျ်ား ကြီးငယ်များမှာလည်း ခိုက်ရန်ဒေါသဖြစ်ပွားလွယ်ကြသူများဖြစ်ရာ သွားလေရာတွင် ဓားရှည်တကားကားနှင့် သွားလာတတ်ကြ၏။

မသင့်မတင့်သူတို့ စုဝေးနေထိုင်ကြသည့်ရပ်ရွာတစ်ခု မဖွံ့ဖြိုး မတိုးတက်နိုင်ခြင်းမှာလည်း သဘာဝပင် ဖြစ်၏။

ထိုတောင်ပေါ်ရွာသို့ ရောက်ရှိလာသော ကျေးလက်ပြုပြင်ရေး အဖွဲ့သည် ထိုရွာ၏စိတ်ဓာတ်ရောဂါကို ချက်ချင်းသိမြင်ကာ ၎င်းကို ပြုပြင်ကုစားပေးနိုင်ရန် အဓိက အာရုံပြုဆောင်ရွက်ခဲ့၏။ ပြုပြင်ရေး အဖွဲ့သည် ရွာ၌ ရွာသူရွာသားအားလုံး ဝင်ထွက်သွားလာနိုင်သည့် ပင်မစခန်းတစ်ခု ဖွင့်လှစ်လိုက်၏။ ထိုစခန်း၌

'ပြင်ပပုဂ္ဂိုလ်များသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ကူညီရုံ ကူညီနိုင်ကြ၏။ တကယ်တမ်း လုပ်ဆောင်ရမည့်သူများမှာ ရွာသား များကိုယ်တိုင်သာ ဖြစ်သည်'

ဟူသော ဆိုင်းဘုတ်ကြီးတစ်ခု ရေးထား၏။

ထို့နောက်တွင် ကျေးရွာသားများအား ၎င်းတို့ တစ်ရွာလုံး နေ့စဉ်နှင့်အမျှ ဒုက္ခခံနေရသည့် ရေကိစ္စကို ဦးဆောင်ဖြေရှင်းရန်အတွက် ရေရရှိရေးကော်မတီတစ်ရပ် ဖွဲ့စည်းရန် တိုက်တွန်းပြီး ကော်မတီ ဖွဲ့စည်းဖြစ်သည့်အခါ ရေကိစ္စဆောင်ရွက်ရာတွင် တစ်ရွာလုံးပူးပေါင်း ပါဝင်လာကြစေရန် ၎င်းကော်မတီက ဦးဆောင်၍ စည်းရုံးဆော်ဩ ခြင်းပြုစေသည်။ တဖြည်းဖြည်း စိတ်အားထက်သန်လာကြသည့် ရွာသူရွာသားများသည် မြစ်မှ ရွာအထိ ပိုက်လိုင်းသွယ်နိုင်ရေးအတွက် ရန်ပုံငွေ စုဆောင်းကြ၏။ ထို့နောက် ပိုက်ချရန်လမ်းကြောင်းတစ်



လျှောက်မြေကို ရွာသူရွာသားများကိုယ်တိုင် တူးကြသည်။ ရေပိုက်လိုင်း မှာ တောင်စောင်းနှစ်ခုနှင့် တောင်ကြားချိုင့်ဝှမ်း လွင်ပြင်တစ်ခုကို ဖြတ်သန်းရသည်။ ၁၉၈၅ ခုနှစ်တွင် ဆန်ယူယိုတောင်ပေါ်ရွာသို့ ရေပိုက်သွယ်သောလုပ်ငန်း ပြီးစီးခဲ့သည်။

ထိုလုပ်ငန်းကြီးသည် တောင်ပေါ် ရွာသူရွာသားတို့အတွက် ရေကိုသာပေးခဲ့သည် မဟုတ်၊ ရေနှင့်အလားတူ အဖိုးမဖြတ်နိုင်သည့် အရာတစ်ခုကိုလည်း ပေးခဲ့သည်။ ယင်းကား စည်းလုံးညီညွတ်မှု ဖြစ်သည်။ စုပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကို သူတို့ မြင်ခဲ့သည်။ အချင်းချင်းရိုင်းပင်းကူညီလိုစိတ်၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည် စွာ ဆက်ဆံလိုစိတ်များ ကိန်းအောင်းရှင်သန်လာခဲ့သည်။

'ရေရရှိရေးလုပ်ငန်းကြီး ပြီးသွားတဲ့နောက်မှာ ကျွန်တော်တို့ ရွာသားတွေ ဓား မဆောင်ကြတော့ဘူးဗျ'

ဟု ကျေးရွာမှ ကော်မတီလူကြီးတစ်ဦးက ဝမ်းသာအားရ ပြောဆိုခဲ့ပေသည်။

## ပရဟိတသမားအတွက် ကျေးလက်လူထု၏ မေတ္တာ

အများ၏အရေးကိစ္စနှင့် ပတ်သက်လာလျှင် တင်းတိမ်နိုင်ခြင်းမရှိ သလောက် မိမိကိုယ်ရေးကိုယ်တာအတွက်မူ ရောင့်ရဲလွယ်ခဲ့သော ဂျင်မီယင်းကား အလွန်ကျန်းမာ၍ အသက်ရှည်သူတစ်ဦးဖြစ်လေသည်။

သူ့လောက် သက်တမ်းမရှည်နိုင်ရှာသော ဇနီးသည်မှာ ၁၉၈၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့၏။ တရုတ်ပြည်မကြီးတွင် နေထိုင်လျက် ရှိသည့် သားသုံးယောက်အနက် အတော်ဆုံးတစ်ယောက်မှာလည်း လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်ကပင် သေဆုံးခဲ့၏။

၁၉၈၅ ခုနှစ်တွင်မူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက နိုင်ငံရပ်ခြားတွင် နှစ်ရှည်လများကြာနေခဲ့ပြီဖြစ်သော ဂျင်မီယင်အား

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ် ဇာတိနိုင်ငံသို့ အလည်လာရောက်ပါရန် ဖိတ်ကြားရာ သူက ဝမ်းမြောက်စွာပင် လက်ခံခဲ့၏။

ဘီကျင်းလေဆိပ်သို့ ဆိုက်ရောက်၍ ဇာတိ တရုတ်မြေသို့ ခြေချမိသည့်အခါ ကွယ်လွန်သွားသောသား၏ ဇနီး၊ ကျန်းကျန်းမာမာ ရှိနေသော သားနှစ်ယောက်အပြင် တရုတ်ပြည် အနှံ့အပြားတွင် နေထိုင်ကြသည့် တူ၊ တူမများပါ လာရောက်ကြိုဆိုနေကြောင်းပါ တွေ့ရပြီး အဘိုးအို ဂျင်မီယင်းမှာ ဝမ်းနည်းဝမ်းသာဖြင့် မျက်ရည်များပင် ကျရှာလေသည်။

ထိုအချိန်၌ ဂျင်မီယင်း၏အသက်မှာ ၉၂ နှစ်မျှရှိပြီ ဖြစ်၏။ သူ့ကို သူရဲကောင်းတစ်ဦးအား ဂုဏ်ပြုကြိုဆိုမှုမျိုးဖြင့် ကြိုဆိုကြ၏။

သူ့အား ဟီဗေပြည်နယ်အုပ်ချုပ်ရေးမှူးက အလေးပြုကြိုဆိုပြီး သူ့အတွက် အထူးဂုဏ်ပြုညစာစားပွဲတစ်ရပ် တည်ခင်းကျွေးပ၏။ ထို့နောက်တွင် သူ၏ စံပြကျေးလက်ပြုပြင်ရေးလုပ်ငန်းကြီး စတင်ရာ ဒင်ဇီယန်သို့ သူ့အား ခေါ်ဆောင်ခဲ့ကြသည်။ ဒင်ဇီယန်တွင် သူနေထိုင်ခဲ့သည့် အိမ်ကလေးကို ပြုပြင်မွမ်းမံကာ ဂျင်မီယင်းအထိမ်းအမှတ် ပြတိုက်အဖြစ် ဂုဏ်ပြုဖွင့်လှစ်ထားသည်ကို သူ တအံ့တသြ တွေ့ရှိရသည်။ အိမ်ထဲတွင် သူ့ဓာတ်ပုံများ၊ လုပ်ဖော်ကိုင်ဖက်များ၏ ဓာတ်ပုံများ၊ သူတို့အဖွဲ့ ကနဦးအသုံးပြုခဲ့သည့် စကားလုံးတစ်ထောင် ဖတ်စာအုပ် မူရင်းကော်ပီများ စသည်ဖြင့် သူနှင့်အဖွဲ့သားတို့၏ လုပ်ရပ်များကို အမှတ်တရ ပြသထားလေသည်။

ဒင်ဇီယန်တွင် သုံးရက်မျှနေထိုင်ကာ သူ ယခင်က ကျင်လည်ခဲ့ဖူးသည့် နေရာဟောင်းများကို စေ့စုံအောင် လည်ပတ်ကြည့်ရှုသည်။ လီကင်ဂူးအမည်ရှိ ကျေးရွာတွင် အကြီးအကဲဖြစ်နေသည့် လယ်သမားကြီးက သူ့အား ရိုသေစွာ ခရီးဦးကြိုပြုပြီးနောက် မိမိသည် ကလေးဘဝက 'ယင်း'၏ စာသင်တန်းကို တက်ဖူးသည့် တပည့်ရင်းတစ်ဦး



ဖြစ်ကြောင်းနှင့် 'ယင်း'တို့ အဖွဲ့၏ စွမ်းဆောင်ချက်များကြောင့် မိမိတို့ကျေးရွာသားတို့၏ဘဝမှာ များစွာတိုးတက်ခဲ့ရကြောင်း ကျေးဇူးတင်စကား ဆိုလေသည်။

ဂျင်မီယင်းတို့ အဖွဲ့၏ လုပ်ဆောင်ချက်များသည် ဒင်ဇီယန်ဒေသအား တိုးတက်ဖွံ့ဖြိုးစေခဲ့ရုံသာမက ကျေးလက်ပြုပြင်တည်ဆောက်ရေးတွင် နိုင်ငံတကာက အတုယူရသည့် စံနမူနာပြဒေသ တစ်ခုအဖြစ် ကမ္ဘာတွင် ဝင့်ကြွားဂုဏ်ယူခွင့်လည်း ရရှိစေခဲ့သည်။ ယခုဆိုလျှင် ဒင်ဇီယန်ကို လေ့လာအတုယူကာ မိမိတို့တိုင်းပြည်ဒေသတွင် အလားတူ ဆောင်ရွက်ခဲ့ကြသည့် တတိယကမ္ဘာနိုင်ငံပေါင်းမှာ ၄၄ နိုင်ငံမျှ ရှိသွားခဲ့ပြီ ဖြစ်သည်။

ဒင်ဇီယန်မှ သူ ပြန်လည်ထွက်ခွာတော့မည့်အချိန်တွင် မိုးတွေ ဖြိုင်ဖြိုင်ရွာလျက်ရှိသည်။ သို့သော် မိုးရေများကြားမှပင် လမ်းပေါ်၌ သူ့ကို နှုတ်ဆက်မည့်သူများ အပြည့်အကျပ် ရောက်ရှိ နေကြသည်။ သူက ခြံတံခါးဝတွင် ရပ်ကာ သူ ယခုကဲ့သို့ ဒင်ဇီယန်သို့ တစ်ကြိမ် ပြန်ရောက်ခွင့်ရသည့်အတွက် မည်မျှ ဝမ်းသာကြည်နူးမိရကြောင်းများကို ခံစားချက် အပြည့်နှင့် လှိုက်လှိုက်လှဲလှဲ ပြောဆိုနှုတ်ဆက်သည်။ ထို့နောက် ထွက်ခွာရန်အတွက် မိနီဘတ်စ်ကားလေးပေါ်သို့ သူ တက်သည့်အခါ အဘွားအိုတစ်ယောက် မိုးရေထဲ ထွက်လာပြီး ဂျင်မီယင်းဖွင့်ဟပေးသည့် မှန်တံခါးပေါက်မှနေ၍ နှုတ်ဆက်စကား ဆိုသည်။

'ကျွန်မ ရှင့်ကို ဘယ်တော့မှ မမေ့နိုင်ပါဘူး'

ထိုခိုက် လှိုက်လှဲသည့် အဘွားအို၏ တိုးတိုး ဆိုစကားမှာ ဂျင်မီယင်းအပေါ် ထားရှိသည့် ဒင်ဇီယန်ကျေးလက်လူထု၏ မေတ္တာကို ထင်ဟပ်လျက် ရှိပေသည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



ဂျင်မီယင်းကား နှစ်ပေါင်း ၆၀ ကျော်မျှသောကာလပတ်လုံး အသိပညာရောဓနဥစ္စာပါ ဆင်းရဲချို့တဲ့သည့် ကမ္ဘာ့လူသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးတည်းဟူသော စေတနာ့ဝန်ထမ်း လုပ်ငန်းကြီးတစ်ခုတည်းကိုသာ နှစ်မြှုပ်လုပ်ကိုင်ခဲ့သူ ဖြစ်သည်။

သူသည် ဘာသာလူမျိုး မခွဲခြား ကမ္ဘာ့မိုးကောင်းကင်ကြီးအောက်ရှိ လူသားမှန်သမျှ တစ်မိသားစုတည်းသာ ဖြစ်သည်ဟုသဘောထားကာ မည်သည့်လူမှုဓလေ့ထုံးစံမျိုး၊ မည်သည့်နိုင်ငံရေးစနစ်မျိုး ရှိသည့် တိုင်းပြည်ဖြစ်ပါစေ ကျေးလက်လူထုဘဝ တိုးတက်မြှင့်တင်ရေးလုပ်ငန်းကို စိတ်ဝင်စားသည်သာ မှန်ပါက မိမိအတွေ့အကြုံမှန်သမျှ မိမိအသိပညာ နည်းနာမှန်သမျှကို စေတနာစိတ်ဓာတ်အပြည့်အဝဖြင့် ပေးအပ် ကူညီခဲ့ဧမြ ဖြစ်သည်။

သူ့စေတနာလုပ်ငန်းကြီးတွင် အခက်အခဲ အတားအဆီးတွေများစွာ ရှိခဲ့သည်။ ထို့ပြင် ယနေ့တိုင်လည်း မည်သည့် တတိယကမ္ဘာတိုင်းပြည်တွင်မျှ ကျေးလက်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းကြီးတစ်ပြည်လုံး အတိုင်းအတာအားဖြင့် စိတ်ကျေနပ်ဖွယ် အောင်မြင်ခဲ့ပြီဟူ၍ ကြေညာ ပြောဆိုနိုင်ခြင်း မရှိသေးပေ။

မည်သို့ပင်ဆိုစေ ဂျင်မီယင်း၏ စေတနာ စိတ်ဓာတ်သည်လည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျေးလက်ပြည်သူတို့ကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုနိုင်အောင် ပျိုးထောင်လေ့ကျင့်ပေးမှသာ ရေရှည်တည်တံ့ အောင်မြင်နိုင်မည်ဟူသော ဂျင်မီယင်း၏ လက်တွေ့ကျသည့် အယူအဆသည်လည်းကောင်း ပျံ့နှံ့တွင်ကျယ်ခဲ့ပြီဖြစ်ရာ ကမ္ဘာ့ကျေးလက်ပြည်သူများအတွက် အလားအလာကောင်း အခြေခံကောင်းများ အပြည့်အဝ ရရှိနေခဲ့ပြီဟူ၍ကား ဆိုနိုင်မည်ဖြစ်ပေသည်။

●

# ဖလော်ရင့်စ်နိုက်တင်ဂေးလ်

## (FLORENCE NIGHTINGALE)

## (၁၈၂၀–၁၉၁၀)

၁၈၅၀ ခုနှစ်တွင် တော်လှန်ပုန်ကန်မှုတစ်ရပ် ဖြစ်ပွားခဲ့၏။ သို့သော် ယင်းတော်လှန်မှုသည် သမိုင်း စာအုပ်များထဲတွင် မပါဝင်ခဲ့ချေ။ အကြောင်းမှု လူအမြောက်အမြား ပါဝင်သည့် သွေးထွက် သံယိုတော်လှန်မှုမျိုးမဟုတ်ဘဲ အိမ်ဂေဟာ ဧည့်ခန်းဆောင်မှ အမျိုးသမီးငယ်တစ်ယောက်၏ အထီးတည်းသော တော်လှန်ပုန်ကန်မှု ဖြစ်သောကြောင့်ပင်တည်း။

အမျိုးသမီးငယ်သည် ချမ်းသာသော ဆွေကြီးမျိုးကြီးထဲမှ ပေါက်ဖွားလာသူဖြစ်သည်။ သူမ၏ဘဝမှာ မတောင့်မတ မကြောင့်ကြ လိုရာရသောဘဝဟု ဆိုနိုင်၏။ ပညာအရာ၌လည်း သူ့ခေတ်က ပညာတတ်အမျိုးသမီးများလောကတွင် ထိပ်တန်းအဆင့်၌ ရှိသည် ဆိုရလောက်အောင် တတ်၏။ သူသည် မိဘဆွေမျိုး၏ ချစ်ခင်ကြင်နာမှုကိုလည်း ပြည့်ပြည့်ဝဝ ရရှိသူ ဖြစ်၏။ သူ့မှာ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂဟလည်း ပေါများ၏။ အပျင်းပြေအလည်အပတ် သွားလာမည်ဆိုလျှင်လည်း မိမိ တိုင်းပြည်ထဲတွင်သာမက အနီးအဝေးရှိ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ပါ အလည်အပတ် သွားနိုင်၏။ သွားလည်းသွားဖူး၏။

သို့သော် ထိုပြည့်စုံသောဘဝကို သူ ကျေနပ်အားရနိုင်ခြင်းမရှိပေ။ မိမိမှာရှိသမျှတို့သည် အချည်းနှီး အဓိပ္ပာယ်မဲ့သော အဆောင်အယောင် ပကာသနများသာ ဖြစ်သည်။ ထိုအရာများကြားမှာ ပျော်မွေ့နေသမျှကာလပတ်လုံး မိမိဘဝသည် အဓိပ္ပာယ်အနှစ်သာရ ကင်းမဲ့နေလိမ့်မည်၊ လူသားအများတို့အား အကျိုးကျေးဇူးပြုသည့်လုပ်ငန်း တစ်စုံတစ်ရာ ပြုလုပ်ဆောင်ရွက်နိုင်မှသာလျှင် မိမိဘဝသည် တန်ဖိုးရှိသောဘဝ၊ အဓိပ္ပာယ်စစ်မှန်ပြည့်ဝသောဘဝ ဖြစ်မည်ဟူ၍ သူမ၏စိတ်တွင် စွဲစွဲမြဲမြဲကြီး ဖြစ်ပေါ်လျက် ရှိလေသည်။

အစပထမပိုင်းတွင် အမျိုးသမီးငယ်သည် မိမိပတ်ဝန်းကျင်လူမှုအသိုက်အဝန်း၏ အတွေးအမြင် အယူအဆများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် မိမိ၏ ယုံကြည်ချက်များကို မျိုသိပ်ဖုံးဖိ၍ထားခဲ့၏။ သို့သော် အသက်သုံးဆယ်ပြည့်မြောက်၍ သုံးဆယ့်တစ်နှစ်အတွင်း ဝင်ရောက်ခဲ့သည့်အချိန်၌မူ ဆက်လက်မျိုသိပ်မနေနိုင်တော့ဘဲ ပွင့်အန်ပေါက်ကွဲထွက်ခဲ့၏။ ထိုမှနေ၍ နောက်ငါးနှစ်မျှ ကြာသော အခါ၌မူ မိမိယုံကြည်သည့်အရာအတွက် ဘဝကို နှစ်မြှုပ် လုပ်ကိုင်ခဲ့သော ထိုအမျိုးသမီးငယ်သည် ကမ္ဘာတွင် ကျော်ကြားထင်ရှားသည့် လူသားအကျိုးဆောင် စေတနာရှင် အမျိုးသမီးထူး တစ်ဦး ဖြစ်လာခဲ့ပေသည်။

ထိုအမျိုးသမီးငယ်ကား မီးအိမ်ရှင်မ နိုင်တင်ဂေးလ်ဟု လေးစားမြတ်နိုးစွာ ခေါ်ဝေါ်လေ့ ရှိကြသည့် ဖလော်ရင့်စ်နိုက်တင်ဂေးလ် (Florence Nightingale) ဖြစ်သည်။

\+ \+ \+



ရောဂါဝေဒနာ ခံစားနေရသူတို့အား ဝေဒနာ လျော့ပါး သက်သာအောင် ပြုစုစောင့်ရှောက်ပေးရာ၌ ဖလော်ရင့်စ် နိုက်တင်ဂေးလ်လောက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူ မရှိခဲ့ပေ။ နိုက်တင်ဂေးလ်သည် ဝေဒနာ ခံစားနေရသူများအပေါ် သနားကြင်နာစိတ်ဖြင့် ဝင်ရောက်ကူညီသူသက်သက်မဟုတ်။ သူနာပြုစုခြင်းလုပ်ငန်းအား အတတ်ပညာအားဖြင့် စည်းစနစ်ကျနစ်၍ ဂုဏ်သိက္ခာ အဆင့်အတန်းအရလည်း မြင့်မားသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လာအောင် မြှင့်တင် ပေးခဲ့သည့် ထူးချွန်ထက်မြက်သော စီမံခန့်ခွဲရေး သမားကောင်း တစ်ဦးလည်း ဖြစ်ပေသည်။

မိမိကိုယ်ကို အပ်နှံထားခဲ့သည့် ကြီးလေးသောလုပ်ငန်းတာဝန်ကြီးကို ဖလော်ရင့်စ်နိုက်တင်ဂေးလ် မထမ်းဆောင် သေးမီက သူ ဝင်ရောက်လုပ်ကိုင်မည့် ဆေးရုံများနှင့် ၎င်းတွင်လုပ်ကိုင်သည့် သူနာပြုစုသမားတို့၏ အနေအထားမှာ လွန်စွာဆိုးရွားလှ၏။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ရပ် အနေနှင့် ပြောရလျှင် သူနာပြုလုပ်ငန်းမှာ အလွန်နိမ့်ကျသောအဆင့်၌ ရှိ၏။ သူနာပြုအလုပ်ကို အောက်ဆုံးအလွှာသူဆင်းရဲများသာ ထမင်းတစ်လုတ်အတွက် လုပ်ကိုင်ကြ၏။

သူနာပြုများအတွက် သင်တန်းဟူသည်လည်း မည်မည်ရရ မရှိဘဲ လခရိက္ခာကလည်း နည်းပါးလှ၏။ ထို့ပြင် ထိုစဉ်အခါက ရောဂါပိုးမွှားများအကြောင်းကိုလည်း ကောင်းစွာမသိကြသေး၊ ပိုးမွှားသန့်စင်ဆေး (Antiseptics) ဆိုသည်များလည်း မပေါ်ပေါက်သေးသည်ဖြစ်ရာ ပုပ်ဟောင်နံစော်သော အနာအဆာများ၊ ပြည်တရွှဲရွှဲလူနာများကလည်း အလွန်ပေါများလှ၏။ သူနာပြုများမှာ များသောအားဖြင့် အခြားအလုပ်မရှိ၍သာ လူတကာ ရွံရှာသည့် ဤအလုပ်ကို ဝင်လုပ်ကြရသူများဖြစ်ရာ ပညာ အရည်အချင်း ချို့တဲ့ သကဲ့သို့ သန့်ရှင်းသပ်ရပ်မှုဟူသည်ကိုလည်း ဘာမှန်းမသိကြသူတို့သာ များ၏။

www.burmeseclassic.com



အရက်သေစာများ သောက်စားမူးယစ်ကာ နံနံစော်စော် အနာအဆာ များကို ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်ဆေးထည့်လေ့ရှိသူများ အကြင်နာကရုဏာမရှိဘဲ ဝတ္တရားကျေ အလုပ်လုပ်ကြသူများအဖြ သာ အများ သိမှတ်ထားကြ၏။

သို့သော် ထိုမျှ အဆင့်အတန်းနိမ့်ကျသည့် လုပ်ငန်းကို ဖလော်ရင့်စ်နိုက်တင်ဂေးလ် စိတ်ဝင်စားခဲ့မိသည်။ ထိုလုပ်ငန်းနယ်ပယ် သည်သာလျှင် အမျိုးသမီးတစ်ယောက်အနေနှင့် လူသားအများစုတို့၏ အကျိုးကို ထိထိရောက်ရောက် သယ်ပိုးနိုင်မည့် နယ်ပယ်ဖြစ်သည် ဟူ၍လည်း သူ သိမြင် နေခဲ့သည်။ ထို့ကြောင့်ပင် ထိုပြုပြင်ရေး လုပ်ငန်းကြီးအတွက် သူမ၌ ကာယဒုက္ခ၊ စိတ္တဒုက္ခများ မည်မျှ ခံစားရသည်ဖြစ်စေ၊ မိမိဆက်ဆံပေါင်းသင်းခဲ့သည့် လူ့အလွှာအသိုက် အဝန်းက မည်မျှကဲ့ရဲ့မေးငေါ့ကြသည်ဖြစ်စေ ယင်းတို့ကို လျစ်လျူ ကာ ခြေစုံပစ် ဝင်ရောက်လုပ်ကိုင်တော့မည်ဟု ဖလော်ရင့်စ် ဆုံးဖြတ် လိုက်လေသည်။

\+ \+ \+

ဖလော်ရင့်စ်နိုက်တင်ဂေးလ်ကို အီတလီပြည်၊ ဖလော်ရင့်စ်မြို့တွင် ၁၈၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်နေ့၌ မွေးဖွားသည်။ ဗြိတိန်နိုင်ငံသား များဖြစ်သော သူ့မိဘများမှာ သားသမီးများအား မွေးဖွားရာမြို့ရွာ ဒေသ၏ အမည်ဖြင့် မှည့်ခေါ်လိုသည့် စိတ်အစွဲရှိကြသူများဖြစ်ရာ ထိုစဉ်က ဖလော်ရင့်စ်ဟူသော အမည်မှာ ယောကျ်ားကလေးများ ကိုသာ ပေးလေ့ရှိသော အမည်ဖြစ်သော်လည်း မိမိတို့၏စိတ်ကူး အစီအစဉ်ကို မဖျက်လိုသဖြင့် ဖလော်ရင့်စ်မြို့တွင် မွေးဖွားသော သမီးဖြစ်သူအား ဖလော်ရင့်စ်နိုက်တင်ဂေးလ်ဟု အမည် ပေးဖြစ်အောင် ပေးခဲ့ကြသည်။



သို့သော် နောင်အခါ ဖလော်ရင့်စ်သည် သူနာပြုတို့၏မိခင်၊ အမျိုးသမီးအာဇာနည် မီးအိမ်ရှင်မအဖြစ် ထင်ရှား ကျော်ကြားလာ ပြီးသည့်နောက်တွင်ကား ဖလော်ရင့်စ်ဟူသည် ဥရောပမိဘတို့က မိမိတို့သမီးများအား ဂုဏ်ယူမှည့်ခေါ်ရာ အမည်နာမတစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့ပေသည်။

ရှေ့တွင်ဆိုခဲ့သည့်အတိုင်း ဖလော်ရင့်စ်၏မိဘများမှာ ချမ်းသာ ကြ၏။ အထက်လွှာအသိုက်အဝန်း၌ ဝင်ဆံ့ဟွင်ကျယ်၏။ နိုင်ငံရေး၊ လူမှုရေးလောကတွင် ဦးဆောင်ဦးရွက်ပြုနေကြသည့် ပုဂ္ဂိုလ်ကြီးများ အထိ ရင်းနှီးကျွမ်းဝင်၏။ ထိုမျှအဆင့်ရှိသော မိဘများအနေနှင့် မိမိတို့၏သမီးငယ်တစ်ယောက်သည် ထိုခေတ်ထိုကာလ လူများအမြင် အရ အလွန်အဆင့်အတန်းနိမ့်ကျ၍ ဆင်းရဲနွမ်းပါးလှသည့် သူနာပြု အလုပ်ကို လုပ်ပါမည် ဆိုသည့်အခါ မည်မျှ စိတ်အနှောင့်အယှက်ဖြစ် ကြမည်ကို ခန့်မှန်းနိုင်ပါသည်။ ဖလော်ရင့်စ် စိတ်ပြောင်းသွားစေရန် အတွက် သူတို့ နည်းမျိုးစုံ ကြံစည်ကြသည်။

နည်းလမ်းတစ်ခုကား ရေပြောင်းမြေပြောင်း ခရီးသွားနိုင်းခြင်း ဖြစ်သည်။

မိဘများက သူမအား မိသားစုမိတ်ဆွေဖြစ်သူ မစ္စတာနှင့် မစ္စစ်ဘရေ့စ်ဘရစ်ချ် ဇနီးမောင်နှံနှင့်အတူ အလည်အပတ်ခရီး ထည့် လိုက်သည်။ ဘရေ့စ်ဘရစ်ချ်မောင်နှံက သူမအား ရောမမြို့သို့ ဆအမဦးစွာ ခေါ်ဆောင်ကြသည်။

ရောမမြို့ကြီးသို့ရောက်လျှင် ဖလော်ရင့်စ်၏ ရူးတူးတူးအတွေး ကလေးများ ကွယ်ပျောက်သွားလိမ့်မည်ဟု သူတို့ ယူဆခဲ့ကြသည်။ သို့သော် ရောမမြို့၏ ဂုဏ်ရောင်ပြောင်ခဲ့သော သမိုင်းနှင့် သမိုင်းဝင် အဆောက်အအုံများကို သူ စိတ်မဝင်စား။ သူ တွေ့ရှိစိတ်ဝင်စားမိသည်

www.burmeseclassic.com

www.burmeseclassic.com



က ရိုမန်ကက်သလစ်ဘာသာဝင် သီလရှင် စစ္စတာများ၏ ကုသိုလ်ဖြစ် လုပ်ငန်းများ ဖြစ်သည်။

သူမသည် ခရီးသွားဖော်များနှင့် ခွဲခွာကာ ရောမမြို့ ဆေး ခရက်ဟတ်ကွန့်ဗင့်ကျောင်း၌ ဆယ်ရက်မျှ နေထိုင်ပြီး သီလရှင်တို့ လူမှုရေးဆိုင်ရာ စေတနာ့ဝန်ထမ်း လုပ်ငန်းများတွင် အဖွဲ့အစည်း ပုံသဏ္ဌာန်ဖြင့် ဝင်ရောက်လုပ်ကိုင်နေကြပုံကို ကိုယ်တွေ့ လေ့လာသည်။

ထို့ပြင် ဂျာမနီပြည် ကိုင်ဇာဝပ်မြို့၌ ဖလိဒ်နာ အမည်ရှိ ပရိ တက်စတင့် ခရစ်ယာန်မမှုဆရာတစ်ဦး ဦးဆောင်လျက် ဆေး သူနာပြုများအတွက် သင်တန်းကျောင်းတစ်ခု ဖွင့်လှစ်ထားကြောင်း ကိုလည်း သူ ကြားသိရသည်။ သူ တွေ့ရကြားရသည့် အကြောင်း အချက်များသည် သူမအား မိမိတို့ အင်္ဂလန်ပြည်တွင် အလားတူ လုပ်ငန်းမျိုး လုပ်ကိုင်လိုသည့် စိတ်ဓာတ်များ ပို၍ပို၍ ပြတ်သား ခိုင်မာစွာ ဖြစ်ပေါ်လာစေခဲ့သည်။ အင်္ဂလန်တွင် သူနာပြုလုပ်ငန်း များ စနစ်တကျ ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်မည်၊ သို့သော် အီတလီနှင့် ဂျာမနီတို့မှာကဲ့သို့ ဘာသာရေးအဖွဲ့အစည်းဘောင်ထဲ မဟုတ်ဘဲ ပြင်ပပုဂ္ဂိုလ်များ ဦးဆောင်လုပ်ကိုင်သည့် လူမှုဝန်ထမ်း လုပ်ငန်းသက်သက် ဖြစ်စေရမည်ဟူ၍ သူ ဆုံးဖြတ်ခဲ့သည်။

ထိုအချိန်ကာလလောက်တွင်ပင် ဖလော်ရင့်စ်နိုက်တင်ဂေးလ် သည် နောင် မိမိ၏ စေတနာ့ဝန်ထမ်းလုပ်ငန်း ဘဝတစ်လျှောက် လေးစားခင်မင်စွာ ဆက်ဆံဖြစ်ရမည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ ဆစ်ဒနီဟားဗတ်နှင့် တွေ့ဆုံရလေသည်။

ဟားဗတ်ကား အင်္ဂလိပ်မြို့စားမျိုးမှ ဆင်းသက်သူတစ်ဦး ဖြစ်ပြီး ဉာဏ်ပညာလည်း အလွန် ထက်မြက်သူ ဖြစ်သည်။ သူသည် အသက် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် အစိုးရ အဖွဲ့ဝင် ဝန်ကြီးတစ်ဦး ဖြစ်ခဲ့ဖူးသူလည်း ဖြစ်သည်။ စင်စစ် ဖလော်ရင့်စ်သည် ဟားဗတ်အား



ယခုမှ စတင်သိကျွမ်းသည်မဟုတ်။ ဟားဗတ်တို့ ဇနီးမောင်နှံသည် နိုက်တင်ဂေးလ်မိသားစုနည်းတူ အင်္ဂလန်ပြည် တောင်ပိုင်း၊ ဝေလ်ရှိုင်ယာမြို့တွင် နေထိုင်ခဲ့ကြသည့် အိမ်နီးချင်းများဖြစ်သည်။ သို့သော် ယခုတွေ့ဆုံရသည့်အခါတွင်မှ မိမိ၏ခံစားချက် စိတ်စေတနာများ နှင့် တိုက်ဆိုင်တူညီသည့် ဟားဗတ်၏ စိတ်သဘောထားများနှင့် အယူအဆများကို သိရှိရကာ လေးစားခင်မင်သွားမိခြင်း ဖြစ်သည်။

စိတ်ဓာတ်က အတော်ပင် ပြင်းပြ ထက်သန်နေပြီ ဖြစ်သော် လည်း ဖလော်ရင့်စ်မှာ လုပ်ငန်း စတင်ရန် ခက်နေဆဲ ဖြစ်သည်။ ဘာက စလုပ်ရမလဲ သူ ဆုံးဖြတ်မရသေး။ ထို့ပြင် သူ ပေါက်ဖွား ကျင်လည်ရာ အသိုက်အဝန်း၏ အရှိန်အဝါ အဟန့်အတားကလည်း သူ့ကို ဖိစီး လွှမ်းမိုးထားသည်။ သူနာပြု လုပ်ငန်းထဲသို့ သူမ ဝင်ရောက်ခြင်းသည် မိဘဆွေမျိုးနှင့် မိတ်သင်္ဂဟ အားလုံးတို့ကို စွန့်လွှတ်သွားရာရောက်ရုံမက သူတို့အား အသရေ ညစ်နွမ်းအောင်ပါ လုပ်ရာရောက်မည့် အခြေအနေမျိုး၌ ရှိနေသည်။

သို့နှင့် ဖလော်ရင့်စ်မှာ ခရီးသာဆက်၍ ထွက်နေရပြန်သည်။ သို့သော် သူမ၏ ခရီးများသည် အပျော်ခရီး အလည်အပတ် ခရီးများ မဟုတ်ဘဲ သူနာပြုလုပ်ငန်းကို လေ့လာသည့် ခရီးစဉ်များသာ ဖြစ်နေခဲ့သည်။

၁၈၄၉ ခုနှစ်တွင် ပြင်သစ်ပြည် ပါရီမြို့သို့ ရောက်သည့်အခါ စိန့်ဗင်ဆင့်ဒပေါ်အသင်းမှ သီလရှင် စစ္စတာနှစ်ယောက်နှင့် တွေ့ဆုံ ရသည်။ စစ္စတာများက သူမအား အလက်ဇန္ဒြီးယားမြို့တွင် အခြေစိုက် သည့် ၎င်းတို့၏ အသင်းအကြောင်း ပြောကြား မိတ်ဆက်ပေးသည်။

ဖလော်ရင့်စ်သည် ဥရောပတိုက်ကို ဖြတ်သန်းကာ အီဂျစ်ပြည် ဘက်သို့ ကူးလာခဲ့သည်။ အလက်ဇန္ဒြီးယားမြို့သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



စိန့်ဗင်းဆင့်ဒပေါ်အသင်းမှ ထူထောင်ထားသည့် စာသင်ကျောင်းများနှင့် ဆေးရုံများကို လိုက်လံ ကြည့်ရှုလေ့လာသည်။

အလက်ဇန္ဒြီးယားမှရသည့် အကျိုးကျေးဇူးဟစ်ခုကား ဆေးရုံလုပ်ငန်းတွင် တိကျသော စည်းကမ်းကလနားများဖြင့် စနစ်တကျ အုပ်ချုပ်နိုင်ရေးသည် အလွန် အရေးကြီးကြောင်း သိမြင်ခဲ့ရခြင်း ဖြစ်သည်။

ထိုမှအပြန်တွင် ဂျာမနီသို့ သွားရောက်ကာ ဖလိဒ်နာ၏ ပရိုတက်စတင့် ခရစ်ယာန် အမျိုးသမီးသင်းထောက်သင်တန်းကျောင်းသို့ ဝင်ပြီး လေ့လာသည်။ ဖလိဒ်နာ၏သူနာပြုသင်တန်းကို သူ များစွာ နှစ်သက်သဘောကျခဲ့သည်။

ဥရောပခရီးစဉ်တစ်လျှောက် ရောက်ရာအရပ်၌ ဖလော်ရင့်စ်သည် ရောဂါဝေဒနာသည်များ၊ ဆင်းရဲဒုက္ခရောက်နေသူများအတွက် မည်သို့သော စေတနာ့ဝန်ထမ်းလုပ်ငန်းများ ရှိလေသနည်းဟု မေးမြန်းစုံစမ်းကာ တကူးတကသွားရောက်လေ့လာ ကြည့်ရှုခဲ့သည်ချည်း ဖြစ်၏။

ထိုသို့ ကြည့်ရှု လေ့လာရင်း တဖြည်းဖြည်းနှင့် မိမိတို့တိုင်းပြည်တွင် ထိုကဲ့သို့သောလုပ်ငန်းမျိုး အခြေခံမျှပင် မရှိသေးကြောင်း သူ တွေးတောမိလာသည်။ အင်္ဂလန်တွင် ရှိပြီးသည့် အနေအထားများကို ပြုပြင် မွမ်းမံရုံဖြင့် မပြီး၊ အသစ် တီထွင်လုပ်ကိုင်စရာတွေ များစွာ ရှိနေသည်ဟု သူ သဘောပေါက်လာသည်။

ဥရောပခရီးမှ ပြန်လာပြီးသည့်နောက် ပို၍ စိတ်ပြင်းပြထက်သန်လာသည့် ဖလော်ရင့်စ်သည် လန်ဒန်တွင် မိဘအသိုက်အဝန်းနှင့် ပို၍ပင် ပြင်းပြင်းထန်ထန် ပဋိပက္ခ ဖြစ်ရပြန်သည်။ တစ်ဖက်က ကန့်ကွက် တားဆီးအား ကြီးမား လာသည့်အခါ ဖလော်ရင့်စ်



အကြီးအကျယ် စိတ်ပင်ပန်းဆင်းရဲခြင်း ဖြစ်ရသည်။ ဘာလုပ်ရမလဲ ဝေခွဲမရနိုင်ဖြစ်ကာ မကြာခဏပင် အော်ဟစ်ညည်းညူမိရသည်။

သို့သော် သူ့စိတ်သ ဘောကို လေးစားတန်ဖိုးထားမိနေသည့် မိတ်ဆွေကြီး ဆစ်ဒနီဟားဗတ်က သူမ၏မိဘများကို တဖြည်းဖြည်း ဖျောင်းဖျစည်းရုံးပေးသည်။ ဟားဗတ်မှာ မိသားစု လေးစားခင်မင်သူ တစ်ဦးဖြစ်ရာ ဟားဗတ်၏ ဖျောင်းဖျ စကားများမှာ အတော်ပင် ထိရောက်မှု ရှိခဲ့သည်။

ထို့နောက်တွင်မူ ညီမတစ်ဦးကို အဖော်ခေါ်ကာ ပထမအကြိမ် ဥရောပခရီးစဉ်တွင် သူတွေ့ရှိခဲ့ရသည့် လုပ်ငန်းဌာနများဆီသို့ တစ်ကြိမ် ထပ်မံ သွားရောက် လေ့လာခွင့် ရခဲ့သည်။ ယခုတစ်ကြိမ် ဂျာမနီသို့ ရောက်သောအခါ၌မူ သူက ဖလိဒ်နာ၏သင်တန်း၌ ဟက်ရောက်ရန် စာရင်း သွင်းလိုက်တော့သည်။ စင်စစ် ကိုင်ဇာဝပ်ရှိ ၎င်းသင်တန်းမှ စတင်၍သာ ဖလော်ရင့်စ်သည် ဆင်းရဲကျပ်တည်း၍ ဖြိုးခြိုးချွေတာရသောဘဝ၊ သူတစ်ပါးတို့အကျိုးအတွက် မိမိက အနစ်နာခံ အပင်ပန်းခံရသည့် စေတနာရှင်တို့၏ ဘဝမျိုးကို တကယ်တွေ့ထိ သိရှိခဲ့ရခြင်း ဖြစ်ပေသည်။

ကိုင်ဇာဝပ်သင်တန်းသည် ဖလော်ရင့်စ်အား သူနာပြုလုပ်ငန်းဆိုင်ရာ အခြေခံပညာ ဗဟုသုတများသာမက သူ ရာသက်ပန်မြှုပ်နှံ လုပ်ကိုင်သွားမည့် မြင့်မြတ်သောလုပ်ငန်းကြီးအတွက် စိတ်ဓာတ်ခွန်အားများကိုလည်း ထပ်မံ ဖြည့်တင်းပေးခဲ့ပေသည်။

အင်္ဂလန်သို့ ပြန်ရောက်ပြီးသည့်နောက်တွင် သူသည် လန်ဒန်နှင့် အီဒင်ဘာရာမြို့များရှိ ဆေးရုံများသို့ သွားရောက်ကာ သူနာပြုလုပ်ငန်း၏ အခြေအနေများနှင့် လိုအပ်ချက်များကို စုံစမ်းလေ့လာသည်။ ထို့နောက် ပါရီသို့ တစ်ကြိမ်ပြန်သွားပြီး ပြင်သစ်သူနာပြုအဖွဲ့ အစည်းများ အကြောင်း အသေးစိတ် လေ့လာမှတ်သားသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၅၃ ခုနှစ် ဩဂုတ်လတွင်မှ ဖလော်ရင့်စ်နိုက်တင်ဂေးလ်သည် အင်္ဂလန်ပြည်၌ လိုအပ်လျက်ရှိသည်ဟု သူ ရှုမြင်ထားခဲ့သည့် လုပ်ငန်းတစ်ရပ်ကို ဦးစီးဆောင်ရွက်ခွင့် ရခဲ့လေသည်။ ယင်းကား ဆင်းရဲချို့တဲ့၍ ဆွေမျိုးဉာတိလည်း နည်းပါးသော ဂိလာနအမျိုးသမီးကြီးများအတွက် ပြုစုစောင့်ရှောက်သည့် ဌာနတစ်ခု ဖြစ်သည်။

စေတနာရှင် အလှူရှင်များ၏ ရန်ပုံငွေဖြင့် တည်ထောင်ဖွင့်လှစ်သည့် ၎င်းဌာနသည် မစ္စစ်နိုက်တင်ဂေးလ်၏ လုံ့လဝီရိယနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကျွမ်းကျင်လိမ္မာမှုများကြောင့် အလျင်အမြန်ပင် အောင်မြင်ထင်ရှားလာခဲ့သည်။ 'ဂိလာန အမျိုးသမီးကြီးများ စောင့်ရှောက်ရေးဌာန' ကို အားကိုးသူတွေ များလာသည့်အခါ မူလနေရာ အဆောက်အအုံနှင့် မလုံလောက်တော့သဖြင့် နောင်တွင် လန်ဒန်မြို့ ဟာလေလမ်း အမှတ်(၁)နေရာရှိ ပိုမိုကျယ်ဝန်းသော အဆောက်အအုံသို့ ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ရသည်။

သူနာပြုစု စောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်ကို ကိုယ်တိုင် စီမံခန့်ခွဲခွင့် ရပြီဆိုသည့်အခါ ဖလော်ရင့်စ်သည် သူ လက်ခံထားသည့် ကျန်းမာမှုဆိုင်ရာ အသိပညာ ဗဟုသုတများအား တင်းပြည့်ကျပ်ပြည့် အသုံးချတော့၏။ သူနာပြုစုရာ၌ သန့်ရှင်းစင်ကြယ်မှုကို အရေးအကြီးဆုံးမူဝါဒအဖြစ် တိတိကျကျ လိုက်နာစေသည်။ ကျန်းမာသန့်ရှင်းရေးတွင် လေဝင်လေထွက် ကောင်းမွန်ရေးသည် အဓိကဖြစ်သည်ဟု ခံယူကာ လူနာခန်း ပြတင်းပေါက်များကို ဖွင့်ထားစေသည်။ မျှားမကြာမီပင် ဖလော်ရင့်စ်နိုက်တင်ဂေးလ်၏ ကျော်ကြားမှုသည် သူ့ဆေးရုံ နယ်နိမိတ် အပြင်ဘက်သို့ ပျံ့နှံ့ထွက်လာသည်။ အလွန်စေ့စပ်တိကျသူ၊ ဦးဆောင်မှုအရည်အချင်း ပြည့်ဝသူ၊ သန့်ရှင်းသပ်ရပ်မှုကို အထူး တန်ဖိုးထားသူ အဖြစ် ချီးမွမ်း ပြောဆိုလာကြသည်။



သူသည် ဆေးပညာရှင်တစ်ဦး မဟုတ်သော်လည်း ဆေးရုံ၌ လူနာများအား သူ့ခေတ်ကာလ ဆေးပညာအဆင့်အတန်းရှိသမျှကို အပြည့်အဝခံစားခွင့် ရရှိရန်အတွက် ဆေးရုံလုပ်ငန်းယန္တရားများကို အကောင်းဆုံး၊ အချောမွေ့ဆုံးဖြစ်အောင် တိကျသော စည်းစနစ်များ ချမှတ်၍ ပြုပြင်ပေးနိုင်ခဲ့ရာ လူထု၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးခဲ့သူတစ်ဦးအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်၏။

သူမ၏ စွမ်းဆောင် အောင်မြင်မှုများကို ဆေးဘက်ဆိုင်ရာ အသိုက်အဝန်းက လေးစားသိမှတ်လာကြသည့်အလျောက် သူမအား ဘုရင့်ကောလိပ်ဆေးရုံကြီးတွင် သူနာပြုချုပ်အဖြစ် ခန့်အပ်တော့မည့် အချိန်တွင် တိုင်းပြည်၌ အရေးတကြီးကိစ္စကြီးတစ်ရပ်နှင့် ကြုံကြိုက်လာရသည်။

ယင်းကား ရုရှားကတစ်ဖက် တူရကီ၊ ပြင်သစ်နှင့် အင်္ဂလိပ်စသည်တို့ကတစ်ဖက် တိုက်ခိုက်ဆင်နွှဲခဲ့ကြသည့် ကရိုင်းမီးယားစစ်ပွဲကြီးဖြစ်သည်။ ၁၈၅၄ ခုနှစ်တွင် အင်္ဂလိပ်တို့ စစ်ပွဲထဲ စတင်ပါဝင်ခဲ့လေသည်။

အယ်လမာတိုက်ပွဲအပြီး ရက်သတ္တပတ် အနည်းငယ်အကြာတွင် သည်တိုင်းစ်သတင်းစာ အထူးသတင်းထောက်က ဒဏ်ရာရစစ်သည်များအရေးနှင့် ပတ်သက်၍ ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်သည့် သတင်းဆောင်းပါး တစ်ပုဒ် ရေးသားလိုက်သည်။ ဆောင်းပါး၌ ၎င်းက 'ဒဏ်ရာ ရသူများကို ကုသပေးရန်အတွက် ဆရာဝန်များ မလုံလောက်ကြောင်း၊ အနာ ဆေးထည့်မည့်သူ မရှိ၊ သူနာပြုများလည်း မရှိကြောင်း၊ ပတ်တီး အစရှိသည့် ဆေးဝါးပစ္စည်းများလည်း ပြတ်လပ်နေကြောင်း၊ အဆိုးဆုံးကား ထိုကိစ္စများအတွက် မည်သူ တာဝန်ယူ ဆောင်ရွက်ရမည်ဟူ၍ပင် မရှိ ဖြစ်နေကြောင်း' စသည်ဖြင့် ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းဆောင်းပါးကိုဖတ်ကာ ဒါလောက်တောင်ဖြစ်ရကောင်းလားဟု ပြစ်တင်ဝေဖန်မှုတွေ တိုင်းပြည်နှင့်အဝှမ်း ပေါ်ပေါက်ခဲ့သည်။ ထိုအခါ ထိုအချိန်၌ စစ်ဝန်ကြီးဖြစ်နေသော ဆစ်ဒနီဟားဗတ်က ဖလော်ရင့်စ်ထံသို့ စာရေး၍ အကူအညီ တောင်းလေသည်။ ဒဏ်ရာရသူများ ပြုစုစောင့်ရှောက်ရေး လုပ်ငန်းတစ်ရပ်လုံးအတွက် ဦးဆောင်စည်းရုံး ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုက်ခြင်း ဖြစ်သည်။ သူမက လက်ခံကြောင်း အကြောင်းပြန်လိုက်ပြီးသည့်နောက်တွင် စစ်ရုံးက သူမအား စစ်ပွဲဖြစ်ပွားရာ မဟာမိတ် တူရကီနိုင်ငံရှိ ဗြိတိသျှဆေးရုံများတွင် သူနာပြုလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် သူနာပြုဆရာမချုပ်အဖြစ် ခန့်အပ်လိုက်ကြောင်း တရားဝင်ထုတ်ပြန်ပေးလိုက်သည်။

ခန့်စာရပြီး နှစ်ရက်အကြာ ၁၈၅၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့မှာပင် စကူတာရီမြို့ (အစ္စတန်ဘူလ်)သို့ ဖလော်ရင့်စ် ထွက်ခွာသည်။ သူနှင့်အတူ သူနာပြုလုပ်ငန်းတွင် အရည်အချင်းပြည့်ဝပြီးသည့် စေတနာ့ဝန်ထမ်း သူနာပြုသုံးဆယ့်ရှစ်ဦးတို့ လိုက်ပါသွားခဲ့ကြသည်။

ကရိုင်းမီးယား စစ်ပွဲသည်လည်းကောင်း၊ ဒဏ်ရာရစစ်သည်များအရေးသည်လည်းကောင်း တိုင်းပြည်က အကြီးအကျယ်စိတ်ဝင်စားနေသည့်ကိစ္စဖြစ်ရာ ဖလော်ရင့်စ်နိုက်တင်ဂေးလ်အား စစ်မြေပြင်သူနာပြုချုပ်အဖြစ် အစိုးရက ခန့်အပ်လိုက်ကြောင်း ကြားသိရသည့်အခါ သူမအား တစ်ပြည်လုံးက အုတ်အုတ်ကျက်ကျက် ချီးကျူးဂုဏ်ပြုကြသည်။ ချမ်းသာကြွယ်ဝ၍ ရုပ်ရည်လည်းချောမောလှသည့် အထက်တန်းလွှာမှ ပညာတတ် မိန်းမပျိုတစ်ဦး ဆင်းရဲပင်ပန်း၍ အန္တရာယ်ပြွမ်းသော လုပ်ငန်းကြီး၊ သွေးသံရဲရဲလူနာများကို ကိုင်တွယ်ရမည့် တန်လှုပ်ချောက်ချားဖွယ် လုပ်ငန်းကြီးကို ရဲရဲဝံ့ဝံ့ ဦးဆောင်



လုပ်ကိုင်သွားမည် ဆိုခြင်းမှာ အံ့သြစရာ ကောင်းလောက်အောင် ထူးခြားသော ကိစ္စကြီးတစ်ရပ် ဖြစ်ခဲ့သည်။

နိုက်တင်ဂေးလ်နှင့်အဖွဲ့သည် စကူတာရီသို့ နိုဝင်ဘာလ ၄ ရက်နေ့တွင် ဆိုက်ရောက်ကြရာ ခရီးရောက်မဆိုက်ဆိုသလိုပင် ဘာလာကလဗာတိုက်ပွဲမှ ဒဏ်ရာရလာသူများကို လက်ခံရလေသည်။ ထို့နောက် ထိုသူများကိစ္စကို လုံးပမ်း၍မှ မပြီးသေးမီ အင်ကာမင်တိုက်ပွဲမှ ဒဏ်ရာရသူ ၆၀၀ ခန့် ထပ်မံ ရောက်ရှိလာပြန်သည်။

ထိုအတွင်း အင်္ဂလိပ်အစိုးရသည် သည်တိုင်းစ်သတင်းစာတွင် ဖော်ပြခဲ့သည့် အနေအထားအတိုင်း အမှန်တကယ်ဖြစ်ပျက်နေခြင်း ရှိ မရှိနှင့် အကယ်၍ ရှိနေပါက ဖြေရှင်းရန်နည်းလမ်းများ တင်ပြရန် ကော်မရှင်တစ်ရပ်ကို ခန့်အပ်ခိုင်းစေခဲ့၏။ ကော်မရှင်သည် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးသော် စစ်မြေ၌ ဒဏ်ရာရသူများအရေးကို ဆောင်ရွက်ရန်အတွက် ပုဂ္ဂိုလ် တစ်ဦးဦးအား အာဏာကုန် လွှဲအပ်တာဝန် ပေးသင့်ကြောင်း တင်ပြလေသည်။ သို့သော် ထိုအချိန်၌ ဖလော်ရင့်စ်နိုက်တင်ဂေးလ်မှာ မိမိလုပ်သင့်လုပ်ထိုက်သည်ထင်သမျှကို အာဏာကုန် သုံးစွဲလုပ်ကိုင်နေပြီ ဖြစ်သည်။

ဖလော်ရင့်စ်အား တာဝန် ပေးအပ်လိုက်စဉ်က သူ့လုပ်ငန်းအတွက် လိုအပ်သည့် ရန်ပုံငွေများ၊ အထောက်အကူပစ္စည်းများကို တူရကီရှိ ဗြိတိသျှ တပ်မှူးချုပ်၊ ထောက်ပံ့ရေးမှူးချုပ်နှင့် ဆေးမှူးချုပ်တို့ထံမှ တောင်းခံ ရယူနိုင်ကြောင်း ပြောကြားလိုက်ပြီး သက်ဆိုင်သူများ ထံသို့လည်း ညွှန်ကြားချက်များ ပေးပို့ ထားခဲ့၏။ သို့သော် ရုံးလုပ်ထုံးလုပ်နည်းများမှာ ကြန့်ကြာလေ့ရှိသည်ဖြစ်ရာ တစ်ခါတစ်ရံ အလျင်လိုနေသည့်အခါမျိုးတွင် ဖလော်ရင့်စ်သည် လက်ငင်းအလုပ်ဖြစ်မည့် နည်းလမ်းများအားဖြင့် မိမိသဘောအတိုင်း လုပ်တတ်ပေရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လူနာသစ်များ အမြောက်အမြား တိုးပွားလာသည့် အခါမျိုးတွင် ၎င်းတို့ကို ထားရန် နေရာများ အရေးတကြီး လိုအပ်လာတတ်သည်။ ထားစရာနေရာ အဆောက်အအုံရသောအခါ ကျန်းမာသန့်ရှင်းမှု ရှိစေရန်အတွက် ၎င်းအဆောက်အအုံကို အလျင်အမြန် သုတ်သင်ရှင်းလည်းခြင်း၊ တိုက်ချွတ်ဆေးကြောခြင်းများ ပြုလုပ်ရသည်။

ထိုအခါမျိုးတွင် ထောက်ပံ့ရေးမှူးချုပ်ထံမှ ခွင့်ပြုငွေကို စောင့်ဆိုင်းမနေနိုင်ဘဲ သည်တိုင်းစ် သတင်းစာက ဦးစီး ကောက်ခံသည့် ရန်ပုံငွေအဖွဲ့ကဲ့သို့သော ပြင်ပ စေတနာရှင် အဖွဲ့များ၊ ပုဂ္ဂိုလ်များထံမှ အကူအညီတောင်းပြီး သန့်ရှင်းရေးပစ္စည်းကိရိယာများ ဝယ်ရတတ်သည်။ လုပ်သားများ ငှားရမ်းရသည်။ အလားတူပင် လူနာများအတွက် ပင်မင်းကိစ္စကို တာဝန်ယူထားသည့် ကန်ထရိုက်က လုပ်ငန်း မနိုင်နင်းတော့ပါဟု ဆိုလာသည့်အခါတွင် ဖလော်ရင့်စ်ကိုယ်တိုင် အိမ်တစ်အိမ် ရှာဖွေငှားရမ်းကာ လျှော်ဖွပ် သန့်ရှင်းရေးကိစ္စကို ကြီးကြပ် စီမံရပြန်သည်။

တစ်ခါတွင် စစ်သည်လူနာများအတွက် အရေးတကြီးလိုအပ်နေသည့် ဝတ်စုံများမှာ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာပြီဖြစ်သော်လည်း စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးမှု မပြုရသေးသဖြင့် ဆေးရုံသို့ မပို့ပေးဘဲရှိရာ စိတ်မရှည်နိုင်တော့သော ဖလော်ရင့်စ်က ဘေထုပ်များအား ချက်ချင်း ဖွင့်ရန် အတင်းအကျပ် ခိုင်းစေကာ ဆေးရုံသို့ အမြန်ဆုံး ဖြန့်ဖြူး ဝေငှခဲ့သည်။

ထိုသို့သော လုပ်ရပ်မျိုးကြောင့် သူမအား အချို့အရာရှိများက စည်းမဲ့ကမ်းမဲ့လုပ်သည်၊ ရန်ပုံငွေများကို ပရမ်းပတာ သုံးစွဲသည်စသည်ဖြင့် ဝေဖန်ပြစ်တင်တတ်ကြသည်။



စင်စစ် ဖလော်ရင့်စ်ကား လူနာများအတွက် အရေးပေါ်အခြေအနေမျိုးတွင် ကြိုးနီစနစ်ကြောင့် နှောင့်နှေးနေမှုမျိုးကို သည်းမခံခြင်းသာ ဖြစ်သည်။

သူနာ ပြုစုသည့် လုပ်ငန်းရပ်နှင့် ပက်သက် လာလျှင်ကား စည်းကမ်းကလနားကို တစ်ပြားသားမျှ အပွန်းပဲ့ ခံလေ့ မရှိခဲ့ပေ။ စေတနာ့ဝန်ထမ်း လာရောက်ကူညီသူ ဖြစ်စေကာမူ သတ်မှတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများကို တိတိကျကျ မလိုက်နာနိုင်ပါက ကိုယ့်အိမ်ကိုယ်ပြန်ကြရန် ပြောဆိုလေ့ရှိခဲ့သည်။ ဆေးရုံအုပ်ချုပ်ရေး၊ သူနာပြုစုရေးနှင့် သန့်ရှင်းစင်ကြယ်ရေး အစီအစဉ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခဲ့သဖြင့် ဆေးရုံတွင် အသေအပျောက်နှုန်းမှာ (ယခင်က ၄၂ ရာခိုင်နှုန်းအထိ ရှိခဲ့ရာမှ) နိုက်တင်ဂေးလ်လက်ထက်တွင် ၂ ရာခိုင်နှုန်း အထိ ကျဆင်းသွားခဲ့သည်။

ထိုအနေအထားများကို ကြည့်ကာ ဆေးရုံများ ဖွင့်လှစ်၍ ဆေးဝါး ကုသကြရာ၌ ဆေးပညာရှင် ဆရာဝန်တို့၏ ပညာစွမ်းထက်မြက်မှုသည် အရေးကြီးသကဲ့သို့ ကုသရေးလုပ်ငန်းအဝဝတို့ မှန်ကန်ချောမွေ့စွာ လည်ပတ်နိုင်အောင် အသေးစိတ် စီမံခန့်ခွဲပေးရသည့် အုပ်ချုပ်ရေးသမားတို့၏ အခန်းကဏ္ဍသည်လည်း ကြီးမားမှုကြောင်း လူအများ သိမြင်လာခဲ့ကြသည်။

ဆေးဝါးမှအစ ဆေးရုံအတွက် လိုအပ်သည့် ပစ္စည်းကိရိယာမှန်သမျှ အလျင်အမြန် ဝယ်ယူဖြည့်တင်းခြင်း၊ ပရိဘောဂ အပါအဝင် ပစ္စည်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ အဝတ်အစား၊ အိပ်ရာခင်းစသည်များ သန့်ရှင်းစင်ကြယ်မှု ရှိအောင် စီမံခြင်း၊ လူနာများအား ဆရာဝန်ညွှန်ကြားသည့်အတိုင်း အစာအာဟာရနှင့် ဆေးဝါးကုသမှုများ တိကျမှန်ကန်စွာရရှိအောင် နေ့စဉ် ကြီးကြပ်စီမံခြင်း စသည့် စီမံခန့်ခွဲရေးသမား၏ ပံ့ပိုးကူညီမှုလုပ်ငန်းများအားဖြင့်သာ ဆေးရုံ၏

www.burmeseclassic.com

www.burmeseclassic.com



ဆေး၀ါး ကုသရေး လုပ်ငန်းများ ထိရောက် အောင်မြင်နိုင်ကြောင်း
သို့မဟုတ်ပါက သမားတော်များ မည်မျှအစွမ်းထက်သည်ဆိုစေ
အိတ်ပေါက်နှင့် ဖားကောက် သကဲ့သို့ အချည်းနှီး အရာမထင် ဖြစ်
နေမည်သာ ဖြစ်ကြောင်းတို့ကို သည်ဘက်ခေတ်လူများ ကောင်းစွာ
နားလည်နေကြပြီ ဖြစ်သော်လည်း နိုက်တင်ဂေးလ်တို့ခေတ်က
အတွေးအမြင်သစ် အယူအဆသစ်တစ်ရပ်ပမာသာ ရှိနေခဲ့ပေသည်။

နိုက်တင်ဂေးလ်သည် သူ့လက်အောက်ရှိ စေတနာရှင်များ
အဖွဲ့အား လုပ်ငန်းတာ၀န်များကို တတ်နိုင်သမျှ တိတိကျကျခွဲခြား
သတ်မှတ်ခိုင်းစေသည်။ သို့သော် လူဦးရေ နည်းပါးလှသည်ဖြစ်ရာ
အားလုံးပင် လုပ်ငန်းများကို မနိုင်မနင်း လုပ်ကိုင် နေကြရသည်။
သို့နှင့် နိုက်တင်ဂေးလ်ကိုယ်တိုင်မှာ လုပ်ငန်းခပ်သိမ်းတို့ကို လိုက်လံ
ကြီးကြပ်ရင်း အရှုပ်ခံသောအလုပ်၊ ပစ္စည်း ရှာဖွေ၀ယ်ယူသောအလုပ်
ပစ္စည်းထိန်း အလုပ် စသည်တို့မှသည် သန့်ရှင်းရေး၊ အ၀တ်လျှော်
ထမင်းချက် စသည့် အလုပ်များအထိ လူအင်အား လိုနေသည့်နေရာ
မှန်သမျှတွင် ၀င်ရောက် လုပ်ကိုင်ပေးနေခဲ့ရပေသည်။

နိုက်တင်ဂေးလ်ကား အလွန် စိတ်အား ထက်သန်သလောက်
အလုပ်ကိုလည်း အလွန်ပင်ပန်းခံ လုပ်ကိုင်နိုင်သည့် အမျိုးသမီး
တစ်ယောက် ဖြစ်ခဲ့သည်။ စကူတာရီ၌ နိုက်တင်ဂေးလ်၏ နေ့စဉ်
အလုပ်ချိန်မှာ နာရီ ၂၀ နှုန်းမျှ ရှိခဲ့သည်ဟု ဆိုသည်။

ဆေးရုံ၏အထွေထွေ ၀ေယျာ၀စ္စတွေ တစ်နေကုန်လုပ်ကိုင်ပြီး
သည့်နောက် ညဉ့်နက်သန်းခေါင် အချိန်၌ဖြစ်စေ၊ သန်းခေါင်ကျော်
နံနက်ပိုင်းအချိန်၌ဖြစ်စေ အိပ်စက် အနားမယူမီ လူနာဆောင်များ
အတွင်းသို့ မီးအိမ်တစ်လုံးကိုင်ဆောင် လှည့်လည်ကာ လူနာများ၏
အခြေအနေကို စစ်ဆေးကြည့်ရှုပြီး လိုအပ်လျှင် လိုအပ်သလို ပြုစု
ဆောင်ရွက်ပေးလေသည်။ ဤသို့ဖြင့် အတန်ကြာသော် ညဉ့်နက်



သန်းခေါင်အချိန် အခြားသော ပုံမှန်သူနာပြုတို့ အိပ်စက်အနားယူ
ချိန်၌ လူနာတို့အား လာရောက်ကြည့်ရှုပေးလေ့ရှိသည့် သူနာပြုဆရာမ
ချုပ်သည် ညအချိန် ဝေဒနာခံစားရသူတို့ အားကိုး စောင့်မျှော်ကြရသည့်
မီးအိမ်ရှင်မ (The Lady of the Lamp) အဖြစ် တဖြည်းဖြည်း
ပြောစမှတ်ပြုခံလာခဲ့ရလေသည်။ ထိုအမည်သည် ဆေးရုံပြင်ပလောက
သို့ပါ ပျံ့နှံ့ခဲ့ရာ နောင်အခါ၌ ဖလော်ရင့်စ်အား မီးအိမ်ရှင်မ နိုက်
တင်ဂေးလ်ဟူ၍ပင် ကမ္ဘာက ခေါ်ဝေါ်သိမှတ်ခဲ့ကြလေသည်။

မီးအိမ်ရှင်မသည် ဝေဒနာ ခံစားနေရသူများ အတွက်သာ
ကရုဏာဖြင့် စောင့်ရှောက်ကူညီသည်မဟုတ်၊ နာလန်ထစလူနာတို့
အားလည်း အချိန် မြန်မြန် ပုံမှန်အနေအထား ပြန်ရောက်အောင်
စိတ်ဓာတ်မြှင့်တင်ပေးရန် လိုသည်ဟု ခံယူကာ နာလန်ထများအတွက်
စာအုပ်စာတမ်းများ၊ ကိုယ်ကာယ မပင်ပန်းသော ကစားနည်းများ
စသည့် ဖျော်ဖြေမှုများ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထိုအစီအစဉ်
များမှာ သူ့ခေတ်ကာလလူအများ အမြင်အရ အပိုဆာဒါးအလုပ်များ
လို ဖြစ်နေခဲ့သော်လည်း နောင်တွင်မူ ယင်းတို့သည်လည်း တကယ်
အကျိုးရှိထိရောက်သော အစီအစဉ်များသာဖြစ်ကြောင်း သိမြင်လက်ခံ
ခဲ့ကြပေသည်။

ဖလော်ရင့်စ်သည် ဒဏ်ရာရစစ်သည်များအား ဆေးရုံမှစောင့်
၍သာ ပြုစုစောင့်ရှောက်သည် မဟုတ်။ တိုက်ပွဲ ဖြစ်ပွားဆဲနေရာ
သို့လည်း အကြိမ်ကြိမ် ကိုယ်တိုင် သွားရောက်ကာ စစ်မြေပြင်မှ
တကယ့် အနေအထားများကို သေချာစွာ ကြည့်ရှုသုံးသပ်ပြီးနောက်
ဒဏ်ရာရသူများအား ပိုမိုထိရောက်မြန်ဆန်စွာ ပြုစုကုသနိုင်ရေးအတွက်
အစီအစဉ်သစ်များ ချမှတ်ပေးခဲ့သေးသည်။

အိပ်ချိန် နားချိန်ဟူ၍ မည်မည်ရရ မထားဘဲ မိမိကိုယ်တိုင်
ခံယူထားသော လုပ်ငန်းတာ၀န်ကြီးကို ပင်ပန်းကြီးစွာ ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့သည့် မီးအိမ်ရှင်မ နိုက်တင်ဂေးလ်မှာ သွေးနှင့်ကိုယ် သား နှင့်ကိုယ်ဖြစ်သည့်အားလျော်စွာ တစ်ကြိမ်၌ အပြင်းအထန်ဖျားလေသည်။ အဖျားဒဏ်က အလွန်ပြင်းထန်လှသည်ဖြစ်ရာ အသက်ပင်မသေခဲ့သော်လည်း နောင်နှစ်ပေါင်းများစွာ ဆက်လက်နေထိုင်ရသည့် သူ့မဘဝတစ်လျှောက် ယခင်က ကျန်းမာသန်စွမ်းမှုမျိုး ပြန်လည်မရရှိတော့ပေ။

အဖျား ကောင်းသွားပြီးသည့် နောက်တွင် ယခင်ကလောက် အလုပ်ပင်ပင်ပန်းပန်း မလုပ်နိုင်တော့သော်လည်း နိုက်တင်ဂေးလ်သည် တာဝန်မှ ရပ်နားခြင်း မရှိဘဲ တူရကီမှ ဗြိတိသျှတို့ ပြန်လည်ရွှေ့ပြောင်းသည့် ၁၈၅၆ ခုနှစ်၊ ဇူလိုင်လအထိ ဆက်လက်လုပ်ကိုင်နေခဲ့သည်၊

ထိုအချိန်ကာလလောက်တွင်မူ သူမ၏အမည်မှာ အလွန်ပင်လှင်ရှားကျော်ကြားခဲ့ပြီ ဖြစ်သည်။ သူ အင်္ဂလန်သို့ ပြန်လာတော့မည်ဆိုသည့်အခါ သူ့အား လေးစားကြည်ညိုကြသည့် လူထုပရိသတ်ကြီးက သင်္ဘောဆိပ်တွင် အကြီးအကျယ်ကြိုဆိုရန် ပြင်ဆင်ကြ၏။ သို့သော် နိုက်တင်ဂေးလ်ကား ချီးကျူး ဩဘာမှုများ၌ သာယာသူ မဟုတ်သဖြင့် အများမထင်မှတ်သည့် သင်္ဘောတစ်စင်းဖြင့် တိတ်တဆိတ် လိုက်ပါကာ နေအိမ်သို့ အသာပင် ပြန်လာခဲ့သည်။

ဘွဲ့တံဆိပ် အဆောင်အယောင်များကို မက်မောသူ မဟုတ်သော်လည်း ဝိတိုရိယဘုရင်မကြီး ချီးမြှင့်သည့် ဆုတံဆိပ်နှင့်ချီးကျူးဂုဏ်ပြုစာတစ်စောင်ကို လက်ခံခဲ့ရသည်။ ကရိုင်းမီးယား စစ်မြေ၌ သူမ၏ သက်စွန့်ကြိုးပမ်း ထမ်းဆောင်ချက်များအတွက် တိုင်းပြည်က စုဆောင်းကောက်ခံချီးမြှင့်သည့် ငွေများကို ကိုယ်တိုင်အဖို့ မယူဘဲ စိန့်သောမတ်ဆေးရုံတွင် သူနာပြုသင်တန်းသူများအတွက် နိုက်တင်



ဂေးလ်သင်တန်းကျောင်းနှင့် အဆောင်တစ်ခု ဆောက်လုပ်ရန် မတည်ပေးခဲ့သည်။

ကရိုင်းမီးယားစစ်မြေဆေးရုံတွင် သူနာပြုလုပ်ငန်းနှင့် ဆေးရုံလုပ်ငန်း အတွေ့အကြုံတွေ တစ်ပုံတစ်ပင်ရခဲ့သော နိုက်တင်ဂေးလ်သည် နောက်ပိုင်း၌ အင်္ဂလန်ရှိ ဆေးရုံများတွင် ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နိုင်ရန် အားထုတ်ကြိုးပမ်းခဲ့သည်။ သူမ၏ နည်းစနစ်များမှာ တကယ်ပင် ထိရောက် ကောင်းမွန်လှသဖြင့် အများလက်ခံသုံးစွဲခဲ့ကြရာ နောင်တွင် နိုက်တင်ဂေးလ်အား အင်္ဂလန်ပြည်၌ ခေတ်သစ်သူနာပြုစနစ်ကို စတင် ပုံဖော်ခဲ့သူအဖြစ် အသိအမှတ်ပြုခဲ့ကြပေသည်။

လူကြီးပိုင်း ရောက်လာသည့် အချိန်၌ နိုက်တင်ဂေးလ်မှာ ကျန်းမာရေးချို့တဲ့သဖြင့် ယခင်ကကဲ့သို့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပေ။ သို့သော် လုပ်နိုင်သည့် အတိုင်းအတာ အထိကား ပြေတ်လုပ်ကိုင်ဆဲ ဖြစ်၏။ ဤအသက်အရွယ်၌ သူ အဓိကလုပ်ကိုင်သည်ကား မိမိ စာတွေ့ လက်တွေ့ ဆည်းပူး ခဲ့သည်များပေါ်တွင် အခြေခံ၍ သူနာပြုအတတ်ပညာနှင့် ဆေးရုံစီမံအုပ်ချုပ်မှုပညာဆိုင်ရာ စာအုပ်စာတမ်းများ ရေးသားပြုစုခြင်း ဖြစ်သည်။

ဖလော်ရင့်စ်သည် နိုင်ငံတကာရှိ သူနာပြုအသင်းအဖွဲ့များနှင့်လည်း အမြဲအဆက်အသွယ်ရှိနေခဲ့သည်။ ထိုအသင်းအဖွဲ့အသီးသီး၏ ထူးခြားသော စွမ်းဆောင်အောင်မြင်မှုများနှင့် ၎င်းတို့၏ လုပ်ပုံကိုင်ပုံ နည်းနာများကို မေးမြန်းမှတ်သားသည်။ ထို့နောက် ၎င်းတို့အားသို့လည်း မိမိစုဆောင်းရရှိထားသမျှ ကျန်းမာရေးပညာ ဗဟုသုတများကို ဝေငှဖြန့်ဖြူးပေးလေသည်။

ထို့ပြင် မိမိနိုင်ငံအစိုးရနှင့် ကျန်းမာရေးလုပ်ငန်းအဖွဲ့အစည်းများသို့ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ အကြံဉာဏ်များ ပေးပို့တင်ပြသည့်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကိုလည်း အသက်အရွယ်ကြီးရင့် အိုမင်းချိန်အထိ ဆောင်ရွက်သွားခဲ့ပေသည်။

၁၉၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖလော်ရင့်စ် နိုက်တင်ဂေးလ် ကွယ်လွန်ခဲ့သည်။

မိမိဘဝကို ဂုဏ်ပကာသနအသိုက်အဝန်းထဲတွင် အချည်းနှီး ဖြုန်းတီးပစ်ရမှာ နှမြောစိုးရိမ်ခဲ့သော ဖလော်ရင့်စ်ကား သူ့ခေတ် သူ့အခါက အထင်ရှားဆုံး လူသားအကျိုးဆောင် ပုဂ္ဂိုလ်ထူးအဖြစ် အသိအမှတ်ပြုခံရသည်အထိ သူမ၏ဘဝကို တန်ဖိုးအရှိဆုံး မြှင့်တင်နိုင်ခဲ့ပေသည်။

●

## ဟင်နရီဒူးနန့်

## (JEAN HENRI DUNANT)

(၁၈၂၈–၁၉၁၀)

၁၈၅၉ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် အီတလီပြည် မြောက်ပိုင်း ဆိုလဖာရီနိုနယ်ရှိ လွမ်ဘာဒီမြို့ကလေး၌ ကမ္ဘာ့သမိုင်းတစ်လျှောက် သွေးထွက်သံယိုမှုအများဆုံး တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ပွားလေသည်။ ဩစတြီးယားဧကရာဇ် ဖရန့်ဇ်ဂျိုးဇက်၏ စစ်သည်များသိမ်းပိုက်ထားသည့် ထိုမြို့ကလေးကို ပြင်သစ်ဧကရာဇ် တတိယမြောက်နပိုလီယန် (နပိုလီယန်ကြီး၏မြေး) လက်အောက်ရှိ ဆာဒီးနီးယားနှင့် ပြင်သစ် မဟာမိတ်တပ်များက အပြင်းအထန် ထိုးနှက်တိုက်ခိုက်ကြခြင်းဖြစ်၏။ တစ်ဖက်တစ်ဖက် အပြန်အလှန်ပစ်ခတ်သည့် အမြောက်သံ၊ မတ်ကောက်သေနတ်သံတို့ သောသောသည်နေသည်ကို ထပ်မံဖြည့်တင်းပေးသည့်အလား မိုးကြိုးသံတခြိမ်းခြိမ်း လျှပ်ရောင်တဝင်းဝင်းတို့ကလည်း အဆက်မပြတ်ပေါ်ထွက်လျက်ရှိ၏။ လူသတ်ပွဲကြီးမှာ ဆယ့်ငါးနာရီလုံးလုံးမျှ ကြာရှည်နေခဲ့ပြီး နောက်ဆုံး ဩစတြီးယားတို့ တပ်မှုကွဲ ထွက်ပြေး ကြတော့မှပင် ပြီးဆုံးသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲ ပြီးဆုံးချိန်တွင် စစ်မြေပြင်၌ ဒဏ်ရာရသူ စုစုပေါင်း လေးသောင်းကျော်မျှ ကျန်ရစ်လေသည်။

အမြောက်သံ စိန်ပြောင်းသံတို့ တိတ်ဆိတ်သွားပြီး ညည်းသံညူသံများသာ ဟိုမှသည်မှ ထွက်ပေါ်လျက်ရှိသည့် အနိဋ္ဌာရုံရှုခင်းထဲသို့ ၎င်းနှင့် ဘယ်လိုမှဆက်စပ်မှုမရှိသည့် အရာတစ်ခု ရောက်ရှိလာသည်။

ယင်းကား စိတ်အေးလက်အေး မောင်းနှင်လာသည့် ကိုယ်ပိုင်မြင်းရထားလှလှကလေး တစ်စီး ဖြစ်သည်။ မြင်းရထားပေါ်တွင် အသက် ၃၀ ခန့်ရှိသည့် လူရွယ်တစ်ယောက် လိုက်ပါလာသည်။ လူရွယ်မှာ အလွန်သန့်ရှင်းသပ်ရပ်သူတစ်ဦးဖြစ်ပြီး သူဝတ်ထားသည့် အဖြူရောင်ကုတ်အင်္ကျီမှာ ထိုစဉ်က ဥရောပလူကုံထံတို့ ဝတ်စားတတ်ကြသည့် နောက်ဆုံးပေါ်ပုံစံမျိုး ဖြစ်၏။

သူ့အမည်မှာ ယန်းဟင်နရီဒူးနန့် (Jean Henri Dunant) ဖြစ်၏။ သူသည် ဘဏ်လုပ်ငန်းရှင်တစ်ဦးဖြစ်၍ တစ်ဖက်ကလည်း ကုမ္ပဏီလုပ်ငန်းတစ်ခု လုပ်ကိုင်လျက်ရှိ၏။ လွမ်ဘာဒီတွင် ကပ်ဘေးဆိုက်ခဲ့သည့် ထိုနေ့ရက်က ထိုနေရာသို့ သူ ရောက်ရှိခဲ့ခြင်းမှာလည်း ကုမ္ပဏီလုပ်ငန်းနှင့် ပတ်သက်၍ပဲ ဖြစ်၏။

သူသည် ပြင်သစ်၏ကိုလိုနီနယ်မြေတစ်ခုဖြစ်သော အယ်လဂျီးရီးယားပြည်တွင် စီးပွားရေးလုပ်ငန်းကြီးတစ်ရပ် စတင်လျက်ရှိရာ ယင်းအတွက် အစိုးရထံမှ အထူးအခွင့်အရေးများ ရရှိအောင် ကြိုးပမ်းလျက်ရှိ၏။ ပါရီရှိ ကိုလိုနီရေးရာဌာနတွင် သူ တင်ပြ အကူအညီတောင်းသည်ကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ငြင်းပယ်ခဲ့သဖြင့် နပိုလီယန်ဧကရာဇ်ကိုယ်တိုင်ထံသို့ တင်ပြတောင်းခံရန် စစ်နယ်မြေရောက် ဘုရင်မင်းမြတ်ထံ သူ လိုက်လာ ခဲ့ခြင်း ဖြစ်၏။



သို့သော် သူ့လာရင်းရည်ရွယ်ချက် မအောင်မြင်ခဲ့ချေ။ ထိုနေ့က ဘုရင်မင်းမြတ်နှင့် သူ မတွေ့ခဲ့ရ။ စင်စစ် သည်နေရာသို့ လိုက်လာမိခြင်းသည်ပင် သူ့အတွက် စီးပွားရေးလုပ်ငန်းများ ပျက်စီးရာပျက်စီးကြောင်း မျိုးစေ့ကို ချမိသကဲ့သို့ ဖြစ်သည်။ အကြောင်းမူ သူ့အား စီးပွားရေးလုပ်ငန်း ကိစ္စများ အားလုံးကို ဘေးချိတ် ထားမိစေမည့် အခြင်းအရာတစ်ခုက ချုပ်ကိုင် ဖမ်းစားလိုက်ခြင်းကြောင့် ဖြစ်ပေသည်။

ကြောက်ဖွယ်လိလိသော ဒဏ်ရာကိုယ်စီ ဝေဒနာကိုယ်စီတို့ဖြင့် ညည်းညူမြည်တမ်းနေကြသည့် အားကိုးရာမဲ့နေရှာသော ဒုက္ခသည်တို့အဖြစ်ကို ထိတ်လန့် တုန်လှုပ်ခြင်း၊ ကရုဏာ သက်ခြင်းပြင်းစွာဖြင့် ရှုမြင်ရပြီးသည့်နောက်တွင် ထိုနေရာမှ သူ ရှောင်ခွာထွက်သွားနိုင်စွမ်း မရှိတော့ပေ။

လွမ်ဘာဒီတိုက်ပွဲ၏ အနိဋ္ဌာရုံရှုခင်းသည် ဟင်နရီဒူးနန့်အား စည်းစိမ် ကြီးမားသော မြို့နေ လူကုံထံတစ်ဦးဘဝမှ အများအကျိုးအတွက် အနစ်နာခံ၊ ပင်ပန်းဆင်းရဲခံရသည့် လူသားအကျိုးဆောင် စေတနာရှင်ပုဂ္ဂိုလ်ထူးတစ်ဦးဘဝသို့ ပြောင်းလဲပေးခဲ့သည်။ တစ်ချိန်တည်းမှာပင် ယနေ့ကာလ ကမ္ဘာလူသားထုတို့ ပို၍ပို၍အားကိုးပြုလာနေရသော ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီး ဟူသည်ကိုလည်း သူ၏ဘဝ အပြောင်းအလဲနှင့် အတူ ယှဉ်တွဲ ဖြစ်ပေါ်လာစေတော့မည် ဖြစ်သည်။

အစပထမ၌ ဒူးနန့်၏ခေါင်းထဲတွင် ကြီးကြီးမားမား ဘာအစီအစဉ်မျှ မရှိခဲ့။ ဒုက္ခရောက်နေသူများအား လျစ်လျူမရှုနိုင်ခဲ့သဖြင့်သာ သူ ဝင်ရောက် အကူအညီပေးမိခြင်း ဖြစ်၏။ ရေ၊ ရေဟုဘာစာစာတောင်းခံနေသူအား ရေယူ၍ တိုက်ပေး၏။ ဒဏ်ရာမှ သွေးတွေစီးကျနေသူကို အဝတ်စဖြင့် စည်းပေးမိ၏။ ညစ်ပတ်ပေကျံ

www.burmeseclassic.com

www.burmeseclassic.com



နေသောဒုက္ခရာကို ဆေးကြောသုတ်သင်ပေးမိ၏။ သို့သော် ဒုက္ခသည်များအပေါ် ထားမိသည့် သူ၏ ကရုဏာနှင့် မမျှော်လင့်ဘဲ ပေါ်လာသည့် ကယ်တင်ရှင် သူ့အပေါ် ထားရှိလာသည့် ဒုက္ခသည်တို့၏ အားကိုးတိုးလျှိုးမှုများက သူ့အား တာဝန်တစ်ရပ်သဖွယ် လွှမ်းမိုးချုပ်ကိုင်လာခဲ့သည်။

သည်နေရာမှ သူ ခွာ၍ မရတော့။ တစ်နေ့ပြီး တစ်နေ့ သူ မရပ်မနား ပြုစုသည်။ အနီးရှိ ကတ်စတီဂလီရုံရွာကလေးမှ ရွာသူရွာသားများကို စည်းရုံးကာ ဒဏ်ရာရသူများအတွက် ခိုနားစရာနေအိမ်များ စီစဉ်ပေးသည်။ ထိုနေရာ၌ စည်းရုံး စုစည်းရရှိသည့် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် ၃၀၀ မျှကို အုပ်စုငယ်များဖွဲ့၍ စစ်မြေပြင်နေရာအနှံ့အပြားသို့ ဖြန့်ခွဲစေလွှတ်ကာ ဒဏ်ရာရနေသူများအား လိုက်လံရှာဖွေ၍ လိုအပ်သမျှ စီမံဆောင်ရွက်စေသည်။ တစ်နေရာ၌မူ ဘုရားရှိခိုးကျောင်းတစ်ကျောင်းထဲတွင် စုပြုံခိုဝင်နေကြသည့် ဒဏ်ရာရစစ်သည်ပေါင်း ၅၀၀ ကျော်မျှကို သွားတွေ့ရသည်။

၎င်းလူစုသည် ငါးရက်လုံးလုံး ပြင်ပကမ္ဘာနှင့် အဆက်အသွယ် ပြတ်လျက်ရှိရာ သေနတ်ဒဏ်ရာ၊ ဓားဒဏ်ရာများသာမက အပြင်းဖျားခြင်း၊ အစာငတ်ခြင်း၊ ရေငတ်ခြင်း၊ ခြင် ဖြုတ် အစရှိသည့် အလေးအမွှားတို့ ကိုက်ခဲ နှိပ်စက်ခြင်း ဒဏ်များကိုပါ အားကိုးရာမဲ့ ခံစားနေခဲ့ကြရသည်။ ထို့ပြင့် ထိုရက်များအတွင်း တဖြုတ်ဖြုတ် သေနေကြသည့် ဘဝတူ ဒဏ်ရာရသူများကိုကြည့်ကာ ငါ့အလှည့်ကော ဘယ်တော့ရောက်မလဲဟူသော အတွေးဖြင့် တုန်လှုပ် ချောက်ချားနေကြရလေသည်။

ထိုဘုရားကျောင်း၌ ဒဏ်ရာကိုယ်စီဖြင့် လဲလျောင်းနေကြရသူများထဲတွင် ပြင်သစ်လည်း ပါ၏။ ဩစတြီးယန်းလည်း ပါ၏။ ဂျာမန်လည်း ပါ၏။ ဆလဗ်လူမျိုး၊ အာရပ်လူမျိုးများလည်း ပါ၏။



စောစောက အပြန်အလှန် သတ်ဖြတ်ခဲ့သူတွေသည် ယခု ဒဏ်ရာကိုယ်စီဖြင့် အတူတကွ ဒုက္ခရောက်နေကြရသည့်အခါ၌ လူသားအားလုံး ညီရင်းအစ်ကိုများသာဖြစ်သည်ဟူသော အချက်ကို တကယ်လိုက်လှဲစွာ ခံစားသိမြင်လာခဲ့ကြပေသည်။

ဟင်နရီဒူးနန့်နှင့် သူ၏အဖွဲ့သား ကယ်ဆယ်ရေးသမားများသည်လည်း ထိုညီရင်းအစ်ကို စိတ်ဓာတ်ကိုပင် ခံယူကာ စေတနာစိတ်၊ ကရုဏာစိတ်၊ ပရဟိတစိတ် အပြည့်ဖြင့် မနားမနေ ဆောင်ရွက်ခဲ့ကြပေသည်။

\+ \+ \+

လွှမ်ဘာဒီ၌ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးသည့်အခါ ဒူးနန့်သည် သူ၏လုပ်ငန်းများ အခြေစိုက်ရာ ပါရီသို့ ပြန်ခဲ့သည်။ ထို့နောက်တွင် သူ၏ဇာတိမြို့ဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့လည်း သွားရောက်သည်။ သို့သော် မည်သည့်နေရာသို့ ရောက်ရှိနေသည်ဖြစ်စေ ဒူးနန့်သည် လုပ်ငန်းကိစ္စများ၌ စိတ်မဝင်စားနိုင်၊ အခြားလူမှုရေးဆိုင်ရာ ပွဲလမ်းသဘင်များတွင်လည်း တက်တက်ကြွကြွ မပါဝင်နိုင်ဘဲ လွှမ်ဘာဒီစစ်မြေပြင်မှ ရှုခင်းများကိုသာ အမြဲမြင်ယောင်ကာ တနုံ့နုံ့ ခံစားနေရလေသည်။

သူသည် လွှမ်ဘာဒီမှ ပြန်ရောက်ပြီးစတွင် ပင်ပန်းခဲ့သည့်ဒဏ်ဖြင့် အပြင်းဖျားလိုက်သေး၏။ ယင်းသို့ လွှမ်ဘာဒီတွင် ကြာနေခဲ့ခြင်း၊ ထို့နောက်တွင် ဖျားနေခြင်း၊ အဖျားကောင်းပြီးနောက်၌လည်း အလုပ်ထဲတွင် အာရုံမဝင်နိုင်ခြင်းများ ဆက်တိုက်ဖြစ်လာသည့်အခါ အယ်လ်ဂျီးရီးယားရှိ သူ့ကုမ္ပဏီမှာ အခြေအနေ ယိမ်းယိုင်၍လာသည်။ သူ အလုပ်ကြိုးကြိုးစားစားမလုပ်ဟု မြင်လာသည့်အခါ ကုမ္ပဏီတွင် အစုရှယ်ယာဝင်ထားသူတို့ မကျေမနပ် ဖြစ်လာသည်။

ဒူးနန့်မှာ ထိုကိစ္စကို ဖြေရှင်းဖို့ မကြိုးစားနိုင်ဘဲ သူ့စိတ် သူ့နှလုံးသားထဲတွင် စွဲနေဖိစီးနေသည့် အကျိုတ်အခဲကြီးကို ဘယ်လိုဖွင့်ထုတ်ရမလဲ ဟူ၍သာ စဉ်းစား ကြံဆနေမိလေသည်။ ၁၈၆၁ ခုနှစ်တွင် လွှမ်ဘာဒီ (ဆိုလဖာရီနိုနယ်) တွင် သူ ကိုယ်တွေ့ ကြုံခဲ့ရသည့် အကြောင်းများကို စာတစ်အုပ်ရေးသား ပြုစုသည်။

'မေ့မရနိုင်သောဆိုလဖာရီနို'ဟု အမည်ပေးထားသည့် ထိုစာအုပ်ငယ်ကလေးကို စောင်ရေ ၁၀၀၀ မျှ ရိုက်နှိပ်ပြီး လူမှုရေး၊ နိုင်ငံရေးနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးမှုရှိသည့် သူ့အသိမိတ်ဆွေများထံသို့ ဖြန့်ချိပေးပို့ခဲ့သည်။

ထိုစာအုပ်ကား ဒူးနန့်၏ ဘဝလမ်းကြောင်း တစ်ဆစ်ချိုးပြောင်းလဲသွားအောင် တပ်မံတွန်းပို့ပေးသည့်အရာတစ်ခု ဖြစ်ခဲ့ပေသည်။ သူ့စာအုပ်ငယ်တွင် ဖော်ပြထားသည့် စစ်ပွဲအနိဋ္ဌာရုံရှုခင်းများကား ကြောက်ခမန်းလိလိ ပီပြင်လှ၏။ သူ့စာအုပ်ကိုဖတ်ကာ အကြီးအကျယ် အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ကြသည်။ စာအုပ်ကို အကြိမ်ကြိမ်ရိုက် အကြိမ်ကြိမ်ဖြန့်ချိနေရသည်။ စာအုပ်ဖတ်သူ "လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမအားလုံးကပင် သည်ကိစ္စကြီးကို ဘယ်လိုဖြေရှင်းကြမည်လဲ၊ စစ်မြေပြင်မှာ သည်လိုတုန်လှုပ်ချောက်ချားဖွယ် အခြေအနေဆိုးကြီးများ မပေါ်ပေါက်ရအောင် မည်သို့တားဆီးကာကွယ်ကြမည်လဲ စသည်ဖြင့် မေးခွန်းထုတ်ကြသည်။ ငြင်းကြခုန်ကြဝေဖန်ကြ အဖြေရှာကြသည်။

အများ စိတ်ဝင်စားလာပြီ ဆိုသည့်အခါ၌ လုပ်ငန်းတစ်ခု အကောင်အထည်ပေါ်ရန် မခဲယဉ်းတော့ပေ။

ဂျိနီဗာရှိ ဒူးနန့်၏မိတ်ဆွေလေးယောက်တို့သည် အစီအစဉ်ကြီးတစ်ရပ်ကို အကောင်အထည်ဖော်ရန် စတင် ကြိုးပမ်းကြသည်။ ထိုမိတ်ဆွေ လေးယောက်မှာ နာမည်ကျော် ဆွစ်စ် စစ်ဗိုလ်ချုပ်



ဒူးဖိုး၊ ဂျိနီဗာ လူမှုရေးအဖွဲ့ဥက္ကဋ္ဌ ဂူးစတပ်မွိုင်နီယာ၊ ထင်ရှားသော ဆရာဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာ အယ်၊ပီ၊အေ၊အက်ပီယာ နှင့် ဒေါက်တာသီယိုဒို မော်နွာတို့ ဖြစ်ကြသည်။

၎င်းတို့လေးဦးသည် ဒူးနန့်နှင့်ပူးတွဲကာ ငါးဦးကော်မတီတစ်ရပ် ဖွဲ့စည်းပြီးနောက် ဂျိနီဗာတွင် အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ရပ် ကျင်းပနိုင်ရန်အတွက် ကမကထပြု ဆောင်ရွက်ကြလေသည်။ ကော်မတီသည် နိုင်ငံတကာရှိ ဆက်သွယ်သင့် ဆက်သွယ်ထိုက်သူများထံ ဆက်သွယ်သည်။ ညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြားသည်။ သည်ကိစ္စတွင် ဒူးနန့်သည် အထူးသံတမန် တစ်ဦးပမာ ဘာဝန်ယူ ဆောင်ရွက်ခဲ့သည်။ ဆိုလဖာရီနိုစာအုပ်ကြောင့် သူ့ကို လူတကာက သိနေ လေးစားနေကြသည်ဖြစ်ရာ စည်းရုံးလှုံ့ဆော်ရာ၌ ပို၍ ခရီးတွင်ခဲ့သည်။

တိုင်းပြည် တစ်ပြည်မှ တစ်ပြည်သို့ ကူးသန်း သွားလာကာ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရအရာရှိများနှင့် အခြားဩဇာတိက္ကမရှိသူ လူကြီးများအား တွေ့ဆုံကာ ဆိုလဖာရီနိုမှ ဘေးဒုက္ခမျိုးကို တားဆီး ကာကွယ်နိုင်ရေးအတွက် နိုင်ငံတကာက မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံတို့ကို စည်းရုံး ဆော်ဩ ပြောဆိုသည်။ ထို့ပြင် ပြည်တွင်းပြည်ပရှိ ပုဂ္ဂိုလ်အဖွဲ့အစည်းများစွာထံသို့ ပေးစာပေါင်း ထောင်ချီ၍ ရေးသား ပေးပို့ ဆက်သွယ်သည်။ သူ့စာအုပ်ငယ်များကိုလည်း ပို၍ ပို၍ ရိုက်နှိပ် ဖြန့်ဖြူးဝေငှခြင်း ပြုသသည်။

သူ၏ ထက်သန်စွာဆောင်ရွက်မှုကြောင့် အမေရိကန်သမ္မတ အေဗရာဟမ်လင်ကွန်း၊ ပြင်သစ်ဧကရာဇ် နပိုလီယန် (တတိယ) သည်တို့ အပါအဝင် အရေးပါသော ပုဂ္ဂိုလ်များစွာတို့ထံမှ [illegible]င်စား တုံ့ပြန်မှုများ ရရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၃ ခုနှစ်၊ အောက်တိုဘာလတွင်မူ ဂျီနီဗာ၌ ပထမဆုံး ညီလာခံကို ကျင်းပဖြစ်လေသည်။ နိုင်ငံ ၁၇ နိုင်ငံမှ ကိုယ်စားလှယ် ၂၃ ယောက်တို့ တက်ရောက်သည့် ၎င်းညီလာခံတွင် သဘာပတိအဖြစ် မွိုင်နီယာက ဆောင်ရွက်၍ ဒူးနန့်က ညီလာခံအတွင်းရေးမှူးအဖြစ် ဆောင်ရွက် ခဲ့သည်။ သို့သော် လေးရက်ကြာ ကျင်းပသည့် စည်းဝေးပွဲများအတွင်း ဒူးနန့် စကားမပြောခဲ့ရပေ။ လုပ်ငန်းအားလုံးကို မွိုင်နီယာက စီးထားခဲ့သည်။ သူသည် ထူးချွန်သောရှေ့နေတစ်ဦးဖြစ်၍ အဖွဲ့အစည်းလုပ်ငန်းတွင် အတွေ့အကြုံလည်း ရှိသူဖြစ်ရာ အစစ အရာရာ အကွက်စေ့အောင် သူချည်း ဦးဆောင် လုပ်ကိုင်သွားသည်။

နောက်နှစ် (၁၈၆၄ ခုနှစ်)တွင်မူ ညီလာခံခေါ်ယူရေးကိစ္စကို ဆွစ်စ်အစိုးရက တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။ ၎င်းညီလာခံ၌မူ ဂျီနီဗာသဘောတူညီချက် (ဂျီနီဗာ ကွန်ဗင်းရှင်း) ပထမမူကြမ်းကို ညှိနှိုင်းရေးဆွဲ အတည်ပြုခဲ့ကြပြီး ၎င်းသဘောတူညီချက်တွင် ပါဝင်သည့် စစ်ပွဲ၌ ဒဏ်ရာရသူများဆိုင်ရာ စည်းမျဉ်းဥပဒေများသည် နိုင်ငံတကာဥပဒေရပ်ထဲတွင် အကျုံးဝင်လာခဲ့ပေသည်။

ထို ၁၈၆၄ ခုနှစ်တွင် ဒိန်းမတ်နှင့် ပရပ်ရှားတို့ စစ်ဖြစ်ပွားသည့်အခါ ဂျီနီဗာကွန်ဗင်းရှင်းအဖွဲ့သည် ပထမဆုံးအကြိမ် လက်တွေ့ ကွင်းဆင်းဆောင်ရွက်ခွင့် ရခဲ့သည်။ စစ်ပွဲတွင် ဒဏ်ရာရသူများအပေါ် စစ်တိုက်သူ နှစ်ဦးနှစ်ဖက်တို့က ဂျီနီဗာသဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်လေ့လာရန်နှင့် ပြုစုစောင့်ရှောက်ရန် စစ်မြေပြင်သို့ ဆင်းခဲ့သည့် ထိုအဖွဲ့ကို ဒေါက်တာအက်ပီယာက ဦးဆောင်ခဲ့သည်။

စစ်မြေပြင်၌ လုပ်ကိုင်နေစဉ် တစ်လျှောက်လုံး ဒေါက်တာ အက်ပီယာသည် အဖြူရောင် အောက်ခံပေါ်၌ အနီရောင် ကြက်ခြေ



တစ်ခုပါသည့် (ကြက်ခြေနီ) လက်ပတ်တစ်ခုကို ပတ်ထားခဲ့သည်။ ဒေါက်တာ အက်ပီယာသည် မိမိလုပ်ငန်းကို စည်းစနစ်တကျ တက်တက်ကြွကြွ ဆောင်ရွက်နိုင်ခဲ့သည်ဖြစ်ရာ သူ့အား အရပ်ဘက်ရော စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များကပါ လေးစားချီးကျူးခဲ့ကြသည်။

ဆွစ်စ် အလံကို အရောင်နှစ်ရောင် ပြောင်းပြန်လှန်ထားသော သဘောဖြစ်သည့် ဒေါက်တာအက်ပီယာ၏ လက်ပတ်ပါ ကြက်ခြေနီ အမှတ်အသားသည် ဂျီနီဗာကွန်ဗင်းရှင်းအဖွဲ့၏ အမှတ်သင်္ကေတ ဖြစ်သွားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် ၁၈၆၄ ခုနှစ်က ဒေါက်တာ အက်ပီယာ သုံးစွဲခဲ့သည့် မူလပထမ ကြက်ခြေနီ လက်ပတ်ကို ထိုအဖွဲ့ကြီး၏ သမိုင်းဝင်ပစ္စည်းတစ်ခုအဖြစ် ယနေ့တိုင် အမှတ်တရ သိမ်းဆည်းထားရှိပေသည်။

ထိုအချိန်၌ သည်ကိစ္စ သည်လုပ်ငန်းရပ်ကြီးကို စတင်စည်းရုံး ဆော်ဩခဲ့သူ ဟင်နရီဒူးနန့်မှာ မည်သို့သော အခြေအနေ၌ ရှိနေသနည်း။

၁၈၆၄ ခုနှစ် ဒုတိယညီလာခံ၌လည်း မွိုင်နီယာပင် လွှမ်းမိုးခဲ့သည်။ စင်စစ် သူသည် စီမံခန့်ခွဲရေးလုပ်ငန်းတွင် ကျွမ်းကျင်ထူးချွန်သူဖြစ်ရာ ကြက်ခြေနီအဖွဲ့ကြီး၏ ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်း ၅၀ ကျော်ပင် ဆက်လက် ဆောင်ရွက်သွားနိုင်ခဲ့သည်။ စီးပွားရေးလုပ်ငန်းတွင် ထူးချွန်ထက်မြက်သူတစ်ဦးအဖြစ် တစ်ချိန်က အသိအမှတ်ပြု ခံခဲ့ရဖူးသူ ဟင်နရီဒူးနန့်မှာကား သူအပြင်းအထန် စိတ်စွဲလန်းခဲ့သည့် ဒုက္ခသည် ကယ်ဆယ်ရေးလုပ်ငန်းကြီး အကောင်အထည် ပေါ်လာရေးအတွက် အားမနေ ဆောင်ရွက်ရင်း မိမိကိုယ်ပိုင်လုပ်ငန်းများကို ဂရုမစိုက်နိုင်ဘဲ ရှိရာ တဖြည်းဖြည်း သူ့စီးပွားရေး၏ အခြေအနေမှာ ကျဆင်းသည် … ကျဆင်းလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ စီးပွားပျက်မည့် အခြေအနေသို့ ဆိုက်ရောက်ကာမှလက စီးပွားအတူ လုပ်ကိုင်ခဲ့သူတို့ ရှောင်ဖယ်လာကြသည့်အခါ စိတ်ထောင်းကိုယ်ကြေဖြင့် မကျန်းမမာ ဖြစ်လာခဲ့သည်။ အဆိုးဆုံးကား (Persecution Mania) ခေါ် သူတစ်ပါးက မိမိအား မတရားလုပ်ဆောင်ရန် ကြံစည်နေသည်ဟု အထင်မှားသည့် စိတ်ရောဂါဝေဒနာတစ်ခု စွဲကပ်သွားခြင်း ဖြစ်၏။

ထိုသို့ ဒူးနန့်၌ စီးပွားရေးရော စိတ်ဓာတ်ရေးပါ ယိမ်းယိုင်ပျက်ယွင်းလာသည့်အချိန်တွင် ဂျီနီဗာရှိ အဖွဲ့ကြီးက သူ့အား မသိမသာ ဘေးဖယ်ထားခဲ့သည်။ ထိုအခါ ဆိုလဖာရီနို စာအုပ်ဖြင့်အောင်မြင်မှုရခဲ့ဖူးသူ ဒူးနန့်သည် ထိုစာရေးသားနိုင်မှုစွမ်းအားဖြင့်ပင် မိမိကိုယ်ကိုမိမိ ပြန်လည်ထူထောင်နိုင်ရန် ကြိုးစားသည်။ သို့သော် တကယ် လက်တွေ့တွင် မျှော်မှန်းတိုင်း ဖြစ်မလာသည့် အခါ၌မူ စိတ်ဓာတ်ကျဆင်းကာ အသိုက်အဝန်းဟောင်းကို မိမိဘာသာ စွန့်ခွာနောက်ဆုတ်သွားတော့၏။

ဤသို့ဖြင့် ကမ္ဘာ့ ကြက်ခြေနီ အဖွဲ့ကြီး တစ်နေ့တခြားကြီးထွားလာချိန်တွင် ကြက်ခြေနီ အဖွဲ့ကြီး တည်ထောင်ဖြစ်အောင် စတင် စည်းရုံး လှုံ့ဆော်ခဲ့သည့် ပုဂ္ဂိုလ်ကြီးမှာ တဖြည်းဖြည်းမှေးမှိန် ကွယ်ပျောက်သွားခဲ့သည်။

မူလအသိုက်အဝန်းမှ လုံးဝပျောက်ကွယ်သွားပြီး ၁၅ နှစ်ခန့်ကြာသည့် အချိန်၌မှ ဟင်နရီဒူးနန့် ပြန်၍ ပေါ်လာလေသည်။ သူပြန်ပေါ်လာသည့်နေရာမှာ ဆွစ်ဇာလန် နိုင်ငံ အဲ့လ်ပ် တောင်တန်းတစ်နေရာရှိ ဟေဒင်အမည်ရှိ ရွာကလေးတစ်ရွာ ဖြစ်၏။

ထိုအချိန်၌ သူ့ရုပ်သွင်က လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ သူသည် ဒူးအထိရှည်လျားသော မုတ်ဆိတ်မွေးဖြူဖြူများနှင့် ခပ်ဆန်းဆန်း ခပ်ကြောင်ကြောင် အဘိုးအို တစ်ယောက်



ဖြစ်နေသည်။ သူ့အား ဟေဒင်ရွာမှ ကျောင်းဆရာလေး ဗိလင်ဆွန်ဒါရက်ဂါက ကြက်ခြေနီအသင်း စတင်တည်ထောင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်ကြောင်း သိရှိသွားသည်။ သို့နှင့် ဗိလင်တို့ ဇနီးမောင်နှံသည် အဘိုးအိုအား ရင်းရင်းနှီးနှီးဖော်ဖော်ရွေရွေ ပေါင်းသင်းဆက်ဆံကာ သူငယ်စဉ်ကရှိခဲ့သည့် ထက်သန်တက်ကြွသောစိတ်မျိုး တစ်စွန်းတစ်စပြန်ပေါ်လာအောင် ဖေးမ ကူညီခဲ့ကြသည်။

ရောမမြို့တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီး၏ အပြည်ပြည်ဆိုင်ရာညီလာခံတစ်ခု မကြာမီ ကျင်းပရန်ရှိကြောင်း သိရသည့်အခါ ဒူးနန့်က ဆွန်ဒါရက်ဂါအား ညီလာခံ သွားတက်ရန် တိုက်တွန်းသည်။ သို့သော် လက်တွေ့တွင် အထမမြောက်။ ဆွန်ဒါရက်ဂါမှာ ရောမသို့သွားရန် ခရီးစရိတ်မတတ်နိုင်။ ထိုအခါ ဒူးနန့်က ရန်ပုံငွေ ကြိုးစားကောက်ခံသည်။ သည်ကိစ္စလည်း မအောင်မြင်။ တစ်ချိန်က ဥရောပတစ်ခွင် ပြုံပြုံစင်အောင်လှည့်လည်ကာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးလောကမှ ထိပ်သီးပုဂ္ဂိုလ်တွေကို မိမိလုပ်ငန်းကြီးထဲ ပါလာအောင်စည်းရုံး သိမ်းသွင်းနိုင်ခဲ့ဖူးသူ ဟင်နရီဒူးနန့်သည် ယခုအခါ ဖရန့်ဒင်္ဂါး တစ်ရာ နှစ်ရာမျှ ရအောင်ပင် ရန်ပုံငွေ ကောက်ခံနိုင်စွမ်း မရှိဖြစ်နေခဲ့လေပြီ။

ရန်ပုံငွေ မရသည့်အခါ ညီလာခံသို့ ဆွန်ဒါရက်ဂါ မသွားရောက်နိုင်တော့ပေ။ သို့သော် သူက ညီလာခံသို့ စာတစ်စောင်ရေးသားပေးပို့လိုက်သည်။ တိမ်မြုပ် ပျောက်ကွယ်နေသော ဟင်နရီဒူးနန့်သည် မိမိတို့ရွာကလေးတွင် ရောက်ရှိနေသည်ဆိုသောအကြောင်းရေးသားလိုက်ခြင်း ဖြစ်သည်။

ဟေဒင် ရွာမှ ကျောင်းဆရာလေး၏ စာသည် ရောမမြို့ကြက်ခြေနီညီလာခံ၌ အတော်ပင် လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သည်။ ကြက်ခြေနီအဖွဲ့တွင် လောလောဆယ် ထိပ်ပိုင်းတာဝန်ယူထားသည့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးများက အဖွဲ့ကြီး စတင်တည်ထောင်ဖြစ်အောင် ကြိုးပမ်းခဲ့သူအား ထိုက်ထိုက်တန်တန် ပြန်လည်ချီးမြှင့်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လာကြသည်။ အချို့လည်း သူနှင့် တွေ့ဆုံရန်အတွက် ဟောဒင်ရွာအထိ လိုက်လာကြသည်။

သူ့အား နှစ်နာကြေး ပေးသည့်နှယ် ချီးကျူးစကား ဆိုကြ၊ ဂုဏ်ပြုကြ၊ ဆုတံဆိပ်တွေ ချီးမြှင့်ကြသည်။

သို့သော် နောက်ကျသွားခဲ့ပြီ။ သူ့စိတ်ဓာတ်က အတော်ပင် ထိခိုက် ပျက်စီးသွားခဲ့ပြီ။ သူ့အား ချီးကျူး ဂုဏ်ပြုမှုများ၊ သူ့အား ကူညီရန် ကြိုးပမ်းမှုများကို သူ မှန်မှန်ကန်ကန် ခံယူတုံ့ပြန်နိုင်စွမ်း မရှိတော့။

၁၉၁၀ ပြည့်နှစ်တွင် ဟင်နရီဒူးနန့် ကွယ်လွန်သည်။ မကွယ်လွန်မီ ၁၈ နှစ်မျှ ကာလအတွင်း၌ကား သူ၏ ဆောင်ရွက်ချက်ကို အသိအမှတ်ပြုကြ၊ လေးစားတန်ဖိုးထားကြသူများ၏ ကျေးဇူးကြောင့် ဟောဒင်ရွာရှိ ဆေးရုံငယ်လေးတွင် အတန်အသင့် သက်သာငြိမ်းအေးစွာ နေထိုင်ခွင့် ရခဲ့ပေသည်။

ယခု အခါ၌မူ ကြက်ခြေနီအဖွဲ့ကြီးသည် ကမ္ဘာပေါ်၌ လူသားတို့အား ဘေးဒုက္ခအမျိုးမျိုးတို့မှ ကယ်ဆယ်ရာ၊ ကာကွယ်စောင့်ရှောက်ရာ အဖွဲ့အစည်းကြီးအဖြစ် ခိုင်ခံ့ကြီးကျယ်စွာ ရပ်တည်လျက်ရှိပြီဖြစ်၏။ ကမ္ဘာ့နိုင်ငံအသီးသီးတို့သည်လည်း ကြက်ခြေနီလုပ်ငန်းကြီး၏ အရေးပါပုံ၊ မရှိမဖြစ်လိုအပ်ပုံကို သိရှိကာ မိမိတို့နိုင်ငံများ၌ ကြက်ခြေနီ သို့မဟုတ် အလားတူသဘောဆောင်သည့် အဖွဲ့များ ဖွဲ့စည်းထားရှိကြပြီ ဖြစ်၏။

ကြက်ခြေနီအဖွဲ့အစည်းများအနေနှင့် လုပ်ကိုင်ဆောင်ရွက်ပုံနည်းစနစ်များတွင် ယခင်ကထက် ခေတ်မီ တိုးတက်ခြင်း၊ ပို၍ သွက်လက်ထက်မြက်ခြင်းများ ရှိလာခဲ့သည်မှန်၏။ သို့သော် အပေါ်ယံ



သွင်ပြင်သဏ္ဌာန်များသာ ပြောင်းလဲသယောင် ရှိသည်။ အခြေခံအနှစ်သာရ မပြောင်းလဲ။ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ဖြစ်အောင် တိုက်တွန်းစေ့ဆော်ပေးသည့် တွန်းအားသည်လည်း မပြောင်းလဲ။

ဟင်နရီဒူးနန့်နှင့် ဆိုလဖာရီနိုမှ သူ့အဖွဲ့သားများအား တွန်းပို့အပ်နှင်း ပေးခဲ့သည့် 'ငါတို့ အားလုံးသည် ညီရင်းအစ်ကိုများသာ ဖြစ်သည်။ လူသားအချင်းချင်းသည် သွေးသားရင်းချာပမာ တစ်ဦးကို တစ်ဦး ကူညီ စောင့်ရှောက်ရမည်' ဟူသော လူလူချင်း စာနာထောက်ထားသည့် စိတ်ဓာတ် အခြေခံဖြင့်ပင် ဆက်လက် လှုပ်ရှားရှင်သန်နေခြင်း ဖြစ်သည်။

ထို့ပြင် ဆယ့်ငါးနှစ်မျှသောကာလ အခိုက်အတန့်အဖို့သာ ဟင်နရီဒူးနန့်ကို မေ့ခဲ့ကြသည်။ သူ့ကို ပြန်လည် တွေ့ရှိကြသည့် နေ့မှသည် ယနေ့ကာလတိုင်အထိကား ဟင်နရီဒူးနန့်ကို လူသားအကျိုးပြုပုဂ္ဂိုလ်ကြီး၊ ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကြီးကို စတင်တည်ထောင်သူ ဖခင်ကြီးအဖြစ် ကမ္ဘာက အစဉ်လေးစား သိမှတ် ဂုဏ်ပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

# အဲလဘတ်ရွိုက်ဇာ

## (ALBERT SCHWEITZER)

(၁၈၇၅–၁၉၆၅)

ပြင်သစ်ပိုင် အီကွေတာ အာဖရိကဒေသ (နောင်တွင် ဂါဘွန် သမ္မတ ...ိုင်ငံ)မှ လမ်ဘာရိနေ (Lambarene) အမည်ရှိ ရွာကလေးကို ကမ္ဘာ ... သိကြသည်။ အာဖရိက တောတွင်းခေါင်ခေါင်ရှိ ထိုရွာကလေးကို ...မ္ဘာက သိခြင်းမှာ ဆရာဝန်ကြီး အဲလဘတ်ရွိုက်ဇာ (ရှဗစ်ဆာ) ...ကြောင့် ဖြစ်သည်။

ရွိုက်ဇာကား ကမ္ဘာ့သမိုင်းတစ်လျှောက် အထင်ရှားဆုံး စေတနာ ဆရာဝန်ကြီးတစ်ဦး ဖြစ်သကဲ့သို့ ကိုယ်ကျိုးမကြည့် စေတနာစိတ်ဓာတ် ...ပြည့်ဖြင့် တစ်ဘဝလုံး မြှုပ်နှံလုပ်ကိုင်ကြမည့် စေတနာ ဆရာဝန် ...ေါင်း မြောက်မြားစွာ ပေါ်ထွန်းလာအောင် ဦးဆောင် လမ်းပြသူ ...ူးလ်ထူးကြီး တစ်ဦးလည်း ဖြစ်ပေသည်။

\+ \+ \+

www.burmeseclassic.com

www.burmeseclassic.com



ခင်စစ် ရှိုက်ဇာကား စေတနာရှင် ဆရာဝန်ကြီးတစ်ယောက်မျှသာ
မဟုတ်။ လူ့သမိုင်းတစ်လျှောက် အကြီးအကျယ် အထူးချွန်ဆုံး
ပုဂ္ဂိုလ်များထဲတွင် ထည့်သွင်းရမည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်၏။

သူသည် အီတလီလူမျိုး ပန်းချီနှင့် သိပ္ပံပညာကျော် လီယိုနာ
ဒိုဒါဗင်ချီ၊ ဂျာမန် စာဆိုသိပ္ပံပညာကျော် ဂိုထေတို့ကဲ့သို့ပင် ဘက်စုံ
ဖွံ့ဖြိုးထူးချွန်သူ ဖြစ်သည်။

သူ တကယ်ပါရဂူမြောက် တတ်ကျွမ်းခဲ့သည့် ပညာရပ်လေး
ရှိသည်။ ယင်းတို့ကား အလွယ်တကူဆက်စပ်၍ ရနိုင်စရာအကြောင်း
မရှိသော ဘာသာရပ်များ ဖြစ်သည့် ဒဿနိကဗေဒ၊ ဆေးပညာ၊
ဘာသာရေးပညာ (Theology) နှင့် ဂီတပညာတို့ ဖြစ်သည်။

သူသည် ဂီတပညာရှင် ဘတ်ခ် (Bach) အကြောင်းကို လည်း
ကောင်း၊ တမန်တော် ယေရှုခရစ်အကြောင်းကို လည်းကောင်း
လေးနက်ခိုင်မာသော ကျမ်းများ ရေးသား ပြုစုခဲ့သည်။ လူ့ယဉ်ကျေး
သမိုင်းကို သုံးသပ်ဝေဖန်သည့် ကျမ်းမျိုးလည်း သူ ရေးသားခဲ့သည်။
သူသည် သူ့ခေတ်ကာလတွင် အထင်ရှားဆုံး အော်ဂင်တီးသမား
တစ်ယောက် ဖြစ်သကဲ့သို့ အော်ဂင်တည်ဆောက်မှု အတတ်ပညာပိုင်း
တွင် ကမ္ဘာ့၌ ထိပ်တန်း အဆင့်ရှိသည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။

ထို့ပြင် သူသည် ရသဗေဒပညာ၌ နားလည် ကျွမ်းကျင်သူ
တစ်ဦးဖြစ်သကဲ့သို့ အပူပိုင်းဒေသ သတ္တဗေဒပညာ၊ မနုဿဗေဒနှင့်
စိုက်ပျိုးရေးပညာတို့တွင်လည်း ပညာသည် အဆင့်ရှိသူ ဖြစ်သည်။
ထို့ပြင် သူသည် လက်သမားအတတ်၊ ပန်းရံအတတ်၊ ဆေး
စပ်သည့်အတတ်၊ မဏ္ဍင်းနှစ်အတတ် စသည်တို့၌လည်း ကျွမ်းကျင်
လိမ္မာသူ ဖြစ်သည်။



ထို့ပြင် ဆေးပညာရှင်ဖြစ်သော သူသည် 'လူ' လူနာတို့ကိုသာ
ကုသနိုင်စွမ်းရှိသည်မဟုတ်။ တိရစ္ဆာန် ကြီးငယ်များကိုပါ ကောင်းစွာ
ကုသပေးနိုင်သည့် တိရစ္ဆာန် ဆေးကု ပညာသည် တစ်ဦးလည်း
ဖြစ်ခဲ့ပေသည်။

\+ \+ \+

အဲလဘတ်ရှိုက်ဇာကို ဂျာမန် အယ်လဆေ့စ် (German Alsace)
နယ် ကေဆားစဗတ် (Kaysersberg) မြို့တွင် ၁၈၇၅ ခုနှစ်၊
ဇန်နဝါရီလ ၁၄ ရက်နေ့၌ မွေး၏။ နောင်ဆခါ အလွန်ကျန်းမာသန်စွမ်း
သူ တစ်ဦး ဖြစ်လာခဲ့ သော်လည်း ငယ်စဉ်ကမူ ချူချာသူလေး
တစ်ယောက်ဖြစ်၏။ ထို့ပြင် စာသင်ရာ၌လည်း အလွယ်တကူမတတ်
သူ၊ စာတတ် နှေးသူလေး ဖြစ်ခဲ့သည်။ သို့သော် သူ၌ မိမိအတွက်
ခက်ခဲနေသည့်အရာကို ကျွမ်းကျင်တတ်မြောက်အောင် မဖြစ်မနေ
ကြိုးပမ်းလိုသော စိတ်ဓာတ်စွမ်းအားတစ်ခု ငယ်စဉ်ကပင် ကိန်းအောင်း
ပါရှိလာခဲ့သည်။ ထိုစိတ်ဓာတ်ဖြင့်ပင် သူသည် ပညာပိုင်းဆိုင်ရာ
အခက်အခဲ မှန်သမျှကို ကျော်လွှားကာ ဉာဏ်ဗဟုသုတ ပြည့်ဝ
ထက်မြက်သူတစ်ဦး ဖြစ်လာခဲ့ရပေသည်။

ဂီတပညာ၌မူ သူသည် မွေးရာပါ ပါရမီရှင်တစ်ဦးဟု ဆိုရ
ပေမည်။ အသက်ခုနစ်နှစ်သားတွင်ပင် သူသည် ဓမ္မတေးတစ်ပုဒ်ကို
သီကုံးနိုင်ခဲ့၏။ အော်ဂင်ကိုမူ ခြေနင်းခလုတ်ကို အလှမ်းမီရုံရှိသည့်
အသက်ရှစ်နှစ်သားမှစ၍ တီးတတ်ခဲ့ပြီး ကိုးနှစ်ပြည့်ချိန်တွင် ဘုရား
ရှိခိုးကျောင်း၌ အမြဲတမ်းအော်ဂင်တီးသမားအဖြစ် တာဝန်ပေးအပ်ခြင်း
ခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကာလတစ်လျှောက် အယ်လဆေ့စ်နယ်ရှိ အထက်တန်းကျောင်းများတွင် ပညာသင်သည့်အခါ အဓိကအားဖြင့် သဘာဝသိပ္ပံဘာသာရပ်များကို သူ စိတ်ဝင်စားခဲ့သည်။ ထိုအတွင်း ပြင်သစ်အော်ဂင်ပညာရှင်ကြီး ရှားလ်မာရီဝီဒေါထံ၌လည်း အခါအားလျော်စွာ ဂီတ သင်ခန်းစာများ သင်ယူသည်။ အသက် ဆယ့်ရှစ်နှစ်တွင် အယ်လဆေ့စ် ပြည်နယ် မြို့တော် စထရတ်စ်ဘော့ဂ် တက္ကသိုလ်သို့ တက်ရောက်ကာ ဘာသာရေးပညာနှင့် ဂီတပညာများ ဆည်းပူးလေ့လာသည်။

ထိုကာလအတွင်း သူ၌ ယေရှုခရစ်တော်နှင့် ဂီဟပညာရှင် ဘတ်ခ်တို့အပေါ် လေးမြတ်ကြည်ညိုစိတ်များ ထက်သန်ကိန်းအောင်းလာခဲ့သည်။ နောက်လေးနှစ်အကြာ၌မူ ပြင်သစ်ပြည် ပါရီမြို့သို့ သွားရောက်ပြီး ဆော်ဗွန်းတက္ကသိုလ်၌ ဒဿနပညာရပ်များ သင်ယူသည်။ တစ်ချိန်တည်းတွင် ဂီတဆရာကြီးဝိဒေါထံမှ အော်ဂင်ပညာကိုလည်း သင်ယူ လေ့ကျက်လေသည်။

ရွိုက်ဇာသည် ဂျာမန်တွေးခေါ်ရှင်ကြီး ကန့် (Kant) ၏ အတွေးအခေါ်များအကြောင်း စာတမ်းဖြင့် ပါရဂူဘွဲ့ရရှိခဲ့၏။ ထို့နောက်တွင် စထရတ်စ်ဘော့ဂ်မြို့ စိန့်နစ်ကိုလတ် ဘုရားရှိခိုးကျောင်းတွင် သင်းထောက်ဆရာ ဖြစ်လာသည်။

တစ်ချိန်တည်းတွင် တက္ကသိုလ်၌ ဘာသာရေးပညာဆိုင်ရာ ကထိကအဖြစ်လည်း တာဝန်ထမ်းဆောင်သည်။ ထိုကာလအတွင်း သူသည် ဘာသာရေး ပညာ၊ အတွေးအခေါ်နှင့် ဂီတ ဆိုင်ရာ ကျမ်းစာစောင်တို့ကို စတင်ရေးသားပြုစုထုတ်ဝေခြင်း ပြုလေသည်။ တစ်ဖက်တွင်လည်း သူသည် အော်ဂင်အတီးပညာရှင် တစ်ဦးအဖြစ်လည်းကောင်း၊ အော်ဂင်ဟောင်းများ ပြုပြင်သူ၊ အော်ဂင်ပုံစံသစ်များ တီထွင် ပြုလုပ်သူ အဖြစ် လည်းကောင်း တေးဂီတ လောကတွင်



အောင်မြင်ကျော်ကြားလာသည်။ အဖိုးတန် ရှေးသမိုင်းဝင် အော်ဂင်ကြီးများ ထိန်းသိမ်းပြုပြင်ရေးအတွက် သူ့အား အနယ်နယ်အရပ်ရပ်မှ ဆက်သွယ်၍ အကူအညီ တောင်းကြသည်။

ဤသို့လျှင် အသက် ၃၀ အရွယ်၌ ရွိုက်ဇာသည် ဒဿန၊ ဘာသာရေးနှင့် ဂီတတည်းဟူသော နယ်ပယ်သုံးရပ်လုံးမှာပင် ထင်ရှားအောင်မြင်လျက် ရှိနေခဲ့သည်။ သို့သော် ထိုအချိန် ကာလမှာပင် ရွိုက်ဇာသည် သူ့ဘဝကို အကြီးအကျယ် ပြောင်းလဲသွားစေမည့် ဆုံးဖြတ်ချက်ကြီးတစ်ရပ်ကို ချမှတ် ဖြစ်ခဲ့လေသည်။

ယင်းကား အာဖရိကတိုက်ရှိ ခေတ်မီဆေးဝါးအစောင့်အရှောက်ကင်းမဲ့သူ တိုင်းရင်းသား လူမည်းများအား ဆရာဝန်တစ်ဦး အဖြစ်ကိုယ်တိုင်သွားရောက် ကူညီစောင့်ရှောက်နိုင်ရန်အတွက် မိမိ ဆေးပညာသင်ယူမည်ဟူသော ဆုံးဖြတ်ချက် ဖြစ်သည်။

သူ့ဆုံးဖြတ်ချက်ကြောင်း မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများ အကြီးအကျယ် အံ့အားသင့် သွားကြသည်။ အဓိပ္ပာယ် မရှိသည့်အကြောင်း ဝိုင်းဝန်းပြောဆို တားမြစ်ကြသည်။

စင်စစ် ရွိုက်ဇာ၌ ထိုသို့သော စိတ်ကူးမျိုး ရှိနေခဲ့သည်မှာ ကြာပြီဖြစ်၏။ အနီးဝန်းကျင်၌ လည်းကောင်း၊ တိုင်းတစ်ပါး အရပ်ဒေသများ၌လည်းကောင်း ဆင်းရဲဒုက္ခရောက်နေကြသူတွေ အမြောက်အမြား ရှိနေစဉ် ၎င်းတို့နည်းတူ လူသားတစ်ဦးဖြစ်သော မိမိက ၎င်းတို့၏ ဒုက္ခများကို မသိကျိုးကျွံပြုကာ သက်သာ လွယ်ကူသောဘဝကို ရရှိ ခံစားနေခြင်းသည် တရားပါ၏လော ဟူသော အတွေးမျိုးကျောင်းသားဘဝ ကတည်းကပင် သူ တွေးမိလေ့ ရှိခဲ့သည်။

ထို့ပြင် မိမိပတ်ဝန်းကျင်ရှိ ခရစ်ယာန်ဘာသာဝင်အများစုတို့မှာ ယေရှုခရစ်၏ မေတ္တာ ကရုဏာတရားများကို နာကြားခြင်း၊ သူတစ်ပါးအား ထပ်ဆင့်ပြောဆိုဆုံးမခြင်းများ ပြုလုပ်နေကြသော

www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုယ်တိုင်မူ တရားတော်အတိုင်း လက်တွေ့ကျင့်သုံးဆောင်ရွက်မှု မရှိကြဟု သူ မြင်နေကာ မိမိကိုယ်တိုင်အဖို့တွင် အပြောမဟုတ်၊ လက်တွေ့လုပ်ပြနိုင်ရမည်ဟူ၍ စိတ်ကူးရှိခဲ့သည်။

အစ ပထမတွင် သူ၌ အာဖရိကသို့ သွားရန် အစီအစဉ် မရှိခဲ့ပေ။ မိဘမဲ့ကလေးများအား ထိန်းသိမ်းစောင့်ရှောက်ကာ ပညာသင်ကြားပေးသည့် အလုပ်မျိုးကိုလုပ်လျှင် ကောင်းမည်လားဟု သူ စဉ်းစားသေးသည်။ သို့သော် ထိုလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် ညှိနှိုင်းကြည့်သည့်အခါ အဆင်မပြေခဲ့ပေ။

ထို့နောက်တွင် အခြေအနေမဲ့၊ ထောင်ထွက်များအား ဘဝသစ်ထူထောင်ပေးသည့် အလုပ်မျိုးကို သူ စဉ်းစားပြန်သည်။ သည်ကိစ္စမှာလည်း လက်တွေ့လုပ်ဖြစ်ရန် မလွယ်ကူသည့် အနေအထားမျိုး ရှိနေသည်။ တစ်နေ့တွင်မူ ပါရီရှိ ဘာသာရေးအသင်းအဖွဲ့တစ်ခုက ထုတ်ဝေသော မဂ္ဂဇင်း တစ်စောင်၌ အာဖရိက ဂါဘွန် ဒေသတွင် ဆရာဝန်များ လိုအပ်နေကြောင်း ဆောင်းပါးတစ်ပုဒ်ကို သူ ဖတ်ရှုရသည်။ သည်ဆောင်းပါးကို ဖတ်ရှုပြီးသည်နှင့် တစ်ပြိုင်နက်ပင် မိမိလုပ်ရမည်မှာ ဆရာဝန်အလုပ်သာဖြစ်ကြောင်း ရှိုက်ဇာ ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်မိလေသည်။

အသက်သုံးဆယ်ရောက်ကာမှ အောင်မြင်နေသော 'အခြားအလုပ်တွေကိုပစ်ကာ ဆေးကျောင်းတက်မည် ဆိုလာသည့် ရှိုက်ဇာအား ဆွေမျိုးမိတ်သင်္ဂဟများက ကန့်ကွက်တားမြစ်ကြခြင်းမှာ အံ့ဩစရာ မဟုတ်ပါ။ ရှိုက်ဇာကိုယ်တိုင်ကလည်း ကန့်ကွက်သူများ၏ စေတနာကို နားလည်သဘောပေါက်ခဲ့သည်။

'သူတို့ ကျွန်တော့်ကို တကယ်ချစ်လို့ စေတနာနဲ့ပြောကြတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်ဗျာ၊ သူတို့က ကျွန်တော့်ရင်ထဲကို နှိုက်ကြည့်ဖို့မှ မကြိုးစားကြဘဲ၊ အဲဒီတော့ နားမလည်နိုင်ကြဘူးပေါ့၊



သူတို့က ကျွန်တော့်ကို ငယ်ငယ်ရွယ်ရွယ်နဲ့ ပညာ ထူးချွန်တဲ့ ကောင်လေး၊ ဒါပေမယ့် ခေါင်းကတော့ သိပ်မကောင်းဘူးပေါ့လေ၊ အဲဒါကြောင့် စိတ်ကူးယဉ်ပြီး ပေါက်ကရတွေ လျှောက်လုပ်တယ်၊ အဲသလိုထင်ကြတယ်၊ အဲဒါကြောင့်မို့ ချစ်တဲ့ခင်တဲ့စိတ်နဲ့ ပြောကြဆိုကြ နှောက်ပြောင်ကြတာပါ'

ဟူ၍ သူက ဆိုခဲ့သည်။

ထို့နောက် ၁၉၀၅ မှ ၁၉၁၂ ခုနှစ်ထိ ခုနစ်နှစ်လုံးလုံး ဆေးပညာသင်ယူပြီး အသက် ၃၈ နှစ် အရွယ်တွင် ဆရာဝန်(အမ်၊ဒီ) ဘွဲ့ကိုရသည်။ ထိုကာလသည် သူ့အတွက် အလွန်ပင်ပန်းသောကာလ ဖြစ်သည်။

ဆေးပညာသင်တန်း တစ်ခုတည်းသည်ပင် လူတစ်ယောက်ကို အချိန်ပြည့် ခိုင်းစေထားနိုင်သော သဘောရှိသည်။ ရှိုက်ဇာမှာမူ ဆေးကျောင်းတက်ရင်း ဒဿနပညာပို့ချသော အလုပ်ကိုလည်း ဘစ်ဖက်က လုပ်ရသေးသည်။ စိန့်နစ်ကိုလတ်၏ ဘုရားရှိခိုးကျောင်းမှ သင်းထောက် ဆရာအလုပ်၊ ဘတ်ခ်၏ အော်ဂင် တေးဂီတများကို မှုသန့်သန့်ဖြစ်အောင် စုစည်း တည်းဖြတ်သောအလုပ်၊ တီးဝိုင်းများတွင် အော်ဂင်တီးသောအလုပ် စသည်ဖြင့် သူ စွန့်လွှတ်ခြင်း မရှိသည့် အလုပ်တွေအားလုံးကိုပင် အချိန်ကုတ်ကတ်ရယူ၍ လုပ်နေ ရလေသည်။

၁၉၁၂ ခုနှစ်တွင်မူ သူ လက်ထပ်ဖြစ်လေသည်။ ဇနီးသည်မှာ နာမည်ကျော်သမိုင်းပညာရှင်ကြီးတစ်ဦး၏ သမီးဖြစ်သူ ဟယ်လင် ဘရက်စ်လော (Helene Bresslau) ဖြစ်သည်။ ဟယ်လင်မှာ ရှိုက်ဇာနှင့် စိတ်တူသဘောတူဖြစ်ရာ အာဖရိကတွင် ခင်ပွန်းသည်အား ကူညီနိုင်ရန် အတွက် သူနာပြုအတတ်ကို သင်ကြားခဲ့သည်။

၁၉၁၃ ခုနှစ်တွင် သူတို့ဇနီးမောင်နှံနှစ်ယောက် အာဖရိက အနောက်ပိုင်း တောချုံအုံကြားတစ်နေရာရှိ လမ်ဘာရီနေ ရွာကလေး

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်ရှိလာခဲ့သည်။ လမ်ဘာရီနေတွင် သူတွေ့ရှိရသော အခြေအနေများက အလွန်ဆိုးရွားသည်။ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးကို သစ်ပင်ချုံနွယ်တွေ ပိတ်ဖုံးနေသည်။ ထူပိန်းနေသည့် တောကြီးထဲတွင် သားရဲတိရစ္ဆာန်မျိုးစုံနှင့် မြွေ၊ ကင်း စသည့် အဆိပ်ရှိသတ္တဝါများ ပြည့်နှက်နေသည်။ မြစ်ချောင်းများထဲတွင်လည်း မိကျောင်းတွေအပြည့်။ ထို့ပြင် ပူအိုက် စွတ်စိုသော ရာသီဥတုက သူတို့ ဥရောပသားများအတွက် အခံရခက်လှသည်။

လမ်ဘာရီနေတွင် သူ့အတွက် နေစရာအိမ် ရှိသောလည်း ဆေးရုံကား မရှိသေးပေ။ ဆေးရုံအဆောက်အအုံကို ကိုယ်တိုင်ပင် ဆောက်လုပ်ရလေသည်။ ဆေးရုံအဆောက်အအုံ ဆိုသည်မှာလည်း စင်စစ် တဲကြီးများသာ ဖြစ်၏။ လူနာဦးရေ များပြား လာသည်နှင့် အမျှ တဲများ တိုး၍ တိုး၍ ဆောက်လုပ်ရ၏။ နောက်ပိုင်းတွင်မှသာ အိုဟောင်းလာသော တဲများကို ဖျက်သိမ်းကာ အဆောက်အအုံများ ပို၍ စနစ်တကျ ဆောက်လုပ်ရလေသည်။

အာဖရိကတွင် အဓိကအများဆုံး ရင်ဆိုင်ဖြေရှင်းပေးရသော ရောဂါများမှာ ငှက်ဖျား၊ အအိပ်ဖျား (Sleeping Sickness)၊ ဝမ်းကိုက်ရောဂါနှင့် အနာကြီးရောဂါတို့ ဖြစ်၏။ လမ်ဘာရီနေတွင် ဆရာဝန်တစ်ဦး ရောက်ရှိနေကြောင်း ကြားသိ ရသောအခါ ပတ်ဝန်းကျင်နယ်ပယ် အနှံ့အပြားမှ ရောဂါဝေဒနာသည်များ ရောက်လာကြ၏။ တချို့ဆိုလျှင် မိုင်ပေါင်း ၂၀၀ မျှ ဝေးသော နေရာများမှပင် ရေကြောင်းကုန်းကြောင်းဖြင့် လာရောက်ကြ၏။

လူနာသာ များများလက်ခံရသော်လည်း ဆေးရုံတွင် အလုပ်လုပ်မည့်သူကား ရှားပါးလှသည်။ ဆေးရုံအတွက် အထွေထွေလုပ်သားများ လိုအပ်သကဲ့သို့ ဆရာဝန်၊ သူနာပြုများ၊ တိုင်းရင်းသားလူနာများအကြား စကားပြန်လုပ်ပေးမည့်သူများလည်း လိုအပ်ရာ ရှိုက်ဇာမှာ



ထိုသို့သောအလုပ်များ လုပ်ပေးနိုင်မည့် ဒေသခံများကို အတော်ပင် ရှာဖွေစည်းရုံးယူရလေသည်။

အလွန်ခေတ်နောက်ကျနေပြီး ဘာသာစကား အတားအဆီးလည်း ကြီးမားလှသည့် အာဖရိက တိုင်းရင်းသားများကို ဆေးဝါးကုသရသည်မှာ မလွယ်ကူသောကိစ္စ ဖြစ်၏။ သူတို့၏ ရိုးရာအစွဲအလမ်းများကို ဖျောက်ပယ် ရှင်းလင်း ပေးရန် သူတို့အားကျန်းမာရေး အသိပညာပေးရန်တို့ကို ထား၍ လတ်တလော ရောဂါအတွက် ပေးသည့်ဆေးကို တလွဲတချော် လျှောက်မလုပ်အောင် ထိန်းသိမ်းညွှန်ကြားရသည်မှာပင် အလုပ်ကြီးတစ်ခု ဖြစ်၏။ အချို့လူနာများမှာ အရေပြား အနာအတွက် ပေးသည့် ဖယောင်းချက်လိမ်းဆေးကို ကော်၍ စားပစ်လိုက်ကြ၏။ တစ်ပတ်စာဟု သေသေချာချာပြောဆိုပြီး ပေးလိုက်သောဆေးကို တစ်ခါတည်း မော့သောက်လိုက်ကြ၏။ ပို၍ ဆိုးသည်ကား မိမိ အတွက်ပေးသော ဆေးဖြင့် အခြားလူအား အဆိပ်ခတ်ရန် ကြိုးစားခြင်း ဖြစ်၏။ သူတို့ဆီတွင် တစ်ဦးကို တစ်ဦး အဆိပ်ခတ်သော အလေ့အထကလည်း အတော်ခွဲခွဲမြဲမြဲပင် ရှိနေလေသည်။

အခက်အခဲတွေ အနှောင့်အယှက်တွေ ငိုအားထက် ရယ်အားသန်စရာတွေ ကြားထဲမှပင် ရှိုက်ဇာက လမ်ဘာရီနေကို သံယောဇဉ်တွယ်ခဲ့သည်။ အာဖရိကမှာ အနေကြာလေ အာဖရိကသားတွေအပေါ် စေတနာ မေတ္တာတွေ ပို၍ ပို၍ တိုးပွားလာလေလေ ဖြစ်ခဲ့သည်။ လူနာများအား ဆေးကုပေးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဆေးရုံအတွက် လိုအပ်သမျှကို စီမံခန့်ခွဲခြင်း၊ ပို၍ တိုးချဲ့မွမ်းမံနိုင်အောင် တီထွင်ကြံဆခြင်း၊ ကြံဆထားသမျှကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ပုံငွေ ရှာကြံခြင်း စသည့် လုပ်ငန်းများကို နှစ်ပေါင်း များစွာ ဒေါက်တာရှိုက်ဇာ မနေမနား လုပ်ကိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်ဘာရီနေတွင် ရှိုက်ဇာ၏လုပ်ငန်းများ စတင်၍ နှစ်ပေါင်း ၄၀ မျှအကြာ ၁၉၅၄ ခုနှစ်တွင် ထိုအချိန်၌ ကမ္ဘာတွင် ကျော်ကြားနေပြီဖြစ်သော ဆရာဝန်ကြီး (အသက် ၈၀ နီးပါးရှိပြီ) ထံသို့ ကိုယ်တိုင်သွားရောက်လည်ပတ်ခဲ့သည့် ကိုယ်တွေ့သတင်းဆောင်းပါး ဆရာဂျွန်ဂန်သာက သူ၏ မျက်မြင်ကိုယ်တွေ့များကို ဤသို့ တင်ပြရေးသားခဲ့သည်။

'ကျွန်တော်တို့အတွက် ညအိပ်ရန် နေရာများကို ပြသပြီးသည့်နောက်တွင် မစ္စဟောက်ကဲနက်ရှ် (သူနာပြုဆရာမကြီးလည်းဖြစ်၊ ရှိုက်ဇာပြောသော ဂျာမန်စကား၊ ပြင်သစ်စကားများကို အင်္ဂလိပ်ဘာသာပြန်ပေးသူလည်း ဖြစ်သည်) က ကျွန်တော်တို့အား အနာကြီးရောဂါသည်များအတွက် ဒေါက်တာရှိုက်ဇာ ဆောက်လုပ်နေသည့် ကျေးရွာသစ်ကလေးဆီသို့ ခေါ်ဆောင်သွားသည်။ လမ်းက မြေသားခင်းထားသော လမ်းကလေးဖြစ်ပြီး ဘေးတစ်ဖက်တစ်ချက်စီတွင်မူ ချုံပင်နှင့် သစ်သီးပင်များ အပြည့်ရှိနေသည်။ မြေကွက်လပ်ကလေးတစ်ခုအနီးသို့ ရောက်သောအခါ ဒေါက်တာကြီးကိုယ်တိုင် ထွက်လာသည်ကို တွေ့ရသည်။ ထူထဲပြီး ကွေးညွှတ်ကျနေသည့် နှုတ်ခမ်းမွေးများနှင့် ထင်ရှားအားကောင်းလှသည့် လင်းယုန်နှာတံအထက်မှ မျက်လုံးများ၏အကြည့်က စူးရှလှသည်။ ခန္ဓာကိုယ်က ထွားကျိုင်းပြီး ကြံ့ခိုင်သန်စွမ်းဟန်လည်း ရှိသည်။

'ထိုနေက သူသည် ရှပ်အင်္ကျီဖြူတစ်ထည်ကို ရင်ဘတ် ဟ၍ ဝတ်ထားပြီး ခေါင်းက နေကာဖော့ဦးထုပ်တစ်လုံး ဆောင်းထားသည်။ ဘောင်းဘီက အတော်စုတ်နေပြီး ခြေထောက်တွင် အနက်ရောင်ရှူးဖိနပ်ကြီးတစ်ရံကို စီးထားသည်။ ညိုမှောင်မှောင် အသွေးအရောင်သမ်းနေပြီး မိမိလုပ်ငန်းကို မိမိ ဂုဏ်ယူဟန် အပြည့်ရှိသည့် သူ၏မျက်နှာပြင်၌မူ စွမ်းအား ရှိခြင်း၊ တည်ကြည် လေးနက်ခြင်း၊ သြဇာ



အရှိန်အဝါကြီးမားခြင်းနှင့် အလွယ်တကူ သိတတ် မြင်တတ် ခံစားတတ်ခြင်း စသည့် အရည်အချင်းများ ထင်ဟပ်ပေါ်လွင်လျက် ရှိသည်။ မျက်နှာသွင်ပြင်က အံ့သြဖွယ် ထူးခြားလှသလောက် လူက လေးစားကြည်ညိုချင်စရာကောင်းလှသည်။

'တကယ်တမ်း၌ ဆေးရုံဆိုသည်က အာဖရိကကျေးရွာကလေးတစ်ခုနှင့်သာ တူနေသည်။ လူနာများမှာ ပတ်ဝန်းကျင် မိုင်ပေါင်းများစွာမှ လာကြသူများဖြစ်၍ များသောအားဖြင့် သူတို့နှင့်အတူ မိသားစုများပါ ပါလာလေ့ရှိသည်။ ဆေးရုံတည်နေရာမှာ ပြေလျောသော မြစ်ကမ်းစပ်တစ်နေရာဖြစ်၍ အဆောက်အအုံငယ် စုစုပေါင်း ၄၅ လုံးခန့် ရှိသည်။ အားလုံးပင် လုပ်ငန်းအတွက် အဆင်ပြေရုံရိုးရိုး စင်းစင်း ဆောက်လုပ်ထားသည်။ ဆေးရုံ၌ လူနာ ၃၅၀၊ ၄၀၀ ခန့်ရှိ၍ လခစား တိုင်းရင်းသား အလုပ်သမား ၇၅ ဦး ရှိသည်။ ၎င်းတို့အထဲမှ အချို့မှာ အနာကြီးရောဂါသည်များ ဖြစ်သည်။ (အနာကြီးရောဂါမှာ တီဘီရောဂါလောက် ကူးစက်လွယ်သောရောဂါမျိုးမဟုတ်ပေ) ဆေးရုံဝင်းအတွင်း ကျောက်၊ အုတ် စသည်တို့ခင်းထားသည့် လမ်းမျိုးမရှိ၊ ပိုက်နှင့်ရေပေးသောစနစ် မရှိ၊ ခွဲစိတ်ခန်းမှလွဲ၍ အခြားနေရာများ၌ လျှပ်စစ်မီးမရှိ။ ထို့ပြင် ဆေးရုံ၌ ဓာတ်မှန်လည်း မရှိပေ' စသည်ဖြင့် သူက ရေးသားခဲ့သည်။

သို့သော် ထိုအနေအထားမျိုး၌ပင် ဒေါက်တာရှိုက်ဇာသည် ထောင်ပေါင်းများစွာသော တိုင်းရင်းသားတို့၏ အသက်ကို ကယ်ဆယ်နိုင်ခဲ့သည်။

ရှိုက်ဇာ၌ တိုင်းရင်းသားများအပေါ် စေတနာစိတ်၊ ကရုဏာစိတ်များ ကြီးမားလှသည် မှန်သော်လည်း ၎င်းတို့၏ လုံ့လဝီရိယနည်းပါးမှု၊ အသိဉာဏ် ခေါင်းပါးမှုတို့အတွက်မူ သူ မကြာခဏစိတ်ပျက် ညည်းညူမိရတတ်သည်။ မြစ်ထဲ၌ ငါးများ၍ရနိုင်ပါလျက်

www.burmeseclassic.com

www.burmeseclassic.com



များမစားကြသဖြင့် အာဟာရဓာတ် ချို့တဲ့နေရခြင်းကို သူ မကျေနပ်နိုင်။ သစ်သီးဝလံအမျိုးမျိုး အလွယ်တကူ စိုက်ပျိုးနိုင်ပါလျက် မစိုက်ပျိုးဘဲ အလေ့ကျပေါက်ပင်များကိုသာ အားကိုးနေကြသည်ကို ပြုပြင်ရန် စည်းရုံးပြောဆို၍ မရခြင်းအတွက်လည်း သူ အားမရနိုင်။ သို့သော် ရှိုက်ဇာသည် အလွယ်တကူ လက်မြှောက်နောက်ဆုတ်တတ်သူမျိုးကား မဟုတ်ပေ။ သစ်သီးဝလံပင်မျိုးစုံကို သူကိုယ်တိုင်စိုက်ပြသည်။ သစ်ပင်စိုက်သူသည် ထိုအပင်မှ အသီးသီးချိန်မတိုင်မီပင် သေရတတ်သည်ဟူသော အုံ့ဩစိတ်ပျက်ဖွယ် အစွဲမျိုးရှိကြသည့် ဒေသခံတိုင်းရင်းသားများသည် ဆရာဝန်ကြီး၏ သစ်သီးခြံတွင် အခိုင်လိုက် အပြွတ်လိုက် သီးနေသော အပင်များကို မြင်ရသည့်အခါ ဆရာဝန်ကြီး၏ စိုက်ပျိုးရေးတရားများကို စိတ်ဝင်စားလာသည်။ လမ်ဘာရီနေတွင် ဆေးသွားကုသည့် ဆရာဝန်ကြီး၏ ဂုဏ်အယူမိဆုံး အချက်တစ်ရပ်မှာ ဒေသခံတို့အား စားနပ်ရိက္ခာ ဖူလုံအောင် ဆောင်ရွက်တတ်ရန် လမ်းပြကူညီပေးနိုင်ခြင်း ဖြစ်သည်။

ရှိုက်ဇာသည် လမ်ဘာရီနေအတွက် မိမိ ဘဝ တစ်ခုလုံးကို မြှုပ်နှံခဲ့သည် ဆိုသော်လည်း အပြင်လောကနှင့် လုံးဝအဆက်အသွယ်ပြတ်သွားခဲ့သည်ကား မဟုတ်ပေ။ သူ့ထံသို့ ဥရောပ အစရှိသည့် ပြင်ပကမ္ဘာမှ ပုဂ္ဂိုလ်များ မကြာခဏ ရောက်ရှိကြသကဲ့သို့ သူကိုယ်တိုင်လည်း အပြင်လောကသို့ မကြာခဏ ရောက်လေ့ ရှိ၏။

သူတို့ဇနီးမောင်နှံ လမ်ဘာရီနေသို့ ရောက်ရှိပြီး တစ်နှစ်မျှ မပြည့်တတ်သေးမီ (၁၉၁၄ ခုနှစ်တွင်) ပထမကမ္ဘာစစ်ကြီးဖြစ်ပွားရာ ဂျာမနီပြည်သားများဖြစ်သည့် သူတို့မောင်နှံမှာ ဂါဘွန်ဒေသကို အုပ်စိုးနေသည့် ပြင်သစ် အာဏာပိုင်များ၏ ထိန်းသိမ်းခြင်းကို ခံရလေသည်။



အာဖရိကတွင် အတန်ကြာ ထိန်းသိမ်းထားပြီးနောက် ပြင်သစ်ပြည်ရှိ ထိန်းသိမ်းရေးစခန်းများသို့ ရွှေ့ပြောင်းထားရှိခဲ့သည်။ စစ်ကြီးပြီးသောအခါ လမ်ဘာရီနေသို့ ပြန်သွားရန်နှင့် ထိုအတွက် ရန်ပုံငွေများ ရရှိရန် ဟောပြောပွဲများ၊ အော်ဂင်တီး လက်စွမ်းပြပွဲများ သူ ပြုလုပ်ခဲ့သည်။ ယင်းပွဲစဉ်များဖြင့် ရှိုက်ဇာသည် ဆွစ်ဇာလန်၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အင်္ဂလန်နိုင်ငံများသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ၁၉၂၄ ခုနှစ်တွင် အာဖရိကသို့ သူ ပြန်လည်ရောက်ရှိကာ ဆယ်နှစ်ကြာကစခဲ့သည့် လုပ်ငန်းများကို တစ်ကြိမ် ပြန်အစပျိုးရလေသည်။

နောက်ပိုင်းကာလ၌လည်း ရှိုက်ဇာသည် ဆေးရုံအတွက် ရန်ပုံငွေ များများစားစား လိုအပ်သည့်အခါတိုင်း ထိုသို့ ဥရောပတစ်ခွင် လှည့်လည်၍ ဟောပြောပွဲများ၊ အော်ဂင်လက်စွမ်းပြပွဲများ ပြုလုပ်လေ့ရှိခဲ့သည်။

၁၉၄၉ ခုနှစ်တွင်မှ အမေရိကတိုက်ဘက်သို့ပါ သူ ရောက်လေသည်။ အမေရိကန်ပြည်တွင်ကျင်းပသည့် ဂျာမန်လူမျိုး ကဗျာစာဆိုတော်ကြီး ဂိုထေ အထိမ်းအမှတ် ရာပြည့်ပွဲတော်တွင် မိန့်ခွန်းပြောကြားရန်အတွက် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ နောက် (၁၉၅၀) တွင် နိုင်ငံ ၁၈ နိုင်ငံမှ ပန်းချီကျော်များ၊ ဂီတသမားများ၊ စာပေပညာရှင်များ ပါဝင်သည့်အဖွဲ့က ရှိုက်ဇာအား နှစ်ဆယ်ရာစု၏ ထူးထူးဆောင်လူသားအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပေသည်။

ထိုအချိန်၌မူ သူက ကမ္ဘာတွင် အလွန်ထင်ရှားနေခဲ့ပြီဖြစ်သည်။ ကမ္ဘာတစ်ဝှမ်းမှ ထင်ရှားသော ပုဂ္ဂိုလ်များ အဖွဲ့အစည်းများက သူ့ထံ ဆက်သွယ်ကြ၊ ဖိတ်ခေါ်ကြ၊ ချီးကျူး ဂုဏ်ပြုကြသည်။ သူ့ထံ ကမ္ဘာအရပ်ရပ်မှ စာရေး ဆက်သွယ်ကြသူပေါင်းမှာ မရေမတွက်နိုင်။ အချို့က သူ့ထံမှ အားပေးစကားများ၊ အကြံဉာဏ်များ တောင်းခံကြ သည်။ ရှိုက်ဇာသည် အရပ်ရပ်မှ ဆက်သွယ်ကြသူတို့အား

www.burmeseclassic.com

www.burmeseclassic.com



လေးစား ခင်မင်စိတ် စေတနာ မေတ္တာစိတ် အရင်းခံဖြင့် တတ်နိုင်သမျှ ကြိုးစား ပြန်ကြားလေ့ ရှိသည်။

သို့သော် ကမ္ဘာက မည်မျှဆွဲဆောင်ကြသော်လည်း ရှိုက်ဇာကား သူ့အပေါ် လုံးလုံးလျားလျား အားထားမှီခိုကြသူတို့ နေထိုင်ရာ ယမ်ဘာရီနေ မြေကို မခွာနိုင်။ အသက်အရွယ်ကြီးရင့်ချိန်၌ ဆေးဝါးကုသရေးလုပ်ငန်းများကို သူ အားကိုးယုံကြည်ရသည့် ငယ်ရွယ်သူ စေတနာရှင် ဆရာဝန်များနှင့် လွှဲအပ်ခဲ့သော်လည်း ဆေးရုံတည်တံ့ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သည့် အခြားသော ကိစ္စအဝဝတို့ကိုမူ သူ စွမ်းအားရှိသမျှ ဆက်လက် ဆောင်ရွက်နေခဲ့သည်။

၁၉၆၅ ခုနှစ်၊ အသက် ၉၀ အရွယ်ခန့်တွင်မူ နှစ်ဆယ်ရာစု၏ ယှဉ်ဘက်မရှိသော လူသားဟူ၍ ဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြသည့် ပုဂ္ဂိုလ်ကျော်ကြီး အဲလဘတ်ရှိုက်ဇာ ကွယ်လွန်ခဲ့လေသည်။

သူ ကွယ်လွန်သော်လည်း သူ၏ စေတနာ စိတ်ဓာတ်နှင့် လူသားအကျိုးဆောင် လုပ်ရပ်များကား နောင်လာ နောက်သား လူငယ်များအတွက် အတုယူစရာ အားကျစရာ စံနမူနာများအဖြစ် ထာဝရ ရှင်သန် ကျန်ရစ်ခဲ့ပေသည်။

## မာသာထရီဆာ

## (MOTHER TERESA)

အရုပ်သည် မတ်မတ်ရပ်လျှင်ပင် ငါးပေ ပြည့်ရုံမျှသာ ရှိသည်။ အသက် ၈၀ ကျော်အရွယ် အိုမင်းရင့်ရော်သည့် အချိန်၌မူ င်းသွတ်သော သူမ၏ ခန္ဓာကိုယ်က ပို၍ပင် ကြုံလှီသေးကွေး သည်။ မျက်နှာပြင်ပေါ်မှ နက်ရှိုင်းသောအရေးအစင်းများကလည်း င်းခြင်းကို အထင်အရှားပြနေသည်။ သို့သော် ကြင်နာမှုပါသည့် ရောင် မျက်လုံးများ၌မူ မိမိကိုယ်ကို ယုံကြည်မှုနှင့် ဩဇာ အဝါကြီးမားမှု၏ အရိပ်လက္ခဏာများကို အထင်အရှား ဖော်ပြ ရှိနေသည်။

စင်စစ် မာသာထရီဆာကား စီးပွားရေးနယ်ပယ်တွင် ကိုယ်ထူ ကိုယ့်အစွမ်းအစသက်သက်ဖြင့် အောင်မြင်ကြီးပွားခဲ့သည့် င်နီးရှင်သူဌေးကြီးများကဲ့သို့ပင် ကြီးမားကျယ်ပြန့်သော လုပ်ငန်း စ်ရပ်ကို နှစ်ရှည်လများ လုပ်ကိုင်လာခဲ့သူ တစ်ဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က သူညမှစတင်ခဲ့သည့် သူမ၏လုပ်ငန်းသည် ယခုအခါ ကမ္ဘာနိုင်ငံပေါင်း ၇၁ နိုင်ငံအထိ ဖြန့်ကြက်ချဲ့ထွင်နိုင်ခဲ့ပြီဖြစ်ရာ သူမ၏လုပ်ငန်း အောင်မြင်မှု အတိုင်းအတာပမာဏကို ခန့်မှန်း၍ ရနိုင်သည်။

သို့သော် သူမ၏ အောင်မြင်မှုသည် ငွေကြေးအောင်မြင်မှု မဟုတ်ပေ။ သူမ၏လုပ်ငန်းမှာလည်း လောဘလုပ်ငန်း မဟုတ်။ စေတနာလုပ်ငန်း၊ မေတ္တာလုပ်ငန်း၊ ကရုဏာလုပ်ငန်း၊ဘုရားသခင်အား အလုပ်အကျွေးပြုသည့် လုပ်ငန်းသာ ဖြစ်ချေသည်။

စေတနာ ကရုဏာ လုပ်ငန်း၌ မာသာထရီဆာထက် ပို၍ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်သူ ရှိလိမ့်မည် မထင်။ အကြမ်းဖျင်း စာရင်းချုပ်ကြည့်လျှင်ပင် သူ့လုပ်ငန်းက အံ့မခန်း ဖြစ်သည်။

ကမ္ဘာတစ်ဝှမ်း၌ သူမဦးဆောင်သည့် အသင်းအဖွဲ့ပိုင် ကုသိုလ်ဖြစ် ဂေဟာပေါင်း ၃၅၀ မျှ ရှိသည်။ (ယင်းအနက် ၁၄၆ ခုမှာ အိန္ဒိယ၌ ဖြစ်သည်။) ဆင်းရဲငတ်မွတ်သူ မိသားစုပေါင်း ၁၂၆၀၀၀ ကို အဖွဲ့က ထမင်းကျွေးထားသည်။ အဖွဲ့မှ တည်ထောင်ထားသည့် ကျောင်းပေါင်း ၉၇ ကျောင်းတွင် အခြေအနေမဲ့ ကလေးသူငယ်ပေါင်း ၁၄၀၀၀ ခန့်ကို စာသင်ပေးထားသည်။

အနာကြီးရောဂါကုသရေး စခန်းပေါင်း ၁၁၉ ခုတွင် ရောဂါသည်ပေါင်း ၁၈၆၀၀၀ မျှကို ပြုစုစောင့်ရှောက်ပေးထားသည်။ ဆွေမျိုးဉာတိ ကင်းမဲ့သည့် သေအံ့ဆဲဆဲ ဒုက္ခသည်ပေါင်း ၂၂၀၀၀ မျှကို အသေဖြောင့်အောင် စောင့်ရှောက်ပေးရန် ဂေဟာပေါင်း [illegible] ခု ဖွင့်လှစ်ထားသည်။

ဆင်းရဲသားများ၊ အခြေအနေမဲ့များကို ပြုစုကူညီရန်အတွက် နယ်လှည့် ဆေးခန်းပေါင်း ၇၆၅ ခုမျှ တည်ထောင် ထားသည်။ လူသားလောကထဲမှ အဆင်းရဲဆုံး သူဆင်းရဲများကို ကူညီစောင့်ရှောက်



ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်က သူမတစ်ဦးတည်း စတင်ခဲ့သည့် ကရုဏာရှင်များအဖွဲ့ (Missionaries of Charity) တွင် ယခုအခါ၌ အသင်းအဖွဲ့သား စစ္စတာ (သီလရှင်) ၃၀၀၀ မျှ၊ ဘရာသာ (ဗိုးသူတော်) ၄၀၀၀ မျှ ရှိနေကာ ယင်းတို့နှင့် ပူးတွဲ ဆောင်ရွက်လျက်ရှိသည့် အချိန်ပြည့် လုပ်ကိုင်သူ၊ အချိန်ပိုင်း လုပ်ကိုင်သူ၊ ကုသိုလ်ဖြစ် လုပ်အား အလှူရှင်ပေါင်းမှာ သုံးသန်းမျှပင် ရှိနေပြီဖြစ်သည်။

## ကရုဏာစိတ်၏ အစ

နောင်တွင် မာသာထရီဆာဟု ကျော်ကြားလာမည့် အဂ္ဂနီဂွန်ဇာ ဘိုယာဇူး (Agnes Gonxha Bojaxhiu) ကို ၁၉၁၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ယခု ယူဂိုဆလားဗီးယားနိုင်ငံထဲတွင်ရှိသည့် စကိုပ်ယေ (Skopje) မြို့ကလေးတွင် အယ်လဗေး နီးယန်းလူမျိုး လူကုံထံ မိဘများမှ မွေးဖွားသည်။

အဂ္ဂနီသည် ငယ်စဉ်ကပင် ဘာသာတရား လွန်စွာကိုင်းရှိုင်းပြီး ဆင်းရဲသားများအပေါ်၌ သနားကြင်နာစိတ် ကြီးမားခဲ့သည်။ ထို့ကြောင့် အသက် ၁၈ နှစ်အရွယ်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗလင်မြို့ရှိ လော်ရက်တိုသီလရှင်ကျောင်းသို့ တက်ရောက်ခဲ့သည်။

ထိုကျောင်း၌ အင်္ဂလိပ်စာသင်ယူပြီး ထိုနှစ် (၁၉၂၈)အတွင်းမှာပင် သူမအား အိန္ဒိယပြည် ဟိမဝန္တာတောင်ခြေရှိ ဒါဂျီလင်တောင်စခန်းမြို့ ကလေးသို့ သီလရှင်ငယ်အဖြစ် လေ့ကျင့် သင်ကြားရန် စေလွှတ်လိုက်သည်။

၁၉၃၁ ခုနှစ်တွင်မှ ကာလကတ္တားမြို့၌ လော်ရက်တိုသီလရှင်အဖွဲ့က တည်ထောင်ထားသည့် ကွန်ဗင့်ကျောင်းတွင် ဆရာမအဖြစ် တာဝန်ထမ်းဆောင်ရပြီး နောင်တွင် ထိုကျောင်း၌ ကျောင်းအုပ်ဆရာမကြီး ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်တံတိုင်းကာရံထားသည့် လော်ရက်တိုကွန်ဗင့်ကျောင်းဝင်းထဲတွင် လှပသော မြက်ခင်းစိမ်းလေးများ ရှိသည်။ ထို့ပြင် သပ်ရပ်သည့် ကျောင်းအဆောက်အအုံများ၊ ကျောင်းမြက်ခင်းပြင်များနှင့်အပြိုင် သပ်ရပ်လှပနေသည့် ကျောင်းဝတ်စုံဝတ် ကျောင်းသူကလေးများ ရှိသည်။ သို့သော် ငယ်နာမည် အဂ္ဂနိမှ စစ္စတာထရီဆာဖြစ်လာသော ဆရာမကြီးကား ကျောင်းဝင်းအတွင်းမှ အလှအပများကိုကြည့်ကာ စိတ်ချမ်းသာ ကြည်နူးမနေနိုင်။ ကျောင်းဝင်းအပြင်ဘက်တွင် သူ့အတွက် ဝေဒနာပေးနေသောအရာတွေ ရှိနေသည်။

စစ္စတာထရီဆာ့အခန်းမှ လှမ်းကြည့်လိုက်လျှင် ကျောင်းဝင်းပြင်ဘက်ရှိ ဆင်းရဲသားရပ်ကွက်ကို မြင်နေရသည်။ အမှိုက်သရိုက်များ ဟင်းလင်းအိမ်သာများ၊ စုတ်ပြတ်ပေကျံသော ကလေးသူငယ်များ ဆင်းရဲခြင်း၊ ငတ်မွတ်ခြင်း၊ ရောဂါဘယထူပြောခြင်း....။

ဆင်းရဲဒုက္ခညွန့်အိုင်ထဲမှ ကလေးသူငယ်များ၊ ဂိလာနများကို မရှုစိမ့်နိုင်သည့် စစ္စတာသည် ကျောင်းဆင်းချိန်များတွင် အနီးရှိ ရပ်ကွက်ထဲသို့ အိမ်သုံးဆေးဝါး ပစ္စည်းကိရိယာများ ကိုင်ဆောင်သွားရောက်ကာ မိမိတတ်စွမ်းသမျှ စောင့်ရှောက်ကူညီလေ့ ရှိခဲ့သည်။

၁၉၄၆ ခုနှစ် တစ်နေ့တွင်မူ ဒါဂျီလင်သို့ ရထားဖြင့်အသွား ခရီးလမ်းတွင် သူ့အား ဘုရားသခင်ထံမှ မိန့်ကြား ခိုင်းစေသော စကားသံကို သူ ပီပီသသကြီးကြားလိုက်ရသည်။ သူ့အား ကွန်ဗင့်ကျောင်းကို စွန့်ခွာ၍ သူဆင်းရဲများအကြားတွင် နေထိုင်ကာသူဆင်းရဲတို့အား စောင့်ရှောက်ကူညီရန် မိန့်ကြားခိုင်းစေသောအသံ ဖြစ်သည်။

သို့သော် သီလရှင်စစ္စတာတစ်ဦးအနေနှင့် တင်းကျပ်သော ကျင့်ဝတ်သိက္ခာများကို တိတိကျကျ လိုက်နာကျင့်ကြံရသည်ဖြစ်ရာ မည်သည့်ကိစ္စမျိုးမဆို မိမိစိတ်ဆန္ဒရှိတိုင်း အလွယ်တကူထလုပ်၍ မဖြစ်ပေ။ စစ္စတာထရီဆာသည် မိမိစိတ်အာရုံ၌ ပြင်းပြင်းပြပြ ပေါ်



ပြင်ပြင် ဖြစ်ပေါ်နေသည့် ကရုဏာလုပ်ငန်းကို ကျောင်းသင်ခန်းပြင်ပ၌ သီးခြားလွတ်လပ်စွာ လုပ်ကိုင်နိုင်ရန်အတွက် အိန္ဒိယရှိ ရိုမန်ကက်သလစ် ခရစ်ယာန် အကြီးအကဲများထံတွင် နှစ်နှစ်မျှကြာအောင် စိတ်ရှည်ရှည် ဇွဲရှိရှိဖြင့် ခွင့်ပြုချက် တောင်းခံခဲ့ရသည်။

ထို့နောက်တွင် အိန္ဒိယပြည် အရှေ့မြောက်ပိုင်းရှိ ပတ္တနာမြို့တွင် အခြေခံဆေးပညာသင်တန်း တက်ပြီးနောက် ကာလကတ္တားမြို့ ဆင်ခြေဖုံးရှိ ဆင်းရဲသားရပ်ကွက်များ ဆီသို့ အလျင်အမြန် ပြန်လည် ရောက်ရှိလာခဲ့သည်။

ကျန်းမာရေးချို့တဲ့ကြသည့် ကလေးများနှင့် လူကြီးလူငယ်များကို တတ်စွမ်းသမျှ ပြုစုကုသရင်း ကျောင်းမနေနိုင်သော ကလေးများအား စာသင်ကြားပေးရန် သူ ကြိုးစားကြည့်သည်။

ဘင်္ဂါလီ ဆင်းရဲသားရပ်ကွက်ရှိ မြေကွက်လပ် တစ်ခုတွင် ကလေးသူငယ် လေးငါးခြောက်ယောက်မျှကို စုစည်း၍ စာသင်ကြားပေးရာမှ သူမ၏ ပထမဆုံးစာသင်ကျောင်းလေး ဖြစ်ပေါ်လာသည်။

အစ ပထမတွင် ကလေးများအား ဘင်္ဂါလီ အက္ခရာများကို မြေကြီးပေါ်မှာပင် တုတ်ချောင်းဖြင့် ခြစ်၍ သင်ပြပေးခြင်း ဖြစ်၏။ မြေတလင်းစာသင်ကျောင်းကလေးကို ကလေးမိဘများ မြင်မိကြသည့်အခါ သီလရှင်မကြီး၏ စေတနာနှင့် စိတ်ထက်သန်မှုများ ကူးစက်ကာ တဖြည်းဖြည်း သူတစ်စု ငါတစ်စ ဝိုင်းကူကြခြင်းဖြင့် စားပွဲ၊ ကုလားထိုင်၊ သင်ပုန်း စသည်များနှင့် ကျောင်းပုံစံပီပီသသ ဖြစ်ပေါ်လာသည်။

စင်စစ် ဤသည်ပင်လျှင် မာသာထရီဆာ၏ အခြေခံလုပ်ငန်းစဉ် ဖြစ်လေသည်။ နေရာတစ်ခုတွင် ဘာလိုအပ်နေသလဲ သူကြည့်သည်။ ထို့နောက် လိုအပ်သောအရာကို အနီး၌လက်ငင်းရှိနေသော အခြေခံများဖြင့် ဘယ်လောက် လက်တွေ့ဖြည့်ဆည်းနိုင်သလဲ သူကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ဖြည့်ဆည်းနိုင်သလောက် သူ ဖြည့်ဆည်းမည်။ သူ ဖြည့်ဆည်း ဆောင်ရွက်သည့် လုပ်ငန်း ကောင်းသည်၊ အကျိုးရှိသည်၊ ဝိုင်းဝန်း ကူညီသင့်သည်ဟူသော လူများမြင်လာလျှင် ဝင်လာကြမည်၊ ဝိုင်း ကူကြမည်။ ဒါပဲဖြစ်သည်။

မာသာထရီဆာ၏ လက်သုံးစကားအရမူ သူမ၏ အလုပ် လမ်းညွှန်မှာ 'လိုအပ်ချက်နှင့်လျော်ညီစွာ' လုပ်ကိုင်ခြင်းပင် ဖြစ်သည် ဟု ဆိုသည်။

မာသာထရီဆာသည် လုပ်ငန်းပေါင်းများစွာကို သည်နည်း အတိုင်း အစပျိုးခဲ့သည်။ သည်နည်းအတိုင်းပင် ယနေ့အထိ ဆက် လက်လည်ပတ်စေခဲ့သည်။

BURMESE CLASSIC .com

## ကူညီဝိုင်းဝန်းလာကြသူများ

သူ့လုပ်ငန်းကို ဝိုင်းကူရန် ပထမဆုံး ဝင်ရောက်လာသူမှာ ဆူဘတ်ရှိ နီဒတ်စ် အမည်ရှိ လော်ရက်တိုကွန်ဗင့်ကျောင်းထွက် တပည့်တစ်ဦး ဖြစ်သည်။ ၁၉၄၉ ခုနှစ် မတ်လတွင် စစ္စတာထရီဆာထံ ရောက်ရှိ လာကာ စစ္စတာ၏ ငယ်နာမည်ဖြစ်သည့် အဂ္ဂနီဟူသောအမည်ကို ခံယူပြီး လက်ထောက်အဖြစ် ဆောင်ရွက်သည်။

လုပ်ငန်းကြီး အလွန်ကြီးကျယ်နေသည့် ယနေ့အချိန်၌ အဂ္ဂနီ ခေါ် ဆူဘတ်ရှိနီသည် ကရုဏာရှင်များအဖွဲ့၏ ဒုတိယအကြီးအကဲ ဖြစ်နေသည်။ ဆူဘတ်ရှိနီနောက်တွင်ကား အခြား စိတ်ထက်သန်သူ များ တဖွဲဖွဲ ဝင်ရောက်လာကြလေသည်။

ကရုဏာရှင်များအဖွဲ့ကို စနစ်တကျ စတင်ဖွဲ့စည်းမိသည်ကား ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလတွင်မှဖြစ်၏။ ထိုအချိန်၌ စစ္စတာ ထရီဆာမှာ သီလရှင်ဆရာကြီး မာသာထရီဆာ ဖြစ်နေပြီး အိန္ဒိယ နိုင်ငံသားအဖြစ်လည်း ခံယူပြီး ဖြစ်နေချေပြီ။



အဆင်းရဲဆုံးလူသားများကို စောင့်ရှောက်_ ကူညီခြင်းသည် ဘုရားသခင်အား အလုပ်အကျွေးပြုခြင်းဖြစ်သည်ဟူသော ယုံကြည် ချက်ဖြင့် စေတနာစိတ်ထက်သန်စွာ ဆောင်ရွက်ခဲ့သည့် ကုသိုလ်ဖြစ် လုပ်ငန်းများနှင့်အတူ သူမ၏အသင်းအဖွဲ့သည်လည်း လျင်မြန်စွာပင် ကြီးထွားတိုးတက်လာခဲ့သည်။

မာသာထရီဆာ၏လုပ်ရပ်ကို လေးစားခြင်း၊ သူမအား ပုဂ္ဂိုလ် ရေးအရ ကြည်ညိုခြင်း စသော အကြောင်းများဖြင့် သူမ၏အနီး ဝန်းကျင်တွင် စုဖွဲ့မိလာသည့် စေတနာရှင် လူမှုရေးသမားများသည် မာသာထရီဆာနှင့် ပူးတွဲ လုပ်ကိုင်သူများ (Co-Workers of Mother Teresa) ဟု ခေါ်ဝေါ်ကြသည့် အရန်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်း ခဲ့ကြသည်။

နိုင်ငံ ၇၀ တွင် ဖွဲ့စည်းပြီးဖြစ်နေသည့် ယင်းအဖွဲ့တွင် အဖွဲ့ ဝင်ပေါင်းသုံးသန်းမျှ ပါဝင်သည်။ စနစ်တကျ ခိုင်ခိုင်မာမာ ဖွဲ့စည်း ထားခြင်းမဟုတ်သည့် ယင်းပူးတွဲလုပ်ကိုင်သူများအဖွဲ့မှ ပုဂ္ဂိုလ်များ သည် မာသာထရီဆာ၏ လမ်းစဉ်အတိုင်း မိမိတို့ အနီးဝန်းကျင် ရပ်ကွက်များရှိ အဆင်းရဲဆုံး ဆင်းရဲသားများကို ကူညီခြင်း၊ ထောင် ချောက်၊ မူးယစ်ဆေးစွဲသူ အစရှိသည့် လူမှုရေး အပယ်ခံများကို ပြန်လည် ထူထောင်နိုင်ရန် အားပေး ကူညီခြင်း၊ အခြေအနေမဲ့များ အတွက် ခိုနားစရာရအောင် ဖန်တီးပေးခြင်း၊ ဆင်းရဲငတ်မွတ်သူများ အတွက် အစာအာဟာရကျွေးမွေးသည့် နေရာဌာနများ ဖွင့်လှစ်ပေး ခြင်း စသည့် လုပ်ငန်းများကို မိမိတို့ တတ်စွမ်းသည့် အတိုင်းအတာများ အလျောက် ဆောင်ရွက် လုပ်ကိုင်ကြသည်။

ထို့ပြင် ပင်မ ကရုဏာရှင် အဖွဲ့များက စီမံဆောင်ရွက်လျက် ရှိသည့် လုပ်ငန်းများအတွက် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ရန်ပုံငွေများ ဝိုင်းဝန်းဖြည့်တင်းပေးနိုင်ရေးအတွက်လည်း ပံ့ပိုး ကူညီကြလေသည်။

## ကရုဏာ ရှုခင်းများ

မာသာထရီဆာ၏ ကုသိုလ်ဖြစ် ဂေဟာများကို လှည့်လည် ကြည့်ရှုမည်ဆိုလျှင် ဒုက္ခသည်များအပေါ် စေတနာဖြူစင်စွာ ကူညီစောင့်ရှောက်ရင်း မိမိကိုယ်တိုင် နှလုံးစိတ်ဝမ်းချမ်းမြေ့မှုကို ခံစားနေကြရကြောင်း ထင်ရှား ပေါ်လွင်နေသည့် ကရုဏာရှင်ပေါင်း မြောက်မြားစွာတို့ကို အားရစဖွယ် မြင်တွေ့ရမည် ဖြစ်သည်။

ကိုယ်တစ်ခြမ်း သေနေသော လူနာကို စိတ်ရှည်လက်ရှည် အစားအစာခွံကျွေးပေးနေသူ၊ အညစ်အကြေးကင်းစင်အောင် ရေဖတ်တိုက် သန့်ရှင်းပေးနေသူ၊ ဆွေမျိုးဉာတိကင်းမဲ့သည့် မစွမ်းမသန်သူ၊ ဦးနှောက်မပြည့်ဝသူ၊ ရောဂါကျွမ်း၍ သေအံ့မူးမူးဖြစ်နေသူများကို မိမိသားချင်းပမာ အရေးတယူ ဂရုတစိုက် လုပ်ကိုင်ဆောင်ရွက်ပေးနေသူ စသည်ဖြင့် ကရုဏာတရားကို လက်တွေ့ကျင့်ကြံပြသနေသူများကို ကြည့်ရှုရင်း ကြည့်ရှုသူကိုယ်တိုင်ပင် သည်စေတနာ့ဝန်ထမ်း လုပ်ငန်းကြီးတွင် အချိန်ပိုင်း ရက်ပိုင်းမျှဖြစ်စေ၊ တစ်နှစ်လျှင်တစ်ကြိမ် ဆယ်ရက်၊ တစ်ပတ်စသည်ဖြင့် သတ်မှတ်၍ဖြစ်စေ တစ်တပ်တစ်အား ပါဝင်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာမည် ဖြစ်သည်။

မာသာထရီဆာကား အသက်ရှင်ဆဲ ဒုက္ခသည်များကိုသာမက ကွယ်လွန်အနိစ္စရောက်သွားသူများကိုပင် လူပီပီသသ အဆင့်သိက္ခာရှိရှိ သေခွင့်ရအောင် ကူညီနိုင်ရန် ကြိုးပမ်း ထားပေးသေးသည်။ လမ်းဘေးတွင် ပစ်စလက်ခတ် သေဆုံးတော့မည့် ပိုင်ရှင် မရှိသူ၊ ဆွေမျိုးဉာတိ မရှိသူများကို မိမိတို့ဂေဟာများ၊ ဆေးခန်းများသို့ သယ်ယူလာပြီး တတ်နိုင်သမျှ ပြုစုကုသသည်။ ကုသ၍ မရတော့



ဘဲ သေဆုံးသွားပြီဆိုသည့်အခါ၌ မွတ်စလင်ဆိုလျှင် မွတ်စလင် အလျောက်၊ ဟိန္ဒူ ဆိုလျှင် ဟိန္ဒူ အလျောက် သူ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်ပေးနိုင်ရန် စီစဉ်ပေးသည်။

မာသာထရီဆာ၏ စေတနာမှာ လူ့ဘဝမှထွက်ခွါသွားရခါနီး လူသားတစ်ဦးအား မေတ္တာ၊ ကရုဏာစိတ်တို့ တတ်နိုင်သမျှခံစားသွားရစေချင်သော စေတနာ ဖြစ်သည်။

## အသင်းဝင် ကရုဏာရှင်တို့၏ နေ့စဉ်ဘဝ

မာသာထရီဆာ၏ ကုသိုလ်ဖြစ် လုပ်ငန်းကြီးများတွင် ဝင်ရောက်လုပ်အားပေးကြသူအမြောက်အမြားအနက် အချို့မှာ ပြင်ပလုပ်အားဒါနရှင်အဖြစ်နှင့် မတင်းတိမ် နိုင်ကြတော့ဘဲ သာသနာ့ ဝန်ထမ်းအသင်းဝင် အဆင့်သို့ ကူးပြောင်းလိုစိတ်များ ထက်သန် ပေါ်ပေါက်လာတတ် ကြသည်။

ထိုကဲ့သို့စိတ်ဓာတ်ဖြစ်ပေါ်လာသူမျိုးအား တဒင်္ဂ စိတ်လှုပ်ရှားမှုမျိုးဖြင့် ပြောဆိုလာခြင်းမျိုးမဟုတ်ဘဲ တကယ်တည်တံ့ခိုင်မာသော စိတ်ဖြင့် ယတိပြတ်ဆုံးဖြတ်ခြင်းမျိုးဖြစ်စေရန် 'မဝင်မီ အလျင်ကြည့်' ဆိုသော အစီအစဉ်တစ်ရပ် ချမှတ်ပေးထားသည်။

အသင်းတော်သို့ဝင်လိုသော သီလရှင်လောင်းလျာတစ်ဦးသည် ရှေးဦးစွာ သာမန်စေတနာရှင်လုပ်သားတစ်ဦးအဖြစ် ကုသိုလ်ဖြစ်ဂေဟာတစ်ခုခုတွင် ရက်သတ္တပတ် အတော်များများ လုပ်အားပေးရသည်။

ထို့နောက်တွင် သီလရှင်ကျောင်း၌ နှစ်ပတ်မျှ အစမ်းသဘောလာရောက် နေထိုင်ရသည်။ ထိုနှစ်ပတ်အတွင်း နေ့စဉ် ငါးနာရီ၌ ဘုရားဝတ်ပြုပြီး ကျန်တစ်နေ့လုံးတွင် ဂေဟာများ၌ မနေမနားအလုပ်လုပ်ရသည်။

www.burmeseclassic.com



နှစ်ပတ်စေ့ပြီးသည့်အခါ၌ သီလရှင်လောင်းအား မိမိနေအိမ်သို့ ပြန်စေပြီး မိမိမူလကျင်လည်ရာ မိဘဆွေမျိုးပတ်ဝန်းကျင်၊ နေအိမ် ရပ်ရွာပတ်ဝန်းကျင်၊ သူငယ်ချင်းမိတ်သင်္ဂဟပတ်ဝန်းကျင်တို့အတွင်း၌ တစ်ကြိမ် ထပ်မံစဉ်းစားဆုံးဖြတ်စေသည်။

မူလပတ်ဝန်းကျင်တွင် မပျော်မွေ့တော့ပါ၊ အသင်းတော်အတွင်း၌သာ စိတ်၏ငြိမ်းအေးခြင်းကို ပို၍ ပြည့်ပြည့်ဝဝခံစားရရှိပါသည်ဟု စိတ်ကပြတ်ပြီဆိုတော့မှသာ အသင်းသို့ဝင်ရန် စာရင်းပေးသွင်းစေလေသည်။

ကမ္ဘာတစ်ဝန်းရှိ မာသာထရီဆာ၏ သီလရှင်ကျောင်းများတွင် သီလရှင်ဘဝကို ထိုသို့ အစမ်းဝင်ရောက်လေ့လာကြသူများ မပြတ်ဝင်ရောက်လျက် ရှိသည်။

မာသာထရီဆာ သီလရှင်ကျောင်းမှ ဘဝကား အချိန်ဇယားများအတိုင်း တိတိကျကျ နေထိုင်ရသော ဘဝ၊ ခေါင်းလောင်းသံကို နာခံ လှုပ်ရှားရသော ဘဝ ဖြစ်သည်။

နေ့စဉ်နံနက် ၄ နာရီ မိနစ် ၄၀ တိတိတွင် အားလုံး အိပ်ရာမှ ထကြရသည်။ ၅ နာရီတွင် ဝတ်ပြုဆုတောင်းမှုပြုလုပ်ရပြီး ၆ နာရီတွင် အများ စုဝေး၍ ဘုရားရှိခိုးရ၏။

ထို့နောက်တွင် နံနက်စာကို နှစ်သုတ်ခွဲ၍ စားရ၏။ ပထမအသုတ် စားသောက်နေစဉ် နောက်တစ်သုတ်က သံဖြူရေပုံးကိုယ်စီဖြင့် အဝတ်လျှော်ရ၏။ ပြီးလျှင် အဝတ်လျှော်သူနှင့် နံနက်စာစားသူများ နေရာချင်းလဲရ၏။ (အိန္ဒိယရှိ သီလရှင်ကျောင်းများ၏) ပုံမှန်နံနက်စာတွင် လက်ဖက်ရည်တစ်ခွက်၊ ချပါတီနှစ်ခု (သို့မဟုတ်) သုံးခုနှင့် ငှက်ပျောသီးတစ်လုံး ပါဝင်လေ့ ရှိသည်။

၇ နာရီ မိနစ် ၅၀ တွင် သီလရှင်စစ္စတာများအားလုံး စုဝေးကာ ဝတ်ပြုဆုတောင်းမှု ပြုလုပ်ကြပြန်သည်။ ထို့နောက်တွင်



စာသင်ရမည့်သူ၊ စာသင်တန်း တက်ရမည့်သူ၊ ကလေးဂေဟာတွင် အလုပ် လုပ်ရမည့်သူ၊ အနာကြီးရောဂါသည်စခန်းတွင် တာဝန်ကျနေသူ၊ ဆေးပေးမည့် အဖွဲ့နှင့် လိုက်ပါရမည့်သူ၊ သေအံ့ဆဲလူနာဂေဟာသို့ သွားရမည့်သူ စသည်စသည်များ သူ့အစုနှင့်သူ အသီးသီး ထွက်ခွာကြသည်။

မွန်းတည့် ၁၂ နာရီ ၁၅ မိနစ်တွင် တာဝန်ကျရာ နေရာအသီးသီးမှ ပြန်လည်ရောက်ရှိလာကြသော် နေ့လယ်စာစားခြင်းနှင့် နေ့လယ် ဆုတောင်းခြင်းများကို အလှည့်ကျ လုပ်ရသည်။

ကာလကတ္တားရှိ သီလရှင်ကျောင်းကြီး၌ ပုံမှန်နေ့လယ်စာမှာ ထမင်း၊ သီးစုံဟင်းနှင့် အသား သို့မဟုတ် ငါး ပါဝင်သည်။ နေ့လယ်စာ စားပြီးလျှင် နာရီဝက်မျှ အနားယူရသည်။ ထို့နောက် နာရီဝက်မျှ ဆုတောင်းစာများ ရွတ်ဖတ်ကြပြီးလျှင် အလုပ်ခွင်သို့ ထွက်ခွာကြပြန်သည်။

ညနေ ၆ နာရီခွဲ အချိန် ကျောင်း၌ စုဝေးပြုလုပ်သည့် ဘုရားဝတ်ပြုပွဲ၌မူ ကုသိုလ်ဖြစ် လုပ်အားရှင်များရော အခြားဧည့်သည်များပါ စုံညီစွာတက်ရောက်ခွင့် ရကြသည်။ ထို့နောက် ၇ နာရီခွဲတွင် ညစာ စားရ၏။ ညစာမှာ ဂျုံဆန်ပြုတ်နှင့် အသီးအရွက်ဟင်းတို့ ဖြစ်သည်။

သီလရှင်တို့ မှီဝဲရသော အစားအစာများမှာ ရိုးရိုးစင်းစင်း ခြိုးခြိုးခြံခြံမျှသာ ဖြစ်သော်လည်း အာဟာရဓာတ်ကား ပြည့်ဝမှု ရှိကြောင်းဖြင့် အသင်းကြီး၏ အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်သူ စစ္စတာပရစ္စလာက ပြောဆိုသည်။

ညဘက်တွင် သီလရှင်များမှာ အနားယူ အပန်းဖြေချိန် နာရီဝက်မျှ ရကြပြီး ၉ နာရီထိုးသောအခါ၌ တစ်ကြိမ် ဘုရားဝတ်ပြုကြပြန်

www.burmeseclassic.com



သည်။ ထို့နောက် ည ၁၀ နာရီတိတိတွင် အားလုံး အိပ်ရာဝင်ကြလေသည်။

ထိုအစီအစဉ် အချိန်ဇယားကို မာသာထရီဆာ ကိုယ်တိုင် ရေးဆွဲချမှတ်ထားပြီး "သီလရှင်ကျောင်းတိုင်း၌ ၎င်းအတိုင်း တိတိကျကျ လိုက်နာကျင့်ကြံကြရန် ထိန်းသိမ်း ကွပ်ကဲပေးသည်။

သူကိုယ်တိုင်လည်း ၎င်းအတိုင်း အမြဲလိုက်နာကျင့်ကြံ နေထိုင်သည်။ သို့သော် ခြွင်းချက်တစ်ခုတော့ ရှိ၏။

ယင်းကား အခြားသူများကို ၁၀ နာရီတွင် အိပ်ရာဝင်ခိုင်းထားသော်လည်း သူကိုယ်တိုင်ကမူ ၁၁ နာရီ၊ ၁၂ နာရီ၊ တစ်ခါတစ်ရံ ၁ နာရီအထိ အလုပ်လုပ်နေခြင်း ဖြစ်သည်။

သို့သော် ညဘက်အိပ်ရာဝင်ချိန် မည်မျှနောက်ကျသည်ဖြစ်စေ နံနက် ၄ နာရီ မိနစ် ၄၀ တွင်ကား အိပ်ရာမှနိုးလာစမြဲ ဖြစ်သည်။

နံနက် ၅ နာရီ ဝတ်ပြုဆုတောင်းချိန်တွင် သူက သူများထက် ဦးစွာ ရှေ့ဆုံးမှ ရောက်ရှိနေမည် ဖြစ်သည်။

## ကရုဏာ ဖြန့်ကြက်ရာ နေရာများ

မာသာထရီဆာ၏ ကရုဏာလုပ်ငန်းဌာနများကို စေ့စုံအောင် လေ့လာကြည့်ရှုရန် မလွယ်ပါ။ မာသာ ကိုယ်တိုင်လည်း မရပ်မနား ခရီးသွားလာနေသည့်ကြားကပင် သူမ အခြေချရာ အိန္ဒိယပြည်နှင့် ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ရှိ ဂေဟာများ၊ အသင်းဝင် သီလရှင်ကျောင်းများကို စေ့စုံနှံ့စပ်အောင် သွားရောက်နိုင်ခြင်း မရှိပါ။

သို့သော် မာသာကား အလုပ်ကို မနိုင်မနင်းဖြစ်သည်ဟူ၍မရှိ။ အရေးပေါ်ရာ အလျင်လိုရာကို ဦးစားပေးကာ သူမ စကားအတိုင်း 'လိုအပ်ချက်နှင့်လျော်ညီစွာ' လုပ်ကိုင်ဆောင်ရွက်ရင်း သူမ၏လုပ်ငန်းကြီးများ ဆက်လက် ရှင်သန်ပွားများလျက် ရှိသည်။



ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဂေဟာမှ လုပ်အားရှင်များက ဆေးရုံတွင် မိခင်ထားရစ်ခဲ့သည့် ကလေး၊ လမ်းဘေးအမှိုက်ပုံများမှာ စွန့်ပစ်ထားသည့် ကလေး၊ ဆင်းရဲလွန်းသဖြင့် မိမိတို့မကျွေးမွေး မစောင့်ရှောက်နိုင်ပါဟု မိဘကိုယ်တိုင် လာရောက်အပ်နှံသည့် ကလေးများကို အသက်ရှင်မှု၊ လုံခြုံမှု၊ အစာအာဟာရနှင့် မေတ္တာ အကြင်နာ ရရှိစေမှုအတွက် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြသကဲ့သို့ အနာကြီးရောဂါသည်စခန်းများတွင် တာဝန်ယူထားကြသူတို့ကလည်း ဝေဒနာသည်များ ရောဂါသက်သာပျောက်ကင်းရေး၊ ယင်းတို့အား စိတ်ဓာတ် မြှင့်တင်ပေးရေး၊ ရောဂါကြောင့် ကိုယ်လက်အင်္ဂါ ချို့တဲ့နေသူများ ဖြစ်စေကာမူ လုပ်နိုင်စွမ်းရှိသရွေ့ အလုပ် လုပ်ချင်လာ၊ လုပ်တတ်လာအောင် လေ့ကျင့်ထူထောင်ပေးရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်လျက် ရှိကြသည်။

ယခင်က တောင်းရမ်းခြင်း၊ ခိုးဝှက်ခြင်းတို့ဖြင့် အဓိကရပ်တည်ရှင်သန်ခဲ့ကြသည့် အနာကြီးရောဂါသည်များကို စိုက်ပျိုးရေးသမားများ၊ လက်သမားများ၊ ရက်ကန်းသမများ စသည်ဖြင့် ဖြစ်လာအောင် ပြောင်းလဲပေးနိုင်ခြင်းကား ချီးကျူးဖွယ် အောင်မြင်မှုတစ်ရပ် ဖြစ်သည်။

အေအိုင်ဒီအက်စ် ခေါ် ကိုယ်ခံအားကျဆင်းသည့် ရောဂါအန္တရာယ်လှိုင်းကြီး ဖိစီးရိုက်ခတ်လာပြန်သည့်အခါ၌လည်း 'လိုအပ်ချက်နှင့်လျော်ညီစွာ' လုပ်ဆောင်ပေးတတ်သော မာသာထရီဆာအတွက် လုပ်ငန်းသစ်တစ်ခု ပေါ်ပေါက်လာပြန်သည်။

ယင်းကား လူတကာ ထိတ်လန့် ကြောက်ရွံ့ကာ မထိချင်၊ မတို့ချင်၊ အနား မကပ်ချင်ကြသည့် အေအိုင်ဒီအက်စ်ရောဂါသည်များအား သေဒဏ်စီရင်ခံရမည့်နေ့ရက် မတိုင်မီကာလအတွင်း ဝေဒနာအတန်အသင့်သက်သာစေမှု၊ လူ့အသိုက်အဝန်း၏ ပစ်ပယ်ခံရခြင်းဒဏ် လျော့ပါးစေမှုနှင့် နောက်ဆုံးအချိန်တိုင် မေတ္တာကရုဏာတရားကို

www.burmeseclassic.com



ထိတွေ့ခံစားသွားရစေမှုတို့အတွက် အအိုင်ဒီအက်စ်ရောဂါသည် ဂေဟာစခန်းများ ထူထောင်ဖွင့်လှစ်ပေးခြင်း ဖြစ်သည်။

\+ \+ \+

ကမ္ဘာ့အဆင်းရဲဆုံး ဆင်းရဲသားများအား ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ နေရေး၊ သေရေးအထိ ဘက်စုံထောင့်စုံမှ ကူညီစောင့်ရှောက်ပေးနေသည့် မာသာထရီဆာ၏ ကရုဏာလုပ်ငန်းကြီးကား လိုအပ်ချက် တိုးတက်လာတိုင်း တိုးတက်ဆောင်ရွက်ရင်း ကြီးထွားသထက် ကြီးထွားလျက် ရှိသည်။

ကြီးကျယ်ရှုပ်ထွေးလှသော စီမံခန့်ခွဲရေး ယန္တရားများနှင့် သန်းပေါင်းများစွာသော ငွေကြေးရန်ပုံငွေများကို သီလရှင်ကြီးငယ်များဖြင့် ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်က စီမံခန့်ခွဲလျက် ရှိကြသည်။

ဘုရားဝတ်ပြုခြင်း၊ အားကိုးရာမဲ့သူတို့အား စောင့်ရှောက်ကူညီခြင်းတို့၌ စိတ်၏ငြိမ်းချမ်းမှုကို ရရှိကြသော သီလရှင်များမှာ များပြားလှသော ငွေကြေး ကိန်းဂဏန်းများ ရှုပ်ထွေး ပွေလီသော စာရင်းဇယားများကြောင့် ခေါင်းခဲကြရသည်။

ရေရှည်တွင် သည်လုပ်ငန်းကြီးကို စနစ်တကျ ထိန်းသိမ်းနိုင်ရန် ခက်ခဲလိမ့်မည်ဟု စိုးရိမ်ပူပန်သူတို့လည်း ပူပန်နေကြသည်။

သို့သော် မာသာထရီဆာနှင့် သူ၏ ကရုဏာရှင်အဖွဲ့သားတို့ကား ဘုရားသခင်သည် မိမိညွှန်ပြ ပျိုးထောင်ပေးခဲ့သော ကရုဏာလုပ်ငန်းကြီး ထာဝရရပ်တည် ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူလိမ့်မည်ဟု စိတ်ချ ယုံကြည်ထားကြပေသည်။

ဝေမြင့်